www.burmeseclassic.com

# ဆေးဖက်ဝင်များမြီးရွက်
# နှင့်
# ဆေးဆောင်းပါးများ

စောငုဝါ

BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၄၀၁၀၉၇၁၀၀၈ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၀၀၀၀၀၀၀၀၀၀ ]

●

မျက်နှာဖုံး
ကျော်ကျော်

- - -

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

- - -

ထုတ်ဝေခြင်း
ဖေဖော်ဝါရီ၊ ၂၀၀၉

●

ဦးမျိုးညွန့် (၇၁၄) စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

[ တစ်အုပ် ၁၄၀၀ ကျပ် ]

BURMESE CLASSIC .com

# မာတိကာ

၁။ အသည်းရောင်အသားဝါရောဂါအတွက်
အကြောပေါင်းတစ်ထောင် ခေါ် ဖားကြောပင် ၁
၂။ ဆီးချိုသွေးချိုရောဂါဝေဒနာအတွက်ပျားမြီးရွက်အပင် ၁၄
၃။ ဆီးချိုသွေးချိုရောဂါဝေဒနာရှင်များအတွက်ပျားမြီးရွက်အပင် ၂၅
၄။ ဆီးချိုသွေးချို ရောဂါဝေဒနာအတွက်
ပျားမြီးရွက်အပင်နှင့်ပတ်သက်၍ ၁ ၂၇
၅။ ဆီးချိုသွေးချို ရောဂါဝေဒနာအတွက်
ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၂ ၅၁
၆။ အဆိပ်ဖြေပင်နှင့် ဆေးအစွမ်း ၆၅
၇။ ဆေးဖက်ဝင် ပိန်းမဟော်နှင့် လက်တွေ့ဆေးနည်း ၇၇
၈။ ရှားပါးလှသော ဖားဂမုန်းနှင့် အစွမ်းသတ္တိထူး ၇၈
၉။ ရွှေလာပင်များပွင့်သောအခါ ၈၂
၁၀။ နဂါးမောက် ခေါ် ကစ်မီကွစ် (Kiss Me Quick)
ထူးခြား အနမ်းပန်းပင်နှင့် ကိုယ်တွေ့ဖြစ်ရပ် ၈၆
၁၁။ ကြံ့သရမူလိနွယ်ပင် သို့မဟုတ် ကင်ဆာပျောက်ဆေးပင် ၉၂
၁၂။ ရှင်သီဝလိဂမုန်းခေါ် ဥစ္စာထိန်းဂမုန်းပင်များ စိုက်ပျိုးလျှင် ၁၀၂

www.burmeseclassic.com

www.burmeseclassic.com

စာငုဝါ


၁၃။ ဖြစ်စဉ်ကတော့ ပျားပင်း ထည့်တဲ့အကြောင်းပါ ၁၁၁

၁၄။ ရှင်သီဝလိဂါထာတော်ကို ရွတ်ဖတ်၍
ရှင်သီဝလိဂမုန်းပင်များ စိုက်ပျိုးပြုစုလျှင် ၁၁၇

၁၅။ တိုင်းရင်းဆေးပညာရှင် ပျဉ်းမနားဆရာမော် ပြောပြသော
လေးဖက်နာရောဂါကို သက်သာပျောက်ကင်းစေသော
နွားဖြူကြီးပင် ခေါ် နို့ခဲပင် ခေါ် မုရိုးပင် ၁၂၀

၁၆။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသော်လည်း သစ်တော
စိုက်ခင်းဝန်ထမ်းတစ်ဦး၏ အတွေ့အကြုံကို တင်ပြချက် ၁၂၅

၁၇။ စ ဓ ပ ဝ ဂါထာတော်ကိုရွတ်ပွား၍
စ ဓ ပ ဝ ဂမုန်းပင်များကို စိုက်ပျိုးပြုစုပါ ၁၂၉

၁၈။ သိဒ္ဓိဝင် ဂမုန်းနက်နှင့် နနွင်းနက်အပင်များကို
စိုက်ပျိုး မျိုးပွားရင်း လေ့လာသိရှိရသမျှဖော်ပြချက် ၁၃၃

၁၉။ ဘုရားဂုဏ်တော်တန်ခိုးကြောင့် ဘဝတိုးတက်
ပြောင်းလဲလာရသူတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ် ၁၅၁

၂၀။ ချမ်းသာဂမုန်းပင်များစိုက်လျှင် အမြတ်တရား
ချမ်းသာဂါထာ ရွတ်ဖတ်ဆောင်ရွက်ပါက ပိုမိုအကျိုးထူး ၁၅၅

၂၁။ သီလတန်ခိုးနှင့် သေဘေးမှလွတ်မြောက်၍
အသက်ရှင်လျက်ရှိနေသူတစ်ဦး ၁၆၅

၂၂။ အိမ်ပေါ်သို့ကြွလာသော ဗုဒ္ဓရုပ်ပွားတော်ကို ပူဇော်ကိုးကွယ်၍
ဘဝတိုးတက်ပြောင်းလဲလာရသူ၏ ကိုယ်တွေ့ ဖြစ်ရပ်မှန် ၁၇၀

၂၃။ ကျိုက်ထိုမြို့နယ် ကင်ပွန်းစခန်းရှိ
ဥတ္တမသိဒ္ဓိမွန်ကျောင်းတော်နှင့်
ဆရာတော်ဦးဝါရိန္ဒ၏ သာသနာပြုလုပ်ငန်းများ ၁၈၇




## အသည်းရောင် အသားဝါ ရောဂါအတွက် အကြောပေါင်းတစ်ထောင် ခေါ် ဖားကြောပင်

စာရေးသူက ပျိုးဥယျာဉ်လုပ်ငန်း လုပ်ကိုင်နေသူပါ။ စိုက်ပျိုး လုပ်ကိုင်ရင်း စိုက်ပျိုး မျိုးပွားရန် လွယ်ကူသော လက်လှမ်းမီသမျှ ဆေးဖက်ဝင်အပင် သို့မဟုတ် ပရဆေးပင်များ စုဆောင်းရှာဖွေ စိုက်ပျိုး မျိုးပွားနေပါ၏။ ထိုမျိုးပွား၍ရသော ဆေးဖက်ဝင်အပင်များကို စိုက်ပျိုးရန် ဆန္ဒရှိသူများနှင့် လိုအပ်နေသူများကို မျှဝေကုသိုလ်ပြုလေ့ရှိပါသည်။ ထိုသို့ လုပ်ဆောင်နေသည်မှာ နှစ်ပေါင်းများစွာရှိပါပြီ။ ဆေးဖက်ဝင်အပင်များကို စုဆောင်းစိုက်ပျိုးရာတွင်လည်း လက်တွေ့ ပွဲတိုး အောင်မြင်ပြီးသောအပင်များကို အဓိကထား ဆောင်ရွက်ပါသည်။ လက်တွေ့ ပွဲတိုး အောင်မြင်မှုရခဲ့သော ကာယကံရှင်များနှင့်နီးစပ်သူများ၏ အတွေ့အကြုံ သို့မဟုတ် လက်တွေ့နည်းများကို မေးမြန်း လေ့လာစုဆောင်းကာ ထိုဆေးဖက်ဝင်အပင်များကို တောင်းခံလာသူများအား အပင်လည်းပေး၊ သုံးစွဲနည်းလည်း ပြောပြနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆေးဖက်ဝင်အပင်များကို စိုက်ပျိုးမျိုးပွား ကုသိုလ်ပြု မျှဝေနေရင်း အဓိကရောဂါအတွက် အသုံးဝင်မှုအပြင် အခြားရောဂါဝေဒနာများနှင့်လည်း အသုံးတည့်မှု ရှိတာတွေကို ကြားနာလေ့လာ စုဆောင်း ထပ်ဆင့်မျှဝေနေတာပါ။ ထိုသို့လေ့လာ၍ ရရှိသောအသိများကို ပေါင်းစပ်ပြီး ဆေးဖက်ဝင်အပင်များကို အခမဲ့ကုသိုလ်ပြုမျှဝေနေရင်း ဆေးပင် ရယူသွားသောသူများမှ အမှန်လက်တွေ့ အသုံးပြုရာတွင် ပျောက်ကင်းသက်သာ အောင်မြင်မှုရသည်များကို ပြန်လည်ကြားသိရသမျှ စုဆောင်းမှတ်သား နေပါသည်။

ထိုကဲ့သို့လုပ်ဆောင်၍ နှစ်များစွာ အခမဲ့ကုသိုလ်ပြု မျှဝေရင်း လက်တွေ့ပွဲတိုး အောင်မြင်မှု အကြိမ်များစွာရရှိခဲ့သော ဘီပိုးကြောင့်ဖြစ်ပွားသော အသည်းရောင်အသားဝါရောဂါကို သက်သာပျောက်ကင်းစေသော အကြောပေါင်းတစ်ထောင် ခေါ် ဖားကြောပင်အကြောင်း သုရဇ္ဇမဂ္ဂဇင်းမှတစ်ဆင့် ရေးသားဖော်ပြလိုက်ပါသည်။

## အကြောပေါင်းတစ်ထောင်ဆေးပင် စတင်ရရှိပုံ

နေပြည်တော်၊ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံမှာ မြင်ရတနာ ပျိုးဥယျာဉ်လုပ်ငန်းလုပ်ကိုင်နေသော ကထိက ဆရာမဒေါ်သန်းမြင့်၏အိမ်သို့ စာရေးသူ မကြာခဏ သွားရောက်လေ့ရှိပါသည်။ ဆရာမထံက စာရေးသူအတွက် လိုအပ်နေသောပျိုးပင်များ ဝယ်ယူရန်ဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးလုပ်ငန်းနှင့်ပတ်သက်သော နည်းပညာများအပြင် အတွေးအခေါ် အယူအဆများကိုလည်း ဆရာမထံမှ အခါအားလျော်စွာ ပြောပြ၊ အသိပေးတာတွေလည်း ရရှိလေ့ရှိပါ၏။ တစ်ခါတလေ အလွန်အလုပ်များသော ဆရာမ၏ခင်ပွန်း ကထိက ဆရာကြီးဦးတင့်ဆန်းနှင့်လည်း တွေ့ရလေ့ရှိပါသည်။

အပြန်အလှန်အားဖြင့် ဆရာနှင့် ဆရာမတို့ အခါအားလျော်စွာ စာရေးသူ၏ခြံသို့လည်း လာရောက်လေ့ရှိပါ၏။ စာရေးသူတို့ ခင်မင်ရင်းနှီးခဲ့ကြတာ ဆယ်စုနှစ်နှင့်ကြာခဲ့ပါ၏။ ရင်းနှီးခင်မင်သူများမို့ စိုက်ပျိုးရေး



လုပ်ငန်းနှင့် ပတ်သက်ပြီး အတွေးအခေါ် အယူအဆများကို ပြောပြအသိပေးတာတွေလည်း စာရေးသူ ရရှိခံစားခဲ့ရတာလည်း အမှန်ပါ။ စာရေးသူက စိုက်ပျိုးရေးပညာရှင် မဟုတ်ပါဘဲ စိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသူဖြစ်၍ စိုက်ပျိုးရေးပညာရှင်များနှင့် ဆုံတွေ့သည့်အခါ သူတို့၏အဆိုအမိန့်၊ အပြောအဆို မှတ်ချက်ပြုစကားများကို အလေးထား ခံယူမှတ်သားလေ့ ရှိပါ၏။ အဲဒီအထဲက ဆရာမ ဒေါ်သန်းမြင့်နှင့် ဆရာကြီး ဦးတင့်ဆန်းတို့၏ မှတ်ချက်ပြုစကားအချို့ကို အလျဉ်းသင့်၍ ဖော်ပြလိုက်ပါသည်။

ဆရာမက စာရေးသူကို

'ဆရာရေ၊ စိုက်လို့ ပျိုးလို့ရတဲ့ အပင်မှန်သမျှ စိုက်သာထား၊ ထမ်းထားရတာမှ မဟုတ်ဘဲ၊ ဝယ်သူလာတော့ ရောင်း၊ ပေးချင်သူကိုလည်း ပေးရတာပေါ့' တဲ့။

ဆရာမ၏ ပြောဆိုချက်ကို ဆရာကြီးဦးတင့်ဆန်း ထပ်ဖြည့်တာက

'အပင်ကြီးလာတော့လည်း ကြီးဈေးရတာပေါ့ဗျ' တဲ့။

အဲဒီမှတ်ချက်ပြုစကားအချို့သည် စာရေးသူအတွက် လမ်းညွှန်မှုမှန်ကန်ချက်အဖြစ် ယနေ့တိုင် လက်တွေ့ မှန်ကန်နေတာကို တွေ့ရပါ၏။ အဲဒီအသိကို ခံယူ၍ စိုက်ပျိုးမျိုးပွား ထုတ်လုပ်နေခဲ့တာကြောင့် လုပ်ငန်းအဆင့်ဆင့် တိုးတက်အောင်မြင်မှု ရခဲ့ ရရှိနေပါကြောင်း ဝန်ခံပါရစေ။ ထို့အတူ ဆရာနှင့် ဆရာမတို့အနေဖြင့် ပညာရှင်များပီပီ အမှတ်တမဲ့သာမန် ဆိုရိုးစကားအဖြစ် ပြောခဲ့၊ ဆိုခဲ့ရုံသာ ဖြစ်ပါစေ။ စာရေးသူလိုမှတ်သား ခံယူတတ်သူအဖို့ လက်တွေ့မှန်ကန် အကျိုးရှိခဲ့တာကြောင့် ကြုံကြိုက်တိုင်း ကျေးဇူးစကားဆိုခဲ့တာ အမှန်ပါ။ ယခု ဒီဆောင်းပါးနှင့်အတူ ထပ်မံ၍ ကျေးဇူးတင်ပါကြောင်း ထပ်မံဖော်ပြလိုက်ပါသည်။

လွန်ခဲ့သော ၁၀ နှစ်လောက်က စိုက်သိပ္ပံဝန်းအတွင်းနေ ဆရာမတို့၏ စိုက်ပျိုးခြံသို့ ရောက်ရှိခဲ့စဉ် မြေပေါ်တွင် ပေါက်နေသော မှိုညင်းပင်များ

www.burmeseclassic.com

www.burmeseclassic.com



နှင့်ဆင်သော စိမ်းစိုနေသည့် အပင်အချို့ကို မြင်တွေ့ခဲ့ပါသည်။ စာရေးသူက မြေပေါ်တွင် ပွား၍ပေါက်နေသော ထိုအပင်များကို ဗီဇဝါသနာအရ ဆရာမအား . . .

'ဘာအပင်တွေလဲ' ဟု စူးစမ်း မေးမြန်းခဲ့ပါ၏။

ဆရာမက အကြောပေါင်းတစ်ထောင်ခေါ် ဖားကြောပင် ဖြစ်ကြောင်း၊ အလွန်ဆေးဖက်ဝင်ပြီး ဒီဆေးပင်ကြောင့် ဆရာဦးတင့်ဆန်း အသည်းရောင်အသားဝါရောဂါ ပျောက်ကင်းသွားပုံမှအစချီကာ နောက်ကြောင်းပြန် ပြောသမျှ စာရေးသူက ထပ်မံရေးသား ဖော်ပြလိုက်ပါသည်။

ဆရာဦးတင့်ဆန်း အသည်းရောင်အသားဝါရောဂါ ခံစားရ၍ ၁၉၈၈ ခုနှစ်က ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူခဲ့ရပါ၏။ ဆရာဝန်များက အကြောဆေး ပုလင်းများစွာ သွင်းပေး၊ စားဆေးများဖြင့် ဂရုတစိုက်ကြပ်မတ် ကုသပေးပေမယ့် တစ်နေ့တခြား ရောဂါက မသက်သာ ပိုဆိုးလာနေကြောင်း၊ အနီးကပ် ပြုစုစောင့်ရှောက်နေသော ဆရာမလည်း ဆရာ့အတွက် စိုးရိမ်ပူပင်သောက ဖြစ်နေရကြောင်း သိရပါ၏။

ဒီလိုနှင့် တစ်ရက်တွင် လူနာခန်းအတွင်းရှိ အခြားသောလူနာများကို လာတွေ့သည့် ဦးကြီးတစ်ဦးက 'ဒီလို အသားဝါရောဂါဆိုတာ ဆေးသိရင် အလွယ်လေး၊ ဆေးရွက်ကို ကြိုသောက်ရုံနှင့် ပျောက်နိုင်ကြောင်း' မှတ်ချက်ပြု ပြောကြားသည်ကို ဆရာမ ကြားသိခဲ့ကြောင်း၊ ချက်ချင်းပဲ ဆရာမက ထိုဦးကြီးထံချဉ်းကပ်၍ ဖြစ်နိုင်လျှင် အဲဒီဆေးပင် ရလိုပါကြောင်း မေတ္တာရပ်တောင်းခံခဲ့သည်ဟု ဆိုပါ၏။

နောက်နေ့တွင် အဲဒီဦးကြီးကိုယ်တိုင် ဒီဖားကြောရွက်တွေ ခူးလာပြီး ထန်းလျက်နှင့်ကျို၍ ရေအစားသောက်ရန် အစာစားသည့်အခါ တို့စား၊ သုပ်စားရန် ညွှန်ခဲ့သည်ဟု သိရပါ၏။ ဆရာမကလည်း ဦးကြီးပြောပြသည့် အတိုင်း အရွက်အချို့ကို ရေနှင့်သန့်စင်၍ ထန်းလျက်နှင့်ကျိုကာ ဆရာ့ကို



ရေအစား သောက်စေခဲ့သလို ထမင်းစားသည့်အခါ တို့စား၊ သုပ်စားစေခဲ့ ရာက တစ်ရက်ထက် တစ်ရက် သက်သာလာကာ နောက်ဆုံး အကြောဆေး ပုလင်းတွေလည်း ဖြုတ်၊ ဆေးရုံက အမြန်ဆင်းနိုင်ခဲ့ကြောင်း၊

ဆေးရုံကဆင်း အဲဒီဦးကြီးထံက မျိုးတောင်းယူလာပြီး နေပြည်တော်၊ ပျဉ်းမနား ရောက်သည့်အခါ ခြံထဲမှာစိုက်ထားပြီး လိုအပ်သူများကို အပင်လည်းပေး၊ နည်းလည်း ပြောပြနေကြောင်း သိရပါ၏။ ထို့နောက် ဆရာမက အပင်မှ အညှာပါ အရွက်တစ်ရွက်ကိုခူးယူ၍ စာရေးသူကို လက်တွေ့ပြသခဲ့ပါသည်။ ရွက်ညှာတံကို ထပ်ဆင့်ချိုးလိုက်သည့်အခါ တုံးတိ ပြတ်မသွားဘဲ အတွင်းက အပ်ချည်ကြိုးသဏ္ဌာန် အမျှင်များနှင့် မျှင်းခံနေတာကို တွေ့ရပါ၏။

ဆရာမက

'ဒါကို အကြောလို့ခေါ်တယ် ဆရာ'ဟု ဆိုကာ အဲဒီ အကြောမျှင်များကို စုကိုင်၍ ခပ်တင်းတင်း ဆွဲပြပါသည်။ ဆွဲအားကြောင့် အပေါ်ပိုင်း အရွက်ပြားပေါ်တွင် ယှက်သန်းဖြာထွက်နေသည့် အကြောမျှင်ငယ်များပါ တင်းသွားပြီး အရွက်ပြား တစ်ခုလုံး ငိုက်ဆင်း သို့မဟုတ် ကျုံ့ဆင်းလာတာကို အံ့ဖွယ် တွေ့ရပါ၏။ ဒီလိုအကြောများနှင့် ယှက်သန်းနေတာကြောင့် ဒီအပင်ကို အကြောပေါင်းတစ်ထောင် သို့မဟုတ် ဖားကြောလို့ ခေါ်တာ ဖြစ်ကြောင်းလည်း စိတ်ရှည်စွာ ရှင်းပြပါ၏။

အဲဒီအချိန်ကတည်းက အကြောပေါင်းတစ်ထောင် ခေါ် ဖားကြောပင် တွေကို ဆရာမထံက တောင်းယူလာကာ စာရေးသူလည်း ခြံထဲမှာ ပျိုးအိုး ပျိုးထုပ်များနှင့် စိုက်ထားခဲ့ပါသည်။

## အကြောပေါင်းတစ်ထောင် ခေါ် ဖားကြောပင်

အကြောပေါင်းတစ်ထောင်ခေါ် ဖားကြောပင်များကို စာရေးသူ၏ ခြံထဲတွင် စိုက်ပျိုးမျိုးပွား၍ လက်တွေ့ မြင်တွေ့လေ့လာသမျှ ဖော်ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထိုအပင်များကို စိုက်ပျိုး မျိုးပွား၍ လွယ်ကူသလို ဖြစ်ထွန်းမှု အလွန်ကောင်းတာကို တွေ့ရပါ၏။ အစိုဓာတ်အသင့်အတင့် ရရုံနှင့် ထိုအပင်များ ရှင်သန် ဖြစ်ထွန်းပါသည်။ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်အား ကောင်းပြီး အဖျက်ပိုးမွှားများ ဖျက်ဆီးမှုနည်းပါးတာကိုလည်း တွေ့ရပါသည်။ အရွယ်ရောက်သောအခါ ယေဘုယျအားဖြင့် အပင်သက် ၄-၅ လ ခန့် ရောက်ရှိသောအခါ ထိုအပင်များမှ ပွင့်ဖူးများ ထွက်လာလေ့ရှိပါ၏။ အပင်များ စားသုံးရရှိသော အာဟာရနှင့် အပင်အားပေါ်မူတည်ပြီး ပွင့်ဖူးများ ၄-၅ ဖူးခန့် ရှိပါသည်။ ပွင့်ဖူးတံများသည် ၁၀-၁၂ လက်မကျော်ခန့် အထိ ထိုးထိုးထောင်ထောင် ပွင့်ဖူးတတ်ပါသည်။

အဖူးတံပတ်လည်ရှိ အဖူးများ ပွင့်အာလာကာ တဖြည်းဖြည်း ခြောက်သွေ့သွားပါသည်။ အာဟာရကောင်းသော အပင်ရှိ အသီးတံ တစ်ခုသည် အရှည်တစ်တောင်ခန့်ထိ ရှိပါသည်။ ထိုအသီးတံ အခြောက် တစ်ခုမှ အောင်မြင်သောမျိုးစေ့ပေါင်း ရာထောင်မက ရရှိနိုင်ပါ၏။ အကြောပေါင်းတစ်တောင် အပင်တစ်ပင်တွင် ၂-၅ ဖူးခန့်အထိ ပွင့်ဖူး တတ်၍ မျိုးစေ့ပေါင်းများစွာရရှိကာ အပင်ပေါင်းမြောက်မြားစွာ စိုက်ပျိုး ရနိုင်တာကိုလည်း တွေ့ရပါ၏။ ထို့ကြောင့် အကြောပေါင်းတစ်ထောင် အပင်တစ်ပင် စိုက်ပျိုးပြုစုထားလျှင် အဆင်ပြေပါက သားစဉ်မြေးဆက် နှစ်ပေါင်းများစွာအထိ မျိုးမပြတ် စိုက်ပျိုးရရှိနိုင်ပါ၏။

မျိုးစေ့များသည် အသီးတံအခြောက်မှ မြေပေါ်သို့ လွင့် စင်ကျသွားသည့်အခါ သို့မဟုတ် လိုအပ်သလိုရယူမျိုးဖောက်ပါက ပျိုးပင်ပေါင်း အမြောက်အမြား ရရှိနိုင်ပါသည်။ စာရေးသူ ခြံထဲမှာတော့ မြေမှာ ကျပေါက်လာသော အကြောပေါင်းတစ်ထောင် အပင်ပွားများကို မြေထုပ် ငယ်များမှာ ပြောင်းစိုက်၍ လိုအပ်သူများ ဆန္ဒရှိသူများကို မျှဝေကုသိုလ်ပြု နေတာ ၁၀ နှစ်ကျော် တိုင်ခဲ့ပါပြီ။ မျိုးစေ့များသည် အစိုဓာတ်ရှိသော မြေနေရာတိုင်းမှာ ပေါက်ပွားလေ့ရှိပါ၏။ ထို့ကြောင့် စာရေးသူခြံထဲရှိ



ပျိုးထုပ်၊ မြေအိုးများအတွင်းသာမက မြေအနှံ့အပြားမှာ ပေါက်နေတာကို တွေ့ရပါ၏။ မျိုးစေ့စုပုံကျသည့်နေရာအချို့တွင် အပင်ငယ်များ၊ တစ်စု တစ်ထွေးကြီး ပေါက်နေတာလည်း ကြုံရပါ၏။

အပင်တောင်းခံသူများကို အပင်များပေးရင်း မျိုးပွား ရရှိနိုင်ပုံကို လည်း အသိပေး ပြောပြနေတာပါ။ စာရေးသူခြံက မိုးတွင်း ရေဝပ်သော ကြောင့် ရေလွှတ်သောနေရာများမှာသာ အကြောပေါင်းတစ်ထောင် အပင်များ ဖြစ်ထွန်းပါသည်။ မိုးပြတ်ပြီး ဆောင်းရောက်သည်နှင့် မျိုးစေ့ ကျသော နေရာတိုင်းမှာ အပင်များပေါက်လေ့ရှိပြီး အပင်များ ဖားဖား လျားလျား ကြီးမားသန်မာလေ့ရှိတာကိုလည်း အမြဲတွေ့ရပါ၏။ တရုတ် ဆေးပင်မျိုးရင်းမို့ အအေးဓာတ်ပိုသည့်အခါ အပင်ဖြစ် ပိုမိုတာလားဟု ယူဆမိတာလည်း အမှန်ပါ။

အကြောပေါင်းတစ်ထောင်အပင်များ စာရေးသူခြံထဲမှာ ဆောင်းတွင်း ကာလတွင် ကြီးမားဖြစ်ထွန်းပုံကို ရုတ်တရက်ကြည့်လျှင် မုန်ညင်းခင်းဟုပင် ထင်မှတ်မှားနိုင်ပါ၏။ အရွက်များသည် မုန်ညင်းရွက်အပင်များလိုပဲ ကျွတ်ဆတ် ကျိုးပဲ့လွယ်တာလည်း တွေ့ရပါ၏။ အထဲက အကြောများ ကြောင့် အလွယ်ပြတ်ထွက်၊ ပြုတ်ကျတာမျိုးတော့ မရှိပါ။ စာရေးသူက ဓာတ်မြေသြဇာ အနည်းဆုံးသုံးပြီး အဆိပ်ပိုးသတ်ဆေးလွှတ် အီးအမ် (EM) နည်းပညာသုံး စိုက်ပျိုးထုတ်လုပ်နေတာပါ။ ဆယ်စုနှစ် တစ်စုကျော် ရှိပါပြီ။ အကြောပေါင်းတစ်ထောင်အပင်များကို လေ့လာ သိရှိထားသော ဝါသနာရှင်၊ ဆေးပညာရှင်၊ စိုက်ပျိုးရေးသမားများနှင့် တွေ့ဆုံကြသော အခါ အချို့က ကြီးလှချည့်လားဟု ပြောဆိုကြသလို သူတို့ မြင်ဖူး၊ တွေ့ဖူး၊ စိုက်ဖူးတာက ကလေးလက်ဝါး၊ လူကြီးလက်ဝါးခန့် အပင်များသာဟု လည်း မှတ်ချက်ပြုကြ၊ ပြောကြတာမျိုးလည်း ရှိပါ၏။

အချို့ကတော့ အယဉ်၊ အရိုင်းပင် ၂ မျိုး ရှိသည်ဟုလည်း ဆိုကြပါ ၏။ စာရေးသူခြံထဲတွင် အချို့သော အကြောပေါင်းတစ်ထောင်အရွက်များ

www.burmeseclassic.com

www.burmeseclassic.com



သည် အကြီးဆုံး အလျား ၁၀-၁၂ လက်မ၊ အနံ ၉-၁၀ ခန့်အထိ ကြီးမားကြပါသည်။ ပင်စည်မရှိဘဲ မြစ်ဆုံမှ အရွက် ၈-၁၀ ခန့်အထိ ထွက်လေ့ရှိပါသည်။ ရွက်ညှာရိုးတံတစ်ခုသည် အလျား ၆-၁၀ လက်မခန့်ထိ ရှည်လျားပြီး အရင်းအနည်းငယ်တုတ်ပါသည်။ အရွက်ရင်းမှ ပင်ခြေအထိ အလယ်ခွက်ပါသော ရိုးတံမျိုးပါ။ မိုးနှင့် နွေတွင် အပင်အနည်းငယ်သေး၍ ပွားစည်းမှုလည်း နည်းပါသည်။

## ဆေးဖက်ဝင် ဖားကြောပင်

ဖားကြောပင်ဟုလည်း အသုံးပြုရေးသားမိပါ၏။ စာရေးသူ ဖားကြောအပင်များ စိုက်ပျိုးမျိုးပွားထားပြီး တောင်းခံသူများကို အခမဲ့ကုသိုလ်ပြုမျှဝေနေတာကြာပါပြီ။ ခြံသို့ အလည်လာသူများ၊ အပင်ဝယ်သူများနှင့်ဆုံသည့်အခါ အပင်လည်းပေး၊ အပြန်အလှန်လည်း ဆွေးနွေးဖလှယ်နေခဲ့တာပါ။ အဲဒီလိုနှင့် နှစ်များစွာကြာလာတော့ ဖားကြောအပင်နှင့် နီးစပ်သူများ၊ အထူး လေ့လာထားသူများအပြင် ပရဆေးပညာရှင်များနှင့်ပါ တွေ့ဆုံဖလှယ်ရာက ဖားကြောအပင်၏ ဆေးဖက်ဝင်မှု အမျိုးမျိုးကိုပါ ကြားသိလေ့လာ သိရှိခဲ့ပါသည်။ အဲဒီလို စာရေးသူ ကြားသိ၊ လေ့လာ သိရှိထားမှုများကို ဖားကြောအပင် လာတောင်းသူများအား တစ်ဆင့် ပြောပြအသိပေးနေတာလည်း ကြာပါပြီ။

အဲဒီအထဲက အချို့ကိုဖော်ပြရလျှင် လွန်ခဲ့သော ၄ နှစ်ခန့်က ကန်ဦးရပ်ကွက်ရှိ နံနက်ခင်း ဈေးတန်းလေးတွင် စာရေးသူ ဝယ်ယူအားပေးလေ့ရှိသော တို့ဟူးသည် မမြရီဆိုင်တွင် တို့ဟူးဝယ်စဉ်က ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုပါ။ မမြရီ တို့ဟူးက လူကြိုက်များ စားသုံးသူများသလို ဝယ်ယူစားသုံးသူများနှင့် အမြဲပြည့်နေတတ်ပါသည်။ သဘော မနော ကောင်းပြီး စေတနာပါသူမို့ အမြဲရောင်းကောင်းရုံမက တစ်ခါတလေ နောက်ကျလျှင် တို့ဟူး ကုန်သွားတာမျိုးလည်း ကြုံရတတ်ပါ၏။ စာရေးသူ ရပ်စောင့်နေစဉ် တို့ဟူး ကူလှီးပေးရသော အကူကလေးမလေးက မမြရီကို ညည်းညူစွာနှင့်



'ဆေးရုံတက်တာလည်း ကြာပြီ၊ ဆေးပုလင်းကြီးတွေချိတ်ရတာလည်း များပြီ၊ သက်လည်း မသက်သာဘူး' ဟု ပြောဆိုသံကို ကြားမိပါသည်။

ထိုအခါ မမြရီက

'အေး၊ နင်တို့လည်း ငွေကုန်လူပန်းဖြစ်နေပြီ' ဟု မှတ်ချက်ပြု ပြန်ပြောပါ၏။

စာရေးသူ၏ အတွေ့အကြုံနှင့် အချိန်ရာသီအရ ဒါကို အသည်းရောင်အသားဝါရောဂါဟု သိနေပေမယ့် သူတို့ကို

'ဟဲ့. . ဘာဖြစ်လို့တုံး' ဟု မေးရာ မမြရီက

'အသားဝါ. . အဘကြီးရေ' ဟု ပြန်ဖြေပါ၏။

စာရေးသူက

'အဲဒါဆို အဘဆီမှာ ဆေးပင်ရှိတယ်၊ ထန်းလျက်နဲ့ ကျိုသောက်ရုံနဲ့ ပျောက်တယ်၊ ဆန္ဒရှိရင် ခြံမှာ လာယူလှည့်' ဟု ပြောကြား အသိပေးခဲ့ပါ၏။

ထိုနေ့ညနေမှာပဲ အဲဒီမိန်းကလေး ခြံသို့ရောက်လာပါ၏။ ဖားကြောအပင် ပျိုးထုပ်တစ်ပင်နှင့် အရွက်များခူးပေးပြီး ထန်းလျက်နှင့် ကျိုသောက်နည်းကို ပြောပြလိုက်ပါ၏။ စာရေးသူက အိမ်အတွက် နေ့စဉ် ဈေးဝယ်ထွက်သူပါ။ ၅ ရက်မြောက် နေ့တွင် မမြရီက

'အဘရေ၊ လူနာ ဆေးရုံက ဆင်းရပြီ' ဟု အသိပေးပါသည်။

နောက်ပိုင်း အသည်းရောင်အသားဝါ ဖြစ်ပွားသူများကို မမြရီက ဖားကြောပင်အကြောင်း ပြောပြ၊ စာရေးသူထံ အပင် တောင်းခိုင်းလေ့ရှိပါ၏။

ခြံထဲသို့လာရောက်ကြသော တရုတ်စကားတတ်ကျွမ်းပြီး လေ့လာထားသူများ ဖားကြောအပင်ကို ကွမ်တုံစကားအရ တရုတ်လို (ဟင်ကွမ်ထောင်) ဟု ခေါ်ကြောင်း ပြောပြကြပါသည်။ အချို့ကတော့ ဖားကြောပင်ရှိ အကြောများဖြင့် အစွမ်းထက် တရုတ်ဆေးများ ဖော်စပ်ရာတွင်ထည့်သွင်းအသုံးပြုသည်ဟု သိရပါ၏။ အချို့ကတော့ ဒီဖားကြော အရွက်တွေကို

www.burmeseclassic.com

www.burmeseclassic.com




ဖြတ်ယူ၊ အရိပ်ထဲမှာ အခြောက်လှမ်း၊ လက်ဖက်ခြောက်အဖြစ် ရေနွေးကြမ်းထဲ ထည့်သောက်လျှင် ဆေးဖက်ဝင်ရုံမက ဆီးအလွန်ကောင်းသည်ဟုလည်း ပြောဆိုကြပါသည်။

ဒါကိုတော့ စာရေးသူတို့လက်တွေ့လုပ်ဆောင်နေတာ ကြာပါပြီ။အပင်မှာ အရွက်တွေဖားဖားလျားလျား ပွားများကြီးမားသည့်အခါ ဇနီးဖြစ်သူသည် အရွက်အညှာအရင်းက ကတ်ကြေးနှင့်ဖြတ်၊ ဆေးကြောသန့်စင်ပြီး ပန်းထဲမှာစီ၊ အရိပ်ထဲမှာ အခြောက်လှမ်းလေ့ ရှိပါသည်။ တစ်ရက်ခြား တစ်ခါလောက် အထက်အောက် လှန်ပေးပြီး ခြောက်သွေ့သွားသည့်အခါ အရွက်ကလေးများကို လိပ်လို့ထားပါ၏။ ထိုအလိပ်ကလေးများကိုလည်း ဆန္ဒရှိ၍ တောင်းခံလာသူများကို အခမဲ့ကုသိုလ်ပြု မျှဝေနေပါ၏။

**ကျားမှာ ဆီး၊ မမှာ မီး**

အချို့ကတော့ အနာနှင့်ထိခိုက်ဒဏ်ရာများအပေါ် ဒီဖားကြောရွက်ကို မီးသင်းအုံကပ်ပေး၊ ထုထောင်းအုံကပ်ပေးပါက အနာအမြန်ပျောက်သည်ဟု ဆိုကြပါသည်။ စာရေးသူနှင့် ရင်းနှီးခင်မင်သော တိုင်းရင်းဆေး





ပျားမြီးရွက်ပင်

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဖြေပင်



ပိန်းမဟော်ပင်



ဒက္ခိဏာသာခါဘုရား



ဥတ္တမသိဃီမွန်ကျောင်းတော်နှင့် ဆရာတော်ဦးဝါရိန္ဒ

www.burmeseclassic.com

www.burmeseclassic.com



အကြောပေါင်းတစ်ထောင်ခေါ် ဖားကြောပင်



သိဒ္ဓိဝင်ဂမုန်းနက် နှင့် နနွင်းနက်အပင်များ



ချမ်းသာကြီးဂမုန်းပင်

www.burmeseclassic.com

www.burmeseclassic.com



နဂါးမောက်ခေါ် ကစ်မီကွစ် (Kiss Me Quick)



ဖားဂမုန်းပင်



ရွှေလာပင်များ




ကျွဲသရမူလီနွယ်ပင် သို့မဟုတ် ကင်ဆာပျောက်ဆေးပင်

www.burmeseclassic.com

www.burmeseclassic.com





ရှင်သီဝလိဂမုန်းခေါ် ဥစ္စာထိန်းဂမုန်းပင်



စမဝဝဂမုန်းပင်



ကျွမ်းကျင်သူများက ကျားမှာ ဆီး၊ မမှာ မီး ဆိုထုံးရှိသည်။ ဒီ ဖားကြောအပင်များကို ယောက်ျားများအသုံးပြုတတ်ပါက ကျားမှာ ဆီးဆိုသည့် ဆီးရောဂါဝေဒနာကို ကြိုတင်ကာကွယ်နိုင်သလို ကုသ ပျောက်ကင်းနိုင်သည်ဟု ဆိုပါ၏။

စာရေးသူက လက်တွေ့မှီဝဲသုံးစွဲနည်းကို မေးမြန်းရာ

'ရေနွေးကြမ်းပြုသောက်၊ သုပ်စား တို့စား ပေါ့'တဲ့။

အဲဒီအသိကို စာရေးသူ လက်တွေ့စားသုံးမှီဝဲနေပုံကို အသိပေးလိုပါ၏။ ဆီးသွားသည့်အခါ (ပုံမှန်မဖြစ်သည့်အချိန်) အခါအားလျော်စွာ ဖားကြောရွက် အရွယ်လတ်လတ်တစ်ရွက်ကို အညှာရင်းမှ ခူးယူပြီး ရေစင်အောင် ဆေး၊ ဝါးစားလေ့ ရှိပါသည်။ နာရီပိုင်းအကြာ အကျိုးသက်ရောက်လာမှုကတော့ လေကောင်းပြီး ဆီးရွှင်နေတာပါပဲ။

စာရေးသူနှင့် ခင်မင်ရင်းနှီးကြသော တရုတ်နွယ်ဝင် အိမ်အချို့တွင် ဖားကြောပင်ကို မိဘမျိုးရိုး အစဉ်အဆက်စိုက်ပျိုး၍ ဆေးဝါးအဖြစ် မှီဝဲခဲ့ကြပုံကိုလည်း လေ့လာသိရှိရပါ၏။ အဓိကကတော့ ဖားကြောပင်ခေါ် အကြောပေါင်းတစ်ထောင်အပင်ကို ဆီးဆေးပင်အဖြစ် အသုံးပြုခဲ့သည်ကို တွေ့ရပါ၏။ စာရေးသူတို့ နေပြည်တော်၊ ပျဉ်းမနားမြို့သည် ဟိုး ယခင်ကာလက ကြံသကာချက်လုပ်၊ ထုတ်လုပ်နေခဲ့သည့် ဈေးကွက်ကြီးတစ်ခုဖြစ်ခဲ့ပါသည်။ ထို ကြံသကာနှင့် ဖားကြောအရွက်များ ရောကျိုချက်၍ ရေအိုးထဲမှာ ထည့်ပေးထားတာကို အမြဲ သောက်ခဲ့ရကြောင်း၊ အထူးသဖြင့် နွေရာသီရောက်လျှင် မိဘများ ပြုလုပ်ပေးသော ထိုဆေးရေကို ရေအဖြစ် အမြဲသောက်ခဲ့ရကြောင်း ပြန်ပြောပြတာကိုလည်း အသိပေးဖော်ပြလိုက်ပါသည်။

မန္တလေးမြို့က တရုတ်နွယ်ဝင် ပရဆေးပညာရှင် အမျိုးသမီးတစ်ဦး လွန်ခဲ့သော ၃-၄ နှစ်ခန့်က မိတ်ဆွေတစ်ယောက်နှင့်အတူ စာရေးသူ၏ ခြံထဲသို့ ရောက်လာခဲ့ပါသည်။ အဓိက လာရင်းကိစ္စက စာရေးသူခြံတွင်

www.burmeseclassic.com



ရှိသော ရွှေကသစ်အပင်ကိုင်း ရယူလို၍ဖြစ်ပါသည်။ ရွှေကသစ်ကိုင်းကို ပေးပြီးနောက် မိတ်ဆွေ၊ ထိုဆရာမနှင့် စာရေးသူတို့ ဆွေးနွေးဖလှယ်ရာက ထို ပညာရှင်အမျိုးသမီးသည် ဖားကြောအပင်များကိုကြည့်၍

'ဒီဖားကြောအရွက်တွေကို ပုံမှန်မှီဝဲသုံးဆောင်သွားရင် မိန်းမများ သားအိမ်ကျရောဂါကိုတောင် ပျောက်ကင်း သက်သာစေနိုင်တယ်' ဟု မှတ်ချက်ပြု ပြောကြားခဲ့သည်ကိုလည်း စာရေးသူကတစ်ဆင့် ဖော်ပြလိုက်ပါသည်။

ယခုအခါ ခြံထဲသို့ လာရောက်ကြသော ပရဆေးပင်များနှင့် ပတ်သက်၍ နှံ့စပ်ကျွမ်းကျင်သူများနှင့် ဖားကြောပင်အကြောင်း ပြောဆို ဖလှယ်ကြရာက အသည်းရောဂါဝေဒနာနှင့်ပတ်သက်သော သတင်းစကား အတော်များများကိုလည်း ကြားသိ လာရပါသည်။ အထူးသဖြင့် အသည်းရောင် အသားဝါသာမက စီပိုး၊ အသည်းခြောက်ရောဂါ အကြောင်းနှင့် ပတ်သက်၍ ပြောဆိုဖလှယ်လာကြတာ အလွန်များသည်ကိုတွေ့ရပါ၏။

စီပိုး ရောဂါဝေဒနာနှင့်ပတ်သက်၍ သိန်းပေါင်းရာကျော် အကုန်အကျခံ ကုသနိုင်သော်လည်း ပျောက်ဖို့ မသေချာကြောင်း၊ တစ်ကြိမ်ဆေးထိုး သိန်းဆယ်ဂဏာန်းပေးရသော ထိုလူနာများ ဆေးဒဏ်ကြောင့် အလူးအလဲ ခံရပုံများကိုပါ လူနာနှင့်နီးစပ် အတွေ့အကြုံရှိသူများ၏ ပြန်လည်ပြောကြားချက်များကိုလည်း ကြားသိနေရပါသည်။ စာရေးသူတို့ မြို့မှာတော့ အသည်းရောဂါ စီပိုးနှင့် အသည်းခြောက်ဝေဒနာရှင်များ အတွက် ဂမုန်းနက်ဥများကို လိုက်လံရှာဖွေ စုဆောင်းမှုများလာတာကို တွေ့နေရပါ၏။ စာရေးသူလည်း သိဒ္ဓိဝင် ဂမုန်းနက်အပင်များကို ကြိုးစား၍ ပျိုးနေတာ အမှန်ပါ။ ကိုယ်ချင်းစာနာစိတ်နှင့် မျှဝေ ကုသိုလ်ပြုရန်အတွက် ဖြစ်ပါ၏။

အကုန်အကျများသော ခေတ်မီဆေးဝါးများနှင့် ကုသတာထက် အသည်းရောဂါများကို တိုင်းရင်းဆေး ပရဆေးများနှင့် ကုသ ပျောက်ကင်း



နိုင်ပုံများကို ဝိုင်းဝန်းဆွေးနွေး ဖလှယ်လာကြတာလည်း အမြဲ ကြုံတွေ့နေရပါ၏။ ထိုကဲ့သို့ ဆွေးနွေးဖလှယ်ခဲ့ကြရာက အကုန်အကျ အလွန်နည်းပြီး ဆေးစွမ်းထက်၍ ထိရောက်မှုသေချာသော အကြောပေါင်းတစ်ထောင်ခေါ် ဖားကြောခေါ် ဟင်ကွမ်ထောင်း တရုတ် ပရဆေးပင်အကြောင်း ပါဝင်လာပါသည်။ ယခုအခါ ဘီပိုးရောဂါ ခံစားနေရသူများ အထူးသဖြင့် ဝန်ထမ်းများနှင့် နိုင်ငံခြားသို့သွားလာရန် ရှိသူများအတွက် ဒီဆေးရွက်များကို ပုံမှန် မှီဝဲသုံးဆောင်သင့်ကြောင်း ထိုသို့ မှီဝဲသုံးဆောင်ပါက အသည်းရောင် အသားဝါရောဂါကို ဖြစ်ပွားစေနိုင်သော ဘီပိုးရောဂါကို ဧကန်မုချ ကုသပျောက်ကင်းနိုင်ရမှာပေါ့ဟု ပရဆေး ကျွမ်းကျင်သူများ၏ ပြောဆို မှတ်ချက်ပြု အကြံပေးစကားများကို စာရေးသူမှ အသည်းရောင် အသားဝါအတွက် အကြောပေါင်းတစ်ထောင်ခေါ် ဖားကြောပင်ဟု သူရဋ္ဌ မဂ္ဂဇင်းမှတစ်ဆင့် အသိပေး ရေးသားဖော်ပြလိုက်ရပါကြောင်း။

ဘီပိုးရောဂါဝေဒနာရှင်တိုင်း ဖားကြောရွက်ကပေးသော သုခချမ်းသာ ရကြပါစေ။

[ သူရဋ္ဌမဂ္ဂဇင်း ။ ။ ဇွန်၊ ၂၀၀၈ ]

www.burmeseclassic.com

www.burmeseclassic.com



## ဆီးချို၊ သွေးချို ရောဂါဝေဒနာအတွက် ပျားမြီးရွက်အပင်

ရန်ကုန်မြို့မှ နေပြည်တော် ပျဉ်းမနားသို့ နိုင်ငံတော် အစိုးရဝန်ကြီးဌာနများ၏ ရုံးများ ပြောင်းရွှေ့လာပြီးသည့်နောက် နေ့တစ်နေ့တွင် မြန်မာ့ဆက်သွယ်ရေး၊ အော်တိုတယ်လီဖုန်းရုံးမှ ကားတစ်စီး ကျွန်တော်၏ ပျိုးဥယျာဉ်သို့ ပျိုးပင်များ ဝယ်ယူရန် ရောက်ရှိလာပါသည်။ ခြံထဲသို့ လိုက်ပါပို့ဆောင်သူက ယခင်က မကြာခဏ လာရောက်လေ့ရှိသော ဦးသိန်းဦးဖြစ်ပါသည်။ ဦးသိန်းဦးက လိုက်ပါလာသူသည် သူ့ဌာနက အင်ဂျင်နီယာအရာရှိ ဦးသန်းထွန်း ဖြစ်ကြောင်း ပြောပြပါသည်။

ကျွန်တော်၏ ခြံဝန်းအတွင်းရှိ နားခိုတဲတွင် ခေတ္တ နားနေခိုက် ကျွန်တော်က ခြံလုပ်ငန်းနှင့်အဆိပ်မဲ့ အီးအမ် နည်းပညာ သုံးစွဲ ထုတ်လုပ်နေပုံများအပြင် အချို့သော ဆေးဖက်ဝင် တိုင်းရင်းဆေး၊ ပရဆေးပင်များကို စိုက်ပျိုး မျိုးပွား၍ ကုသိုလ်ဒါန ပြုနေပုံများကို အသိပေး ပြောပြ



ဖြစ်ခဲ့ပါသည်။ ပျိုးပင်များဝယ်ယူပြီးနောက် ဆရာဦးသန်းထွန်းမှ ဆရာကြီးကို ဆေးပင်တစ်ပင်လာပို့ဦးမည်ဟု ပြောဆို၍ ကားဖြင့် ပြန်သွားကြပါသည်။ နောက် နှစ်ရက်အကြာတွင် ဆရာဦးသန်းထွန်းကိုယ်တိုင် ကားဖြင့် ရောက်လာကာ အိုးငယ်တစ်လုံးဖြင့် စိုက်ထားသော ဆယ်လက်မသာသာခန့် ရှိသည့် အပင်တစ်ပင်ကို ကျွန်တော့်လက်ထဲသို့ ထည့်ပေးပါသည်။

'ပျားမြီးရွက်အပင်လို့ခေါ်တယ် ဆရာကြီး၊ ဆီးချို၊ သွေးချိုရောဂါဝေဒနာအတွက် တိုင်းရင်းဆေးပင်ပါ၊ ကျွန်တော်ကိုယ်တိုင် စားသုံးနေပါတယ်၊ အလွန်လည်း အစွမ်းထက်ပါတယ်'ဟု ပြောဆို ရှင်းပြရုံမက ကွန်ပျူတာတင်ထားသော ဆေးပင်အကြောင်းနှင့် သုံးစွဲနည်းအညွှန်းပါစာရွက်တစ်ရွက်ကိုပါ ပေးခဲ့ပါသည်။ ဆီးချို၊ သွေးချိုရောဂါဝေဒနာအတွက် ဆေးစွမ်းထက်သည့်အပင်၊ အလွန်ထိရောက်သည့်အပြင် သူကိုယ်တိုင် မှီဝဲနေသည့်အပင်လို့သိရတော့ ကျွန်တော် အလွန်ဝမ်းသာမိခဲ့တာအမှန်ပါ။ အပြုံးများစွာဖြင့် အလွန် ကျေးဇူးတင်ကြောင်း မျိုးပွားရယူပုံကို မေးမြန်းပြီးနောက် ကျွန်တော်ကလည်း လက်လှမ်းမီသမျှ တောင်းခံလာသူ ဝေဒနာရှင်တွေကို ကုသိုလ်ဒါနပြု မျှဝေပေးမှာပါလို့ ကတိပေးခဲ့ပါသည်။

အဲဒီလိုနှင့် ပျားမြီးရွက်အပင်တစ်ပင် ကျွန်တော်၏ခြံထဲသို့ ရောက်ရှိလို့လာခဲ့ပါသည်။ အဲဒီအပင်ကို ပျိုးစင်ပေါ်တင်ထားပြီး ပြုစုပေးနေခဲ့ရာက အပင်ရင်းမှအောက်တက် အညွန့်သစ် နှစ်တက် ထွက်လာသည့်အခါ အပေါ်ခေါင်ညွန့်ကိုဖြတ်၍ ပလတ်စတစ်မြေထုပ်ငယ်တစ်ခုဖြင့် စတင် မျိုးပွားခဲ့ပါသည်။ ထိုမျိုးပွားအပင်ငယ်သည် ဆယ်ရက်ခန့်အကြာတွင် ရှင်သန်လာတာကို တွေ့ရပါသည်။ ခေါင်ညွန့်ဖြတ်လိုက်သော အောက်ခံပင်လည်း ပိုအားကောင်းလာသောကြောင့် မူလအိုးထက်ကြီးသော မြေအိုးတစ်အိုးဖြင့် ပြောင်း၍ စိုက်ပျိုးထားခဲ့ပါသည်။ မူလ အပင်ကို အီးအမ်ပျော်ရည် သုံးစွဲ၍ အာဟာရဓာတ် အသင့်အတင့်ပေး၍ ပြုစုသောအခါ အပင်ထွားကျိုင်းလာရုံမက ကိုင်းတက်တွေ ပွား၊ အရွက်များလည်း ပိုမိုကြီးမားလာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကစပြီး အဲဒီမူလပျားမြီးရှက်အပင်က ရနိုင်သမျှ ကိုင်းငယ်များကို ဖြတ်တောက်၍ ပလတ်စတစ်မြေထုပ်ငယ်များနှင့် မျိုးပွား ရယူထားခဲ့ပါသည်။ ပထမဦးဆုံး မျိုးပွားရရှိခဲ့သော ပျားမြီးရှက်အပင်ကို ကိစ္စတစ်ခုဖြင့် ခြံထဲသို့ လာသော သစ်ထုတ်လုပ်ရေးဌာနမှ လူငယ်တစ်ဦးနှင့်ဆုံစဉ် သူ့ဖခင်အတွက် တောင်းခံသဖြင့် သုံးစွဲပုံဆေးညွှန်းနှင့်တကွ ကုသိုလ်ဒါန ပြုခဲ့ရပါသည်။

ဆီးချို၊ သွေးချို ရောဂါနှင့်ပတ်သက်၍ ကျွန်တော် လက်လှမ်းမီသမျှ လေ့လာထားတာရှိပါသည်။ ဆီးချို၊ သွေးချို ရောဂါဆိုတာ သွေးထဲမှာ သကြားဓာတ် (အချိုဓာတ်) လွန်ကဲများပြားနေခြင်းကြောင့် ဖြစ်ပေါ်လာသည့်ရောဂါဖြစ်ပါသည်။ အမျိုးသား အမျိုးသမီးမရွေး ဖြစ်နိုင်သည့် ရောဂါမျိုးဖြစ်ပါသည်။ မျိုးရိုးလိုက်၍ ဆီးချို၊ သွေးချိုရောဂါ ဖြစ်နိုင်သလို ကိုယ်ခန္ဓာ ဝသူ၊ ပိန်သူ၊ ကြီးသူ၊ ငယ်သူဖြစ်ပါစေ၊ အစားအသောက် အနေအထိုင် မဆင်ခြင်ပါက ဆီးချို၊ သွေးချိုရောဂါ ဖြစ်နိုင်ပါသည်။ သွေးဖောက် စစ်ဆေးလို့ ရောဂါမရှိပေမယ့် တစ်ချိန်ချိန်မှာ ဆီးချို၊ သွေးချို ရောဂါရှိလာနိုင်ကြောင်းလည်း လေ့လာသိရှိရပါသည်။

ဆီးချို၊ သွေးချိုရှိလာလျှင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ဖို့ အခြေအနေ ပိုလာနိုင်ခြင်း၊ သွေးတိုးရောဂါခံရှိနေသူသည် ဆီးချို၊ သွေးချို ရောဂါပါ ရှိလာပါက လေဖြတ်နှုန်း ပိုများလာနိုင်ခြင်း၊ ဆီးချို၊ သွေးချိုရောဂါကြောင့် ဖြစ်လာနိုင်သောရောဂါများတွင် အနာများ ပေါက်ပွားလာနိုင်ခြင်း၊ ထိုအနာများသည်လည်း ပျောက်ခဲခြင်း၊ ထို့အပြင် နောက်ဆက်တွဲ ရောဂါများစွာလည်း ဖြစ်လာနိုင်သည့်အပြင် အနေဆင်းရဲ အစားဆင်းရဲခြင်းများပါ ခံစားရတတ်ကြောင်းနှင့် ဆီးချို၊ သွေးချိုရောဂါ အနုအရင့်ပေါ် မူတည်၍ ဆေးဝါးကုသမှု ကုန်ကျစရိတ်သည်လည်း မခန့်မှန်းနိုင်လောက်အောင် ရှိလာနိုင်ကြောင်း သိရပါသည်။

ဆီးချို၊ သွေးချိုရောဂါရှိလာ၍ ခေတ်မီဆေးဝါးများဖြင့် ကျွမ်းကျင်သော ဆရာဝန်များနှင့် ကုသမှုခံယူနေကြရသော လူနာအချို့နှင့် တွေ့ဖူး၊ ဆုံဖူး



စကားပြောဆို ဖလှယ်ခဲ့ဖူးပါသည်။ ငွေကြေးတတ်နိုင်သူများအဖို့ မထောင်းတာသော်လည်း ငွေကြေးချို့တဲ့ ခက်ခဲသူများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေတာမျိုးလည်း တွေ့ရပါသည်။ ထို့ပြင် ဆီးချို၊ သွေးချိုရောဂါကို အချို့သောသူများက 'သူဌေးနာ'ဟု သတ်မှတ်ပြောဆိုနေကြတာလည်း တွေ့ရပါသည်။

ဒါပေမယ့် ပျားမြီးရှက်ကို စနစ်တကျစားသုံးမှီဝဲခြင်းဖြင့် ဆီးချို၊ သွေးချို ရောဂါကို သက်သာပျောက်ကင်းအောင် ထိန်းသိမ်းထားနိုင်ကြောင်း အပင်ကိုလည်းပေး၊ အပင်သမိုင်းကိုလည်း ဖော်ပြထားသည့်ဆေးညွှန်းကိုပါ ပေးသူ ဆရာဦးသန်းထွန်း ကိုယ်တိုင် စားသုံးမှီဝဲခြင်းကြောင့် သက်သာမှုရနေပုံကို ပြောပြ၍ ကြားသိခဲ့ရသည့်နောက်ပိုင်း အရွက်စားရုံ ဖြင့် ဆီးချို၊ သွေးချို ရောဂါအတွက် အစွမ်းထက်၍ ထိရောက်မှုရှိပြီး အလွန် လွယ်ကူသော ကုထုံးတစ်ခုပါလားဟု သိလာသောအသိကြောင့် ကျွန်တော်သည် ဆီးချို၊ သွေးချိုရောဂါရှိနေသော လိုအပ်သူများအတွက် ပျားမြီးရှက်အပင်ငယ်များကို ပို၍မျိုးပွားနေရုံမက ပျားမြီးရှက်ဆေးပင်ဖြင့် ဆီးချို၊ သွေးချိုရောဂါ ခံစားနေရသူများအား ကူညီကုသိုလ်ဒါနပြုနိုင်တော့မည်ဟု ဝမ်းသာကြည်နူးနေခဲ့မိတာလည်း အမှန်ပါ။

ကျွန်တော်သည် ပျားမြီးရှက်တစ်ပင်မှ ဆက်၍ဆက်၍ မျိုးပွားရယူ နေရာ အပင်ငယ်ပေါင်း ရာဂဏန်းထိရှိလာပါသည်။ မိခင်အပင်ကိုလည်း ပျိုးအိုးအကြီး တစ်လုံးဖြင့် ပြောင်းစိုက်လိုက်သည့်အခါ အဲဒီအပင်က ကိုင်းပွားပေါင်းများစွာ ထွက်လာရုံမက ဆေးစွမ်းထက်သော ပျားမြီးရှက်များစွာနှင့် စိမ်းစိုလန်းဆန်းလို့ နေပါပြီ။ ပျားမြီးရှက်ကို စားသုံးမှီဝဲ၍ ဆီးချို၊ သွေးချိုရောဂါ ဝေဒနာရှင်များကိုယ်တိုင် ကိုယ်တွေ့ခံစားရရှိမှု အခြေအနေများကို ကြားသိလိုသောကြောင့် စောင့်မျှော်နေရင်း ပျားမြီးရှက်အပင်များကို လက်လှမ်းမီသမျှ ဆေးညွှန်းစာရွက်နှင့်အတူ ကုသိုလ်ဒါနပြုနေခဲ့ရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ပျဉ်းမနားမြို့များမှ တောင်းခံလာသူများသို့ တစ်စ

www.burmeseclassic.com



တစ်စ ဖြန့်ဝေနေရာ အပင်ပေါင်းများစွာ ရှိလာပါသည်။ အချို့ဆိုလျှင် နေရပ်သို့ ပြန်ခါနီး ညမိုးချုပ်မှပင် လာရောက် တောင်းခံယူသွားတာမျိုးလည်း တွေ့ရှိရပါသည်။ ဒါပေမယ့် ဆေးပင်ယူသွားသူများမှ ပြန်လည် ပြောကြားလာသော သတင်းများကိုတော့ ထိရောက်စွာ မကြားသိရသေးတာ အမှန်ပါ။ သို့သော်လည်း ကျွန်တော်ကတော့ ပျားမြီးရွက်အပင်များကို ဆက်၍ မျိုးပွားလျက် ရရှိထားသောအပင်များကိုလည်း ပြုစုစောင့်ရှောက်လျှက်ပါပဲ။

အဲဒီလိုနှင့် ၂၀၀၇ ခုနှစ် နှစ်စပိုင်း လောက်ကစပြီး ပျားမြီးရွက် စားသုံးသူများထံမှ 'ဘယ်သူဘယ်ဝါတော့ ပျားမြီးရွက် စားသုံးလို့ သက်သာနေပြီ' ဆိုသည့် သတင်းများ ခပ်စိပ်စိပ် ကြားသိလာရပါတော့သည်။ ဆရာဦးသန်းထွန်းနှင့် မိတ်ဆွေအချို့ ကျွန်တော်၏ ခြံသို့ မမျှော်လင့်ဘဲ ရောက်လာကြပြန်ပါသည်။ ကျွန်တော်က ဆရာ့ကို တွေ့တွေ့ချင်းပဲ သူပေးခဲ့သော ပျားမြီးရွက်အပင်ကိုပြ၍

'ဆရာပေးခဲ့တဲ့ ဒီပျားမြီးအပင် မျိုးပွားပြီး ကုသိုလ်ဒါနပြုနေတာ ရာဂဏန်းကျော်နေပြီ။ အဲဒါကြောင့် ဆရာလည်း ကုသိုလ်တွေ အများကြီး ရနေပါပြီ'ဟု ရှင်းပြ အသိပေးမိပါသည်။

ဒါကိုကြားတော့ ဆရာဦးသန်းထွန်းက ဒီလိုဆို ပျဉ်းမနား ရုံးမှာ တစ်အိုးထားခဲ့သေးတယ် ပို့ပေးလိုက်ဦးမည်ဟု ဆိုပါသည်။ အပြန်တွင် ဆရာက ယခုနေပြည်တော်ကို လေးလပတ် အစည်းအဝေးလာတာဖြစ်ကြောင်း၊ မနက်ဖြန် ပြန်တော့မည်။ ဧရာဝတီတိုင်း မြန်မာ့ဆက်သွယ်ရေး ဌာနမှာ မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း အသိပေး ပြောကြားသွားပါသည်။ နောက်နေ့တွင် ပျဉ်းမနားဆက်သွယ်ရေးရုံးမှ ဦးသိန်းဦး အဲဒီ ပျားမြီးရွက်ကို ကားဖြင့် ခြံထဲအရောက် လာပို့သွားပါသည်။

ပျားမြီးရွက်အိုးကြီး နှစ်အိုးမှ ပျားမြီးရွက်အပင်ငယ်များစွာ မျိုးပွားရယူနိုင်သောကြောင့် ဆေးပင်လိုအပ်သူများအား လိုချင်သလောက် မျှဝေ ကုသိုလ်ဒါန ပြုနိုင်ခဲ့ပါသည်။ ထို့အတူ ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များ



ကိုယ်တိုင် ကျွန်တော်၏ခြံသို့ ရောက်ရှိလာကြပါသည်။ အရွယ်အားဖြင့် အသက် ၇၀ ကျော် ၈၀ အထိတောင်ပါတာ တွေ့ရပါသည်။ သူတို့ ကိုယ်တိုင် လာတာကတော့ ကျွန်တော် ကုသိုလ်ဒါနပြုပေးခဲ့သော ပျားမြီးရွက်များကို စားသုံး၍ သက်သာအကျိုးရှိသူများကို မြင်တွေ့ခဲ့ရုံမက သူတို့ ပြောပြသော သတင်းစကားကြောင့် ဖြစ်ပါသည်။

အသက် ၈၀ ရှိ တရုတ် အမျိုးသမီးကြီး ပျားမြီးရွက်နှင့် ပျိုးပင်များရယူသွားပြီးနောက် ၅ ရက်အကြာ အသက် ၇၉ နှစ်ရှိ နောက်ထပ် တရုတ် အမျိုးသမီးကြီးတစ်ဦး ရောက်လာပြန်ပါသည်။ ခြံထဲသို့ ရောက်ရောက်ချင်းပဲ ဆီးချို သွေးချိုပျောက်ဆေးပင် ဝယ်ချင်လို့ပါ။ ဘယ်လောက်ပေးရမလဲဟု ဆိုလာပါသည်။ ကျွန်တော်ကလည်း ဒီဆေးပင်တွေကို မရောင်းပါဘူး၊ ကုသိုလ်ဒါနပြု လှူဒါန်းနေတာပါလို့ ရှင်းပြပြီး ဆေးညွှန်း စာရွက်နှင့် ဆေးရွက်များ၊ ပျိုးပင်များကို ပေးလိုက်ပါသည်။ ထို့နောက် ကျွန်တော်က ခင်ဗျားတို့ စားသုံးကြည့်လို့ အကျိုးထူးတယ်ဆိုလျှင် ဆန္ဒရှိလျှင် ဒီအပင်တွေကို စိုက်ထားပါ။ ပြီးတော့ ကျွန်တော့်လိုပဲ မျိုးပွားပြီး အခြား လိုအပ်သူများကို မျှဝေကြပါလို့ မေတ္တာရပ်ခံကြောင်း မှာကြားခဲ့ပါသည်။

အထက်ပါ အမျိုးသမီးကြီး နှစ်ဦးလုံး အိမ်နီးချင်းတွေ ဖြစ်ကြသလို အောင်မြင်နေသောလုပ်ငန်းပိုင်ရှင်တွေ၊ မြို့နယ်အဆင့် ချမ်းသာသူများ စာရင်းဝင်တွေပါ။ ပြီးတော့ တရုတ်တန်းမှာ နာမည်ကြီးသူတွေပါ။ နောက်ခုနစ်ရက်ခန့်အကြာတွင် ၇၉ နှစ်ရှိ အမျိုးသမီးက ဆိုက်ကားဆရာတစ်ဦးကို စေလွှတ်၍ ပျားမြီးရွက်အပင်ကို သုံးပင် ထပ်မံ တောင်းခံလာသောကြောင့် ကျွန်တော်မှ ထပ်၍ ပေးလိုက်ရပြန်ပါသည်။ ဆေးပင်အကြောင်း မျက်မြင်ကိုယ်တွေ့ သိရှိသွားသော ထိုဆိုက်ကားဆရာကလည်း သူ့အမျိုးထဲမှာ ရောဂါသည်ရှိ၍ အပင်တောင်းခံသဖြင့် သူ့ကိုလည်း ပျိုးပင်ပေးလိုက်ပါသည်။ အဲဒီ ဆိုက်ကားဆရာကိုလည်း မှာလိုက်ပါသေးသည်။ ရောဂါသည် တွေ့ရင် ညွှန်လိုက်ပါလို့။ လူမျိုး၊ ဘာသာမရွေး၊ အယုတ် အလတ် မရွေး ဆေးပင်များကို မျှဝေပေးနေကြောင်းကို အသိပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အမျိုးသမီးတွေနေတာက နေပြည်တော်၊ ပျဉ်းမနား ဈေးကြီးဘေး အရောင်းအဝယ်သမားများ ကျင်လည်ရာနေရာ ဆိုတော့ သူတို့အခြေအနေ သတင်းက လူတွေကြားက တစ်ဆင့် ပြန့်သွားခဲ့တာကြောင့် ကျွန်တော်တို့ ရပ်ကွက်ထဲက အောင်မြင်နေသော ကုန်စုံဆိုင်များပိုင်ရှင် ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြန်ပါသည်။ အဲဒီပုဂ္ဂိုလ်က အထက်ပါ အသက် ၈၀ ရှိ အမျိုးသမီးကြီး ပျားမြီးရွက်စားပြီးနောက် ဆီးချို သွေးချို အမှတ် ၂၀ လောက်ထိ ကျသွားကြောင်း၊ နေထိုင်လို့ ကောင်းရုံမက ငယ်ငယ်ကလိုပဲ အလွန်ကြိုက်သော ဝက်သားကိုတောင် စားချင်စိတ်ပေါက်လာကြောင်း ပြုံးရွှင်စွာ ပြောပြချက်ကို ကြားသိရလို့ လာခဲ့ရပါသည်ဟု ဆိုပါသည်။ ပြီးတော့ အဲဒီပုဂ္ဂိုလ်မှ ထိုအမျိုးသမီးကြီး အခြေအနေကို သိကြသော ဆီးချို သွေးချို ရောဂါရှိနေသူ လုပ်ငန်းရှင်များ၊ ရွှေသည် သူဌေးများကလည်း ဘယ်လောက်ပေးရပေးရ ဝယ်ခဲ့ပါဟု မှာလိုက်ကြောင်း ပြောပြပါသည်။ ကျွန်တော်ကလည်း ပိုက်ဆံနှင့် မရောင်းပါဘူး။ ကုသိုလ်ဒါန ပြုနေတာပါ။ အပင်နှင့်အရွက် လိုသလောက်ယူသွားပါဟုဆိုကာ ပျားမြီးရွက် အပင် ၁၀ ပင်ကျော်နှင့် အရွက်များ ခူးယူထည့်ပေးလိုက်ပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် မနေ့ကလာသော ကုန်စုံဆိုင် ပိုင်ရှင် ကိုယ်တိုင်ကားမောင်း၍ ကျွန်တော်၏ ပျိုးဥယျာဉ်သို့ ရောက်လာ ပြန်ပါသည်။

'ဆရာရေ၊ အလွန်ထက်မြက်တဲ့ ဆေးရွက်ပဲဗျ။ နှစ်ရွက်စားပြီး ကျွန်တော်လည်း အတော့်ကို နေလို့ထိုင်လို့ ကောင်းလာတယ်၊ လန်းဆန်းနေတာပဲ၊ အဲဒါကြောင့် ကျွန်တော့်အတွက်လည်း ထပ်ပေးပါဦး၊ မနေ့က ယူသွားသည့် အပင်တွေ ဝိုင်းယူကြလို့ ကုန်သွားပြီ၊ နောက်ထပ် လိုချင်သူတွေ ရှိနေသေးလို့ ဖြစ်နိုင်လျှင် ထပ်ပေးပါ'ဟု ဆိုသောကြောင့် ပျားမြီးရွက်အပင် ၁၅ ပင်ခန့် ထပ်ပေးလိုက်ရပြန်ပါသည်။

ဆောင်းပါးအတွက် ပျားမြီးရွက် ဓာတ်ပုံများ ကူးခိုင်းထားသော ဓာတ်ပုံဆိုင်အရောက်တွင် ယခင်နှစ်က သူ့ကို ကျွန်တော် ပေးထားခဲ့သော ပျားမြီး



ရွက် အပင်ကို စိုက်ထားကြောင်း၊ အင်္ဂလိပ်ဆေးများအပြင် ပျားမြီးရွက်ကိုလည်း တစ်ခါစား နှစ်ရွက်လောက်စားနေကြောင်း ယခု ပြန်ဝလာပြီဖြစ်ကြောင်း၊ နေလို့ထိုင်လို့လည်း အလွန်ကောင်းနေကြောင်း ပြောပြ၍ သိခဲ့ရပါသည်။ ပြီးတော့ သူက ပျားမြီးရွက်အပင်များ မျိုးပွားပြီး ရောဂါရှိသူတွေကိုလည်း မျှဝေနေကြောင်း အသိပေးသဖြင့် ကျွန်တော်က ဝမ်းသာကြောင်း ပြန်ပြောပြခဲ့ပါသည်။

နောက်နှစ်ရက်ခန့်အကြာတွင် နေပြည်တော် ပျဉ်းမနားမြို့၊ ကန်ဦး မဓမ္မရိပ်သာမှ ဦးပဥ္စင်းများ ကျောင်းဝိုင်းအတွင်း အလှဆင်ရန်အတွက် ကျောက်ခက် ပျိုးပင်များ လာရောက်ဝယ်ကြပါသည်။ နှစ်စဉ် ကြွရောက်ဝယ်ယူလေ့ရှိပါသည်။ ဆရာတော်တို့လိုချင်သော ကျောက်ခက် ပျိုးပင်များကို ထက်ဝက်ဈေးဖြင့် ရောင်းချခဲ့ပါသည်။ ဒါကလည်း ကျွန်တော် ခံယူ ကျင့်သုံးနေသည့် အမူအကျင့်တစ်ခုပါ။ ကျောင်းသခ်မ်း၊ ဘာသာရေး အဆောက်အဦများအတွက် ဖြစ်ပါက ဒီမူအတိုင်း ကျင့်သုံးခဲ့တာ ပျိုးဥယျာဉ်သမားဘဝအစကတည်းကပါ။ ထိုဆရာတော်တို့လည်း ပျားမြီးရွက်အပင်များကို တွေ့မြင်သွားရာမှ ကျွန်တော် ကုသိုလ်ဒါန ပြုနေတာကို သိသွားပြန်ရာ တရားစခန်း ရိပ်သာမှာလည်း ယောဂီများအတွက် ရှိသင့်သည်ဟု မိန့်ကြားသဖြင့် လှူဒါန်းလိုက်သော ပျားမြီးရွက် ပျိုးပင်များကို လက်ခံယူသွားကြပါသည်။

၃၊ ၁၀၊ ၂၀၀၇ ရက်နေ့ နံနက်ပိုင်း ကျွန်တော် ဈေးက ပြန်အလာတွင် ခြံထဲ၌ ကြိုတင်ရောက်ရှိနေသော လုပ်ဖော်ကိုင်ဖက် ပညာရေးဝန်ထမ်း (ငြိမ်း) ငယ်ပေါင်း သူငယ်ချင်းနှင့် ဇနီးတို့ကို တွေ့လိုက်ရပါသည်။ ဆိုက်ကားဂိတ်တစ်ခုက ဆိုက်ကားသမားတစ်ယောက်ပြောပြ၍ ပျားမြီးရွက်အကြောင်း သိရလို့ လာခဲ့ကြောင်း၊ ဆရာမမှာ ဒီရောဂါရှိနေကြောင်း၊ ဆရာမက ဆီးချို သွေးချိုဖြစ်လာတော့ အစားအသောက် အနေအထိုင် အတော့်ကို သတိထား ဆင်ခြင်နေရကြောင်း၊ အသက်ရလာတော့ ခက်ခဲပင်ပန်းလှကြောင်း၊ ယခင်နှစ်က ဆိုလျှင် အတော့်ကို ပိန်သွားခဲ့ကြောင်း ပြောပြပါသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီပျားမြီးရွက် စားသုံးနေကြသည့် သူတို့သိသော သူဌေးများအမည်ကို ပြောပြ၍ သူတို့တစ်တွေ အတော့်ကို အဆင်ပြေနေကြောင်း အသိပေး အားပေးခဲ့ပါသည်။ သူငယ်ချင်းကိုလည်း သူတို့ကို ပေးလိုက်သော ပျားမြီးရွက်အပင်ကို စိုက်ထားပြီး ဆန္ဒရှိလျှင် ကျွန်တော့်လို အပင်တွေ မျိုးပွား၊ လိုအပ်နေသူတွေကို ကုသိုလ်ဒါနပြုပါလို့ မှာလိုက်ပါသည်။ ထို့အပြင် ၂၀၀၇ ခုနှစ် ဩဂုတ်လထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ ကျွန်တော် ရေးသားခဲ့သော ကျောက်ကပ်ပင်နှင့် ဆေးအစွမ်းဆောင်းပါးကို ပြသ၍

'သူငယ်ချင်း၊ ကိုယ် ဒီလိုဆောင်းပါးတွေလည်း ကုသိုလ်ရအောင် ရေးနေတယ်၊ ဒီလို ဆေးပင်အချို့ကိုလည်း လက်လှမ်းမီသလောက် ရှာဖွေစုဆောင်း စိုက်ပျိုးမျိုးပွား ဒါနပြုနေကြောင်း' အသိပေး ပြောပြခဲ့ပါသည်။

၄၊ ၁၀၊ ၂၀၀၇ ရက်နေ့ ညနေပိုင်းတွင် ဆီးချို၊ သွေးချိုရောဂါနှင့် လေဖြတ်နေသော သူမ၏ ယောက္ခမကြီးအတွက် ပျားမြီးရွက်အပင် လာတောင်းသော မိန်းကလေးတစ်ယောက်ကိုလည်း တွေ့ရပါသည်။ ဆေးရွက်၊ ဆေးပင်တို့ကို ပေးလိုက်သလို လူနာအတွက်လည်း ပျားမြီးရွက်နှင့် အဆင်ပြေပါစေလို့ ဆန္ဒပြု ဆုတောင်းမိတာ အမှန်ပါ။

ဆက်လက်၍ ပျားမြီးရွက်အပင်နှင့်ပတ်သက်၍ ကျွန်တော် လေ့လာသိရှိထားသမျှနှင့် ပျားမြီးရွက်အပင်ကို ပြုစုစောင့်ရှောက်၍ မျိုးပွားနည်းများကို ကိုယ်တိုင်လုပ်ဆောင်နေမှုများ အပြင် ဆရာဦးသန်းထွန်း ပေးခဲ့သော ပျားမြီးရွက်စားသုံးနည်း အညွှန်းတို့ကို ဆက်လက် ဖော်ပြလိုပါသည်။

## ပျားမြီးရွက်အပင်

ပျားမြီးရွက်အပင်သည် အပင်ပျော့ နွယ်ပင်ဆန်ပါသည်။ အရွက်များသည် ပျားကိုယ်နောက်ပိုင်းနှင့်တူပြီး ဘေးတစ်ဖက်တစ်ချက်တွင် အထစ်များ ပါရှိနေပါသည်။ ပျားကိုယ်ထည်နောက်ပိုင်းနှင့် ဆင်တူသောကြောင့် ဆေးပင်အမည်ကို ပျားမြီးရွက်အပင် (Bee's tail plant) ဟုခေါ်ကြောင်း



လေ့လာ သိရှိရပါသည်။ ပင်စည်အစိမ်းရောင်နှင့် နီညိုရောင် နှစ်မျိုးရှိပါသည်။ ပျားမြီးရွက်အပင်၏မူရင်းဒေသသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပြီး ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံများသို့ ပျံ့နှံ့ ရောက်ရှိခဲ့တာဟု လေ့လာသိရှိရပါသည်။

ပျားမြီးရွက်အပင်များ၏ သာမန် အရွက်များသည် အလျား ၄ လက်မနှင့် အနံ ၂ လက်မခန့် ရှိပါသည်။ အာဟာရဓာတ် ကောင်းစွာရလျှင် အလျား ၅ လက်မခန့်နှင့် အနံ ၂ လက်မခွဲခန့်အထိ ရှိတတ်ပါသည်။ ပျားမြီးရွက်အပင်၏ ကိုင်းအခက်အလက်ကိုဖြတ်၍ မြေမြှုပ် စိုက်ပျိုးရုံဖြင့် ရှင်သန်လွယ်ပြီး မျိုးပွားရရှိနိုင်ပါသည်။

## ပျားမြီးရွက်အပင် မျိုးပွားစိုက်ပျိုးပုံ

ပျားမြီးရွက်အညွှန့်ကိုင်း တစ်ထွာခန့်ကို ဖြတ်တောက် သို့မဟုတ် ချိုးယူ၍ မြေမြှုပ်စိုက်ပျိုးရုံဖြင့် တစ်ပတ်၊ ဆယ်ရက်အတွင်း ရှင်သန်မှု ရနိုင်ပါသည်။ ကျွန်တော်ကတော့ ပလတ်စတစ် မြေအိတ် ၄"×၅" အရွယ်များတွင် ပျားမြီးရွက် ကိုင်းများကို ဖြတ်တောက်၍ မြေမြှုပ် စိုက်ပျိုးပါသည်။ တစ်ကြိမ်မှာ မြေထုပ် ၄၀-၅၀ ခန့်အထိ မျိုးပွား စိုက်ပျိုးလေ့ ရှိပါသည်။ ထိုမြေထုပ်များကို အရိပ်ရသောနေရာတွင်ထား၍ အစိုဓာတ် ကောင်းစွာရအောင် ရေလောင်းပေးခြင်းဖြင့် ၁၀ ရက်ခန့်တွင် ပျိုးပင်များ ရှင်သန်လာပါသည်။ ၎င်းတို့ကို သာမန်ပြုစုရုံဖြင့် အပင်ဖြစ်အားကောင်းပြီး အောင်မြင်မှုရတတ်ပါသည်။ ပျားမြီးရွက် မျိုးပွားအပင်များ ရှင်သန်လာသည်နှင့်အလိုရှိသူများကို မျှဝေပေးနေပါသည်။

## ပျားမြီးရွက်အပင်များကို ပြုစုစောင့်ရှောက်ပုံ

ပျားမြီးရွက်အပင်များသည် ယေဘုယျအားဖြင့် ရောဂါ အဖျက်ပိုးမွှားအန္တရာယ်မှ တားဆီးကာကွယ်နိုင်သည်ကို တွေ့ရပါသည်။ ကျွန်တော်ကတော့ ပျားမြီးရွက်အပင်များကို အီးအမ် (EM) ဖျော်ရည်များဖျန်းပေး၊

www.burmeseclassic.com

www.burmeseclassic.com



လောင်းပေးခြင်းဖြင့် ပြုစုလျက်ရှိပါသည်။ အီးအမ်ဆိုတာ အကျိုးပြုသက်ရှိများပါသော ပျော်ရည်တစ်မျိုးပါ။ ၎င်းကို သုံးစွဲခြင်းဖြင့် ပိုးသတ်ဆေး (အဆိပ်) လွတ် စိုက်ပျိုးထုတ်လုပ်နိုင်သလို ထိရောက်စွာ အသုံးပြုပါက ရောဂါ အဖျက်ပိုးမွှားများကိုလည်း ကာကွယ်နှိမ်နင်းနိုင်ပါသည်။ ပျားမြီး ရွက်အပင်များသည် အစိုဓာတ်မပြတ်ရရှိပါက အမြဲတမ်း စိမ်းစိုလန်းဆန်း နေတတ်ပါသည်။ အာဟာရဓာတ် ကောင်းစွာရသော အပင်များသည် အပင်ဖြစ်အား ကောင်း၍ ပိုမို ကြီးထွား၊ စိမ်းစိုနေလေ့ ရှိပါသည်။ ကျွန်တော်သည် ပျားမြီးရွက်အပင်များအား ကွန်ပေါင်းဓာတ်မြေသြဇာ (N:P:K - 15:15:15) ကို ရေဖြင့်ဖျော်၍ တစ်လနှစ်ကြိမ်ခန့် အနည်းငယ်စီ လောင်းပေးပါသည်။ အပင်စိုက်ပျိုးရာတွင် တိရစ္ဆာန်မြေဆွေး၊ စပါးခွံ၊ ဖွဲပြာနှင့် သဲတို့ကို ဆတူရော၍ သုံးစွဲပါသည်။ ပျားမြီးရွက်အပင်များ အလင်းရောင် ကောင်းစွာရပြီး လေဝင်လေထွက်ကောင်းသောနေရာမျိုးမှာထား၍ ပြုစုစောင့်ရှောက် နိုင်ပါက ပိုမိုဖြစ်ထွန်းတတ်ပါသည်။ ပျားမြီးရွက် အပင်ကိုင်းများဖြတ်လေ အောက်ခံပင်၌ ကျန်ခဲ့သော ကိုင်းများတွင် အညွန့် သစ်တွေ ဝေနေအောင် ထွက်လာလေပါပဲ။

ကျွန်တော်သည် ပျားမြီးရွက်တစ်ပင်တည်းမှ မျိုးပွားရရှိသော ပျားမြီးရွက်အပင်ငယ်ပေါင်းများစွာကို ဆီးချို သွေးချို ရောဂါရှင်များအတွက် လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး လက်လှမ်းမီသမျှ မျှဝေကုသိုလ် ဒါနပြုနေတာပါ။ ကျွန်တော် လုပ်ဆောင်နေသကဲ့သို့ လုပ်ဆောင်လိုသော ဆန္ဒရှိသူများအတွက် ကျွန်တော်ကိုယ်တိုင် လက်တွေ့မျိုးပွားနည်းကို စေတနာဖြင့် ရေးသားဖော်ပြလိုက်ပါသည်။ ယခုအခါ ကျွန်တော်၏ ခြံထဲတွင် မိခင်ပျားမြီးရွက် အပင်အိုးကြီးနှစ်အိုးမှ တစ်ကြိမ်လျှင် ပျားမြီးရွက် အပင်ငယ်ပေါင်း ရာနှင့်ချီ၍ ပွားယူ ရရှိနေပါပြီ။ ပျားမြီးရွက်အပင်နှင့် အရွက်များကို တောင်းခံလာသူတိုင်းအား ဆရာဦးသန်းထွန်းပေးခဲ့သော ဆီးချို သွေးချို ရောဂါဝေဒနာရှင်များအတွက် ပျားမြီးရွက်စားသုံးနည်းအညွှန်းကို အောက်ပါအတိုင်း မိတ္တူများပွား၍ တစ်ပါတည်းပေးနေပါသည်။



## ဆီးချို၊ သွေးချို ရောဂါဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်

ဦးစွာ ဆီးချို၊ သွေးချိုကို တိုင်းတာရပါမည်။ ပုံမှန်ထက် အနည်းငယ်တက်နေပါက တစ်နေ့လျှင် ပျားမြီးရွက်တစ်ရွက် ရေသန့်သန့်နှင့်ဆေး၍ ဝါးစားရပါမည်။ စားပြီး နောက်တစ်နေ့တွင် ဆီးချို၊ သွေးချို ပြန်စစ်ဆေးကြည့်ပါ။ ပုံမှန်ဖြစ်သွားပါက ဆက်လက်စားရန် မလိုတော့ပါ။

ဆီးချို၊ သွေးချိုသည် ၂၀၀ နှင့် ၃၆၀ ကြားရှိပါက ပျားမြီးရွက် ၃ ရွက်ကို ရေသန့်သန့်နှင့်ဆေး၍ ဝါးစားရန် ဖြစ်ပါသည်။ နောက်တစ်နေ့တွင် ခါတိုင်းကဲ့သို့ ဆီးချို၊ သွေးချိုကို ပြန်တိုင်းကြည့်ပါ။ ပုံမှန်ဖြစ်ပါက ဆက်မစားဘဲ နေနိုင်သည်။

အကယ်၍ ဆီးချို၊ သွေးချိုသည် ၄၆၀ ကျော်ရှိပါက ပျားမြီးရွက် ၆ ရွက် မှ ၉ ရွက်အထိ ရေသန့်သန့်နှင့်ဆေး၍ ဝါးစားရန် ဖြစ်ပါသည်။ နောက်တစ်နေ့တွင် ခါတိုင်းကဲ့သို့ ဆီးချို၊ သွေးချိုကို ပြန်တိုင်းကြည့်ပါ။ ပုံမှန်ဖြစ်ပါက ဆက်မစားဘဲနေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဆီးချို၊ သွေးချိုသည် ပျားမြီးရွက်အစားများ၍ တအား ကျဆင်းသွားပါက လက်ဖက်ရည်အချို စသည့် စားစရာ၊ ဖျော်ရည်တို့အား သုံးဆောင်နိုင်ပါသည်။ မူလအခြေအနေ (Normal) သို့ရောက်သွားသော အခါ အချိုဖျော်ရည် အစာတို့ကို ခေတ္တရပ်ထားလိုက်ပါ။

ဆီးချို၊ သွေးချိုကြောင့် ခွဲစိတ်ရန်လိုအပ်သူများသည် အထက်ပါ ပျားမြီးရွက်စားသုံး၍ အဆင်ပြေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ မူလ ပျားမြီးရွက်အပင်အား မလေးရှားနိုင်ငံမှ ၂၀၀၁-၂၀၀၂ ခုနှစ်ကရရှိခဲ့ပြီး ထပ်ဆင့် မျိုးပွားယူခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံ ရန်ကုန်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ပဲခူး၊ မြိတ်၊ ကော့သောင်း၊ ကျိုင်းတုံ၊ နမ့်ခမ်း၊ တောင်ကြီး၊ ဝန်းသို၊ ဂန့်ဂေါ၊ မန္တလေး၊ နေပြည်တော် ပျဉ်းမနား၊ လက်ပံတန်း၊ ဖားကန့်ဒေသ များရှိ ဆီးချို၊ သွေးချိုရောဂါဝေဒနာရှိသူများ တိုင်းရင်းဆေးပင် စိတ်ဝင်စား သူများလက်သို့ ရောက်ရှိကာ မျိုးများ ပျံ့နေပြီဖြစ်ကြောင်း သိရ ပါသည်။ ထို့အတူ ဆီးချို၊ သွေးချိုရှိသူ ရောဂါဝေဒနာရှင် စားသုံးသူတိုင်း အတွက်လည်း အကျိုးထိရောက်မှုရှိနေကြောင်း သိရပါသည်။

ဆီးချို၊ သွေးချို ရောဂါဝေဒနာရှင်များအတွက် ပျားမြီးရွက် ဆေး အစွမ်းကို သိရှိစေရန်နှင့် ပျားမြီးရွက်အပင် ရရှိလိုသူများအတွက် မေတ္တာ စေတနာဖြင့် သူရဇ္ဇမဂ္ဂဇင်းမှတစ်ဆင့် ရေးသားဖော်ပြအသိပေးလိုက်ရ ပါကြောင်း။

[ သူရဇ္ဇမဂ္ဂဇင်း ။ ။ ဇန်နဝါရီ၊ ၂၀၀၈ ]



## ဆီးချို သွေးချို ရောဂါဝေဒနာအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၁

ဆီးချို၊ သွေးချိုရောဂါဝေဒနာအတွက် ပျားမြီးရွက် အပင်နှင့်ပတ်သက်၍ စာရေးသူ၏ ဆောင်းပါးတစ်ပုဒ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလထုတ် သူရဇ္ဇ မဂ္ဂဇင်း အတွဲ ၈၊ အမှတ် ၁၊ စာမျက်နှာ ၁၆၆ တွင် ပါရှိခဲ့ပါသည်။ ထို ဆောင်းပါးကို မဂ္ဂဇင်း တာဝန်ရှိသူများမှ တိုတောင်းသည့် အချိန်အတွင်း အလေးထား ထည့်သွင်းဖော်ပြခဲ့တာကိုလည်း ဝမ်းမြောက် ကျေးဇူးတင် ပါကြောင်း ဦးစွာဖော်ပြပါရစေ။

ထိုဆောင်းပါးမှာ ဖော်ပြခဲ့သလို ပျားမြီးရွက် အပင်ငယ်တစ်ပင် လက်ဝယ်ရရှိခဲ့ပြီးနောက် စာရေးသူ၏ ဝါသနာ၊ စေတနာ၊ မေတ္တာ မျှဝေ ပေးလိုသည့် ဗီဇအရင်းခံကြောင့် ထိုအပင်ငယ်ကို ဂရုစိုက် စိုက်ပျိုးပြုစု မျိုးပွားခဲ့ပါ၏။ ရရှိလာသော ပျိုးပင်ငယ်များ ဆေးရွက်များကို အညွန့်တာ ရွက်နှင့်အတူ စိတ်ဝင်စား၍ ဆန္ဒရှိသော တောင်းခံလာသူ ရောဂါဝေဒနာ ရှင်များကို လက်လှမ်းမီသမျှ အခမဲ့ ကုသိုလ်ဒါနပြုနေခဲ့ကာပါ။

www.burmeseclassic.com



နှစ်နှင့်ချီကြာလာသည်နှင့် ပျားမြီးရွက်များကို စားသုံး မှီဝဲကြသော ရောဂါဝေဒနာရှင်များ၊ မိဘဆွေမျိုး မိတ်သင်္ဂဟများမှတစ်ဆင့် စားသုံးမှီဝဲသူတိုင်း အလွန် ထူးခြားအကျိုးရှိတာတွေကို တစ်စတစ်စနှင့် များပြားစွာ ပြန်လည်ကြားသိ တွေ့ရှိလာရပါသည်။ ဒါကို အကြောင်းပြု၍ စာရေးသူမှ နောက်ဆက်တွဲ ထပ်မံ၍ ရေးသား အသိပေးသင့်သည်ဟု ယူဆမိသောကြောင့် သူရဇ္ဇမဂ္ဂဇင်းမှာ ပျားမြီးရွက်နှင့်ပတ်သက်ပြီး နောက်တစ်ကြိမ် ရေးသားဖော်ပြလိုက်ပါသည်။

သူရဇ္ဇမဂ္ဂဇင်း ထုတ်ဝေသူ တာဝန်ရှိသူများကလည်း ပထမအကြိမ် ဆောင်းပါးကို အချိန်တိုအတွင်း ရောင်စုံဓာတ်ပုံများ ဝေဝေဆာဆာ ပြည့်စုံစွာဖြင့် ထည့်သွင်း ဖော်ပြပေးခဲ့ပါသည်။ သူရဇ္ဇမဂ္ဂဇင်းကို စာရေးသူတို့ နေပြည်တော် ပျဉ်းမနားမှာ တစ်လကြို၍ နှစ်ပတ်အတွင်း အဆင်ပြေစွာ ဝယ်ယူ ဖတ်ရှုနိုင်ပါသည်။ ထို့ကြောင့် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်မှာ စာရေးသူလည်း ထိုမဂ္ဂဇင်းကို ဝယ်ယူဖတ်ရှုဖြစ်ခဲ့ပါ၏။ ကိုယ်ရေးခဲ့သော ဆောင်းပါးကို မဂ္ဂဇင်းမှာပုံနှိပ်စာလုံးဖြင့် ကိုယ်တိုင် ပြန်ဖတ်ရသည့်အခါ ပီတိဝမ်းသာ ကြည်နူးမှုအရသာအပြည့် ခံစားရပါကြောင်း ဝန်ခံပါရစေ။

ထိုမဂ္ဂဇင်းစာအုပ်ကို စာရေးသူလက်ဝယ်ရရှိပြီး နောက် သုံးရက်မှစတင်၍ စိတ်ဝင်စားပြီး ဆန္ဒရှိသူများ၏ ပျားမြီးရွက်အပင် လာရောက်တောင်းခံမှုနှင့်ပတ်သက်၍ အလွန်များပြားလာရုံမက တိုင်းနှင့်ပြည်နယ်၊ မြို့ရွာ အချို့ကပင် တကူးတက လာရောက်ကြပါသည်။ နေပြည်တော်ပျဉ်းမနားတစ်ဝိုက်ရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းဌာနနှင့် အဖွဲ့အစည်းအချို့မှ ဝေဒနာရှင်များ၊ ဆွေမျိုး၊ မိတ်သင်္ဂဟများ အပါအဝင် လာရောက်တောင်းယူကြရာမှ ထူးခြား၍ စိတ်ဝင်စားဖွယ်ကောင်းသော ပျားမြီးရွက်နှင့် ပတ်သက်ပြီး စာရေးသူ ကြုံတွေ့နေရမှုအချို့ကို နောက်ဆက်တွဲဆောင်းပါးအဖြစ် ရေးသားတင်ပြလိုက်ရပါ၏။

သူရဇ္ဇမဂ္ဂဇင်းပါဆောင်းပါးကို ဖတ်ရသော ရန်ကုန်မြို့ရှိ ထရိတ်ဒါးဟိုတယ်မှ လူငယ်ဝန်ထမ်းတစ်ဦး စာရေးသူခြံသို့ ရောက်လာခါ မိခင်ကြီးအတွက် ပျားမြီးရွက်အပင် တောင်းသွားပါသည်။ ၁၀ နှစ်ကျော်တိုင် ဆီးချိုသွေးချို ရောဂါခံစားနေရသည့် မွေးမိခင်ကြီးအတွက် ခွင့်ယူ၍ အလေးထားတောင်းခံလာသည့် လူငယ်လေး၏ စိတ်စေတနာကို အထူး လေးစားချီးကျူးမိတာ အမှန်ပါ။



စာရေးသူကလည်း

'အဘတို့မြို့မှာတော့ ပျားမြီးရွက်စားသုံးသူ ဆီးချို သွေးချို ရောဂါရှင်အတော်များများ အဆင်ပြေ အကျိုးထူး ခံစားနေရကြောင်း၊ မိဘကျေးဇူးသိတတ်မှု စိတ်ထား အရင်းခံကြောင့် အဆင်ပြေမှာပါ၊ အဆင်ပြေပါစေလို့ ဆုတောင်းကြောင်း' လူငယ် ခြံထဲမှပြန်အထွက်တွင် အားပေးမိပါသည်။

နောက် သုံးရက် အကြာတွင် ရေဆင်း သုတေသနဌာနမှ ဘွဲ့လွန် ပီ. အိတ်ချ်. ဒီ တက်နေသော အမျိုးသမီးဝန်ထမ်းတစ်ဦး ရောက်လို့လာပါ၏။ သူမကလည်း မိခင်ကြီးအတွက် ပျားမြီးရွက်အပင် တောင်းခံဖို့ ခွင့်ယူလာတာပါ။ မဂ္ဂဇင်း ဖတ်မိပြီး တန်းလာတာပါဟု ဆိုပါသည်။ စာရေးသူကလည်း ပျားမြီးရွက်နှင့်ပတ်သက်၍ ရောဂါရှင်အချို့၏ အခြေအနေအကျိုးထူး ခံစားရရှိနေတာတွေကို အသိပေး ပြောပြမိပါ၏။

စာရေးသူပေးလိုက်သော ပျားမြီးရွက်ပျိုးပင်လေးများကို တယုတယယူငင်၍ ကျေးဇူးရှင်မိခင်ကြီးအတွက် မျှော်လင့်ချက်ကြီးစွာဖြင့် ပြန်လည်ထွက်ခွာသွားသည့် ပီတိပြုံးမျက်နှာလေးကို ယခု စာရေးနေချိန်မှာပင်ပြန်မြင်ယောင်နေမိပါ၏။

နောက် ငါးရက်အကြာတွင် နေပြည်တော် ပျဉ်းမနား အထက ၁ ၌ အတူ တာဝန်ထမ်းဆောင်ခဲ့သော ဆရာဦးမြင့်အောင်(ငြိမ်း) ရောက်လာပါသည်။ ဆရာကတော့ ရန်ကုန်မှ သူ့သမက်က ဂမုန်းနက်ဆောင်းပါးဖတ်ပြီး အပင် ရနိုင်လျှင် တောင်းခိုင်းလို့ လာတာပါ။

စာရေးသူ၏ သိဒ္ဓိဝင်ဂမုန်းနက် ဆောင်းပါးမှာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ အထူးထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ ပါရှိခဲ့ပါသည်။ စာရေးသူက ဒီနှစ်အတွက် ပျိုးပင်အနည်းငယ်သာ မျိုးပွားနိုင်၍ မျှဝေမှုကိုလည်း အနည်းအပါးသာ

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ ဂမုန်းတို့သဘာဝအရ ဂမုန်းနက်အပင်များ အပင်ချ (ဥချ)စ အချိန်ဖြစ်၍ နောင်နှစ် မိုးဦးကျအချိန်ကျမှသာ အပင်ငယ်များ မျိုးပွားရနိုင်ကြောင်းရှင်းပြရာ စီပိုးရောဂါရှင်အတွက်ဟုဆို၍ လက်ကျန်အပင်ဥချစပြုနေသော အပင်အိုးတစ်အိုးကို ပေးလိုက်ပါသည်။

စကားလက်ဆုံပြောဖြစ်ရာမှ ပျားမြီးရွက်အပင်များကိုလည်း မျှဝေကုသိုလ်ပြုနေကြောင်း ဆရာသိသွား၍ သူ၏ အပေါင်းအသင်း ဆွေမျိုးတွေထဲမှာလည်း ဆီးချို သွေးချို ရောဂါရှင်များ ရှိနေသည်ဟုဆိုကာ ပျိုးပင်အချို့ပါ ယူဆောင်၍ ပြန်သွားပါသည်။

ဆရာဦးမြင့်အောင် ပျိုးပင်များယူသွားပြီးနောက် သူ၏ သတင်းပါးပြောကြားချက်ကြောင့် စာရေးသူထံ ပျိုးပင်တောင်းခံလာသူ ပိုမိုများပြားလာတာလည်း အမှန်ပါ။ ဆရာ၏ သမီးတစ်ယောက် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေ၍ စာရေးသူ လက်ကမ်း ဝေပေးလိုက်သော ပျားမြီးရွက်သုံးစွဲပုံ အညွှန်းစာရွက်ကို ဖခင်၏ တိုက်တွန်းချက်ဖြင့် မိတ္တူပွားပြီး လက်လှမ်းမီသလောက် မျှဝေပေးခဲ့ကြောင်းလည်း ကြားသိရပါ၏။

ထိုမိတ္တူပွားမျှဝေပေးသော ပျားမြီးရွက်စားသုံးနည်း အညွှန်းစာရွက်ကိုရ၍ ဖတ်ရှုလေ့လာခွင့်ရသောသူများ စာရေးသူ၏ ခြံသို့ ပျိုးပင် လာရောက်တောင်းသူများလည်း ရှိလာပြန်ပါ၏။ အချို့က တိုက်ရိုက် ရောက်လာကြသလို၊ အချို့က တယ်လီဖုန်းဆက် မေးမြန်းပြီးမှ ရောက်လာကြသူများလည်း ပါဝင်ပါသည်။ ကြိုတင် တယ်လီဖုန်းဆက်ပြီးမှ ရောက်လာသော ဌာနကြီးတစ်ခုမှ ဆေးမှူးချုပ် ဆရာဝန်ကြီးတစ်ဦးအကြောင်း ဖော်ပြလိုပါသည်။

တယ်လီဖုန်းဆက်စဉ်က ပျားမြီးရွက်အကြောင်း လေ့လာချင်လို့ပါဟု သိရပါ၏။ စာရေးသူ၏ ခြံသို့ ထိုဆရာဝန်ကြီးနှင့် ဝန်ထမ်းအရာရှိများ ရောက်လာတော့မှ အဲဒီဆရာဝန်ကြီးကိုယ်တိုင် ဆီးချို သွေးချို ရောဂါရှင် ဝေဒနာခံစားနေရတာ ၂၅ နှစ် ရှိနေကြောင်း ပြောပြ၍ သိရပါ၏။ ဆရာဝန်ကြီးက ဆေးရွက် စားသုံးနည်း အညွှန်းဖတ်ရလို့ စိတ်ဝင်စားပြီး လာခဲ့တာဖြစ်ကြောင်း သိရတော့ စာရေးသူ အံ့ဩမိတာအမှန်ပါ။



စာရေးသူကလည်း ပျားမြီးရွက်အပင်နှင့် ဆီးချို သွေးချို ရောဂါရှင် ဝေဒနာရှင်တို့ စားသုံးပြီး အကျိုးရှိကြပုံကို လက်လှမ်းမီသမျှ တွေ့ကြုံသိရှိရသလောက် ပြန်လည်တင်ပြခဲ့ရာ ထိုဆရာဝန်ကြီးက ပျားမြီးရွက်အပင်များ တောင်းခံလာ၍ ရန်ကုန်အိမ်အတွက်နှင့် နေပြည်တော်မှာရှိစဉ်သုံးစွဲရန်အတွက် လိုအပ်သမျှ ပျိုးပင်များ ပေးအပ်လိုက်ပါ၏။ စာရေးသူ၏ ပျားမြီးရွက်အပင်နှင့်ပတ်သက်ပြီး ဆရာကြီး အနေဖြင့် ထူးခြားမှုများ တွေ့ရှိပါက ဖြစ်နိုင်လျှင် ပြန်ကြားပေးပါရန် မေတ္တာရပ်ခံမိပါသည်။

အကျိုးဆက်ကတော့ ထိုဆရာဝန်ကြီး၏ဌာနမှ ညွှန်ချုပ်၊ ရုံးအဖွဲ့မှူးတို့ အတွက်ဟုဆိုကာ ကားများဖြင့် ရောက်လာပြီး ပျားမြီးရွက် ပျိုးပင်များ တောင်းခံသွားကြခြင်း ဖြစ်ပါသည်။

ထို့အတူ နေပြည်တော် ပျဉ်းမနား စာနယ်ဇင်းအဖွဲ့မှ ကလောင်ရှင်ကိုယ်တိုင် ဆီးချို သွေးချို ဝေဒနာအတွက် ပျားမြီးရွက် စားသုံးမှီဝဲ၍ ရရှိသော အကျိုးတရားကို ကြားသိသော လူငယ်ဇနီးမောင်နှံတို့ နှစ်များစွာ ဝေဒနာခံစားနေသည့် အဒေါ်ဆရာဝန်ကြီးထံ ပို့ပေးရန်အတွက် ပျားမြီးရွက်ပျိုးပင်များ လာရောက် တောင်းယူသွားပါသည်။

သူရဇ္ဇမဂ္ဂဇင်းပါ ဆောင်းပါးကို ဖတ်ရပြီးနောက် မကွေးတိုင်းမှ နေပြည်တော်ရှိ ဇနီးသည်ထံရောက်ရှိစဉ် ဆွေမျိုးသားချင်းအတွက်ဟုဆိုကာ မဂ္ဂဇင်းစာအုပ်ကိုပြ၍ ပျိုးပင်များ တောင်းခံသွားပါသည်။ ထိုပုဂ္ဂိုလ်၏ ပြောပြချက်အရ ဆီးချို သွေးချိုရောဂါ နောက်ဆက်တွဲကြောင့် ဖြစ်ပေါ်လာသော ခြေထောက်မှာ အနာဖြစ်ရာက ထိုခြေထောက် ဖြတ်တောက်ခံထားရသူပင် ရှိနေကြောင်းလည်း ကြားသိခဲ့ရပါ၏။

အထူးခြားဆုံးကတော့ မိတ္ထီလာမြို့မှ ပျိုးပင်လာတောင်းသူ လူငယ်တစ်ယောက် အကြောင်းပါ။ မော်တော်ဆိုင်ကယ် ကယ်ရီတစ်စီးဖြင့် ရောက်လာရာက သူ့အဖြစ်ကို ပြောပြပါသည်။ ညက ရန်ကုန်မြို့က ပြန်ရောက်ကြောင်း၊ မျိုးရိုးလိုက် ဆီးချို သွေးချို ဝေဒနာ ခံစားနေရသော ဦးလေးက မဂ္ဂဇင်းဖတ်ပြီးနောက် 'ပျားမြီးရွက်အပင် သွားတောင်းဖို့' မင်းကို စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ အမြန်သွားရန် .စေခိုင်း၍ ချက်ချင်းပဲ နေပြည်တော် ပျဉ်းမနားကို ဆက်လာခဲ့ကြောင်း၊ ဆိုင်ကယ်သမားကို ဆေးပင်အကြောင်းပြောပြတော့ နေပြည်တော် ပရဆေးဥယျာဉ်ကို ခေါ် သွားကြောင်း၊ ဟိုရောက်တော့ မရှိကြောင်းသိရ၍ နောက်ပရဆေးစိုက်ခင်း ပျဉ်းမနားသစ်တပ်ရွာသို့ ပို့ပေးပြန်ကြောင်း၊ အဲဒီရောက်တော့ မရလို့ အကျိုးအကြောင်း ပြောပြတော့မှ မဂ္ဂဇင်းမှာ စာရေးတာဆိုရင် စောင့်ဝါက အဘဖြစ်နိုင်တယ်ဟု ညွှန်လိုက်လို့ ဒီကိုရောက်လာကြောင်း မောပန်းနွမ်းနယ်နေဟန်ဖြင့် ရှင်းပြပါ၏။ ဒါကို ကြားသိရတော့ ပျားမြီးရွက်ဆေးပင်အတွက် အလေးထားလိုချင်ပုံကို တွေးမိပါသည်။

စာရေးသူမှ ပျားမြီးရွက်အပင်များနှင့် အညွှန်းစာရွက် ပေးပြီးနောက် 'အဘရေ အလွန် ကျေးဇူးတင်ပါတယ်၊ နောက်နေ့မနက် မန္တလေး အရောက် ခရီးဆက်ရဦးမှာ ခင်ဗျ' ဟု အပြုံးများစွာနှင့် ပျားမြီးရွက်ပျိုးပင်များ ထည့်ထားသော ကြွပ်ကြွပ်အိတ် လက်နှင့်ဆွဲပြီး ပြန်လည်ထွက်ခွာသွားပါသည်။

နေပြည်တော် ပျဉ်းမနားမြို့အရှေ့ပိုင်းရှိ ချင်းစု ရပ်ကွက်နေ ဆလိုင်းအမည်ရှိ လူလတ်ပိုင်းတစ်ယောက် စက်ဘီး တစ်စီးဖြင့် ရောက်လာပါသည်။ နံနက်တိုင်း လမ်းလျှောက်စဉ် ဆရာဦးမြင့်အောင် ပြောပြလို့ သူ့မိခင်ကြီးအတွက် ပျားမြီးရွက်အပင် လိုချင်လို့ လာတာပါဟု ဆိုပါသည်။ သူ ဆက်ပြောပြပုံက ပို၍ အံ့သြရပါ၏။

ဆေးညွှန်းစာရွက်ကို သူတို့ရပ်ကွက်အတွင်းက ဈေးဆိုင်လေးမှာ တွေ့ရလို့ ခဏငှားပါ၊ မိတ္တူကူးပြီး ပြန်ပေးပါမည် ကမ်းလှမ်းရာ ပျောက်သွားမှာစိုးလို့ မငှားနိုင်ဟုဆိုကြောင်း၊ ၁၀-၁၅ မိနစ်လောက်ပဲ ကြာမှာပါဟု ဆိုသော်လည်း မပေးကြောင်း၊ ယခု ကျွန်တော်ရတဲ့ ဒီအညွှန်းစာရွက်ကို မိတ္တူတွေကူးပြီး လိုက်ဝေမှာဟု ပြောဆိုကာပြန်သွားပါ၏။ နောက် နှစ်ရက်အကြာ၊ ကိုးတန်း ကျောင်းသား သူ့သားငယ်နှင့်အတူ နန်းစိန်မုန့်ထုပ်လေးများဝယ်၍ ရောက်လာပြန်ပါသည်။ မုန့်က ဆရာကြီးဖို့၊ ဦးမြင့်အောင်ဆီကိုလည်း သွားဦးမှာ၊ ဆရာကြီး လုပ်ဆောင်ချက်ကို မြင်တွေ့စေချင်လို့ သူ့သားကို ခေါ်လာတာပါဟု ဆိုပါ၏။



ထို့အတူ မြို့အရှေ့ပိုင်းမှ ရောဂါဝေဒနာ ခံစားနေရသော အမျိုးသမီးတစ်ဦး စာရေးသူ အပြင်သွားနေခိုက် ပျားမြီးရွက်အပင် လာတောင်းသွားသည်ဟု ဇနီးမှ ပြောပြပါ၏။ ဇနီးသည်က ဆက်၍

'အဲဒီမိန်းကလေးအပြန် မြေပေါ် ကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့သွားတယ်၊ မလိုပါဘူးကွယ်လို့ ပြောတော့ ကျေးဇူးတင်လွန်းလို့ပါရှင်' ဟု ပြန်ပြောသွားကြောင်း ရှင်းပြပါ၏။

ပျားမြီးရွက်အပင်များ လာတောင်းယူကြသူများတွင် ကိုယ်တိုင် ရောဂါခံစားနေရသူများ၊ မိဘများအတွက် သားသမီးများနှင့် ဆွေမျိုး မိတ်ဆွေများလည်း ပါဝင်ကြပါသည်။ ထိုအထဲတွင် ဇနီးသည်အတွက် ပျားမြီးရွက်အပင် တောင်းယူသွားသော ကားဆရာတစ်ဦးကို တွေ့ရပါ၏။ ညမိုးချုပ်စတွင် ဇနီး၊ သားနှင့် ထိုကားဆရာ ခြံသို့ရောက်လာပါသည်။ အဲဒီအခါကျမှ သူ့ဇနီးသည်မှာ ဆီးချို သွေးချို ရောဂါကြောင့် ခြေသလုံးတစ်ဖက်ပင် ဖြတ်တောက် ကုသခံထားရကြောင်း သိရပါ၏။ စိတ်မကောင်းစွာဖြင့်ပင်

'ဆေးတွေ့ပြီပဲ အစားအသောက် ဂရုစိုက်ပေါ့၊ အကျိုးထူးမှာပါ' ဟု အားပေးမိပါသည်။

မျက်စိရေတိမ် (သို့မဟုတ်) အတွင်းတိမ် ခွဲစိတ်ကုသခံရန် လိုအပ်နေသော ဆီးချို သွေးချို ဝေဒနာရှင်နှစ်ဦးအတွက် တိုက်တိုက်ဆိုင်ဆိုင် တစ်ရက်တည်း နာရီပိုင်းခြားပြီး ပျားမြီးရွက်လာတောင်းသူ နှစ်ဦးအကြောင်း ပြောပြလိုပါသည်။ တစ်ဦးက မန္တလေးက၊ နောက်တစ်ဦးက သာစည် ကပါ။ မန္တလေးက လာသောသူက အမျိုးသမီး၊ ခင်ပွန်းသည်အတွက် ဖြစ်ပြီး၊ သာစည်ကလာသောသူက အမျိုးသား၊ အဒေါ် အတွက်ဟု သိရ၏။

မန္တလေးကလာသောသူက နေပြည်တော် ပျဉ်းမနား ပို့ဆောင်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော တူသားက အကြောင်းကြား၍ လာခဲ့တာဟု ဆိုပါသည်။ အတွင်းတိမ်ဖြစ်နေသော အသက် ၆၂ နှစ်ရှိ ခင်ပွန်းကို အမြန် ခွဲစိတ်ရန် လိုအပ်နေသော်လည်း ဆီးချို သွေးချို မြင့်တက်နေ၍

www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းနေရကြောင်း၊ နှလုံးရောဂါကလည်း ဖြစ်နေတော့ ဆေး လေးကြိမ် သောက်နေရာမှ တစ်ကြိမ်အထိ လျှော့ချပေးခဲ့ရကြောင်း၊ ခွဲစိတ်ဖို့ အဆင့်ထိ မကျလို့ တူနှင့် တူမတို့ ပြောပြချက်ဖြင့် ပျားမြီးရွက်အပင်အတွက် လာခဲ့ကြောင်းပါ ရှင်းပြပါ၏။

သူတို့ရောက်လာတာက နံနက် ၁၁ နာရီခွဲခန့်၊ ပြန်သွားတော့ ၁၂ နာရီ ကျော်ကျော်၊ ပြီးတော့ နေ့လယ် နှစ်နာရီ ရထားနှင့် မန္တလေးပြန်မှာမို့ နှုတ်ဆက်ခဲ့ပါတယ်ဟု ပြောဆို ထွက်ခွာသွားကြပါ၏။

မန္တလေးအဖွဲ့ ခြံထဲမှထွက်သွားပြီး ၁၅ မိနစ်ခန့်အကြာ ဆိုင်ကယ် တစ်စီးနှင့် လူနှစ်ယောက် ရောက်လာပါ၏။ ခြံထဲရောက်ပြီး ခုံမှာ ထိုင်မိသည်နှင့် စစ်ဂျာကင်ဝတ်ထားသော ပုဂ္ဂိုလ်က

'ကျွန်တော် သာစည်က လာတာပါ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ တာဝန်ခံပါ၊ သူရဇ္ဇမဂ္ဂဇင်းပါ ဆောင်းပါးဖတ်ပြီး လာချင်နေတာပါ'ဟု ချွေးသုတ်ရင်း ပြောပြပါ၏။

အိတ်ထဲက သူရဇ္ဇမဂ္ဂဇင်းကိုလည်း ထုတ်ပြပါသည်။

ဆိုင်ကယ်ကယ်ရီမောင်းလူငယ်က 'ပျားရည်လွင်ပြင်' လက်ဖက်ရည်ဆိုင်ကို ခေါ်သွားခဲ့ကြောင်း၊ အဘက အလာနည်းကြောင်း သူတို့က ပြောပြပြီး၊ ဒီကို ညွှန်လိုက်လို့ လိုက်ပို့ရတာပါ၊ ကျွန်တော်က စောင့်ဝါ ပျိုးဥယျာဉ်ကိုတော့ သိပြီးသားပါဟု ဆိုပါသည်။

စာရေးသူပေးလိုက်သော ပျားမြီးရွက် အပင်ငယ် ငါးပင်နှင့် အညွှန်းစာရွက်ရသည်နှင့် ထိုပုဂ္ဂိုလ်လည်း ကျေးဇူးတင်ကြောင်းပြောပြီး နှစ်နာရီ ရထားနှင့် ပြန်လိုက်မှာဖြစ်၍ ခွင့်ပြုပါဦးဟု နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြပါသည်။ အချိန် ကြည့်လိုက်တော့ နေ့လယ် ၁း၁၅ နာရီ ရှိနေပါပြီ။

သူတို့ယူသွားသော ပျားမြီးရွက်များဖြင့် အတွင်းတိမ်ဖြစ်နေသောသူများ အမြန်ခွဲစိတ်နိုင်ရန် အဆင်ပြေပါစေလို့ မေတ္တာပို့ ဆုတောင်းမိတာ အမှန်ပါ။



သန်လျင်မြို့သို့ လုပ်ငန်းကိစ္စဖြင့် ကားနှင့်သွားလာနေကြသော သာဝတ္ထိမြို့နယ်မှ အမျိုးသားနှစ်ဦးက ဗင်ကားလေးနှင့် ပျိုးပင်လာတောင်းကြပါသည်။ သန်လျင်မြို့မှ မိတ်ဆွေတစ်ဦးက သူရဇ္ဇမဂ္ဂဇင်းဖတ်ပြီး ပျားမြီးရွက်အပင် လှမ်းမှာလို့ဟု သိရပါ၏။ စာရေးသူက အဝေးပို့မှာဖြစ်၍ ပျိုးထုပ် ၅ ပင် ပေးရာ ထိုသူတို့က

'ဆရာကြီးပေးရင် များများပေးပါ၊ ဟိုရောက်ရင် ဟိုလူက တောင်း၊ ဒီလူကတောင်းနဲ့ ဝိုင်းတောင်းကြမှာဗျ' တဲ့။

အဲဒါကြောင့် စာရေးသူက ပျိုးထုပ် ၁၀ ထုပ်ခန့် ပေးလိုက်ရပြန်ပါသည်။

နေပြည်တော် ပရဆေးဥယျာဉ်တည်ဆောက်ရေးသို့ သဲတောမြို့နယ်ကလာရောက်၍ တွဲဖက်တာဝန်ထမ်းဆောင်နေသော သစ်တောဝန်ထမ်းတစ်ဦးလည်း ရောက်လာပါ၏။ သူရဇ္ဇမဂ္ဂဇင်းဆောင်းပါးဖတ်ပြီး ယခင်အပတ်ကလာခဲ့သော ပြင်ဦးလွင်မြို့အဖွဲ့နှင့်အတူလာဖို့ပါ။ ကွင်းထဲကို တာဝန်နှင့်ပါသွားလို့ မလိုက်ခဲ့ရဘူး။ ယခုမှ အချိန်ယူလာခဲ့ရကြောင်း ပြောပြပါ၏။ သူကလည်း ပျားမြီးရွက်အပင်များပွားပြီး ဒေသရောက်လျှင် ဆက်လက်မျှဝေပေးမှာပါဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် သူ့ကိုယ်တွေ့ 'ဆဒ္ဒန်ဆင်မင်း စွယ်တော်မြစ်' အပင်အကြောင်းပြောပြလို့ စာရေးသူမှ ဖြစ်နိုင်လျှင် အဲဒီအပင်ကို ရလိုပါကြောင်း တောင်းခံရာ ထိုပုဂ္ဂိုလ်ကကြိုးစား၍ ပို့ပေးပါမည်ဟု ဆိုပါသည်။

ထိုပုဂ္ဂိုလ်ပြောပြတာက အလွန်စိတ်ဝင်စားဖွယ်ကောင်း၍ အနည်းငယ် ရေးသားဖော်ပြလိုက်ပါ၏။ ထိုဆဒ္ဒန်ဆင်မင်း စွယ်တော်အမြစ်ပင်ဟာ သူတို့ဒေသမှာပေါက်လေ့ရှိကြောင်း၊ အပင်ပုံမျိုး ဥရှည်ရှည် အမြွာလိုက်အုကြောင်း၊ ဥကအဖြူရောင် ဆင်စွယ်လို မာလွန်းလို့ ဆဒ္ဒန်ဆင်မင်း စွယ်တော်အမြစ်ပင်ဟု ခေါ်ကြောင်းပြောပြပါ၏။

ထိုအမြစ်ကို အမှုန့်ပြု၊ ပျားရည်နှင့် သောက်သုံးရုံနှင့် မိန်းကလေးများ၏ နို့ကင်ဆာ၊ သားအိမ်ကင်ဆာများ အချိန်တိုအတွင်း ပျောက်ကြောင်း သူ့ကိုယ်တွေ့ ပြောပြရုံမက ထိုအမြစ်ကိုသွေးပြီး လိမ်းပါကလည်း နို့ကင်ဆာ ပျောက်ကြောင်း သိရလို့ စာရေးသူ၏ ဝါသနာ စေတနာ ဗီဇအရ ထိုဆေးပင်ကိုလည်း ကမ်းလှမ်းမိခဲ့တာ အမှန်ပါ။ ဒီလို ထူးခြားတဲ့ သတင်းမျိုး ကြားရတာကလည်း ပျားမြီးရွက် အပင်များကို ကုသိုလ်ပြုမျှဝေမှု ဒါနအကျိုးဆက်ကြောင့်ဟု ယူဆယုံကြည်မိပါ၏။

ပျားမြီးရွက် ပျိုးပင်များကို ကုသိုလ်ဒါနပြုနေမှုကို ဝေဖန်သုံးသပ်သူများလည်း ရှိလာပါသည်။

ဝေဖန်သူများထဲတွင် စာရေးသူကို ခင်မင်နေသော နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေသည့် အထူးအရာရှိကြီးတစ်ဦး ပါဝင်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အပင်များနှင့် ပတ်သက်၍ အလွန် နှံ့စပ်ကျွမ်းကျင်သူ၊ အလှပင်များစွာကို ရှာဖွေစုဆောင်း ဝယ်ယူစိုက်ပျိုးတတ်သူ၊ ကမ္ဘာ့နိုင်ငံများစွာသို့ သွားလာဖူး သွားလာနေသူ ဖြစ်ပါသည်။

စာရေးသူ၏ စိုက်ပျိုးရေး ပျိုးဥယျာဉ်လုပ်ငန်းများတွင် အီးအမ်နည်းပညာ (အဆိပ်မဲ့) သုံးစွဲလုပ်ဆောင်မှု အောင်မြင်နေခြင်းကို ကြားသိရာမှ လာရောက်လေ့လာရင်း စာရေးသူကို ခင်မင်သွားသူလည်း ဖြစ်ပါ၏။ ခင်မင်သွားပြီးနောက် ရှားပါး ဆန်းပြား၍ မျိုးပွားရယူနိုင်ပြီး ကာလတန်ဖိုးမြင့်မားသော အပင် အချို့ကို အခါအားလျော်စွာ လက်ဆောင်အဖြစ်ပို့ပေးလေ့ရှိသူ ထိုပုဂ္ဂိုလ်နှင့် ဇနီးတို့ ခြံထဲသို့ ရောက်လို့လာပါသည်။ ထိုအချိန်တွင် ပျားမြီးရွက် ပျိုးပင်လာတောင်းသူ နှစ်ဦးလည်း ရှိနေပါသည်။



နားခိုတဲမှာထိုင်မိသည်နှင့် ထိုပုဂ္ဂိုလ်ကြီးက သူ၏ ရိုးသားပွင့်လင်းသော စကားအသုံးအနှုန်းဖြင့် စာရေးသူအား

'ဆီးချို သွေးချိုဝေဒနာအတွက် ပျားမြီးရွက်အပင် ဟုတ်လား၊ ခင်ဗျားဘာသုတေသနမှမရှိဘဲ အရမ်း အရမ်း လျှောက်လုပ်မနေနဲ့'ဟု ဝေဖန်လာပါ၏။

စာရေးသူကလည်း အပြုံးနှင့်ပင် နားထောင်နေပါသည်။ သူက ဆက်၍

စာရေးသူနှင့် ဇနီးအပြင် ဧည့်သည်နှစ်ဦးကို

'ခင်ဗျားတို့ ကျွဲကောသီး (ရှောက်ပန်းသီး)နဲ့ တည့်သလား'ဟု မမျှော်လင့်သော အမေးကို မေးလာပါ၏။

စာရေးသူတို့အားလုံးက တည့်ကြောင်း ပြန်ဖြေကြပါသည်။

ထိုအခါ သူက သူ့ဇနီးဘက် လက်ညှိုးထိုးကာ

'သူ ကျွဲကောသီးနဲ့ လုံးဝ မတည့်ဘူး၊ တစ်မျှင်လောက်စားရုံနဲ့ ရှော့ (Shock) ဖြစ်တယ်၊ ဆေးရုံတန်းပို့ရတယ်'ဟု ဆိုပါ၏။ ဒါကို ကြားတော့ စာရေးသူတို့အားလုံး အံ့အားတသင့် ဖြစ်ကြရတာ အမှန်ပါပဲ။

ထို့နောက် ထိုပုဂ္ဂိုလ်ဆက်ပြောသော မှတ်ချက်စကားက ထူးခြားနေပါ၏။

'ကျွန်တော့်မှာ သားသမီးသုံးယောက်ရှိတယ်၊ တစ်ယောက်က အမေရိကားမှာ၊ တစ်ယောက်က ဂျပန်မှာ၊ တစ်ယောက်က ထိုင်းမှာ၊ မအေသွေးပါလို့ သူတို့ကျန်းမာရေးအတွက် Family Doctor ထားရတယ်'ဟု ဆိုပါ၏။

လေးစားမှတ်သားဖွယ် မှတ်ချက်စေတနာစကား၊ ဝေဖန် အကြံပေးချက်အဖြစ် ခံယူမိတာ အမှန်ပါ။ စာရေးသူကလည်း ဝေဖန်အကြံပြုတာကို ကျေးဇူးတင် လက်ခံပါကြောင်း၊ ဒါပေမဲ့ စာရေးသူက

'ကျွန်တော်တို့ မြန်မာ့ဓလေ့ထုံးစံကဟုဆိုကာ 'တန်ဆေး လွန်ဘေး'၊ 'တစ်ယောက်တွက်ဆေး၊ တစ်ယောက်တွက်ဘေး' အဆိုအမိန့်ကို သတိပြု

www.burmeseclassic.com

www.burmeseclassic.com



လိုက်နာပါကြောင်း၊ စာရေးသူက ဆေးကုသူမဟုတ်ပါ၊ ဆေးပင်များကို လက်လှမ်းမီသလောက် စိုက်ပျိုး မျိုးပွား ကုသိုလ်ဒါနပြု မျှဝေနေသူပါ၊ သုတေသနပညာရှင်လည်း မဟုတ်ပါ၊ သုတေသနအလုပ်ဟာ ပညာရှင်များ၏ အလုပ်တာဝန်သာ ဖြစ်ပါ၏’လို့ ပြန်လည် ဆွေးနွေးခဲ့ပါ၏။ ဖျားမြီးရှက်အပင်နှင့် ပတ်သက်၍ နှစ်နှင့်ချီ ကြာလာသော်လည်း ဒီနေ့ အထိတော့ အစွန်းထွက် အကြောင်းတရား တစ်စုံတစ်ရာ မကြားသိရသေးပါကြောင်း’ အသိပေးမိပါသည်။

ဒီဆောင်းပါးကိုရေးသားနေဆဲ သစ်တောစိုက်ခင်း၊ သစ်တောပျိုးခင်းတွင် လက်တွေ့တာဝန်ယူ ဆောင်ရွက်နေရသော ကိုအေးမြင့် တစ်ယောက် ခြံထဲသို့ ရောက်လာပါသည်။ အလုပ်တာဝန်တွေ များပြီး အအေးပပ် နှာစေးနေကြောင်း၊ ယခုလည်း စိုက်ခင်းအတွက် ဖွဲပြာလာရှာရင်း လှည့်ဝင်လာတာ ဖြစ်ကြောင်း၊ စာရေးသူ ဧည့်ခံသော ကော်ဖီသောက်ရင်း စကား ဆိုဖြစ်ကြပါ၏၊ ဖျားမြီးရှက်အပင်နှင့်ပတ်သက်၍ နေပြည်တော်မှ ညွှန်မှူး အဆင့်ရှိ ကတော်ကြီးတစ်ယောက် စိုက်ခင်းသို့ရောက်လာကာ ဖျားမြီးရှက်နှင့် အပင်လာတောင်းရာ သူက စာရေးသူထံကယူ၍ စိုက်ပျိုးထားသော အပင်မှ နှစ်ကိုင်းဖြတ်၍ စိုက်နည်းပါပြောပြပြီး စာရေးသူထံ ညွှန်လိုက်ကြောင်း ပြောပြပါ၏။

ဟုတ်ပါသည်။ အဲဒီနေ့က ထိုအရာရှိကတော်ကြီး ခြံသို့ ရောက်လာပြီး ဖျားမြီးရှက် နှစ်ကိုင်းကိုလည်း ပြပါ၏။ အကြောင်းစုံလည်း ရှင်းပြပါ၏။ စာရေးသူကလည်း ဖျားမြီးရှက်ပျိုးပင်များနှင့် အညွှန်းစာရွက်ပါ ထပ်ပေးလိုက်ပါသည်။

ထို့နောက် ကိုအေးမြင့်က

‘ဆရာ့ကို ပြောရဦးမယ်၊ ကျွန်တော်နဲ့ ခမည်းခမက် အစ်မကြီး ဆီးချိုသွေးချို ဖြစ်နေတာကြာပြီ၊ လင်ဇီးဆေး ဝယ်သောက်နေတာ ခြောက်နှစ်ကျော်ပြီ၊ ဆေးဖိုးက မြင့်တက်လာပေမယ့် ယခုအခါ အနာတွေ ပေါက်လာတာ မပျောက်ဘူး’

ဆရာ့ဆီက ယူသွားပြီး အိုးနှင့်စိုက်ထားသည့် ဖျားမြီးရှက်အပင် သူ့ကို ပေးလိုက်ပြီးနောက် ဟိုတစ်နေ့က အိမ်ရောက်လာကာ



‘ဆေးရှက်က ကောင်းလိုက်တာ၊ အနာတွေအားလုံး ပျောက်သွားပြီ’ လို့ ပြုံးရွှင်စွာ ပြောကြောင်း သိရပါ၏။

ထူးခြားစွာ ခြံထဲသို့ စက်ဘီး တစ်စီးနှင့် ရောက်လာသူတစ်ဦးအကြောင်း ဖော်ပြလိုပါသည်။ စာရေးသူက စာရေးနေချိန်မို့ ဇနီးသည်နှင့် ပြောဆိုနေကြပြီး ဖျားမြီးရှက်အပင်များယူပြီး ပြန်ထွက်သွားတာကိုပဲ မြင်လိုက်ရတာပါ။ ဇနီးသည်ပြန်ပြောပြ၍ ပြန်လည်ရေးသား ဖော်ပြလိုက်ရပါ၏။

ထိုသူက နေပြည်တော် လယ်ဝေးမြို့နယ်၊ ပိတောက်ချောင်ရွာကဖြစ်ကြောင်း၊ နေပြည်တော် ပျဉ်းမနားသို့ ဆေးဝယ်ရန်လာရင်း ဈေးမြောက်ဘက်ဘေးမှာရှိသည့် ‘ဇွဲ’ နာရီပြင်ဆိုင်မှာ နာရီပြင်ကြောင်း၊ သူက နာရီဆရာကို ဆေးသွားဝယ်ဦးမည်ဟု အသိပေးရာ နာရီဆရာက ဘာဆေးလဲဟု မေး၍ သူ့သားချင်း ဆီးချို သွေးချို ဖြစ်နေသူအတွက်ဟု ပြောမိရာက အဲဒီ နာရီဆရာက ၃-၄ ရက်က သူ့အမေအတွက် စာရေးသူ၏ခြံသို့ ဖျားမြီးရှက် သွားတောင်းခဲ့ကြောင်း၊ အဲဒါကြောင့် သူ့ကိုလည်း ဒီကိုပဲညွှန်လို့ လာရကြောင်း သိရပါ၏။

အဲဒီ နာရီဆရာက သူ့ကို နေရာကိုလည်းညွှန်၊ စက်ဘီးပါ ပေးလိုက်ကြောင်း၊ သူကလည်း နာရီ လွယ်အိတ်တွေပါထားပြီး စာရေးသူ၏ခြံသို့ ရောက်လာပါသည်ဟု အစချီကာ ပြောပြရုံမက ရောဂါသည်ကို ပြည်သူ့ဆေးရုံကြီးမှာ ခြေသလုံးအောက်က ဖြတ်ကုထားရပြီး လချီ ကြာပေမယ့် အနာက မကျက်သေးကြောင်း၊ အဲဒါကြောင့် ဆရာဝန် ညွှန်လိုက်သည့်ဆေးတွေ ဝယ်ဖို့လာရင်း နာရီပြင်ရာက ဒီကို ရောက်လာတာပါဟု ဆိုကြောင်း ဇနီးသည်က ပြန်ပြော၍ သိရပါ၏။

ဇနီးသည် ဆက်ပြောပြတာက

‘ဖျားမြီးရှက်အပင်နှင့်ပတ်သက်ပြီး ရှင်းပြကာ အပင်နှင့် အညွှန်းစာရွက်ပေးလိုက်ပြီးနောက် အဲဒီလူက ထိုင်ကန်တော့သွားတယ်’တဲ့။

နံနက်စောစောတစ်ရက်မှာ ခြံထဲသို့ မိန်းကလေးတစ်ဦး ဝင်လာပါ၏။

‘ကျွန်မတို့ရပ်ကွက်ထဲက ဒေါ်ထွေးတစ်ယောက် ဖျားမြီးရှက်နဲ့ ဆီးချိုသွေးချို ပျောက်သွားလို့၊ အဲဒါကိုသိတော့ အမေက ဒီကို လွှတ်လိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



လာတာပါ၊ အမေ ရောဂါဖြစ်တာ သုံးနှစ်ကျော်ပါပြီ၊ အခုဆို ခြေထောက်တွေပါ နာကျင်ကိုက်ခဲတာ ခံစားနေရပါတယ်၊ ဆီးချို သွေးချို အမှတ်က ၃၇၀ ကျော်နေပါပြီ’ဟု ဆိုကာ ပျားမြီးရွက်အပင် တောင်းခံလာပါသည်။ စာရေးသူကလည်း ဆေးရွက်များ၊ ပျိုးပင်နှင့် အညွှန်းစာရွက်ပါ ပေးလိုက်ပါ၏။ အပင်ကို အိုးဖြင့် စိုက်ထားရန်လည်း မှာလိုက်ပါသည်။

ပစ္စည်းများလက်ခံယူပြီး စာရေးသူကို ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်၍ မိခင်အတွက် မျှော်လင့်ချက်အပြည့်ဖြင့် ပြန်လည်ထွက်ခွာသွားပါသည်။

၁၉၊ ၁၊ ၂၀၀၈ ရက်နေ့ ၁၀ နာရီခန့်တွင် အမျိုးသမီးတစ်ဦး ခြံထဲသို့ ဝင်လာကာ

‘မာတ်ခွဲခန်းက ဆရာမ မနော်က ပြောလို့ ပျားမြီးရွက် ဝယ်ချင်လို့ပါ’ ဟု ဆိုပါ၏။

စာရေးသူ၏ဇနီးက အကျိုးအကြောင်းမေးမြန်းရာ ထိုမိန်းကလေးက

‘ကျွန်မတို့ရပ်ကွက်ထဲက အဒေါ်ကြီးတစ်ဦး ပျားမြီးရွက်စားပြီး ဆီးချို သွေးချို ပျောက်သွားကြောင်း ဆရာမ မနော်က ပြောလို့ပါ’ဟု ရှင်းပြပါသည်။

ဇနီးသည်က

‘မရောင်းပါဘူး၊ ကုသိုလ်လုပ်နေတာ ကြာပါပြီ’ ဟု အသိပေးပြီး ပျားမြီးရွက်အပင်နှင့် အညွှန်းစာရွက်ပေးလိုက်သည့်အခါ အပြုံးများစွာဖြင့် ပြန်သွားပါ၏။

၂၁၊ ၁၊ ၂၀၀၈ ရက်နေ့ ညနေပိုင်းတွင် ဗင်ကားလေးတစ်စီး ခြံသို့ ရောက်လာပါ၏။ ကားပေါ်မှ အမျိုးသားတစ်ဦး အမျိုးသမီးလေးဦး ဆင်းလာပါသည်။ ဇနီးသည်နှင့် နှုတ်ဆက် စကားပြောသံကြားလို့ ကြည့်မိတော့ ယခင်က ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းနေခဲ့ကြသော မနော် ဖြစ်နေပါ၏။

မနော်က

‘တောင်ကြီးမြို့က ဆောက်လုပ်ရေး အင်ဂျင်နီယာ ဖြစ်ကြောင်း၊ ပျားမြီးရွက်အပင် လိုချင်လို့ လာပို့ကြောင်း’ ဆိုပါ၏။



စာရေးသူကလည်း ပျားမြီးရွက်အကြောင်း အနည်းငယ် ရှင်းပြပြီးနောက် သူရဇ္ဇမဂ္ဂဇင်း မဖတ်ရသေးဟု သိရ၍ စာအုပ်ကိုလည်း ပေးဖတ်မိပါသည်။ ထိုပုဂ္ဂိုလ်နှင့် ဇနီးဖြစ်သူတို့ ဖတ်ကြပါသည်။ ပျားမြီးရွက် ပျိုးပင်များနှင့် အညွှန်းစာရွက် ရယူပြီးနောက် ထိုအဖွဲ့ ပြန်လည် ထွက်ခွာသွားကြပါ၏။

ထူးခြားတာက ရောဂါခံစားနေရသောပုဂ္ဂိုလ်မှာ အသက် ၅၀ ကျော်အရွယ်၊ ထောင်ထောင်မောင်းမောင်းရှိပေမယ့် မျက်နှာတွင် ရောဂါကြောင့် မချိတင်ကဲ ခံစားနေရပုံပေါ်နေပြီး နုံးခွေနေဟန်ရှိတာပါပဲ။

ပြန်ခါနီးတွင်

‘ကျွန်တော့်မှာ တိုင်းတဲ့စက် ရှိပါတယ်၊ ပျားမြီးရွက် စားပြီး ပြန်တိုင်းကြည့်လို့ ထူးခြားရင် အကြောင်းပြန်ပါ့မယ်’ဟု မျှော်လင့်ချက် ရောင်ခြည်သမ်းလာသည့်အကြည့်ဖြင့် ပြောဆိုသွားပါ၏။

စာရေးသူနှင့် ထိုပုဂ္ဂိုလ်တို့ စကားပြောဆိုနေစဉ် ဇနီးသည်နှင့် မနော်ဆေးခန်းပိုင်ရှင် အမျိုးသမီးတို့ စကားပြောဆိုနေတာပါ။ အဲဒီအကြောင်းကို ဇနီးပြန်ပြောတာက ဟိုတစ်နေ့က မနော်ပြောလို့ဆိုသူ ပျားမြီးရွက်အပင်လာတောင်းကြောင်း ပြောပြရာ ဆေးခန်းမှာ ပျားမြီးရွက်စားပြီး ဆီးချိုလာတိုင်းသော ရောဂါသည်အကြောင်း သူမပြန်ပြောချက်ကို အံ့သြစွာ ကြားရပြန်ပါ၏။

နှစ်ရှည်ကြာစွာ ဆီးချို သွေးချိုရောဂါ ခံစားနေရသော နေပြည်တော်ပျဉ်းမနား သစ်ထုတ်လုပ်ရေးကုန်းပေါ်မှ အမျိုးသမီးတစ်ဦး ဆေးစစ်လာရာ ဆီးကို ချက်၍တိုင်းရာ ယခင်က အုတ်ခဲကျိုးရောင် အမြဲရှိနေသူ ယခုအပြာရောင် ကြည်လင် (အရောင်မပြောင်းဘဲ) နေတာတွေ့လို့ ထပ်ခါထပ်ခါ စစ်ကြည့်မိကြောင်း၊ ဒါပေမဲ့ အရောင်မပြောင်း ကြည်လင်မြဲရှိနေတာ တွေ့ရလို့ ဘာဆေးစားလို့ပျောက်သွားပါလိမ့်ဟု အကျိုးအကြောင်း သိချင်လို့မေးရာ ပျားမြီးရွက်စားပြီး ပျောက်သွားတာလို့ အံ့သြဖွယ် သိရကြောင်း၊ အဲဒီနောက်ပိုင်း ဆေးခန်းကို ဆီးချို သွေးချိုဝေဒနာရှင်များ ဆေးလာစစ်သည့်အခါ ပျားမြီးရွက်အကြောင်း အသိပေးမိသည်ဟု သိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း တောင်ကြီးက ဆေးခန်းလာပြသည့် ထိုပုဂ္ဂိုလ်ကြီးကိုလည်း ပြောပြ လိုက်ပို့ခဲ့ကြောင်း၊ သူ ခံစားရောဂါဖြစ်နေတာ ၁၅ နှစ်ကျော် ရှိပြီ ဖြစ်ကြောင်း၊ ဆေးကောင်းသည်ဟု ကြားတာနဲ့ သွားရောက် ရှာဖွေ သုံးစွဲခဲ့ ကြောင်း၊ ကျပ်သိန်း ၁၀၀ ကျော်လည်း ကုန်နေပြီဖြစ်ကြောင်း၊ ယခုအခါ မပျောက်ရုံမက ခြေမတစ်ချောင်းပင် စတင် ဆုံးရှုံးခံခဲ့ရပြီ ဖြစ်ကြောင်း သိရပါ၏။

## ဆီးချို၊ သွေးချို တိုင်းတာစစ်ဆေးပုံ

စာရေးသူကလည်း ဆီးချက်၍ ဆီးချိုတိုင်းတာပုံကို ဇနီးသည် မြို့နယ် သူနာပြုဆရာမကြီးအား အသေးစိတ် မေးမြန်းမိပါ၏။ ဇနီးသည် ပြောပြ ချက်များက စိတ်ဝင်စားဖွယ်ကောင်းသဖြင့် စာဖတ်သူများကိုလည်း မျှဝေ အသိပေးသင့်သည်ဟု ယူဆမိ၍ အကျဉ်းမျှ ဖော်ပြလိုက်ပါသည်။

ဆီးချိုစစ်ဆေးပုံမှာ စစ်ဆေးလိုသူ၏ ဆီးရှစ်စက်ခန့်ကို အပြာရောင် ရှိသော (Benidict) ဓာတုဆေးရည် ၅ စီစီနှင့် ဖန်ပြွန်အတွင်း ရောစပ်၍ မီးဖြင့် အပူပေးချက်ကြည့်ရတာပါ။

ဆီးချိုရောဂါ မရှိလျှင် အပြာရောင် ကြည်လင်နေပြီး ရောဂါရှိလျှင် ရောဂါအနုအရင့် (အနည်းအများ) ပေါ်လိုက်၍ အရောင် ငါးမျိုးခန့် ပြောင်းလဲ ဖြစ်ပေါ်လာလေ့ရှိကြောင်း သိရပါ၏။ ၎င်းတို့မှာ အစိမ်းရင့်၊ အစိမ်းနု၊ အဝါ၊ လိမ္မော်ရောင်နှင့် အုတ်ခဲကျိုးရောင်တို့ ဖြစ်ပါသည်။ လစ်တမတ် (Litmus) စက္ကူဖြင့်လည်း တိုင်းတာ၍ရသည်ဟု သိရပါ၏။

ခေတ်မီဆေးဝါးများ သုံးစွဲနေသူများလည်း အစားအသောက် စားသုံး မှီဝဲမှုအပေါ် မူတည်ပြီး ပုံမှန်ဆီးစစ်ဖို့ လိုအပ်ကြောင်း သိရပါ၏။ ခေတ်မီ ဆေးဝါးများဖြင့် ကုသမှုခံယူနေကြသော ရောဂါဝေဒနာ ခံစားနေရသူများ ကို တိုင်းတာ (ဆီးချက်)ရာတွင် ဆီးချိုအမြင့်ဆုံး (ဂိတ်ဆုံး) ရှိလျှင် အုတ်ခဲ ကျိုးရောင် ရှိသည်ဟု သိရပါ၏။ ဆေးကြောင့် အရောင် အတက်အကျလည်း ရှိတတ်သည်ဟု ဆိုပါသည်။



သွေးချိုတိုင်းတာစစ်ဆေးပုံနှင့်ပတ်သက်၍ ယခင်က ဓာတ်ခွဲခန်းတွင် သွေးဖောက် စစ်ဆေးရတာပါ။ ယခုအခါ တတ်နိုင်သူများအတွက် သွေးချို တိုင်းတာ စစ်ဆေးနိုင်သော စက်ကလေးများ ဈေးကွက်မှာ ဝယ်ယူ ရရှိနေ ပါပြီ။ သွေးချို တိုင်းတာလိုပါက ကိုယ်တိုင်သွေးဖောက်၍ ထိုစက်ကလေး ဖြင့် တိုင်းတာ သိရှိနိုင်ပါပြီ။

နှစ်ရှည် ဆီးချို၊ သွေးချို ခံစားနေရသော ရောဂါဝေဒနာရှင် အချို့ထံမှ ပြန်လည်ကြားသိရချက်များသည်လည်း စိတ်ဝင်စားဖွယ် ကောင်းလှပါ၏။ ပျားမြီးရွက်စားပြီး ငါးရက်ခန့်အကြာတွင် ပုံမှန်လူကောင်းနီးပါး ဖြစ်သွား၊ ခံစား ကြရကြောင်းသိရပါ၏။ နှစ်များစွာ အဲဒီလိုခံစားရမှုမျိုး ကင်းဝေးနေရာက ယခုလိုပုံမှန်ဖြစ်လာခံစားရသည့်အခါ အတိုင်းမသိ ဝမ်းသာကြည်နူး ပျော်ရွှင် ရကြောင်း၊ အဲဒီလို ပျားမြီးရွက်ဆေးအစွမ်းကို အခြား ရောဂါခံစားနေရသူ များလည်း သိအောင် အသိပေးပြောကြားရုံမက အိမ်မှာ စိုက်ထားသော ပျားမြီးရွက် အပင်မှ ကိုင်းချိုးပေးခြင်း၊ အရွက်ခူးပေးခြင်း၊ အညွန့်းစာရွက်ကို လည်း မိတ္တူပွား မျှဝေကူညီကြသည်အထိ ဆောင်ရွက်ကြကြောင်း ပြန်လည် ကြားသိရပါ၏။

၂၃၊ ၁၊ ၂၀၀၇ ရက် နေ့ ညနေခင်းတွင် စာရေးသူ၏ တပည့်ဟောင်း အောင်မြင့်နေသော အကြော်စုံလုပ်ငန်း အရောင်းဆိုင်မှ မိန်းကလေး မျိုးဥယျာဉ်သို့ ရောက်လာပါသည်။ အပြန်တွင် ဆီးချို၊ သွေးချို အသိ မိတ်ဆွေ ရောဂါသည်များအတွက်ဟု ဆိုကာ ပျားမြီးရွက်အပင်များနှင့် အညွှန်းစာရွက်များ တောင်းယူသွားပါသည်။

နောက်နေ့ညနေခင်းတွင် ထိုမိန်းကလေးပြန်ရောက် လာပြန်ပါသည်။ နောက်ထပ်လိုချင်သူတွေ ရှိနေသေးလို့ဟုဆိုကာ အပင်နှင့်အညွှန်းစာရွက် ပျားမြီးရွက်များထပ်မံတောင်းယူ သွားပါ၏။ သူကလေး၏ ထက်သန်လှသော စေတနာဝန်ထမ်း စိတ်ဓာတ်ကို ချီးကျူး ဂုဏ်ယူမှတ်တမ်းတင် မိပါသည်။

ပျားမြီးရွက်စားပြီး ရောဂါပျောက်သွားသူ အမျိုးသမီးတစ်ဦး ညွှန်ကြားလိုက် လို့ဟုဆိုကာ စာရေးသူထံ ပျားမြီးရွက်ပျိုးပင် လာတောင်းသူ အမျိုးသမီး၏ ပြောပြချက်ကလည်း ထူးခြားနေ၍ ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပျားမြီးရွက်စားပြီး ရောဂါပျောက်ကင်းသက်သာသွားလို့ နှစ်ပေါင်းများစွာ မစားရ မသောက်ရတာတွေ အခုတော့ အတိုးချ တစ်ဝကြီး စားသောက်နေပြီတဲ့'ဟု သိရပါ၏။

အဲဒီစကားကြားတော့ အပင် လာတောင်းသူ သတင်း ပြောပြသူ မိန်းကလေးကို စာရေးသူက

'မိန်းကလေး၊ အဲဒီအမျိုးသမီးကို ပြောပြလိုက်ပါ၊ ပျားမြီးရွက်စားပြီး ရောဂါပျောက်သွားလို့ စားချင်တာ သောက်ချင်တာကို မဆင်မခြင် စားသောက်နေတာ အလွန်မှားတယ်၊ အစကတည်းက အစားအသောက် မဆင်ခြင်လို့ ဒီရောဂါဖြစ်ရတာ၊ အမှန်က ရောဂါသက်သာသွားပြီး ပျောက်တယ်လို့ ထင်မြင်ယူဆတာ အစားအသောက် မဆင်ခြင်တာ သိပ်မှားတယ်၊ ဆက်ပြီး ဆင်ခြင်မြဲဆင်ခြင်၊ ကျန်းမာရေးဂရုစိုက်၊ ကိုယ်နှင့် တန်သည့် လှုပ်ရှားမှုတစ်ခုခု လုပ်ရမှာ'ဟု အကြံပေး အသိပေးမိတာအမှန်ပါ။

နောက်နေ့ညနေ ငါးနာရီခန့်မှာ သုံးဘီးကား ခေါ် တုတ်တုတ်တစ်စီး စာရေးသူ၏ခြံထဲသို့ ဝင်လာပါသည်။ ကားမောင်းသူ လူငယ်က

ကျွန်တော့်အမေ ဆီးချို သွေးချို ပြန်ဖြစ်နေလို့ ဆေးရွက်ပေးပါဦးဟု ဆိုပါ၏။ အကြောင်းစုံ စူးစမ်းရာ မနေ့က ကြားရသော ရောဂါပျောက်သွားလို့ စားချင်တာစား၊ သောက်ချင်တာ သောက်နေသော အမျိုးသမီး ဖြစ်နေတာ တွေ့ရပါ၏။

စာရေးသူက အစားအသောက် မဆင်ခြင်၊ သတိလက်လွတ် ဖြစ်သွားလို့ပါဟုဆိုရာ လူငယ်က

'အဘရယ် နှစ်ပေါင်းများစွာ အစားအသောက် ဆင်ခြင်နေခဲ့ရတာ အခုလိုလည်း ပျောက်သွားပြီလို့သိရော အမေ့ခမျာ အပျော်ကြီး ပျော်သွားပြီး အစားတွေ စားတော့တာပါပဲ၊ သားတို့လည်း ဒါကိုကြည့်ပြီး ဝမ်းသာ ပျော်ရွှင်နေကြတာ၊ ဆယ်ရက်လောက်ပဲ ခံပါတယ် အဘ၊ အခုတော့ အမေ ပြန်လဲပါရော၊ သူ့ကိုလိုက်ပို့ခိုင်းနေတာ ကားမောင်းရတာ တစ်ဖက်ဆိုတော့ အမေ့ကို ပြန်မခေါ်ဘဲ ကားသိမ်းပြီး အဘဆီ တန်းလာခဲ့တာပါ'ဟု ရှင်းပြပါ၏။



သိတတ်သော စိတ်ထားရှိသည့် ထိုသားလေးနှင့် ဝေဒနာ နှစ်များစွာ ခံစားနေရသော မိခင်တို့၏ ပကတိဖြစ်ရပ်တို့ကို ဆင်ခြင်ကြည့်ရာ လူ့သဘာဝ ဖြစ်ရိုးဖြစ်စဉ်သာပဲဟု ယူဆနိုင်သော်လည်း အစားမတော် တစ်လုတ်ဟုဆိုသည့် မြန်မာ့ဆိုရိုးစကားကို သတိပြုမှတ်သားလိုက်နာလျှင် လက်တွေ့အကျိုးများနိုင်ကြောင်း သတိပြုမိပါ၏။ ဒါကိုပဲ ဆီးချို သွေးချို ဝေဒနာရှင်များအား ပျားမြီးရွက်စားသုံးပြီးနောက် သတိချပ်စရာအဖြစ် စေတနာဖြင့် ထောက်ပြလိုပါ၏။

ဆီးချို သွေးချို ဝေဒနာရှင်များ ယခုလိုပျားမြီးရွက် စားသုံးပြီးနောက် ထူးခြားစွာ အကျိုးရှိရသည့် အကြောင်းရင်းများကိုလည်း အချို့ပြောဆို ဆွေးနွေးလာကြတာ အမှန်ပါ။ သူတို့ ပြောဆိုလာတာတွေနှင့် စာရေးသူ လေ့လာသိရှိထားတာများကို ဆက်၍ ပေါင်းစပ်တင်ပြလိုပါ၏။

အချို့က

ပျားမြီးရွက်က ဆီးချို၊ သွေးချိုကျစေသော အင်ဆူလင်ကို အလုံအလောက် ထုတ်ပေးတာ ဖြစ်နိုင်တယ်'ဟု ဆိုပါသည်။ ဆီးချို၊ သွေးချို ဝေဒနာရှင်များ ဆီးချို၊ သွေးချိုကို ကျစေသော အင်ဆူလင်ဆေးဝါးများကို စားသုံးမှီဝဲကြရတာလည်း အမှန်ပါ။

တကယ်တော့ စနစ်တကျ သုတေသနပြု ထုတ်လုပ်ထားသော အင်ဆူလင် ဆေးဝါးများကို အမည်နာမ အမျိုးမျိုး တန်ဖိုး မျိုးစုံဖြင့် ဈေးကွက်မှာ အသင့် ဝယ်ယူစားသုံး မှီဝဲနိုင်ပါသည်။ ဒါပေမဲ့ စာရေးသူ လက်လှမ်းမီသမျှ မြင်တွေ့ သိရှိ လေ့လာမိသလောက်ကတော့ ထိုဆေးကို မှီဝဲစားသုံးနေသူများ လုံးဝ ကင်းကင်းရှင်းရှင်း ပျောက်ကင်း သက်သာသွားသူရယ်လို့ မတွေ့ဖူးသေးတာ အမှန်ပါ။

အင်ဆူလင်ထိုးဆေး အသုံးပြုရာမှာ ဂရုစိုက်ရတာရှိတယ်၊ အစားအသောက်ကို အနားမှာ အဆင်သင့်ရှိရတယ်၊ ဆေးထိုးပြီးချင်း တန်းစားရတယ်၊ ဆေးထိုးပြီး အစာမစားရင် သွေးချိန်ပြုတ်ကျလို့ အန္တရာယ်ရှိနိုင်တယ်ဟု သိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဓာတုဆေး အင်ဆူလင်ကြောင့် မပျောက်ကင်းဘဲ ဘာကြောင့် ပျားမြီးရွက်စားသုံးရုံနှင့် ဆီးချို သွေးချို ကျရတာလဲဟု အာရုံပြု စဉ်းစားမိသူတို့က ဆိုပြန်ပါသည်။ ဒါကိုလည်း အချို့က ပိုနေသော အချိုဓာတ်ကို လုံးဝ ခြေဖျက်ပေးနိုင်သော အင်ဆူလင်ဓာတ် သို့မဟုတ် အခြား အစွမ်းထက် ဒြပ်ဆေးတစ်မျိုးမျိုး ထုတ်ပေးသောကြောင့် ဖြစ်နိုင်သည်ဟု စကားဝိုင်းမှာ ပြောဆို ဆွေးနွေးကြတာလည်း ရှိခဲ့ပါ၏။

မည်သို့ရှိစေ စာရေးသူအနေဖြင့် ပျားမြီးရွက်ကိစ္စကို ဆေးဝါး ပညာရှင်များ၊ သုတေသနပညာရှင်များ ဝိုင်းဝန်းလေ့လာ ရှာဖွေတွေ့ရှိနိုင်ပါစေလို့ ဆန္ဒပြုမိပါသည်။

စာရေးသူ လေ့လာ သိရှိထားသော Power စွမ်းအင် အကြောင်း အလျဉ်းသင့်၍ ရေးသားဖော်ပြလိုက်ပါသည်။ သိထားတာကို ဆွေးနွေးတင်ပြသည့် သဘောပါ။ စာရေးသူ တက္ကသိုလ်ကျောင်းသားဘဝက ဝါသနာပါသော အားကစား ပြေးခြင်းကို လေ့ကျင့်ယှဉ်ပြိုင် ပြိုင်ပွဲဝင်ခဲ့ဖူးပါသည်။ ရန်ကုန်တက္ကသိုလ် အားကစားကွင်းထဲမှာ အရှေ့တောင်အာရှ ပြိုင်ပွဲဝင်မည့် အားကစားသမားများနှင့်လည်း တွေ့ဆုံ လေ့ကျင့်ဖူးပါသည်။ အဲဒီတုန်းက အလွန် နာမည်ကျော် ထင်ရှားခဲ့သော မြန်မာ့လက်ရွေးစင်များဖြစ်ကြသော 'မရ' ညီနောင်များ အပါအဝင်ပေါ့။ နည်းပြဆရာကြီးများမှ ပို့ချ အသိပေးချက်များကို ဒီဆောင်းပါးနှင့်အလျဉ်းသင့်၍ ဖော်ပြလိုက်တာပါ။

အဲဒီပို့ချချက်မှ စာရေးသူ မှတ်သားထားတာက ကားတစ်စီး ရွေ့လျားပြေးသွားနိုင်ဖို့ ပါဝါ စွမ်းအင်အဖြစ် လောင်စာကို လောင်ကျွမ်းပြီးမှ ရရှိကြောင်း၊ ထို့အတူ လူများ လှုပ်ရှားပြေးလွှားနိုင်ရန် ပါဝါစွမ်းအင်ကို လောင်စာဖြစ်သော ခန္ဓာကိုယ်အတွင်းရှိ သကြားဓာတ် (အချို)အား လောင်ကျွမ်းပြီး ရကြောင်း၊ အဲဒါကြောင့် သွေးထဲမှာရှိသော အချိုဓာတ်ကို အပူပေး၍ လောင်ကျွမ်းနိုင်အောင် ကိုယ်လက် လှုပ်ရှားပေးရကြောင်း၊ ကိုယ်လက် လှုပ်ရှားသည်နှင့် အဲဒီ သကြား (အချို)ဓာတ်တွေကို လောင်ကျွမ်း ခြေဖျက်ပြီး စွမ်းအင်အဖြစ် ထွက်လာကြောင်း၊



အဲဒါကြောင့် မင်းတို့ လေ့ကျင့်ပြေးလွှား လှုပ်ရှားစွမ်းအင်သုံးခဲ့သမျှ အချိုဓာတ်၊ ရေ၊ ဆားဓာတ်တို့ကို ပြန်ဖြည့်ပေးရန် လိုအပ်ကြောင်း အသိပေးသင်ပြပေးခဲ့တာကို စာရေးသူတို့ အပြေး လေ့ကျင့်ပြီးနောက် ကစားကွင်းဘေးမှာ တဒေါင်ဒေါင် ခေါက်ရောင်းနေသော သံပရာရည် ကုလားထဲမှ သကြားများများ ဆားများများထည့်ပြီး ဝယ်သောက်ခဲ့တာတွေကို ပြန်လည်အသိပေးလိုပါ၏။

ဆက်လက်ပြီး အဲဒီဆရာကြီးတွေကပဲ လှုပ်ရှားလေ့ကျင့်မှု နည်းသူများအတွက် အချိုဓာတ်များသော အစားအသောက်များကိုလည်း သတိပြု ဆင်ခြင်စားရန် အသိပေးပြန်ပါ၏။ အလွန်ထူးခြားတာက

'ငါတို့ခန္ဓာကိုယ်ထဲမှာ အစားအသောက်ကရတဲ့ အချိုဓာတ်၊ ကာဘိုဟိုက်ဒရိတ်တွေကို လှုပ်ရှားမှုဖြင့် ခြေဖျက်၍ရသလို၊ လှုပ်ရှားမှု နည်းသူတို့ရဲ့ ပိုနေတဲ့ အဲဒီ အချိုဓာတ်ကိုလည်း ခြေဖျက်ပေးနိုင်တဲ့ ဓာတ်ပစ္စည်းတစ်ခုကို ခန္ဓာကိုယ်စက်ကြီးက အလိုအလျောက် ထုတ်ပေးနေတယ်၊ အဲဒီဓာတ်က အင်ဆူလင်လို့ ခေါ်တယ်'ဟု ဆိုပါ၏။

ဒါဆို

'အစားအသောက်ကရတဲ့ ပိုလျှံ အချိုဓာတ်တွေကို ခန္ဓာကိုယ်ရှိ ပန်ကရိယက အင်ဆူလင်တွေ ထုတ်ပေးပြီး ခြေဖျက်နေတာပဲ၊ ငါတို့ စားချင်သလောက် စားမယ်လို့တော့ မလုပ်ကြနဲ့၊ အချိုဓာတ်ပါ အစာ အစားများလို့ အချိုဓာတ် အဝင်များပြီး ခြေဖျက်နိုင်တဲ့ အင်ဆူလင် အထုတ်နည်းရင်လည်း အဲဒီ ပိုလျှံတဲ့ အချိုဓာတ်တွေ သွေးထဲရောက်သွားရော၊ အဲဒါမှ တကယ့်အန္တရာယ်ကွ' တဲ့။

'ဘာလို့လဲဆိုတော့ အသက်အန္တရာယ်အထိ ဒုက္ခပေးနိုင်တဲ့ ဆီးချို သွေးချို အစဖြစ်လို့ပဲ' ဟု အသိပေးခဲ့တာကို ပြန်လည်ဖော်ပြပါရစေ။

ထိုအခါ ခန္ဓာကိုယ်က အင်ဆူလင်ထုတ်ပေးမှုနည်းလို့ ဆီးချို သွေးချို စဖြစ်လာတာနှင့် အင်ဆူလင်ဆေးစား၊ ဆေးထိုးရတာမျိုး အသိတစ်ခု ရခဲ့ပါ၏။ ထို့အတူ ဆီးချို သွေးချိုသည် မျိုးရိုးလိုက်တတ်သည်ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ လေ့လာသိရှိထားပါသည်။ မျိုးရိုးလိုက်ကာ ဆွေစဉ်မျိုးဆက် ရောဂါဝေဒနာ ခံစားကြရပြီး အချို့မျက်စိကွယ်၊ လက်ဖြတ်၊ ခြေထောက်ဖြတ်၊ သေဆုံး ကွယ်လွန်ခဲ့ကြပုံများကို ထိုမိသားစုဝင်များမှ ပြန်လည် ပြောပြကြတာကိုလည်း ကြားသိခဲ့ရပါ၏။

ထို့အပြင် ယခုအခါ ထိုဆွေမျိုးလိုက်ဖြစ်နေသော မိသားစု အတော်များများ ပျားမြီးရွက်အပင်များ လာတောင်းသွားကြပြီး မိသားစုအတွင်း ဆင့်ကဲ ဖြန့်ဝေနေကြတာလည်း တွေ့ရပါ၏။

'ဆီးချိုအစ ဆီးသွားရာက သိနိုင်တယ်'ဟု အဆိုရှိကြသလို၊ အချို့က ဒီအသိကို ဆီးသွားသည့်အခါတိုင်း ကိုယ်တိုင် သတိပြု ကြည့်ရှု ဆင်ခြင်နေသူ အချို့နှင့်လည်း ကြုံဖူးပါ၏။ အချို့ ကျတော့လည်း မသိကျိုးကျွန်နေတာမျိုးလည်း ရှိပါ၏။ အသိရှိသူက စောစောကုသမှု ခံယူနိုင်တာမျိုးလည်း တွေ့ရပါ၏။

အဲဒီလို သတိနှင့် အသိရှိသူများထဲက အလွန်ဂရုစိုက် ပြုမူနေထိုင်သူများနှင့် ဆုံတွေ့ဖူးပါ၏။ ဆီးသွားပြီးနောက် တစ်ကြိမ်သွားကြည့်သည့်အခါ ပုရွက်ဆိတ်များတက်နေလျှင် လည်းကောင်း၊ ဆီးအရောင် နောက်နေလျှင်လည်းကောင်း မြင်ရတွေ့ရပါက မိမိဆီးကို မိမိကိုယ်တိုင် လက်နှင့်တို့ကာ ပြန်လျက်ကြည့်ဖူးသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးလည်း ခြံထဲသို့ ရောက်လာပါ၏။

ထိုပုဂ္ဂိုလ်က

'နောက်နေ့ဆေးခန်းသွား ဆီးစစ်တော့ ဆီးချို စဖြစ်နေပြီလို့လည်း သိရရော၊ ကျွန်တော် အတော့်ကို ချောက်ချားသွားခဲ့ရပါတယ်၊ အကျိုးဆက်ကတော့ ခန္ဓာကိုယ် တစ်ဝက်ထိ ပိန်ကျသွားတာပါပဲ'ဟု ဆိုပါသည်။

'စာကြည့်တိုက်က သူရဇ္ဇမဂ္ဂဇင်းမှာ ပျားမြီးရွက် ဆောင်းပါးဖတ်ရပြီး စာအုပ်ပါယူလာတာပါ၊ ဒီနေ့ ကျွန်တော် ခွင့်ယူလာတယ်'ဟု အသိပေး ပြောဆိုခဲ့သော နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။

စာရေးသူက ပျားမြီးရွက်အပင်များနှင့် အညွှန်းစာရွက်ကို ပေးအပ်ပြီးနောက် စဖြစ်တာ ဘယ်လောက်ကြာပြီလဲဟုမေးရာ 'တစ်နှစ်လောက်ရှိပြီ'



ဟု ပြန်ဖြေပါ၏။ စာရေးသူကလည်း ၂၅ နှစ်ကျော် ရောဂါခံစားနေရသူများ၊ မျိုးရိုးလိုက် ရောဂါခံစားနေရသူများပင် ပျားမြီးရွက်နှင့် အဆင်ပြေကြကြောင်း၊ ဆရာလေးလည်း ဒီအလွန် အစွမ်းထက်တဲ့ ပျားမြီးရွက်က ပေးတဲ့ သဘာဝ သုခချမ်းသာကို အပြည့်အဝ ခံစားရရှိနိုင်မှာပါလို့ အားပေးစကား ဆိုမိတာ အမှန်ပါ။

လွန်ခဲ့သော ဆယ်ရက်ခန့်က ဆလွန်းကားလေးတစ်စီး စာရေးသူ၏ ခြံရှေ့သို့ ဆိုက်လာပါသည်။ ထိုကားပေါ်မှ မိသားစုသုံးဦး ဆင်းလာပါ၏။ စာရေးသူ၏ဇနီးက လူငယ်ကို မှတ်မိ၍ နှုတ်ဆက်သည့်အခါ ထိုလူငယ်ကလည်း ဝမ်းသာစွာဖြင့် သူ့မိဘနှစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။

ထိုလူငယ်သည် နိုဝင်ဘာလထဲမှာ သူရဇ္ဇမဂ္ဂဇင်းပါ စာရေးသူ၏ ဂမုန်းနက် ဆောင်းပါးဖတ်ပြီး စာပေတိုက်မှ လိပ်စာစုံစမ်းကာ သုံးရက်အတွင်း စာရေးသူ၏ခြံသို့ ရောက်လာသော ရန်ကုန်-ဒဂုံမြောက်-ဘေလီတံတားထိပ်ရှိ အောင်မြင်နေသော တီးစင်တာနှင့် မုန့်လုပ်ငန်းမှ ဖြစ်ပါသည်။

ခြံထဲသို့ရောက်ရောက်ချင်းပဲ မိခင်နှင့်လူငယ်က ပျားမြီးရွက် နှစ်ရွက်စီ တောင်းပြီး ဝါးစားကြပါသည်။ စကားဝိုင်းမှာ ဖခင်လုပ်သူက

'ကျွန်တော့်ဘဝမှာ အလိုအပ်ဆုံး၊ အကောင်းဆုံး လုပ်သင့်တဲ့အရာကို ရှာနေတာပါ၊ သူရဇ္ဇမဂ္ဂဇင်းမှာ ဆရာကြီးရဲ့ ဆောင်းပါးတွေဖတ်ပြီး အဲဒီဘဝကို ရွေးလိုက်ပါပြီ'ဟု ဆိုပါသည်။

ပြီးတော့ သားဖြစ်သူက

'ဒဂုံမြောက်မှာ မြေ ဆယ်ဧက ရှိပါတယ်၊ ဆရာကြီးလိုပဲ စိုက်ပျိုးရေးလုပ်၊ ဆေးပင်တွေစိုက် ကုသိုလ်ဒါနပြုမယ်'ဟု အားမာန်အပြည့်နှင့် ဆိုပါ၏။ စာရေးသူကလည်း အလွန်ဝမ်းသာ ဂုဏ်ယူပါကြောင်း ပြန်ကြားမိပါသည်။ ထို့နောက် စာရေးသူ ရေးသားထုတ်ဝေထားသော စိုက်ပျိုးရေး စာအုပ်ကိုလည်းပြပြီး ပေးလိုက်သော ဆေးဖက်ဝင်အပင်အချို့ကို လက်ခံယူ၍ ထိုမိသားစု ပြန်လည်ထွက်ခွာသွားကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါရေးသားဖော်ပြချက်တို့သည် ပျားမြီးရွက်အကြောင်း သုရဇ္ဇမဂ္ဂဇင်းတွင် ပါလာပြီးနောက် စာရေးသူတွေ့ဆုံခဲ့သည့် ဆီးချို သွေးချိုရောဂါနှင့် ပတ်သက်၍ အချို့သော ဝေဒနာရှင်များ၏ အဖြစ်အပျက်များပါ။ ရှေ့ဆက်၍လည်း တွေ့ရကြုံနေရဦးမည်ဟုလည်း မျှော်လင့်ထားတာ အမှန်ပါ။

ဒါပေမဲ့ ဒီလုပ်ရပ်ကို စာရေးသူကိုယ်တိုင် စိတ်ရော ကိုယ်ပါ စေတနာအပြည့်ဖြင့် ရွေးခဲ့တာပါ။ အလွယ်ပြောရလျှင်တော့ ကိုယ့်နောက် အမှန်ပါမည့် လုပ်ရပ်တစ်ခုအဖြစ် ရွေးခဲ့မိပါ၏။

ဒါကြောင့်လည်း ပျားမြီးရွက်အပင်လေးတစ်ပင်ရဖို့ ပျိုးထုပ်ငယ်လေးများကို ကြိုတင်ပြုပြင်၊ အချိန်ရောက်မှ ပျားမြီးရွက်အပင်ကြီးက ပျိုးကိုင်းတွေဖြတ်၊ ထိုပျိုးတုပ်တွေထဲမှာ ပျိုးယူ၊ ပျိုးကိုင်းတွေထည့်ပြီး နောက် အနည်းဆုံး သုံးပတ်နှင့်အထက် တစ်လကိုးသီတင်းရှိမှ အပင်ရှင်သန်လာပါသည်။ အဲဒီအခါကျမှသာ ထိုပျိုးပင်များကို အဝေးသို့ သယ်ယူနိုင်ရန် အဆင်ပြေ စိတ်ချရပါ၏။ အဲဒီအပင်တွေကိုပဲ ဆန္ဒရှိသလောက် ပေးအပ်နိုင်အောင် စာရေးသူကြိုးစားလုပ်ကိုင်နေတာ နှစ်နှင့်ချီကြာခဲ့ပါပြီ။ ပျားမြီးရွက် အပင်အိုးကြီးများမှာ ကတုံးနီးပါး ရှိလာနေသော်လည်း စာရေးသူကတော့ ဆက်၍ဆက်၍ လုပ်ကိုင်ဆဲ လုပ်ဆောင်သွားမှာပါ။

ပျားမြီးရွက်အပင်ပေးရတာကလည်း ဆီးချိုသွေးချို ရောဂါဝေဒနာအတွက် အပင် အဆင်သင့် အရွက်အသင့် ခူးစားနိုင်အောင်လို့ပါ။ စိုက်နည်း၊ ပျိုးနည်းလည်း ပြောပြ။ အညွှန်းစာရွက်များကိုလည်း အမြဲအသင့်ရှိအောင် လုပ်ကိုင်နေပါသည်။ စာရေးသူအနေဖြင့် ပျားမြီးရွက်စားသုံးပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပျော်ရွှင်မှုလွှမ်းသော အပြောပြန်ကြားရသည့် ပီတိချမ်းသာကိုသာ အမှန် ရယူခံစားနေပါ၏။

ပျားမြီးရွက် စားသုံးမှီဝဲသူတိုင်း ပျားမြီးရွက်ကပေးသော သုခချမ်းသာအပြည့်အဝ ရရှိခံစားနိုင်ကြပါစေလို့ အမြဲ ဆုမွန်တောင်းလျက်ပါ။

[ သုရဇ္ဇမဂ္ဂဇင်း ။ ။ မေ၊ ၂၀၀၈ ]



## ဆီးချို၊ သွေးချို ရောဂါဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၂

စာရေးသူသည် ပျားမြီးရွက်အပင်များ စိုက်ပျိုးမျိုးပွား၍ ဆီးချိုသွေးချိုရောဂါဝေဒနာရှင်များ တောင်းခံလာသည့်အခါ ဒါနပြု ကုသိုလ်လုပ်လှူဒါန်းပေးကမ်းနေသည်မှာ ၃-၄ နှစ် ရှိခဲ့ပါပြီ။ စေတနာ ဝါသနာ ဗီဇအရအပင်များစိုက်ပျိုး ကုသိုလ်ပြုစဉ်က ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ အလိုရှိသူများ လက်ဝယ်သို့ မျှဝေပေးရုံ ရည်ရွယ်ခဲ့တာ အမှန်ပါ။ ရောဂါဝေဒနာရှင်များကိုယ်တိုင် ပျားမြီးရွက်ကို စားသုံးမှီဝဲခဲ့ကြရာက အကျိုးထူးများ ရရှိခံစားခဲ့ရတာကြောင့် အချင်းချင်း သတင်းပျံ့သွားရာမှ လက်လှမ်းမှီရာ အခြားသော ဝေဒနာရှင်များပါ လက်ဆင့်ကမ်း သိရှိလာပြီး ပျားမြီးရွက်အပင်၏ ဆေးစွမ်းထက်မြက်မှုကြောင့် တစ်မုဟုတ်ချင်းဟု ဆိုရလောက်အောင် လပိုင်း၊ ရက်ပိုင်းအတွင်း သတင်းပျံ့နှံ့သွားခဲ့ရပါသည်။

စာရေးသူလည်း အလွန်အံ့ဩ ဝမ်းသာသွားခဲ့ရပါ၏။ ပျားမြီးရွက်စားသုံးသူများထံမှ ထူးခြားသတင်းကောင်းများ ပြန်လည်ကြားသိရာက

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဖြစ်စဉ်သတင်းများအဖြစ် စာဖတ်သူများအား ဆောင်းပါးများ ရေး၍ အသိပေးမိပြန်ပါ၏။ ပျားမြီးရွက်အပင်နှင့် ပတ်သက်သော ပထမဦးဆုံးဆောင်းပါး ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလထုတ် သူရဇ္ဇ မဂ္ဂဇင်းကြီးမှာ ပါရှိခဲ့ပါသည်။ ထိုဆောင်းပါးကြောင့် အချိန်တိုအတွင်းမှာပဲ ပျားမြီးရွက်အကြောင်းနှင့်ပတ်သက်ပြီး လက်လှမ်းမီရာ ပြည်နယ်တိုင်း မြို့နယ် ရပ်ကွက် ကျေးရွာများအထိ သတင်းပျံ့နှံ့သွားပြန်ပါ၏။

အကျိုးဆက်ကတော့ ပျားမြီးရွက်အပင်တောင်းခံလာသူ ဝေဒနာရှင် အမြောက်အမြားနှင့် ထပ်မံတွေ့ဆုံရပြီး ထူးခြားသော နောက်ထပ် သတင်းကောင်းများ ထပ်မံကြုံရကြားရ သိရပြန်ပါသည်။ အဲဒါကြောင့် ဆီးချို သွေးချို ရောဂါဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ခေါင်းစဉ်ဖြင့် ဒုတိယဆောင်းပါး ရေးဖြစ်ခဲ့ပြန်ပါ၏။ ထိုဆောင်းပါးလည်း ၂၀၀၈ ခုနှစ်၊ မေလထုတ် သူရဇ္ဇမဂ္ဂဇင်းကြီးမှာ ပါရှိခဲ့ပြီး ဖြစ်ပါသည်။

ထိုဆောင်းပါးများမှာ တင်ပြရေးသားဖော်ပြခဲ့သလို ဆီးချို သွေးချိုနှင့် ပတ်သက်၍ အစားအသောက်ကြောင့်လည်းကောင်း၊ မျိုးရိုးကြောင့်လည်းကောင်း၊ ရောဂါဝေဒနာရှင်များနှင့် ပျားမြီးရွက်အပင်များ မျှဝေနေသူ စာရေးသူနှင့် အလျဉ်းသင့်သလို အချိန်နှင့်အမျှ ဆုံရ ကြုံရပြန်ပါ၏။ အဲဒီလိုနှင့် ထူးခြားဖြစ်စဉ် သတင်းကောင်းများအဖြစ် ပညာရှင်အချို့နှင့် တွေ့ဆုံဖလှယ်ရာမှ ရရှိမှုကိုအခြေခံပြီး ဆီးချို သွေးချို ရောဂါဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၂ ခေါင်းစဉ်ဖြင့် ဤတတိယဆောင်းပါးကို စာဖတ်သူများသို့ ထပ်မံ အသိပေး ရေးသားဖော်ပြလိုက်ရပါသည်။

လွန်ခဲ့သော ၂၁၊ ၃၊ ၀၈ ရက် တပေါင်းလပြည့်နေ့က ၁၉၈၃-၈၆ ခု ပညာသင်နှစ် ပျဉ်းမနား အထက ၁၊ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲသို့ ဖိတ်ကြားချက်အရ စာရေးသူ တက်ရောက်ခဲ့ပါ၏။ တပည့်ဟောင်းများ လုပ်ဖော်ကိုင်ဖက်ဟောင်း ဆရာ ဆရာမများ၊



ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများနှင့် ပြန်လည်တွေ့ရဆုံရပြန်ပါသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်က တပည့်များ၊ ဆရာ ဆရာမများနှင့် ကိုယ်တိုင် သင်ကြားပြသပေးခဲ့သော စာသင်ခန်းထဲမှာ အပြုံးများစွာဖြင့် ဆုံရတွေ့ရတော့ စာရေးသူ တစ်ကျော့ပြန်ပီတိခံစား ဝမ်းသာကြည်နူးဖြစ်ခဲ့ရတာ အမှန်ပါ။ ဒါကလည်း စာရေးသူ ရေးသားဖော်ပြမည့် ဆောင်းပါးနှင့် အခြေခံ ပတ်သက်နေ၍ အနည်းငယ် ဖော်ပြမိတာပါ။

အခမ်းအနားမစခင် ပင်စင်စားဆရာကြီး၊ ဆရာမကြီးများ၏ဝိုင်းမှာ အငြိမ်းစား တိုင်းပညာရေးမှူး ဆရာကြီး ဦးသိန်းလွင်က စာရေးသူအား-

'ဆရာရေ ကျန်းမာအောင် ဂရုစိုက်နေထိုင်နေတဲ့ကြားက အရွယ်အရ ဖြစ်လာတဲ့ ဝေဒနာကြောင့် ဆေးစစ်ခံခဲ့ရာက ဆီးချို ဖြစ်နေပြီတဲ့ဗျာ၊ မမျှော်လင့်တဲ့ရောဂါမို့ ကျုပ် တုန်လှုပ်မိတာ အမှန်ပဲ' ဟု အစချီ၍ ဆရာကြီး၏ ပြောကြားချက်ကို ကြားသိခဲ့ပါ၏။ ဆရာကြီးက ဆက်၍ 'ခင်ဗျားရေးတဲ့ ဆောင်းပါး သူရဇ္ဇမဂ္ဂဇင်းမှာ ဖတ်ရလို့ ပျားမြီးရွက်အပင် တောင်းဖို့ သားကို လွှတ်လိုက်ရတယ်၊ ခင်ဗျား ပေးလိုက်တဲ့ ပျားမြီးရွက် အပင်ကိုလည်း စိုက်ထားပါပြီ' ဟု ဆိုပါ၏။

စာရေးသူကလည်း ပျားမြီးရွက်အပင်နှင့် ပတ်သက်သော ထူးခြားဖြစ်စဉ်အချို့ကို အသိပေးပြောပြဖြစ်ခဲ့ပါသည်။ ထိုအခါ ဆရာကြီးက ပညာရှင်ပီပီ 'ဒါနဲ့ မေးရဦးမယ်၊ ဆီးချို သွေးချို ရောဂါဝေဒနာကို ခေတ်မီဆေးဝါးတွေက ဘာလို့ကျအောင် ပျောက်အောင်မကုနိုင်တာလဲ၊ ဒီပျားမြီးရွက် ဝါးစားရုံနဲ့ ဆီးချို သွေးချို ဝေဒနာကျတာတော့ အံ့သြစရာပဲဗျ၊ ဘာလဲ ဆီးချို သွေးချို ကျစေတဲ့ အင်ဆူလင်ကို အလုံအလောက် ပျားမြီးရွက်က ထုတ်ပေးနိုင်တဲ့ သဘောလား' ဟု စူးစမ်းမေးမြန်းလာပါ၏။

'ဟုတ်တယ်ဆရာကြီး၊ ပျားမြီးရွက် ဝါးစားရုံနဲ့ ဆီးချိုအမှတ် ပြုတ်ကျတာကို အတော်လေး ဝိုင်းဝန်း ဆွေးနွေးလာကြပါပြီ၊ ဆေးပညာအရ ပျားမြီးရွက်က အင်ဆူလင် အလုံအလောက် ထုတ်ပေးနိုင်တာ ဖြစ်နိုင်ခြေ

www.burmeseclassic.com



များပါတယ်၊ ဒါကလဲ သုတေသနနဲ့ဆိုင်လို့ မကြာခင် အဖြေမှန် ထွက်လာနိုင်မယ်လို့ မျှော်လင့်ပါတယ် ခင်ဗျာ' ဟု ဆရာကြီး၏ မေးမြန်းချက်ကို စာရေးသူ အလေးထား ပြန်ဖြေမိသည်။

'ဒါနဲ့ တစ်ဆက်တည်း ခင်ဗျားကို အသိပေးရဦးမယ်၊ ကျုပ်အသိလူနာ တစ်ယောက် ခြေချောင်းလေး သုံးချောင်း အဖြတ်ခံထားရတာ၊ အနာမကျက်လို့ ပျားမြီးရွှက်စားမှ ငါးရက်အတွင်း အနာအားလုံး ကျက်သွားပျောက်သွားတယ်' ဟုလည်း ဆရာကြီးက ဆိုပါ၏။

ထိုအချက်နှင့် ပတ်သက်ပြီးတော့လည်း သုံး လေး နှစ်အတွင်း ပျားမြီးရွှက် စားပြီးနောက် ဆီးချို သွေးချို ဝေဒနာရှင်များ သိသာထင်ရှားစွာ အကျိုးထူး ခံစားကြရရုံမက ရောဂါကြောင့် နောက်ဆက်တွဲ ဖြစ်လာသည့် ဝေဒနာများနှင့် ပတ်သက်ပြီး အနာအတော်များများ ပျောက်ကင်းသက်သာကြတာ အမှန်ပါပဲ ဆရာကြီး ဟု စာရေးသူ၏ တွေ့ရှိချက်ကို အသိပေးမိပါသည်။

ဆက်လက်၍ စာရေးသူတို့မြို့မှ နာမည်ကြီး ဆေးပညာရှင်ကြီး တစ်ဦး၏သမီး ရောက်လာပုံကို ဖော်ပြလိုပါ၏။ သူမ စာရေးသူ၏ ခြံသို့ ပျားမြီးရွှက်အပင် လာတောင်းစဉ် ဇနီးက မြင်ဖူးသလိုရှိကြောင်းပြောရာမှ ထိုဆရာကြီး၏သမီး ဖြစ်ကြောင်း မိခင်လည်း ဆီးချို သွေးချို ရောဂါဖြင့် ခြေတစ်ဖက် အဖြတ်ခံရပြီးနောက် ဆုံးသွားကြောင်း ယခုလည်း မိတ်ဆွေ တစ်ဦး ညွှန်လိုက်လို့ လာခဲ့ကြောင်း ပြောပြ၍ သိရပါသည်။ ဇနီးသည်က ပျားမြီးရွှက်အပင်များနှင့် အညွှန်းစာရွက်ကိုပေးခါ လတ်တလော စားသုံးရန် ပျားမြီးရွှက်အချို့ကိုလည်း ခူးထည့်ပေးလိုက်ပါ၏။ အပင် အား မတက်ခင် အရွက်လာယူနိုင်ကြောင်း အသိပေးလိုက်ရာ နောက် ၃ ရက် အကြာ အလုပ်သမား နှစ်ဦး ပျားမြီးရွှက်များ လာတောင်းသွားပါသည်။

ဤကဲ့သို့သော မျိုးရိုးစဉ်ဆက်ဖြစ်ပွားတတ်သော ဆီးချို သွေးချို ရောဂါဝေဒနာရှင်များ ပျားမြီးရွှက်ကို ပုံမှန် စားသုံးသွားပါက ရောဂါကို



ကြိုတင်ကာကွယ်ထိန်းထားနိုင်ခြင်း ပြုလုပ်၍ မရနိုင်ဘူးလား ဆိုသည့် အချက်ကို တွေးကြ၊ ဆွေးနွေးကြ သုံးသပ်လာကြတာ တွေ့ရှိလာတာကို အမြဲတွေ့နေရပါသည်။

၂၇၊ ၃၊ ဝ၈ ရက်နေ့၊ နံနက် ၆း၀၀ နာရီခန့်တွင် ကားတစ်စီး ဆိုက်ရောက်လာခါ ကားပေါ်မှ ဆရာဦးသန်းထွန်း (တိုင်း ၇၂ - မြန်မာ့ ဆက်သွယ်ရေး ရောဝတီတိုင်း) နှင့်အဖွဲ့ ဆင်းလာပါ၏။ စာရေးသူက ဝမ်းသာစွာ ခရီးဦးကြိုဆိုမိပါ၏။ သူရဋ္ဌမဂ္ဂဇင်းမှာ ပျားမြီးရွှက်အကြောင်း ဆောင်းပါး ပါလာပြီးနောက် ပျားမြီးရွှက်အပင်တွေ အမြောက်အမြား စိုက်ပျိုး မျိုးပွား မျှဝေနေရကြောင်း ဆရာ့ကို အသိပေးမိပါသည်။

ဆီးချို သွေးချို ဝေဒနာရှင်တွေကို ပျားမြီးရွှက်အပင်များ မျှဝေနိုင်တာ ဆရာဦးသန်းထွန်းကိုယ်တိုင် အပင်တစ်ပင် လာရောက် ပေးပို့ခဲ့တာက စခဲ့တာပါ။ ဆရာက နေပြည်တော်အစည်းအဝေးကိုလာခဲ့ကြောင်း၊ ယခုပဲ ပြန်တော့မှာဖြစ်ကြောင်း၊ ပြီးတော့ ရောဝတီတိုင်းက မြို့တစ်မြို့မှာ ဒီပျားမြီးရွှက် အပင်ကို ဂုံးလုပ်တင်ထားတာ အုံကြီးဖြစ်နေကြောင်း အသိပေးသွားပါ၏။ စာရေးသူလည်း ထိုကဲ့သို့ စိုက်ပျိုးပြုလုပ်ရန် ရည်ရွယ်ထားပါသည်။

၃၀၊ ၃၊ ဝ၈ ရက်နေ့၊ နံနက်ပိုင်းတွင် ဆိုင်ကယ်တစ်စီးဖြင့် လူလတ်ပိုင်း အမျိုးသား၊ အမျိုးသမီး နှစ်ဦး ခြံထဲသို့ ဝင်လာကြသည်။ ပြီးတော့ 'သမီးကို ကံသာအေးဆေးခန်းက လွှတ်လိုက်လို့ လာတာပါ၊ ဆေးစစ်သွားတော့ ပျားမြီးရွှက်အကြောင်း ပြောပြလို့ပါ' ဟု အစချီကာ သူမ မျိုးရိုးလိုက် ရောဂါဝေဒနာ ခံစားရပုံကို ရှင်းပြလာပါသည်။

သူမ မိခင်လည်း ဤရောဂါနှင့်ပင် ဆုံးပါးသွားရကြောင်း သူမလည်း ဒီအသိကြောင့် စိုးရိမ်ကြောင့်ကြကြီးစွာ ရှိနေတဲ့အထဲက လွှဲရှောင်လို့မရသဲ့ ရောဂါဝေဒနာ ခံစားလာရကြောင်း၊ ဘဝအတွက် ရုန်းကန်လှုပ်ရှားနေရတာက တစ်ဖက်၊ ရောဂါဝေဒနာ စိုးရိမ်ကြောင့်ကြ ဖိစီးမှုဒဏ်က တစ်ဖက် နှင့် ဘဝကိုရင်ဆိုင် လျှောက်လှမ်းလာခဲ့ကြောင်းများကို မိကာပတ်ကုံး

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြရုံမက ကောင်းတယ်ဆိုတဲ့ဆေးမှန်သမျှ ရအောင်ရှာပြီး မှီဝဲစားသုံးနေခဲ့ပေမယ့် ရောဂါဝေဒနာက မပျောက်ရုံမက မြင့်တက်လာကြောင်း အစချီကာ ပြောပြနေရင်းက အဆိုးဆုံးကတော့ အဘရေ ရောဂါအချိန်တက်လာပြီဆိုရင် ခြေဖျား လက်ဖျားနဲ့ ခေါင်းတွေ ပူလောင် နာကျင်ကိုက်ခဲလာတာပါပဲ၊ အဲဒီလိုဖြစ်လာပြီဆိုရင် စိတ်လိုက်မာန်ပါ တစ်ခုခုကို လုပ်ချင်စိတ်ပေါက်လာကြောင်း စိတ်လိုက်မာန်ပါ လုပ်မိပြန်ရင်လည်း လူကို ပုံကျသွားတယ်၊ အထူးသဖြင့် ဆိုက်ကယ်နောက်က လိုက်စီးနေတုန်း ဒီလိုခံစားရမှာ သိပ်ကြောက်တာ အဘရဲ့' ဟု သနားစရာ ပြောပြလာပါ၏။

စာရေးသူကလည်း ပျားမြီးရွက်အပင်ကို စိုက်ပျိုးပြုစုထားရန် အပင်အားကောင်းလာလျှင် အရွက်ခူးပြီး ပုံမှန်ချင့်ချိန် စားသုံးနေကြသော ဆီးချို သွေးချို ရောဂါဝေဒနာရှင်များနှင့် မျိုးရိုးလိုက်ဖြစ်ပွား ရောဂါခံစားနေရသော ဝေဒနာရှင်များ ဝေဒနာကို ပုံမှန် ထူးခြားစွာ ထိန်းထားနိုင်တာကို အသိပေး အားပေးမိပါသည်။

၁၊ ၄၊ ဝ၈ ရက်နေ့ နံနက်တွင် ခြံထဲမဆင်းခင် လိုအပ်သည်များကို စာရေးသူ ပြင်ဆင်နေခိုက် ခြံအဝင်ဝသို့ စက်ဘီးတစ်စီးဖြင့် အမျိုးသားနှင့် အမျိုးသမီးငယ်တစ်ဦး နေကာမျက်မှန် တပ်ထားလျက် ရောက်ရှိလာကြပါသည်။ အမျိုးသားလေးက စက်ဘီးဒေါက်ထောက်ပြီးနောက် ရပ်နေသော မိန်းကလေးကို လက်ဆွဲဝင်လာပါ၏။

ထိုအခါကျမှ မိန်းကလေး မျက်စိ မမြင်ကြောင်း သိရပါတော့သည်။ လူငယ်က ဂရုစိုက် လက်တွဲဝင်လာစဉ် စာရေးသူကလည်း ထိုင်ရန် နေရာပေးမိပါ၏။ သူမ ထိုင်ပြီးနောက် တပ်ထားသော မျက်မှန်လေးကို ချွတ်လိုက်သောအခါ မျက်စိမမြင်၍ ငေးကြောင်ကြောင်ထိုင်နေပုံ၊ သနားစရာ မြင်ကွင်းလေးကို စတင်တွေ့လိုက်တော့ စာရေးသူ အလွန် စိတ်ထိခိုက်မိတာ အမှန်ပါ။ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်း၊ ဝတ္ထုဇာတ်လမ်းမျိုး မဟုတ်ဘဲ တကယ်ဖြစ်နေတာကို မြင်ရတာပါလားဆိုသည့် အသိက စာရေးသူကို ပိုခံစားမှုဖြစ်ရပြန်ပါသည်။



အရွယ်လေးက အရွယ်ကောင်း အရုပ်အမောင်း အသားအရေ ရုပ်ရည်ကအစ လှပကျက်သရေရှိလိုက်တာ ဩော်၊ ငါ့သမီးလေးသာ ဒီလိုဖြစ်ခဲ့လျှင် ဆိုသည့် စာနာသနားစိတ်က ရင်နင့်စေပြန်ပါ၏။ အကျိုးအကြောင်း မေးတာကို မိန်းကလေးက ရှေ့ကိုငေးစိုက်ခါ တည်ငြိမ်စွာ စတင် ပြောပြလာပါသည်။ သူမ အသံ အနေအထား ခံစားမှုအပြည့်နှင့် သူမ အပြောလေးကြောင့် ဇနီးဖြစ်သူလည်း အနားမှာလာထိုင်ကာ စိတ်မကောင်းစွာဖြင့် နားထောင်နေပါ၏။

'အဘ အရွယ်နော်ဟုဆိုကာ သမီးရဲ့အမေလည်း ဒီရောဂါနဲ့ ဆုံးသွားတာပါ။ သမီးလဲ ဒီအသိနဲ့ ဆင်ခြင် စားသောက်နေထိုင်တာပါပဲ အဘ၊ ဒါပေမဲ့ အချိန်ရောက်တာနဲ့ ရောဂါ စဖြစ်တာပါပဲ အဘရယ်၊ အဖေကလည်း စီးပွားရှာရင်း ဆေးဖိုးပေး ဂရုစိုက်နေထိုင် စားသောက်ဖို့လောက်ပဲ ပြောကြား မှာကြားနိုင်ပါတယ်၊ သွားလာတဲ့အခါ ခလုတ်တိုက်မိရင် အနာဖြစ်မှာလဲ ကြောက်၊ ခြင်ကိုက်လို့ ယားလို့ ကုတ်ရင်တောင် အနာဖြစ်မှာကြောက်လို့ မကုပ်မိအောင် နေရတာမျိုးလဲ အခါခါပါပဲ၊ အနာဖြစ်ရင်လဲ မပျောက်တော့ဘူး အဘရဲ့ ပျောက်သွားရင်လဲ' ဟု ဆိုခါ ကန်တော့နော် အဘဟုဆိုပြီး သူမ၏ခြေသလုံးသားလေးကို လှပ်ပြလာပါသည်။

'ဒီလို ရုပ်ပျက်ဆင်းပျက် အနာရွတ်ကြီးတွေ ကျန်နေတာ အဘရဲ့'ဟု မချိတင်ကဲ ပြောပြလာပါ၏။

စာရေးသူ ပျားမြီးရွက်အပင်များ စိုက်ပျိုးမျိုးပွား ကုသိုလ်ပြု မျှဝေနေတာ နှစ်များစွာ ကြာပါပြီ။ တွေ့ရဆုံရသည့် ဆီးချို သွေးချို ဝေဒနာရှင်များသည် လူရွယ်လူကြီးပိုင်းများသာ များပါ၏။ ဤမိန်းကလေးလို ယခုခေတ်အလှမယ်လေးများကဲ့သို့ အလှအပနှင့် ပြည့်စုံပြီး အရွယ်တင့်တယ်သော ငယ်ရွယ်သူများနှင့် မကြုံတွေ့ဖူးတာ အမှန်ပါ။ လူနာ ရောဂါသည်ပေါင်းမြောက်မြားစွာနှင့် နှစ် ၄၀ ကျော် တွေ့ထိ နီးစပ်ခဲ့သော ဇနီးသည် မြင်ယံသူနာပြုဆရာမကြီးပင် သူမကို ကြည့်နေပုံက စိတ်ထိခိုက်ခံစားနေပုံထင်ရှားနေတာကိုလည်း သတိပြုမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက ဆက်၍ ရှင်းပြပြန်သည်မှာ 'အဲဒီလိုနဲ့ ဆေးဝါးတွေ ပုံမှန်မှီဝဲ စားသောက်နေတဲ့ကြားက တဖြည်းဖြည်း ပိုဆိုးလာပြီး မျက်စိအမြင် ဝါးတားတား၊ မသဲမကွဲ ဖြစ်လာခဲ့တယ် အဘ၊ မျက်စိဆရာဝန်နဲ့ ပြသကုသရာက ခွဲမှဖြစ်မယ်ဆိုလို့ ခွဲကုခဲ့ရပါတယ်၊ ဒါပေမယ့် အဘရယ် ကံဆိုးချင်တော့ အခု လုံးဝ မမြင်ရတော့ဘူး၊ ငါးလကြာရင် နောက်မျက်စိတစ်လုံးလဲ ခွဲမှကောင်းမယ်' ဟု ဆရာဝန်ကဆိုကြောင်း ဝမ်းနည်းစွာဖြင့် သူမက ဆိုပါ၏။

သနားစရာကောင်းလိုက်တဲ့ကလေးမ၊ ကံဆိုးလိုက်တဲ့ကလေးမ၊ အဲဒီခံစားချက်နဲ့အတူ စာရေးသူက 'သမီးရေ အားတင်းထား အဘ မျှဝေနေတဲ့ ပျားမြီးရွက်အပင်က အလွန်စွမ်းတယ်သမီးရဲ့၊ သမီးက ငယ်ငယ်လေး ရှိသေးတယ်၊ ၂၅ နှစ်ကျော် ဝေဒနာခံစားနေရတဲ့ ဆေးဖက်ပညာရှင်ကြီး တစ်ဦးတောင် ဒီပျားမြီးရွက်ကို လက်ခံတယ်သမီး' ဟု အားပေးမိသလို ပျားမြီးရွက်နှင့် ပတ်သက်ပြီး ထူးခြားဖြစ်စဉ်အချို့ကိုလည်း အသိပေးမိပါသည်။

'သမီးလဲ ဆီးချို သွေးချို ရောဂါဝေဒနာနဲ့ ပတ်သက်ပြီး၊ အခြားပျောက်ကင်းသက်သာနိုင်တဲ့ ဆေးများ၊ ပရဆေးပင်၊ ဆေးရွက်များအကြောင်း သိရ ကြားရပါတယ်၊ ဒါပေမယ့် အဘရယ်၊ သမီးက အဲဒီအရွက်တွေ စားရသောက်ရမှာ ကြောက်တယ်' အခုတော့၊ တစ်ရပ်ကွက်တည်းနေ ရောဂါသည် အမျိုးသမီးကြီး တစ်ဦးက ပျားမြီးရွက်အပင် စိုက်ထားပြီး သူလည်းစားနေတာ အကျိုးထူးကြောင်း ပြောပြီး သမီးကို နှစ်ရွက် နူးလာ စားခိုင်းပါတယ်၊ နှစ်ကြိမ်စားပြီး ထူးလို့ အခုလို အဘဆီကို လာခဲ့တာပါ' ဟု ပြောဆို အသိပေးပါ၏။

ဒါနဲ့ သမီးတို့ ဘယ်မှာနေလဲ။ ပြီးတော့ သမီးလို မျိုးရိုးလိုက် ရောဂါဖြစ်တတ်သူတွေ ဝေဒနာတက်လာရင် ထူးထူးခြားခြား ခံစားရတာမျိုးရှိတယ်လို့ သိရတယ် သမီးကော အဲဒီလို ဖြစ်ဖူးသလားဟု စာရေးသူက မေးရာ



မိန်းကလေးက 'မင်္ဂလာ မီးရထားရပ်ကွက်မှာ နေပါတယ် အဘ၊ ဖြစ်ဖူးပါတယ်၊ သမီးလည်း ဝေဒနာတက်လာရင် တစ်ကိုယ်လုံး ပူလောင်ကိုက်ခဲလာပြီး တစ်ခုခုကို ကုတ်ဖဲ့ရိုက်ချင်စိတ်ဖြစ်လာ စိတ်တိုလာပါတယ်၊ စိတ်လိုက်မာန်ပါ လုပ်လိုက်ပြီးရင်လဲ ပုံကျသွားတာပဲ အဘရယ်' ဟု ဖြေပါသည်။

စာရေးသူ၏ ဇနီးက နေရာမှထ၍ ပျားမြီးရွက် အပင်ငယ်များနှင့် အညွှန်းစာရွက်အပြင် လတ်တလောစားရန် ပျားမြီးရွက်များခူးပြီး ယူလာပေးပါသည်။ အညွှန်းစာရွက်ကို လူငယ်လက်ထဲ ထည့်ပေးလိုက်ပါ၏။ ပျားမြီးရွက်ကို အညွှန်းအတိုင်း ဝါးစားကြည့်ပေါ့။ အဘတို့မြို့မှာ လက်လှမ်းမီသမျှ ရောဂါဝေဒနာရှင်များမှာတော့ ငါးရက်လောက်ဆို ထူးခြားမှု ရှိလာကြောင်း၊ ဆီးချိုသွေးချိုလည်း ပုံမှန်အဆင့်ထိ ရောက်ကြောင်း၊ အနာများလည်း အကျက်မြန်၊ အပျောက်မြန်ကြကြောင်း ရှင်းပြ အသိပေးမိပါသည်။ ပျားမြီးရွက်အပင်များ စိုက်ပျိုးပြုစုပုံလည်း အသိပေးလိုက်ပါ၏။

'သမီးရေ ပျားမြီးရွက်အပင်က ရှင်သန်လွယ်ရုံမကဘူး၊ အပင်ဖြစ်အားလည်း အလွန်ကောင်းတယ် နေရောင်ထဲမှာစိုက်ရင် ပိုဖြစ်တယ်၊ အပင်က အရွက်ခူးစားလို့ မရသေးခင် အဘဆီက အရွက်တွေ ယူခိုင်းလိုက်ပါ၊ သမီးကိုယ်တိုင် မလာပါနဲ့' ဟု မှာကြားလိုက်ပါသည်။

ပျားမြီးရွက်အပင်များကို ရယူသွားပြီးနောက် သူလေးက အဘကို ကန်တော့ဦးမယ်ဟု ဆိုလာပါသည်။ 'လက်တွေ့မကာန်တော့နဲ့ သမီး၊ အဘ ခံယူလိုက်မယ် သမီးခံစားနေရတဲ့ ဝေဒနာတွေ အမြန်ပျောက်ကင်း သက်သာသွားပြီး သုခချမ်းသာအပြည့်အဝ ခံစားရပါစေလို့ ဆုပေးလိုက်တယ်၊ သမီးလည်း ဘုရားရှိခိုး ဆုတောင်း၊ တရားထိုင် ကိုယ်တတ်နိုင်သလောက်ပေါ့ကွယ်' ဟု မှာကြား တိုက်တွန်းမိပါ၏။

ထို့နောက် သူကလေးက စက်ဘီးကယ်ရီယာပေါ် ထိုင် သူ့ကောင်လေးက ဂရုတစိုက် စက်ဘီးပေါ် တက်နင်းသွားပုံ အစအဆုံးကို စာရေးသူနှင့် ဇနီးတို့ ရပ်ကြည့်နေမိတာ အမှန်ပါ။ စာရေးသူက 'သားရေ စက်ဘီး ဂရုစိုက်နင်း၊ သမီးကလည်း မြဲမြဲကိုင်ထား' ဟု မှာကြားမိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က စာရေးသူ ဘာအလုပ်မှ ဆက်မလုပ်ဖြစ်ခဲ့ပါ။ သူမလေး၏ သနားစရာအဖြစ်က ရင်နင့်မိသလို ဒီရောဂါဆိုးကို တိုက်ဖျက်ဖို့ ပျားမြီးရွက်အပင်များ အဆက်မပြတ် စိုက်ပျိုးမျှဝေ အသိပေးမယ်ဟု ဆုံးဖြတ်မိသလို သူမဖြစ်စဉ်ကို အခြေခံပြီး စာဖတ်သူများကို ဆောင်းပါးရေး အသိပေးဦးမည်ဟု ရည်ရွယ်မိတာလည်း အမှန်ပါ။

၆၊ ၄၊ ၀၈ ရက်နေ့၊ တနင်္ဂနွေနေ့မှာ စာရေးသူနှင့် လုပ်ဖော်ကိုင်ဖက် ပင်စင်စား ဆရာ လေးဦးအား ခြံထဲရှိအပင်ရိပ်အောက်မှာ ဧည့်ခံ ထမင်းကျွေး စကားဝိုင်းဖွဲ့ ပြုလုပ်နေခဲ့ပါတယ်။ ထိုစဉ် ဇနီးသည်က 'အဖေကြီးရေ၊ ဒီမှာ နှုတ်ဆက်နေတယ်' ဟု လှမ်းပြောလာပါ၏။ စာရေးသူ ထကြည့်လိုက်တော့ မျက်စိခွဲကုထားသော မိန်းကလေးဖြစ်နေပါ၏။ စာရေးသူက 'သမီး အခြေအနေ တိုးတက်ရဲ့လား' ဟု မေးရာ သူမက 'ဟုတ်ကဲ့ တိုးတက်ပါတယ် အဘ' ဟု ဆိုပါသည်။ 'အေးအေး နေပူလာပြီ၊ ဂရုစိုက်ပြန်ကြ' ဟု နှုတ်ဆက်လိုက်ပါ၏။

ရောင်းရင်းဆရာတွေ ပြန်သွားပြီးနောက် ဇနီးက 'ဟို မိန်းကလေးတို့ အနာတွေကျက်သွားတာ ပြောချင်လို့ ပျားမြီးရွက်လာတောင်းရင်း နေပူကြီးထဲ လာကြတာ' ဟု အသိပေးပြန်ပါ၏။ သြော် မျက်စိကြောင့် မလာစေချင်လို့ မှာတဲ့ထဲက နေပူကြီးထဲကို လိုက်လာသေးတာ၊ ပျားမြီးရွက်က သူမကိုလည်း ငါးရက်နဲ့ အစွမ်းပြ ခံစားစေပြီးကိုး။

ဆက်၍ ဇနီးက ပြောပြသည်မှာ 'သမီးမျက်နှာလေး ပြည့်ပြီး ဝလာသလိုပဲနော်'ဟု ဆိုရာ မိန်းကလေးက 'ဟုတ်တယ် အဘွား၊ သမီး အခု အိပ်လို့လဲ ပျော်တယ်၊ စားလို့လဲ ကောင်းတယ်' ဟု ပြန်ဖြေကြောင်း ထို့နောက်

'မိန်းကလေး အိမ်ထောင်မကျခင်က မျက်စိကွယ်တာလား၊ အိမ်ထောင်ကျပြီးမှ မျက်စိကွယ်တာလား'ဟု မေးရာ မိန်းကလေးက 'သမီးတို့ အိမ်ထောင်ကျပြီးမှ သူ့လက်ပေါ်မှာပဲ ဖြစ်သွားတာပါ' သမီးရဲ့အဖြစ်ကို သူ အစအဆုံး



သိသွားရာက အသနားပိုပြီး လက်ထပ်ယူခဲ့တာပါ။ လက်ထပ်ပြီးတော့လဲ အမြဲတမ်း ကြင်နာယုယ ဂရုစိုက် ပြုစုပါတယ်' ဟု ဖြေကြောင်း သိရပါ၏။

ဟုတ်ပါသည်။ လူငယ်လေး မျက်နှာအနေအထားက မိန်းကလေးကို အမြဲတမ်း ဂရုစိုက်ကြည့်ရှုနေသလို အကြင်နာ အယုယ၊ အသနားပိုသော အေးချမ်းတည်ငြိမ်မှု ရှိနေတာကိုလည်း အကဲခတ်မိပါ၏။ ဘဝကံခေပေမယ့် အကြင်နာပိုတဲ့ အိမ်ထောင်ဖက်နှင့်ဆုံရသည့် သူမ၏ရေစက်ကလည်း ယခုခေတ်မှာ စံပြအလား အမှတ်အသားပြုလိုက်ချင်ပါသည်။

နောက် ငါးရက်အကြာ ထိုလူငယ်လေးရောက်လာခါ ပျားမြီးရွက် ထပ်တောင်းသွားပါ၏။ စာရေးသူ စာရေးသောနေရာသို့ ရောက်လာပြီး 'အဘရေ အဘသမီးက မှာလိုက်ပါတယ်၊ အနာတွေအားလုံး ကျက်သွားပြီလို့ အဘကို ပြောခိုင်းလို့ပါ'ဟု အားရဖွယ် သတင်းပေးလာပါ၏။ စာရေးသူကလည်း 'ကြားရတာ ဝမ်းသာတယ် သားရေ၊ အစားအသောက် ဂရုစိုက်၊ ပျားမြီးရွက် ပုံမှန်စား ရောဂါကို ထိန်းနိုင်အောင် ကြိုးစား' ဟု သတိပေးပြောကြားလိုက်ပါသည်။

၁၀၊ ၄၊ ၀၈ ရက်နေ့ နံနက်အစောကြီး ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ယောက် ရောက်လာပါ၏။ စာရေးသူက တံခါးဖွင့် ကြိုဆိုသောအခါ ထိုပုဂ္ဂိုလ်က မီးရထား ဆိုက်ဆိုက်ချင်း ဒီကို တန်းလာခဲ့ကြောင်း၊ မဂ္ဂဇင်းပါ ဆောင်းပါးများကို အစ်ကိုက တွေ့ရှိပြီး ညီဖြစ်သူ သူ့ကို လွှတ်ခဲ့ကြောင်း၊ စာရေးသူ မျှဝေနေသည့်ဆေးပင်များ လာတောင်းကြောင်း ဆိုပါသည်။

စာရေးသူက ဘယ်က လာပါသလဲဟု မေးရာ 'လပွတ္တာကပါ၊ ကျွန်တော်က မိဘအမွေဇာတ်ရုံနဲ့ ဗီဒီယိုလုပ်ငန်း လုပ်ပါတယ်၊ အစ်ကိုက အခု ပေါင်ကောင်မှာပါ၊ ခေတ္တလာတာပါ' ဟု သိရပါ၏။ စာရေးသူကလည်း စာရေးသူမျှဝေနေသော အကြောပေါင်းတစ်ထောင်၊ အဆိပ်ဖြေပင်၊ ကြွက်နို့ပျောက်ဆေးပင်၊ ပျားမြီးရွက်အပင် စသည်တို့ကိုပေး၍ စိုက်ပျိုး၊ မြှုပ်နှံပြုစုပုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆေးဖက်ဝင်အသုံးချပုံတို့ကို ပြောပြ အသိပေးလိုက်ပါသည်။ သူပြန်ကာနီးတွင် သူ့အစ်ကို ပေးလိုက်သော THAI မှတ်စု ၂၀၀၈ စာအုပ်ကို အမှတ်တရပေးကာ မနက်ဖြန် ရထားနှင့်ပင် ပြန်မည်ဟု ပြောဆို၍ ထွက်ခွာသွားပါသည်။

ထို့အတူ ၁၊ ၄၊၂၀၀၈ ရက်နေ့ နံနက်ပိုင်းမှာ ဂျစ်ကားတစ်စီးဖြင့် လူငယ်တစ်ဦး ရောက်လာပြန်ပါ၏။ သူကလည်း သိမ်ဖရပ်ရှိ သူ့မိဘများက ပျားမြီးရွက်အကြောင်း ဆောင်းပါးများဖတ်ပြီး အပင်မှာလို့ လာခဲ့ရကြောင်း ရှင်းပြပါ၏။ စာရေးသူက ပျားမြီးရွက်အပင်များ ပေးအပ်လိုက်သောအခါ ထိုသူက 'မနက်ဖြန် သိမ်ဖရပ်အရောက် ဒီအပင်တွေကို ကျွန်တော်ကိုယ်တိုင် ဆိုင်ကယ်နဲ့ သွားပို့မှာ' ဟု ပြောဆိုပြန်သွားပါ၏။

ဩော် ပျားမြီးရွက် ပရဆေးပင်ကို ဒီလောက် အဝေးကြီးကတောင် တကူးတက အလေးထား လာရောက်တောင်းယူကြပါလားဟု အတွေးပွားမိတာလည်း အမှန်ပါ။

၁၇၊ ၄၊ ၂၀၀၈ ရက်၊ နှစ်ဆန်းတစ်ရက်နေ့ နံနက် ၁၀ နာရီခန့်မှာ ဂျပန် အကူအညီပြု စာတန်းပါ အဆင့်မြင့်ကားတစ်စီး ရောက်လာပါ၏။ ကားပေါ်မှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ဆင်းလာပါသည်။ ပျားမြီးရွက်စားသုံးနည်း အညွှန်းစာရွက် မန္တလေးမှာဖတ်ရလို့ အပင်ယူချင်လို့ လာတာပါဟု အမျိုးသမီးက ဆိုပါ၏။

ပျိုးပင်နှင့် အညွှန်းစာရွက် ပေးအပ်လိုက်သည့်အခါ အမျိုးသမီးက အကြမ်းဖျင်း ဖတ်ကြည့်ပြီးနောက် ပုံမှန်ဖြစ်သွားလျှင် ပျားမြီးရွက် ဆက်စားရန် မလိုဆိုတာထက်၊ Control လုပ် ထိန်းထားနိုင်ဖို့ဆိုရင် ပုံမှန် ဆက်စားနေဖို့ လိုကြောင်း ပညာရှင်တစ်ဦးပီပီ မှတ်ချက်ပြု ပြောဆိုလာပါ၏။

ထိုအခါ စာရေးသူက ထူးခြားသည့် ဒီပျားမြီးရွက်အပင်တွေ မျိုးပွားကုသိုလ်ပြု မျှဝေနေတာ ဝေဒနာရှင်များထံမှာ အပင် အဆင်သင့် အရွက်အသင့် ခူးစားနိုင်ရအောင် အဓိက ရည်ရွယ်တာပါ။ ဆရာမ သုံးသပ်သလိုပါပဲ၊ ပျားမြီးရွက်စားပြီး ပုံမှန်ပြန်ဖြစ်သွားသူတွေ သူတို့အသိနှင့် သူတို့



တစ်နေ့ ပုံမှန် တစ်ရွက် နှစ်ရွက် ဆက်ခူးစားပြီး ရောဂါကို ထိန်းထားသည့်သူတွေ ရှိလာနေတာ သိရ၊ တွေ့ရပါပြီ။

အဲဒီလို ရောဂါဝေဒနာရှင်တွေထဲမှာ အချို့က ခေတ်မီ ဆေးဝါးတွေဖြတ်၊ ပျားမြီးရွက်စားပြီး ထိန်းထားသူတွေ ရှိနေပါပြီ။ အချို့ကတော့ ခေတ်မီရောဂါ ဆေးလဲစား၊ ပျားမြီးရွက်လဲ မှီဝဲသူတွေလည်း ရှိနေပါတယ်' ဟု အသိပေးမိပါသည်။

ထို့အပြင် မန္တလေးမှ ဆီးချိုဝေဒနာရှင်တစ်ဦးနှင့် ပတ်သက်သော လူတစ်ယောက် ပျားမြီးရွက်အပင်လာတောင်းစဉ် မန္တလေးက ဆေးခန်းတစ်ခုမှာ ဆီးချို သွေးချို ဝေဒနာရှင်တွေအား ပျားမြီးရွက် ၃ ရွက် ခူးပေးပြီး စားခိုင်းကြောင်း ထိုဆေးခန်းမှပင် စာရေးသူထံမှာ အပင်တွေ မျှဝေပေးနေကြောင်း သိရလို့ပါဟု ပြောဆိုတာကိုလည်း အသိပေးလိုက်ပါသည်။

ထိုပညာရှင်အမျိုးသမီးက သူမ ဝါးစားကြည့်တော့လည်း အရွက်အရသာက မဆိုးပါဘူး။ ရန်ကုန်က ဝေဒနာရှင်ကို ဒီပျားမြီးရွက် စားခိုင်းမှာဖြစ်ကြောင်း၊ ခြေချောင်းလေး တစ်ချောင်း အဖြတ်ခံထားရပြီး နောက်ထပ်ခြေထောက်ပါ အဖြတ်ခံရဖို့ နီးနေပြီ၊ မစားလို့ကတော့ ငါနဲ့ တွေ့မယ်ဟု စာရေးသူရှေ့မှာပင် သူမ အဖွဲ့ဝင်များအား ပြောဆိုသွားတာ ကြားသိရပါ၏။

ယခုအခါ ပျားမြီးရွက်အပင်၏ ဆေးအစွမ်းနှင့် ဆီးချို သွေးချို ဝေဒနာရှင်များအကြား ဖြစ်စဉ်တစ်ခု ပုံသေရရှိလာတာ တွေ့ရပါ၏။ အဲဒါကတော့ ပျားမြီးရွက်စားသုံးသူ ရောဂါဝေဒနာရှင်တိုင်း ပုံမှန်ဖြစ်သွားကြသည့် အချက်ပါပဲ။ ပြီးတော့ ရောဂါဝေဒနာ ပုံမှန်ဖြစ်သွားသူများ ပျားမြီးရွက်ကို ဆက်၍ ပုံမှန် ချင့်ချိန်စားသွားသူတိုင်း ရောဂါဝေဒနာကို Control လုပ် ထိန်းထားနိုင်ခြင်းရှိတာကိုလည်း တွေ့ရပါသည်။ ဒီအချက်ကို စာရေးသူမှတစ်ဆင့် ဆောင်းပါးအဖြစ် သူရဇ္ဇမဂ္ဂဇင်းကြီးမှာ စာဖတ်သူများအား ရေးသားဖော်ပြလိုပါ၏။

www.burmeseclassic.com



ထို့အပြင် ပျားမြီးရွက်နှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး သုံးသပ်မှုများတွင် အလေးထားလာသည့် အချက်တစ်ခုကတော့ ဒီဆောင်းပါးမှာ ဖော်ပြထားသော မျက်စိကွယ်ရသည်အထိ ဝေဒနာဖြစ်ပေါ် ခံစားခံရသည့် မိန်းကလေးကဲ့သို့ မျိုးရိုးလိုက်၍ ဖြစ်ပွားနိုင်သော ဆီးချို သွေးချို ရောဂါဝေဒနာကို ဤပျားမြီးရွက်အပင်များ စိုက်ပျိုးထားပြီး ပုံမှန်မှီဝဲ စားသုံးနေ ywာ Control လုပ် ထိန်းထား ကာကွယ်ထားနိုင်မှာကို အလေးထားမျှော်လင့် ယုံကြည်နေကြသလို အဲဒီအထဲမှာ အချို့ ပညာရှင်များပင် လက်ခံအသိအမှတ်ပြုလာနေတာမျိုး ရှိနေပြီဖြစ်ကြောင်း အသိပေး ဖော်ပြလိုက်ရပါကြောင်း။

ပျားမြီးရွက်စားသုံးသူ ဝေဒနာရှင်တိုင်း သုခချမ်းသာရကြပါစေ။



## အဆိပ်ပြေပင်နှင့် ဆေးအစွမ်း

လွန်ခဲ့သော ၃-၄ လ လောက်က သတင်းထောက်၊ စာရေးဆရာ ကိုကျော်ဇေယျ တစ်ယောက် စာရေးသူ၏ ပျိုးဥယျာဉ်သို့ ရောက်လို့လာပါသည်။ သူ၏ ဆိုင်ကယ်ခြင်းထဲမှ အပင်နှစ်ပင် ထုတ်ယူလာပြီး စာရေးသူ လက်ထဲသို့ထည့်ကာ

'ဒါက အဆိပ်ဖြေဆေးပင်၊ ဒီဟာက ဂမုန်းဆန်းအပင်'ဟု ပြောဆိုပေးခဲ့ပါသည်။

အဲဒီတုန်းက သူ ပေးခဲ့သည့်အဆိပ်ဖြေပင်အရွယ်က အမြင့် တစ်ပေသာသာခန့်ရှိပြီး ဘေးဖြာ ကိုင်းငယ်နှစ်ခု ပါပါသည်။ အရွက်များသည် စိမ်းစို၍ ဘဲဥပုံ ရှည်မျောမျောနှင့် ပွယောင်းယောင်း ရှိနေတာကိုလည်း သတိပြုမိပါသည်။ ထိုအပင်ကို အဆိပ်ဖြေပင်အဖြစ် စာရေးသူ စတင်မြင်ဖူးခဲ့တာပါ။

စာရေးသူမှ အဆိပ်ဖြေပင်ကို ကိုင်လျက်

'ဘယ်လိုအဆိပ်တွေကို ဖြေနိုင်တာလဲ'ဟု ပြန်မေးရာ ကိုကျော်ဇေယျက

www.burmeseclassic.com

www.burmeseclassic.com



'မြွေဆိပ်၊ အဆိပ်အားလုံး ဖြေနိုင်သလို မေးခိုင်ပိုး တက်တနုပ်စ် (Tetanus) တောင် ဖြေနိုင်တယ်' ဟု ဆိုပါသည်။

ထိုအခါ စာရေးသူက

'ဟ တယ် အစွမ်းထက်ပါလား၊ ပွဲတွေ့ အောင်မြင်မှုကော လက်တွေ့ ပြောပြနိုင်ပြီလား' ဟု မေးရာ ကိုကျော်ဇေယျက . . .

'ဟုတ်ကဲ့၊ နေပြည်တော် ပျဉ်းမနားမှာ လက်တွေ့ပွဲတိုး အောင်မြင်ပြီးသားပါ၊ ဆရာကြီး သိပါတယ်၊ ကျွန်တော်တို့ ရပ်ကွက်ထဲက ဘာဘူလေး ပြီးခဲ့တဲ့နှစ်ထဲမှာ သူတက်တနုပ်စ် ပိုးဝင်ပြီး မေ့သွားတာ၊ ကျွန်တော့် အဒေါ်က အဆိပ်ဖြေအရွက် ကြိတ်၊ အရည်ညှစ် သတ္တုရည် တစ်ကြိမ် တိုက်လိုက်ဘာနဲ့ ပြန်ကောင်းသွားတယ်၊ အခု ဆရာကြီး တွေ့တဲ့အတိုင်း ဘာဘူ အသက်ရှင်လျက်ပါပဲ' ဟု ရှင်းပြပါသည်။

ဒါကို ကြားတော့ စာရေးသူလည်း အလွန် စိတ်ဝင်စားမိတာကြောင့် အဆိပ်ဖြေပင် ရရှိပုံကို စူးစမ်းမိပြန်ပါသည်။ ထိုအခါ ကိုကျော်ဇေယျက အဒေါ်ဖြစ်သူ ဒေါ်တင်တင် (ဦးလှမောင် + ဒေါ်တင်တင် ဘီလူးချောင်း အမှတ် ၁၊ စိမ်းကိန်းမန်နေဂျာ)အဖြစ် လောပီတ ရေအားလျှပ်စစ်စီမံကိန်းမှာ တာဝန်ထမ်းဆောင်စဉ်က ဒီအဆိပ်ဖြေပင်ကို စတင် ရရှိစိုက်ပျိုးထားကြောင်း၊ အနားယူပြီး နေပြည်တော် ပျဉ်းမနား ပြန်ရောက်လာသည့်အခါ ထိုအပင်ကို စိုက်ပျိုးမျိုးပွား ကုသိုလ်ပြုနေတာဖြစ်ကြောင်း ပြောပြ၍ သိရပါ၏။

ထို့ကြောင့် ကိုကျော်ဇေယျ ပြောပြခဲ့သည့် အဆိပ်ဖြေပင်အစွမ်းကို ကိုယ်တိုင်ကုသမှုခံယူ၍ သက်သာပျောက်ကင်းသွားသူ ဘာဘူကို တွေ့ဆုံမေးမြန်း၍ အဆိပ်ဖြေပင်နှင့် ဆေးအစွမ်းအဖြစ် ဆောင်းပါးရေးမိပါသည်။

သို့သော်လည်း ဘာဘူနှင့် တွေ့ဆုံဖို့ သုံး လေးလလောက် အထိ ကြာသွားခဲ့ရပါသည်။ မမျှော်လင့်ဘဲ လက်ဖက်ရည်ဆိုင်မှာ ဆုံကြတော့မှ ချိန်းဆို၍ အဆိပ်ဖြေပင်နှင့် သူ ကုသခံယူ ပျောက်ကင်းပုံ အဖြစ်စုံကို စာရေးသူ၏ ခြံမှာ ဆွေးနွေးဖြစ်ခဲ့ပါသည်။



ဘာဘူက သူ့ကို ဘာဘူဟု အများ ခေါ်ဝေါ် အသိအမှတ်ပြုနေပေမယ့် မြန်မာအမည်က ဦးသောင်းဖြစ်ကြောင်း ရှင်းပြပါသည်။ ဦးသောင်းသည် သံချိုသံကွေးလုပ်ငန်းလုပ်ကိုင်သူ ဖြစ်ပါသည်။ ဖခင်ကြီးနှင့်အတူ ထိုလုပ်ငန်းကို လုပ်ကိုင်ခဲ့သလို ဖခင် ကွယ်လွန်ပြီးနောက် ဒီလုပ်ငန်းကို ဆက်၍ သူ ဦးဆောင် လုပ်ကိုင်နေတာပါ။

စာရေးသူက အကြောင်းစုံကိုမေးမြန်းရာ ဦးသောင်းက လွန်ခဲ့သော တစ်နှစ်ကျော်က သံချိုသံကွေးလုပ်ငန်းလုပ်ကိုင်ရင်း ညာလက်ညှိုးမှာ ဒဏ်ရာရ အနာဖြစ်ခဲ့ကြောင်း၊ ထိုဒဏ်ရာနှင့်ပင် အလုပ် ဆက်လုပ်နေခဲ့ကြောင်း၊ အနာပျောက်ခါနီးမှာ ဖျားလာကြောင်း၊ တစ်ရက်တွင် နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းမှာ သွားရောက်လုပ်ကိုင်ရင်း အဖျားတက်လာကြောင်း အများက သူ့ကို 'ခင်ဗျား အနာ မေးခိုင်ပိုး ဝင်နေတာ'ဟု ဆိုကြောင်း ပြန်ပြောပြပါသည်။

အဲဒီနေ့မှာ အဖျားတက်လာတာကြောင့် လုပ်ငန်းခွင်မှ အိမ်ပြန်လာခဲ့ကြောင်း၊ အိမ်လှေကားအပေါ်မှ မူးလဲကျသွားပြီး သတိလစ် တက်သွားကြောင်း၊ တစ်နာရီကျော် ကြာသွားကြောင်း၊ အိမ်ရှေ့ မျက်နှာချင်းဆိုင် အိမ်က ဒေါ်တင်တင် သတင်းကြားသွားပြီးနောက် သူမ စိုက်ထားသော အဆိပ်ဖြေပင် အရွက်များ ခူးယူ ကြိတ်ပြီး သတ္တုရည်အား သူ့ကို တိုက်ခဲ့ကြောင်း၊ အဲဒီ ဆေးတစ်ခွက်တည်းနှင့် မကြာခင်ဘဲ သူ သတိပြန်ရလာကြောင်း အဖျားပါ တစ်ခါတည်း ပျောက်ကင်းသွားကြောင်း ရှင်းပြ၍ သိရပါ၏။ အဲဒီလိုနှင့် အဆိပ်ဖြေပင်၏ ဆေးအစွမ်းကြောင့် ဦးသောင်း တစ်ယောက် သေဘေးမှ လွတ်ကင်းခဲ့ရကြောင်း သိရပါသည်။

ဆက်၍ ဦးသောင်းက အဆိပ်ဖြေပင်၏ ဆေးအစွမ်းကို ကိုယ်တိုင် ခံစားသိရှိခဲ့ရပြီးနောက် ကျေးဇူးရှင် ဒေါ်တင်တင်ထံမှ ထိုအဆိပ်ဖြေပင် ပေါက်များ တောင်းယူ၍ သူ၏ အိမ်ဝိုင်းအတွင်း စိုက်ပျိုးထားကြောင်း၊ ပြီးတော့ သူနှင့် လက်လှမ်းမီသမျှ မိတ်ဆွေ အပေါင်းအသင်းများကို မျှဝေ

www.burmeseclassic.com

www.burmeseclassic.com



ပေးနေရုံမက အဆင်သင့်ပါက ကိုယ်တိုင် အဆိပ်ဖြေအရွက်များနှင့် အခမဲ့ ကုသ ပြုစုပေးနေခဲ့ကြောင်း အားပါးတရ ပြောပါသည်။ စာရေးသူက ဘယ်လို ကုသပါသလဲဟု မေးမြန်းရာ-

ထိခိုက်ဒဏ်ရာအနာများကို အဆိပ်ဖြေအရွက်ထောင်း ကပ်ပေးပြီး ပတ်တီးစည်းထားပေးရာ ၁-၂ ရက်နှင့် ပျောက်သွားကြောင်း၊ ဒဏ်ရာကြီးလျှင် သတ္တုရည်တိုက်ကြောင်း၊ ထိုအခါ လူနာများ အဖျားမတက် ဒဏ်ရာ အမြန်ပျောက်ကြောင်း သိရပါ၏။ အထူးခြားဆုံးတစ်ခုကတော့ ကွမ်းစားများသောသူများ ကွမ်းချိုးကြောင့် လေပူနာရရောဂါသည်များကို အဆိပ်ဖြေအရွက် သတ္တုရည်ညှစ်ပြီး တစ်နေ့ နှစ်ကြိမ် ပုံမှန်သောက်ပါက ငါးရက်ခန့်နှင့် ထိုလေပူနာ ပျောက်သွားလေ့ရှိကြောင်း ဦးသောင်း၏ လက်တွေ့ကုသ ပျောက်ကင်းပုံကို ပြောပြ၍ သိရပါ၏။ ဦးသောင်း ကိုယ်တိုင်လည်း ကွမ်းစားများသောကြောင့် သူ၏ သွားတွေအားလုံးမှာ ကပ်နေသော ကွမ်းချိုးများကို သူ စကားပြောတိုင်း မြင်တွေ့ခဲ့ရပါသည်။

ထိုအချိန်တွင် တိုက်ဆိုင်စွာပဲ စာရေးသူ၏ ခြံသို့ ရန်ကုန်မြို့မှ ဧည့်သည်ကားတစ်စီးဝင်လာရာ စာရေးသူတို့ ဆွေးနွေးနေတာကို ကြားသိသွား၍ အဆိပ်ဖြေပင် ရနိုင်လျှင် ပေးဖို့တောင်းရာ ဦးသောင်းကိုယ်တိုင် သူ့အိမ်မှာ ပွားစီးနေသော အဆိပ်ဖြေပင်ပေါက်တစ်ပင် အမြန်ပြန်ယူ၍ ပေးလိုက်ပါသည်။ စာရေးသူစိုက်ထားသောအပင်မှ မျိုးမပွားရသေး၍ ဖြစ်ပါသည်။ ယခုအခါ ကိုင်းများချိုး၍ စိုက်ပျိုးထားပါပြီ။ ထို့အတူ သစ်တောစိုက်ခင်းမှ ခင်မင်သော ကိုအေးမြင့် ရှာပေး၍ နောက်ထပ် အဆိပ်ဖြေပင်များလည်း ရထားပါသည်။

## အဆိပ်ဖြေပင်

အဆိပ်ဖြေပင်သည် နွယ်ဆန်သော ပင်စည်တစ်မျိုး ဖြစ်သည်။ ရေနှင့် အစာအာဟာရ ကောင်းစွာရသော အပင်များသည် အမြစ်မြဲစို၍ လန်းဆန်းလျက် လှပစွာ ရှိနေတတ်ပါသည်။ ပင်စည်မှ ကိုင်းများ ဆင့်ကဲ များစွာ



ဖြာထွက်လာပါသည်။ အမြင့် ၃-၄ ပေခန့်အထိ မြင့်တက်တတ်ပါသည်။ ကိုင်းဖြာကိုင်းမှ အရွက်များလည်း စိမ်းညို့နေတတ်ပါသည်။ ထိုကိုင်းများကို ချိုး၍ မြေချစိုက်ပျိုးလျှင် ရှင်သန်လွယ်ပြီး မျိုးပွားရရှိနိုင်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ အရေးကြီး အပင်များ၏ ရုက္ခဗေဒဆိုင်ရာ အမည်များနှင့် မျိုးရင်းအမည်များကို ဖော်ပြထားသော စာအုပ်တွင် အဆိပ်ဖြေပင်ကို အင်္ဂလိပ်အမည် (Lead tree)။ မျိုးစု (Genus) မှာ (Leucaena)။ မျိုးစိတ် (Species) မှာ (Glauca)။ မျိုးရင်း (Family) မှာ (Mimosaceae) ဖြစ်ကြောင်း ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါသည်။

## အဆိပ်ဖြေပင်၏ အစွမ်းထက်သောအရွက်များ

အပင်အားကောင်းသော အဆိပ်ဖြေပင် တစ်ပင်မှာ အရွက်များစွာ ဖြာထွက်နေတတ်ပါသည်။ အရွက်တိုင်းသည် ပင်စည်ကိုင်းမှ ရွက်ညှာတံ ၁ လက်မကျော်ရှိ အဖျားပိုင်းတွင် ရှည်မျောမျော ဘဲဥပုံသဏ္ဍာန် အရွက်များ အဖြစ် ထွက်ပေါ်နေတာ ဖြစ်ပါသည်။ အနံ ၁. ၅ လက်မမှ ၂. ၅ လက်မခန့်နှင့် အလျား ၂. ၀ လက်မမှ ၄ လက်မကျော်ရှိ အရွက်များတွင် အဖျားချွန်သယောင် ရှိပါသည်။ အရွက်တိုင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် လွှသွားအချွန်များကဲ့သို့ အနားချွန်လေးများ ပါရှိနေပါသည်။ ထိုအချွန်လေးများအားလုံး အရွက်အဖျားပိုင်းသို့ စီစီညီညီ ဦးတည်နေတတ်ပါသည်။

အရွက်တိုင်းလိုလိုတွင် ပွယောင်းယောင်း အဖုငယ်လေးများ ပါရှိပါသည်။ ပင်မ ရွက်ကြောမှဖြာထွက်သော အဖျားပိုင်း ရွက်ကြောလေးများ ယှက်သန်းရာမှ ဖြစ်ပေါ်သော 'ခွက်'လေးများကြောင့်ဟု ယူဆပါသည်။ ထိုခွက်ငယ်လေးများကြောင့် အရွက်အပေါ်ပိုင်းနှင့် အဖုငယ်သဏ္ဍာန် ဖြစ်ပေါ်လျက် အဆိပ်ဖြေပင်အောက်ပိုင်းတွင် ခွက်ငယ်လေးများ ဖြစ်ပေါ်နေပါသည်။ အဆိပ်ဖြေရွက်များကို ဖိကိုင်ပွတ်သပ်ကြည့်ပါက ကြမ်းတမ်းသယောင် ခံစားရတတ်ပါသည်။ အဆိပ်ဖြေရွက်ကို လှန်ကြည့်ပါက

www.burmeseclassic.com

www.burmeseclassic.com



အရွက်ကြောများ ဖြာ၍ ယှက်သန်းနေတာကို ထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။ အရွက်တိုင်းသည် ရေနှင့်အာဟာရ ကောင်းစွာရရှိပါက အမြဲ စိမ်းစိုလန်းဆန်းနေတတ်ပါသည်။ ယေဘုယျအားဖြင့် ရေအစိုဓာတ် အမြဲလိုအပ်နေကြောင်း လေ့လာသိရှိရပါသည်။

## အဆိပ်ဖြေပင် ဖူးပွင့်ပုံ

အရွယ်ရောက်သောအခါ အဆိပ်ဖြေပင်၏ ကိုင်းအဖျားတွင် အလျား ၃-၁၂ လက်မခန့်ထိ ရှိသော ပွင့်ဖူးစိမ်းများ ထွက်နေတတ်ပါသည်။ ယေဘုယျအားဖြင့် ထိုပွင့်ဖူးများသည် 'ဘောလ်ပင်မင်တံ အသေးအရွယ်' ခန့် ရှိတတ်ပါသည်။ ထို အဖူးစိမ်းကလေးများအောက်ခြေမှစ၍ မကြာခင်မှာပဲ ကြည်ပြာရောင်ဖျော့ဖျော့ အပွင့်ငယ်လေးများ ပွင့်ဖူးတံပတ်လည်မှာ စတင်ပွင့်လာတတ်ပါသည်။ တစ်ကြိမ်ပွင့်လျှင် ၄-၅-၆ ပွင့်ထိ ရှိပါသည်။ အာဟာရကောင်းစွာရသော အပင်များသည် လနှင့်ချီ၍ အဆက်မပြတ် ပွင့်လေ့ရှိပါသည်။ ပွင့်ဖူးတံအဆုံး အဖျားတိုင်အောင် ပွင့်တာပါ။ အပင်အား လည်းကောင်း၊ ပွင့်ဖူးတံလည်း များများရှိနေသော အပင်တစ်ပင်မှာ ကြည်ပြာရောင်အပွင့်များ ဝေဝေဆာဆာပွင့်နေသောအခါ ခံစားတတ်သူများကို ကြည်နူးမှု အလှအပတစ်မျိုးအဖြစ် မြင်တွေ့နိုင်ပါ၏။ အပွင့်များကုန်သွားသည့်အခါ ပွင့်တံများ ခြောက်သွေ့သွားပါသည်။ ပွင့်တံ အခြောက်များမှ မျိုးစေ့ငယ်လေးများကို စမ်းသပ်၍ မျိုးဖောက် ကြည့်နေပါသည်။ ထိုပွင့်တံအခြောက်များ ကြွေကျသွားပြီးနောက် အဖူးအသစ်များ ထပ်ထွက်လာပြန်ပါသည်။ ဤနည်းအားဖြင့် အာဟာရ ကောင်းစွာရသော အဆိပ်ဖြေရွက်များ အဆက်မပြတ် ဖူးပွင့်နေတတ်သလို ကိုင်းပွားအသစ်များထွက်ကာ အဆိပ်ဖြေရွက်များ များစွာ ရှိနေပါသည်။

စာရေးသူအနေဖြင့် အဆိပ်ဖြေပင်ဟု အမည်နာမ အမျိုးမျိုးဖြင့် ရှိနေသော လက်လှမ်းမီရာ အပင်အချို့ကို စိုက်ပျိုးလေ့လာခဲ့ဖူးပါသည်။ ဥပမာ



မရှောပင် အညိုနှင့် အဖြူပင်များ၊ ထိုအပင်များကို သာမန် စိတ်ဝင်စား၍ စိုက်ခဲ့တာမျိုးပါ။ ယခု အဆိပ်ဖြေပင်ကတော့ စိုက်ပျိုး မျိုးပွားရာတွင် လွယ်ကူသလို ဆေးဖက်ဝင်ပုံကလည်း ထင်ရှားသည့် သာဓကများ ရှိနေသောကြောင့် အများသိရှိနိုင်စေရန် ရေးသား ဖော်ပြလိုက်ရတာပါ။ စာရေးသူကိုယ်တိုင် အဆိပ်ဖြေရွက်ကို ခူး၍ ဝါးကြည့်၊ ငုံထားကြည့်၊ စားကြည့်ဖူးပါသည်။ အရသာက ခါး၍ စိမ်းရွှေရွှေရှိတာ ခံစားရပါသည်။ အကျိုးရလဒ်ကတော့ သွားကျင်နေသည့်အခါ သက်သာသွားသလို သလိပ်များသည့်အခါ သလိပ်များ မထွက်တော့တာကတော့ ကိုယ်တွေ့ပါ။

သစ်တောစိုက်ခင်းမှ ဦးအေးမြင့်နှင့်ဆုံတွေ့သည့်အခါ ဆေးဖက်ဝင်အပင်များအကြောင်းပြောပြရာတွင် ဘက်ပေါင်းစုံ ဆေးဖက်ဝင်သလို ရောဂါပေါင်းစုံကိုလည်း သက်သာပျောက်ကင်းစေနိုင်သည့် အလွန် ထူးဆန်းသော 'သမားမုန်း'နှင့် 'သမားက' ဆေးပင်များရှိကြောင်းလည်း သိရှိခဲ့ရပါသည်။ သမားမုန်း အပင်ကတော့ သူ့ကြောင့် သမားဆရာပင် ကုစားဖို့ မရှိတော့လို့ အဲဒီအပင်ကို သမားတွေက မုန်းကြလို့ 'သမားမုန်း' တဲ့။ သမားက အပင်ကတော့ သူ့အစွမ်းကြောင့် ရောဂါတွေ ပျောက်ကင်းလွန်းလို့ သမားဆရာတွေ ကရလောက်အောင် ပျော်ရွှင်ကြရသည့်အတွက် 'သမားက'အပင်ဟု ခေါ်ဆိုကြကြောင်းလည်း ကြားသိခဲ့ရပြန်ပါသည်။ အဆိပ်ဖြေပင်ကိုတော့ အချို့က 'သိကြားလက်ညှိုး'ဟု ခေါ်လေ့ရှိကြောင်းလည်း ဦးအေးမြင့်ကပင် ဆိုပြန်ပါသည်။ စာရေးသူက ဘာလို့လဲဟု မေးတော့

'တန်ခိုးကြီးတဲ့ သိကြားမင်း လက်ညှိုးထိုးညွှန်သလို ပျောက်ကင်း သက်သာစေနိုင်လို့ပါ' ဟု ရှင်းပြပါသည်။ ဦးအေးမြင့်က သူတို့စိုက်ခင်းမှာ စိုက်ခင်းဝန်ထမ်းတွေ နကြယ်ကောင် အထိုးခံရသည့်အခါ ထုတ်မှုန်နှင့် ခွေးချေး ပျားကောင်များ အတုပ်ခံရသည့်အခါ အဆိပ်ဖြေပင်အရွက်ချေလိမ်း ပေးရုံနှင့် အဆိပ်ပြေ ပျောက်ကင်းသွားကြောင်း ကြားသိခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဖြေပင်၏အရွက်များသည် မြွေဆိပ်ကိုပင် ဖြေနိုင် သက်သာပျောက်ကင်းနိုင်ကြောင်း ကြားသိထားပေမယ့် အထောက်အထား အတိအကျနှင့် တင်ပြရေးသားနိုင်ခြင်း မရှိသေးပါ။ ဒါပေမဲ့ ဆေးတပ်ကြပ်ကြီး ဦးညွန့်တင်ကတော့ သူတို့ ရပ်ကွက်ထဲမှာ သစ်တက်ငန်း ကိုက်လို့ ဆေးရုံသွားမည့် လူနာကို သမားတော်ကြီးဆရာမော်က အဆိပ်ဖြေရွက် ခူးပြီး တိုက်ကျွေးခဲ့ရာ ပျောက်ကင်းသက်သာသွားတာကို သူကိုယ်တိုင် မြင်တွေ့ခဲ့ကြောင်း ပြောပြချက်ကိုဖြင့် စာရေးသူမှ ဖော်ပြအပ်ပါသည်။

အဆိပ်ဖြေပင်နှင့်ပတ်သက်၍ အပင်၏ပုံ၊ အရွက်များ အဖူး အပွင့်များ၏ ဓာတ်ပုံမှတ်တမ်းများကို စာဖတ်သူများလေ့လာနိုင်ရန် ပူးတွဲဖော်ပြအပ်ပါသည်။ စိတ်ဝင်စား၍ဆန္ဒရှိသူများ အဆိပ်ဖြေပင်ကို မိမိတို့အိမ်ရုံး၊ ဌာနများအတွင်း စိုက်ပျိုးပြုစုထားပါက မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ မိသားစုနှင့် အများအတွက်လည်းကောင်း လိုအပ်လာသည့်အခါ အသင့် အသုံးပြုမျှဝေပေးနိုင်ရန် စေတနာ ဆန္ဒမှန်ဖြင့် 'အဆိပ်ဖြေပင်နှင့် ဆေးအစွမ်း'အဖြစ် ဆောင်းပါးရေး၍ သူရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် ရေးသားဖော်ပြလိုက်ပါကြောင်း။

[ သူရဋ္ဌမဂ္ဂဇင်း ။ ။ မတ်၊ ၂၀၀၈ ]



## ဆေးဖက်ဝင် ပိန်းမဟော်နှင့် လက်တွေ့ဆေးနည်း

စာရေးသူ၏ခြံထဲသို့ နတ်မောက်မြို့နယ်၊ ငွေးချောင်းရွာ၊ ငွေးချောင်းကျောင်းမှ ဆရာတော်ဦးသုဇာတသည် ၂၆၊ ၁၊ ၂၀၀၇ ရက်နေ့ နံနက်ပိုင်းက ကြွရောက်လာပါသည်။ ဆရာတော်သည် လွန်ခဲ့သော ၃-၄ နှစ်ကတည်းက နေပြည်တော်၊ ပျဉ်းမနားမြို့တွင် သီတင်းသုံးနေစဉ်က စာရေးသူအိမ်၏ အနောက်ဘက်ရှိ ဆွမ်းဒကာအိမ်သို့ကြွသည့်အခါ ဝါသနာအရ စာရေးသူ လုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများကို ဝင်ရောက် ကြည့်ရှုလေ့လာလေ့ ရှိပါသည်။ စာရေးသူကလည်း ဆရာတော် ဆန္ဒရှိသော ပျိုးပင်လေးများကို အမြဲ လှူဒါန်းလေ့ ရှိပါသည်။ ဒီနေ့လည်း ဆွမ်းစားပြီးမှ ပြန်ကြွလာကြောင်း၊ နတ်မောက်က နေပြည်တော်၊ ပျဉ်းမနားမှာ အခြေချနေထိုင်နေသော ဒကာများပင့်၍ လာကြောင်း မိန့်ဆိုပါသည်။ စာရေးသူကလည်း ဆေးဖက်ဝင် ဆေးပင်များကို လက်လှမ်းမီသလောက် ရှာဖွေစိုက်ပျိုးမျိုးပွား ကုသိုလ်ဒါနလုပ်နေမှုကို လျှောက်ထား အသိပေးခဲ့ပါသည်။

ဆရာတော်၏ ဆန္ဒအရ စာရေးသူ စိုက်ပျိုးမျိုးပွား၍ ကုသိုလ်ဒါနပြုနေသော ဆေးဖက်ဝင် ဖားကြောပင်ခေါ် အကြောပေါင်းတစ်ရာ ပျိုးပင်၊

www.burmeseclassic.com

www.burmeseclassic.com



ပျားမြီးရွက်ပျိုးပင်၊ ဂမုန်းနက်နှင့် လိပ်ဝင်ဂမုန်းဥအချို့ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။ နားနေခိုက် ဆရာတော်က

'ခင်ဗျားမှာ ပိန်းမဟော်ပင်ရှိလား'ဟု မေးပါသည်။

စာရေးသူကလည်း ယခင်က အလှပင် အဖြစ် အညှိရောင် ပိန်းမဟော်ပင်ကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ကတော်က လက်ဆောင်ပေး၍ စိုက်ထားဖူးကြောင်း၊ ယခုအခါ မိုးအလွန်များပြီး ခြံထဲမှာ ရေဝပ်လာတာကြောင့် အပင်တွေ သေဆုံးကုန်ကြောင်း ပြန်ဖြေမိပါသည်။

အဲဒီနောက် ဆရာတော်က ပိန်းမဟော်ပင်တွေဟာ သန်မာထွားကျိုင်းလှပကြောင်း၊ အစိုဓာတ်နှင့် မြေဆီဓာတ် ကောင်းသည့်မြေမှာ အလွန် ပွားများဖြစ်ထွန်းကာ အပင်များကြီးမား၊ ဥကြီးတွေကလည်း အလွန် ထွားကျိုင်းကြောင်း၊ ဒါပေမဲ့ အဲဒီ ပိန်းရွက်တွေကို ဝက်များ မစားကြောင်း မိန့်ကြားပါသည်။ အဲဒီ ပိန်းမဟော်ရွက်၏ ဆေးအစွမ်းကတော့ အံ့မခန်းပါပဲဟုဆိုကာ သွေးစိမ်းစိမ်းကျပြီး အော်ဟစ်ညည်းညူနေရသော နှစ်ရှည်ကြာခံစားရောဂါဖြစ်နေသော လိပ်ခေါင်းရောဂါသည်ကို ဆရာတော် ကိုယ်တိုင် လက်တွေ့ကုသပျောက်ကင်းခဲ့ပုံကို မိန့်ကြားခဲ့ပါသည်။ ဒါကိုပဲ စာရေးသူက ဆေးဖက်ဝင် ပိန်းမဟော်ပင်နှင့် လက်တွေ့ဆေးနည်းအဖြစ် ဆရာတော်၏ ခွင့်ပြုချက်ဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ဆောင်းပါးအဖြစ် ရေးသား ဖော်ပြလိုက်ပါသည်။

ဆရာတော်ဦးသုဇာတသည် တောင်တွင်းကြီးဇာတိ ဖြစ်ပါသည်။ ချက်မြှုပ်ဒေသ စမ်းကုန်းကျေးရွာတွင် ကျင်းပပြုလုပ်မည့် ယခုနှစ် ကထိန်ပွဲတွင် တရားဟောရန် ဖိတ်ကြား၍ ရောက်ရှိခဲ့ပါသည်။ ဖိတ်ကြားခဲ့သော ဒကာဦးမြမောင် အသက် ၇၀ ၏ အိမ်သို့ ကထိန်အကြို ညခင်းတွင် ရောက်ရှိခဲ့ပါသည်။ ဒကာဦးမြမောင်ကို ဧည့်ခန်းရှိ ခြင်ထောင်အတွင်းက စကား ပြောဆိုနေတာကို တွေ့ရသည့်အပြင် လိပ်ခေါင်းအနာမှ သွေးစိမ်းများ ကျကာ အလွန် ပူလောင်နာကျင်လှကြောင်း၊ ရေအေးအေးဖြင့် မကြာခဏ



ပက်လောင်း နေရကြောင်း၊ နာကျင်မှုဒဏ်ကို အော်ဟစ်ခံစားနေရကြောင်း ပြောပြသမျှ ဆရာတော် ကြားသိခဲ့ရပုံကို ပြန်လည် မိန့်ကြားခဲ့ပါသည်။

ဒီအဖြစ်ကို ကြားသိတော့ ဆရာတော်က

'ဒကာ လိပ်ခေါင်းပျောက်အောင်ကုပေးမယ်၊ ပိန်းမဟော်ရွက်တော့ ရှာပေး'ဟု မိန့်ကြားရာ ဦးမြမောင်က အိမ်ဝိုင်းထဲမှာ စိုက်ထားသော အပင်အုံကြီးရှိကြောင်း ပြန်ဖြေ၍ အိမ်သားတစ်ဦးကို တစ်ရွက်ခူးခဲ့ဟု စေခိုင်းကာ အဲဒီ ပိန်းမဟော်ရွက်ကို ဆေးကြောသန့်စင်ပြီး စအို အုပ်မိအောင် ဖင်ခုထိုင်၊ အရွက် အပေါ်ပိုင်းကို နောက်ကျောဘက်ကနေ ပုဆိုးထဲထည့်ဝတ်ထားဟု စေခိုင်းပြီးနောက် ဆရာတော်သည် ရွာဦးကျောင်း ဘုန်းတော်ကြီးကျောင်း၌ ညအိပ် ကျိန်းစက်ခဲ့ကြောင်း မိန့်ကြားခဲ့ပါသည်။

နောက်တစ်နေ့ ကထိန်ပွဲမှာ တရားဟောခဲ့ကြောင်း၊ တရားပွဲမှာ ဒကာဦးမြမောင် ရှေ့ဆုံးက တည်ငြိမ်စွာ တရားနာနေကြောင်း၊ အဲဒီလို ငြိမ်သက်စွာ တရားနာနေတာကိုလည်း ဆရာတော် မြင်တွေ့ သတိထားမိကြောင်း မိန့်ကြားပါသည်။ တရားပွဲပြီးတော့ ဆရာတော်က

'ဒကာကြီး ရောဂါ သက်သာသွားပြီလား'ဟု မေးတော့ ဦးမြမောင်က ၎င်း၏ ပုဆိုးအတွင်းက ဖင်ခုထိုင်ထားသော ပိန်းမဟော်ရွက်ကို ဆွဲထုတ်ကာ

'သူ့အစွမ်းကြောင့် တပည့်တော် ရောဂါသက်သာသွားရုံမက တရားပွဲကိုလည်း အေးချမ်းစွာနဲ့ ပြီးစီးအောင် တရားနာနိုင်ပါကြောင်း' ပြုံးရွှင်စွာ ပြန်လည်ရှင်းပြခဲ့ကြောင်း မိန့်ကြားခဲ့ပါသည်။

အဲဒီလို သွေးစိမ်းစိမ်းကျကာ နာကျင်ပူလောင်လွန်း၍ အော်ဟစ်ညည်းညူနေရသော နာတာရှည် လိပ်ခေါင်းရောဂါကို တစ်ညတာ ကာလအတွင်း သက်သာပျောက်ကင်းသွားစေသော ဆေးဖက်ဝင် ပိန်းမဟော်ရွက်၏ အစွမ်းကို ကြားသိရတော့ စာရေးသူ အံ့ဩမိတာ အမှန်ပါ။ ညပိုင်းက ဦးမြမောင်သည် ၄-၅ ကြိမ် ပထမအကြိမ်ကလို ကပ်ခဲ့ကြောင်း၊ အိပ်ရေးပျက်သည့် ညပေါင်း များစွာ ရှိခဲ့ကြောင်း၊ အဲဒီနေ့ညမှာတော့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခြိုက်စွာ စတင် အိပ်ပျော်ခဲ့ကြောင်းနှင့် ဒါကိုပဲ ဆရာတော်က ဆက်၍ လွန်ခဲ့သော သုံးနှစ်ကျော်က ပျော်ဘွယ်မြို့နယ်မှာ ဒကာ ဦးမြမောင် လိပ်ခေါင်းသွားကုခဲ့တာ ပျောက်သွားပြီးခါမှ အခုလို ပြင်းပြင်းထန်ထန် ပြန်ဖြစ်လာတာဖြစ်ကြောင်း ပြန်လည်မိန့်ကြား၍ သိခဲ့ရပြန်ပါသည်။ လိပ်ခေါင်းရောဂါဖြစ်ရသည့် အဓိက အကြောင်းရင်းက ဝမ်းချုပ် လွန်ကဲခြင်းက စတာဟု စာရေးသူ ကြားသိဖူးပါသည်။

မည်သို့ဖြစ်စေ လူသားတို့မည်သည် အစာအာဟာရ ဥတုရာသီဒဏ်ကြောင့် ဝမ်းချုပ်ရောဂါဖြစ်တတ်ခြင်းမျိုးလည်း ရှိတတ်သောကြောင့် လိပ်ခေါင်းရောဂါမဖြစ်ရအောင် အလွန် သတိထားစားသောက်နေထိုင်ပါမှ တန်ရုံကျနိုင်တာပါ။ ဒါပေမဲ့ လိပ်ခေါင်းရောဂါဖြစ်လာရင်လည်း ယခုကဲ့သို့ ဆေးဖက်ဝင် ပိန်းမဟော်ပင်နှင့် လက်တွေ့ကုသပျောက်ကင်းနိုင်ကြောင်း သိရတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတာ အမှန်ပါ။ အခြား ကုသပျောက်ကင်းနိုင်သော ခေတ်မီနည်းများရှိကြောင်းလည်း ကြားသိဖူးပါသည်။ ယခု ပိန်းမဟော်ရွက်နှင့် ကုသနည်းကတော့ ကုန်ကျစရိတ် သက်သာရုံမက အလွန် လွယ်ကူပြီး ထိရောက်သော ပျောက်ကင်းမှုရှိကြောင်း တောင်တွင်းကြီးမြို့နယ်၊ စမ်းကုန်းကျေးရွာက ဦးမြမောင်၏ ကိုယ်တွေ့ဖြစ်ရပ်က ထင်ရှားနေပါပြီ။ ဒါကိုပဲ နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ်များနှင့် အခြားစိတ်ဝင်စား ဆန္ဒရှိ သူများ လိုအပ်ပါက ဆရာတော်ဦးသုဇာတ၏ လက်တွေ့ကုသနည်းကို သိရှိနိုင်ရန်နှင့် လက်တွေ့ ကုသနိုင်ရေးအတွက် စာရေးသူကတစ်ဆင့် ရေးသားဖော်ပြမိတာပါ။

ဆရာတော်ဦးသုဇာတက ပိန်းမဟော် အညို၊ အစိမ်းရောင် နှစ်မျိုး ရှိကြောင်း၊ ဦးမြမောင်ကို ကုသပေးခဲ့တဲ့မျိုးက အစိမ်းမျိုး ဖြစ်ကြောင်း၊ အညိုရောင်မျိုးက ပိုမို အစွမ်းထက်ကြောင်း ပြောပြပါသည်။ စာရေးသူက ဆရာတော်အား ဆေးနည်းရရှိပုံကို လျှောက်ထားမေးမြန်းတော့

'ကျုပ်တို့မျိုးရိုးစဉ်ဆက် ကုသလာခဲ့တဲ့လက်တွေ့နည်း တစ်ခုပါ၊ လိပ်ခေါင်းဖြစ်လို့ကတော့ နုနုရင့်ရင့် ပိန်းမဟော်ရွက်က ပျောက်ကင်းစေနိုင်ပါတယ်'တဲ့



ဒကာဦးမြမောင်လည်း ယခုအခါ လိပ်ခေါင်းရောဂါ လုံးဝ ပျောက်ကင်းသွားပြီး ကျန်းမာလျက်ရှိကြောင်း မိန့်ကြားတာကို သိရှိရပါသည်။

စာရေးသူကလည်း မြန်မာနိုင်ငံအတွင်းရှိ အရေးကြီး အပင်များ၏ ရုက္ခဗေဒဆိုင်ရာ အမည်များနှင့် မျိုးရင်း အမည်များ စာအုပ်တွင် ပိန်းမဟော် yitf kMyelfra[ mfm}{ kazmfyx mNyD r5pk(Genus) မှာ (Colocasia) ဖြစ်ပြီး၊ မျိုးစိတ် (Species) မှာ (Antiquorun) ဖြစ်၍၊ မျိုးရင်း (Family) မှာ (Araceae) ဖြစ်ကြောင်း လေ့လာ သိရှိမှုကိုလည်း ဖော်ပြအပ်ပါသည်။

စာရေးသူအနေဖြင့် ပိန်းမဟော်ရာအပင်မျိုး နှစ်မျိုးလုံးကို ဓာတ်ပုံမှတ်တမ်းရိုက်ရန် ရှာဖွေရာတွင် ဆောင်းကာလ အပင်များ 'ချ'ချိန်ဖြစ်နေ၍ အခက်အခဲ ရှိခဲ့ရပါသည်။ အပင်အညိုမျိုးကိုတော့ သမားတော်ကြီး ဆရာမော် ပေးသော အပင်ငယ်ကိုပင် ဓာတ်ပုံမှတ်တမ်းပြု ဖော်ပြအပ်ပါသည်။ ပိန်းမဟော် အပင်စိမ်းမျိုးကတော့ စာရေးသူအသိ ကုန်စုံဆိုင်လေးတစ်ခု၏ မျက်နှာစာတွင် တန်းစီစိုက်ပျိုးထားသော အပင်များ၏ မှတ်တမ်းဓာတ်ပုံဖြစ်ပါသည်။ ဓာတ်ပုံ ရိုက်ယူစဉ် ပိုင်ရှင်မိန်းကလေးက

'အဘရေ၊ မိုးတွင်းမှာ ဒီအပင်တွေက အလွန်ဖြစ်တာ၊ ကြီးမား လွန်းလို့ ခုတ်ခုတ်ပေးနေရတယ်'တဲ့။

ဟုတ်ပါသည်။ ပိန်းမဟော်ပင် အစိမ်းမျိုးသည် တုတ်ခိုင် ကြီးမား၍ အရွက် အလွန်ကြီးကာ အမြင့် ၆-၇ ပေခန့်တောင်ရှိတာ တွေ့ဖူးပါသည်။ အရွက်များ အလွန်ကြီးမားတာကြောင့် မိုးရွာစဉ် အရွက်ကို မိုးအကာ အဖြစ် ခုတ်ယူဆောင်းလေ့ရှိတာလည်း အမှန်ပါ။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ မတ်၊ ၂၀၀၇ ]

www.burmeseclassic.com

www.burmeseclassic.com





## ရှားပါးလှသော ဖားဂမုန်းနှင့် အစွမ်းသတ္တိထူး

တောင်ကြီးမြို့မှလာသော ဆရာတော် ဦးဥတ္တမနှင့် မိုးကုတ်မြို့မှ မြန်မာသမားတော်ကြီး ဆရာဦးစိုင်းညီညီထွန်းတို့ စာရေးသူ၏ နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးပျိုးဥယျာဉ်သို့ လေ့လာရေး ရောက်ရှိလာကြပါသည်။

သမားတော်များဖြစ်ကြသည့်အလျောက် နေပြည်တော်၊ ပျဉ်းမနားမှာ ထင်ရှားလှသော တိုင်းရင်းဆေးဆရာကြီး ဦးမော် (တိုင်းအဆင့်၊ ပင်စင်) ထံသို့ သွားရောက် တွေ့ဆုံလို၍ စာရေးသူမှ လိုက်ပါပို့ဆောင်ခဲ့ပါသည်။

ရွာကောက် ရပ်ကွက်အုပ်စု သဲကျွန်းရပ်ရှိ ဆရာကြီး၏ ဆေးခန်းတွင် ဆရာတော်နှင့်တွေ့ဆုံရာ ဆရာကြီး ဦးမော်မှ ဦးဆောင်၍ အဂ္ဂိရတ် ပညာရပ်အကြောင်း လက်တွေ့ဆောင်ရွက် လုပ်ကိုင်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

ဆရာဦးစိုင်းညီညီထွန်းကိုလည်း ဆရာမော်မှ ဆင်တုံးမနွယ်နှင့် ခွဲမရအောင်တူသော **ဆင်သမနွယ်** အပင်ပိုင်းကို ပေး၍ ပြသ ရှင်းလင်း



ဖလှယ်ပေးခဲ့တာကို တွေ့ရပါသည်။ ဆရာ ဦးစိုင်းညီညီထွန်းက ဆင်တုံးမနွယ်သာ မြင်တွေ့ဖူးကြောင်း တင်ပြရာ

ဆရာမော်က

***'ဆင်တုံးမနွယ်က ဆူးပါပြီး ခါးတယ်၊ ဆင်သမနွယ်က ဆူးမပါရုံမက အရသာက ချိုကြောင်း'*** လက်တွေ့ကိုက်၍ အရသာ ခံစားကြည့်ရန် ပြောပါသည်။ ဆရာဦးစိုင်းညီညီထွန်းကလည်း လက်တွေ့ ကိုက်ဝါး အရသာခံကြည့်ပြီး အရသာချိုကြောင်း ခေါင်းညိတ် ဝန်ခံခဲ့ပါသည်။

ဆရာမော်က ဆင်သမနွယ် တစ်ဖြတ်ပေး၍ စိုက်ထားရန်နှင့် ဆေးဖော်စပ်ရာတွင် လိုအပ်သလို ထည့်သွင်း အသုံးပြုနိုင်ရန် တိုက်တွန်းခဲ့ပါသည်။

စာရေးသူကလည်း စိုက်ပျိုးရေးသမားပီပီ မြေပေါ် ချထားရုံနှင့် ရှင်သန်လာသည်ဆိုသော ဆင်သမနွယ် တစ်ဖြတ် တောင်းယူ၍ စိုက်ပျိုးထားခဲ့ပါသည်။

စာရေးသူက ဆရာတော်ကို နေ့ဆွမ်းကပ်ချိန် နီးနေသည့်ကြားက အချိန်လု၍ လွန်ခဲ့သော လပိုင်းက ဆရာမော်၏ ဂမုန်း ဥယျာဉ်ကြီးအတွင်းရှိ 'ဓမ္မဗိမာန် ဘုံခုနစ်ဆင့်'ပေါ် တွင် တယုတယ စိုက်ပျိုးထားသော ရှားပါးဂမုန်းပင်ဓာတ်ပုံများကို ပြ၍ ဆောင်းပါးရေးခွင့်တောင်းခံခဲ့ပါသည်။

ယင်းဓာတ်ပုံများကို ဆရာမော်ကိုယ်တိုင် ဘုံခုနစ်ဆင့် အုတ်တိုက်ကြီး ပထမထပ်တွင် စိုက်ပျိုးထားရာသို့ လိုက်ပါပြသ၍ ဓာတ်ပုံ မှတ်တမ်း ရိုက်ခွင့်ပေးခဲ့တာပါ။

ဂမုန်းပင်များကို ဝါးဖြင့် ဆန်ခါကဲ့ ကာရံကာ ဝင်ပေါက်ကို သော့ခတ်ထားတာ တွေ့ရပါသည်။ ဆရာကိုယ်တိုင် သော့ဖွင့်ပေးသောကြောင့် ရှားပါးလှသော ဂမုန်းပင်များ၏ ဓာတ်ပုံများကို ရိုက်ယူရရှိခဲ့ပါသည်။

ရိုက်ယူရရှိခဲ့သော ဓာတ်ပုံများမှာ စမဗဝ ဂမုန်း၊ မြစိမ်းရှင် ဂမုန်း၊ ရစ်ဂမုန်းနှင့် ယခု ရေးသားဖော်ပြမည့် ဖားဂမုန်းတို့ ဖြစ်ကြပါသည်။ စာရေးသူကို ဆရာမော်က

www.burmeseclassic.com

www.burmeseclassic.com



'မြစိမ်းရှင်ဂမုန်း မြင်ဖူးလား၊ မမြင်ဖူးရင် ပြမယ် လိုက်ခဲ့'ဟု ဆိုပြီး ဓာတ်ပုံရိုက်ခွင့် ပေးခဲ့တာပါ။

ဝါသနာအရ အပင်ဆန်းတွေမြင်ရတော့ စာရေးသူလည်း အငမ်းမရ ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားခဲ့တာပါ။ မိုးလယ်နှောင်းပိုင်း အချိန်လောက်က ဖြစ်ပါသည်။ ဓာတ်ပုံတွေကူးပြီးမှ ဆရာ့ကိုပြသ မေးမြန်း၍ ဆရာ ရှင်းပြသမျှ ဆောင်းပါးရေးမည်ဟု ရည်ရွယ်ထားတာပါ။

ယခုမှကြုံကြိုက်နေတာနှင့် ဓာတ်ပုံတွေကို ဆရာကြည့်ပြီး ရှင်းပြသည့် *ရှားပါးလှသော ဖားဂမုန်းနှင့် အစွမ်းသတ္တိထူး* အကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရေးသားဖော်ပြလိုက်ပါသည်။

အပင်တွေမြင်ပြီး ဓာတ်ပုံမှတ်တမ်းရိုက်ယူစဉ်က ဖော်ပြပါ ဖားဂမုန်းကို ဆရာမော်က အမည်ပြောပြခြင်း မရှိခဲ့ပါ။ *ပတ္တမြားအရောင် နီရဲနေအောင် စိုပြည်စွာ အလွန်လှပ ကျက်သရေရှိလှသည့်အပင်ကို ရှားပါး ပိန်းပင်တစ်မျိုး သို့မဟုတ် ပတ္တမြားဂမုန်းတစ်မျိုး*ဟု စာရေးသူက ယူဆခဲ့တာပါ။ ယခုမှ ဆရာမော်က ဖားဂမုန်းဖြစ်ကြောင်း အလွန် ရှားပါး၍ အလွန် ဈေးကြီးကြောင်း၊ အပင်ပွားစီးမှုနည်းပြီး မိုးကုန် ဆောင်းဥတု ရောက်သည်နှင့် အပင်များချကာ ဝါဆို ဝါခေါင်ရောက်မှ အပင်ပြန်ထွက်လေ့ရှိကြောင်း ရှင်းပြပါသည်။

ထိုအခါ စာရေးသူက ဖားဂမုန်းအပင်ကို ဂရုစိုက်၍၊ လေ့လာမှုပြုရပါတော့သည်။ ၎င်းအပင်၏ အရွက်များသည် သာမန် ပိန်းရွက်များထက်ကြီး၍ အဝိုင်းပုံသဏ္ဌာန်ဘက်များတာ တွေ့ရပါသည်။

*အညိုရင့်ရောင် ရိုးတံအရှည် ၁၀ လက်မ ၁၅ လက်မ ရှိပြီး အပေါ်ပိုင်းအရွက်သည် ပတ္တမြားရောင် ချောမွတ်တောက်ပလှပါသည်။ နီရဲနေသည့် အရောင်ရှိတာ တွေ့ရပါသည်။ အရွက်၏ အောက်ပိုင်းသည် ပေဒါနုရောင်ရှိတာ တွေ့ရပါသည်။*



စထွက်စ အရွက်နုများမှာလည်း ၎င်းအရောင်ပင် ရှိကြောင်း သိရပါသည်။ ပိုးသတ်ဆေးအသုံးပြုခြင်း မရှိသော်လည်း အရွက်များကို ပိုးမွှားများ ကိုက်ဖြတ် ဖျက်ဆီးမှုနည်းကြောင်းလည်း သိရပါသည်။

ဖားဂမုန်းပင်၏ အရွက်များသည် သာမန်ကြည့်ရှုပါက ပိန်းရွက်ပုံသဏ္ဌာန်ဟု ထင်ရသော်လည်း ဖွဲ့စည်းတည်ဆောက်ပုံမှာ အလွန် ထူးခြားမှု ရှိနေတာကိုလည်း တွေ့ရပါသည်။ ဆရာမော် ပြောပြသော ဖားဂမုန်း၏ အစွမ်းသတ္တိထူးကိုလည်း ဆက်လက် ဖော်ပြလိုက်ပါသည်။

*'ပြဒါးလုံးကို ဆရာတွေ မနိုင်ဘူးဗျ၊ ဖားဂမုန်းကို အသာကိုင်ရုံနဲ့ ပြဒါးလုံးကို နိုင်တယ်၊ ဒါကြောင့် ဖားဂမုန်းကို သိဒ္ဓိရှင် ဂမုန်းလို့ ဆိုနိုင်တယ်'* တဲ့။ ဆရာမော်က ဖားဂမုန်း သို့မဟုတ် သိဒ္ဓိရှင်ဂမုန်း၏ အစွမ်းသတ္တိကို လက်တွေ့ စမ်းသပ်နိုင်ပုံကိုလည်း ပြောပြပါသည်။


*'ကြက်ဥတစ်လုံးကို ဖောက်၊ အထဲက အကုန်ထုတ်၊ အပေါက်ကို ပြန်ပိတ်လို့ရအောင် အနေတော် လုပ်၊ အထဲက အနှစ် အကာတွေ ကုန်ရင် ရေနဲ့ဆေး၊ အဝတ်နဲ့ ပြောင်အောင်သုတ်၊ ကြက်ဥထဲကို ပြဒါး အရည်ထည့်၊ အပေါက်ကို ဖယောင်းနဲ့ပိတ်၊ ပြဒါးထည့် ပိတ်ထားတဲ့ ကြက်ဥကို သံပြားအပူပေါ် တင်ပေးထားလိုက်ရင် ကြက်ဥ အပေါ်ကို တက်လာတော့တာပဲ၊ အဲဒီ ပြဒါးလုံးကို ဖားဂမုန်း ပြလိုက်ရုံနဲ့ အောက်ကို ပြန်ကျအောင် လုပ်နိုင်တယ်'* ဟု

ဆရာမော်ရှင်းပြသော ရှားပါးလှသည့် ဂမုန်း၏ အစွမ်း သတ္တိထူးကို ဖားဂမုန်းအပင်လည်း ရှိမယ်၊ စမ်းသပ်ရန်လည်း ဆန္ဒရှိမယ်ဆိုလျှင် လက်တွေ့စမ်းသပ်၍ ဖလှယ်မှုပြုနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ မေ၊ ၂၀၀၆ ]

www.burmeseclassic.com

www.burmeseclassic.com



**ရွှေလာပင်များ ပွင့်သောအခါ**

ပန်းအလှချစ်သူ၊ ပန်းချစ်သူ၊ ပန်းပင်ချစ်သူနှင့် သီးပင်စားပင်ချစ်သူ စသည်အားဖြင့် ယေဘုယျ ခံစားတတ်သူများ ရှိကြပါသည်။ အဲဒီအထဲက ပန်းပင်ချစ်သူ မသန္တာတို့စုံတွဲနှစ်ယောက် စာရေးသူ၏ ပျိုးဥယျာဉ်သို့ မကြာခဏ လာရောက်လေ့ ရှိပါသည်။

မသန္တာက ပန်းပင်အလှသာမက၊ ဂမုန်းပင်၊ စားပွဲတင် ပန်းပင်ငယ်များ အပါအဝင် အပင်အသစ်အဆန်း မျိုးနွယ်များကို နှစ်သက်သဘောကျ အချိန်ယူပြုစု၍ မျိုးပွားရယူတတ်သူလည်း ဖြစ်ပါသည်။

အဲဒီလို အပင်တို့ကို စိုက်ပျိုးပြုစုရင်း ထိုအပင်တို့ ရှင်သန်လှပ ပွင့်လန်းလာသည့်အခါ အပင်၏တုံ့ပြန်မှု ရသအလှကို ခံစားတတ်သူ၊ ကြည်နူးမှုပီတိချမ်းသာသုခကို ရယူခံစားတတ်သူလည်း ဖြစ်ပါသည်။

အဲဒီခံစားမှုကြောင့် မသန္တာတစ်ယောက် စိတ်ချမ်းသာ နေရုံမက အမြဲ ရွှင်လန်းတက်ကြွနေတာကိုလည်း တွေ့ရပါသည်။ ရလဒ်အဖြစ် မသန္တာတို့ ခြံထဲသို့ ဝင်လာသည့်အခါတိုင်း ပြုံးရွှင်အေးချမ်း ပီတိလွှမ်းနေကြရုံမက သူမပြောသည့် စကားသံမှာလည်း အေးချမ်းမှု လွှမ်းနေတာ အမှန်ပါ။



အဲဒီလိုနှင့် မတ်လဆန်းပိုင်းတစ်ရက်မှာ ခြံထဲသို့လာကြသည့် မသန္တာက 'အဘရေ၊ သမီးရဲ့ ရွှေလာပင်တွေမှာ အဖူးတွေဝင်နေတာ အများကြီးပဲ'ဟု ဆိုလာပါသည်။

စာရေးသူလည်း ရွှေလာပင်များ စိုက်ပျိုး၊ မျိုးပွား ရောင်းချနေသူပါ။ ဒါပေမဲ့ တစ်ခါမှ ဖူးပွင့်တာ မတွေ့ကြုံဖူးသေးတာ အမှန်ပါ။ အဲဒါနဲ့ အကျိုးအကြောင်း မေးမြန်းဖြစ်ရာက နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်းရပ်ကွက်၊ ၁၉ လမ်းရှိ သူမ အိမ်သို့ ရွှေလာပင် အဖူးများကြည့်ရန် သွားရောက်ဖြစ်ခဲ့ပါသည်။

ဟုတ်ပါသည်။ ရွှေလာပင်မှာ အဖူးတွေအများကြီး တွေ့ခဲ့ရပါသည်။ ရွှေလာပင်မှာသာမက အခြားသော ဂမုန်းမျိုးနွယ် အပင်များလည်း ဖြစ်ထွန်းအောင်မြင်နေတာ တွေ့ခဲ့ရပါသည်။

အထူးသဖြင့် ထိုင်း (ယိုးဒယား) ရှင်သီဝလိဂမုန်းခေါ် လာဘ်ခေါ် ဂမုန်းပင်များ သို့မဟုတ် ဥစ္စာထိန်းဂမုန်းပင်များ ဖွေးဖွေးလှုပ် ပွင့်နေတာကို တွေ့မြင်ရ၍ အံ့သြမိတာ အမှန်ပါ။

ဘာကြောင့်လဲ ဆိုတော့ အဲဒီအပင်တွေက စာရေးသူ မျိုးပွား ရောင်းချလိုက်သည့် ပျိုးပင်တစ်ပင်က သူမ ထပ်၍မျိုးပွား ရယူထားတာပါ။ လှပစွာဖူးပွင့်နေသည့် အုံခဲနေသော ပန်းအိုး ၁၀ အိုးခန့် ရှိနေပါသည်။

အဲဒီအပင်မျိုးတွေ စာရေးသူမှာရှိသည့် ပျိုးထုပ်၊ ပျိုးအိုးတွေအားလုံးမှာ အဖူးအပွင့် လုံးဝ မဝင်သေးတာကြောင့်လည်း အံ့သြဝမ်းသာဖြစ်ရတာ အမှန်ပါ။ ဒါကိုက အပင်ချစ်တတ်သူ မသန္တာနဲ့ အပင်တွေကပေးသော တုံ့ပြန်မှုအောင်မြင်ခြင်း သာဓကအဖြစ် ထင်ရှားနေပါသည်။

မသန္တာက ၂၀၀၃ ခုနှစ် မိုးတွင်းမှာ ပျိုးဥယျာဉ်တစ်ခုက အမြင့် နှစ်ပေခန့် ရွှေလာပင် ပျိုးအိုးတစ်အိုး ဝယ်ယူစိုက်ပျိုးခဲ့ကြောင်း၊ မိုးကုန်ခါနီး တွင် အပင်ပွားလာလို့ နောက်တစ်အိုးမှာ ခွဲစိုက်ခဲ့ကြောင်း၊ မူလအပင် အမြင့် သုံးပေကျော်လောက် ဒီဇင်ဘာလမှာ စတင် ဖူးလာကြောင်း၊ အဲဒီ အဖူးက ပွင့်အာလာသည်အထိ သုံးလခန့် ကြာမြင့်ကြောင်း ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



*ပွင့်တော့လည်း တစ်ရက်တည်းသာပွင့်ကြောင်း၊ ပွင့်သည့်ညမှာ တစ်အိမ်လုံး နှစ်သက်ဖွယ် အမွှေးရနံ့ ရနေကြောင်း၊ အပွင့်က နံနက် အစောပိုင်းမှာ ပွင့်လေ့ရှိကြောင်း၊ ဝတ်ဆံတိုင်သည် ဆင်စွယ်ရောင် ရှိပြီး ပွင့်ဖတ်အတွင်း အဖြူရောင်အောက်ခံမှာ အဝါနုရောင် အပေါ်တွင် နီဝါရောင်အစင်းများ ဖြာထွက်နေတာ တွေ့ရပါသည်ဟု ဆိုပါသည်။*

အပွင့်အောက်ခြေ၊ ဝတ်ဆံတိုင်အောက်ခံမှာ ကြက်သွေးရောင် အမျှင်တန်းများ ယှက်သန်းနေကြောင်း၊ အဲဒီလို မြင်ရအောင် ပွင့်ဖတ်အောက်ခြေ အဖတ်များကို ဆွဲခါကြည့်ရကြောင်း ရှင်းပြပါသည်။

သူမ ပြောပြသည့်အတိုင်း ရွှေလာပင်အဖူးများ အပွင့် ပွင့်လာပုံ မှတ်တမ်းဓာတ်ပုံများကို ရိုက်ယူ ဖော်ပြလိုက်ပါသည်။ ရွှေလာပင်အညွန့် ထိပ်ဖျားတိုင်းတွင် ယေဘုယျအားဖြင့် အဖူးသုံးဖူး ဖူးနေတာကို တွေ့ရပါသည်။

ပွင့်ခါနီး စံချိန်မီ အဖူး တစ်ခုသည် ၁၂ လက်မခန့် ရှိပါသည်။ အဖူး



အမြင့် ၆ လက်မ၊ အပွင့်ရိုးတံ ၆ လက်မ ရှိပြီး အဖူးလုံးပတ် လက်ညှိုး၊ လက်ခလယ် လောက် ရှိပါသည်။ ပွင့်အာနေသော ပွင့်ဖတ်ကို ကိုင်တွယ်ကြည့်ရာ ထူထူထဲထဲ တင်းတင်း ရင်းရင်း ရှိတာ တွေ့ရပါသည်။

စာရေးသူက မသန္တာကို ရွှေလာပင်များ ပွင့်သည့်ကာလမှာ မည်ကဲ့သို့သော ထူးခြားမှုများ ဖြစ်စဉ်များ



ကြုံတွေ့ရပါသလဲ လို့မေးရာ 'သာမန်ပါပဲ'ဟု ဖြေဆိုပါသည်။ ယုံကြည်ကိုးစား မျှော်လင့်မှုနှင့် ဘယ်လို ဂုဏ်တော်များကို ရွတ်ဖတ်ပါသလဲဟု ဆက်မေးရာ

*'မရှိပါဘူး၊ သမီးက အပင်တွေပြုစုစိုက်ပျိုးရင်း အောင်မြင် ဖြစ်ထွန်းလာတဲ့ တုံ့ပြန်ရရှိမှုကို ကြည်နူးနေမိတာပါ၊ အဲဒီလို လုပ်ကိုင်နေရတာကိုပဲ စိတ်ချမ်းသာမှု ရယူနေသူပါ'* ဟု ဖြေဆိုခဲ့ပါသည်။

စာရေးသူအနေဖြင့် မသန္တာကဲ့သို့ အပင်များကို ချစ်မြတ်နိုးစွာ တယုတယ စိုက်ပျိုးပြုစုလျှင် သူမ၏ ရွှေလာပင်များမှ ထူးခြားစွာ ပွင့်လာသည့်အခါ ထူးခြားသော စိတ်ချမ်းသာမှု၊ အေးချမ်းမှုမျိုး ရရှိခံစားနိုင်ကြောင်း မျှဝေအသိပေးလို၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးသားဖော်ပြလိုက်ရပါသည်။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ ဇန်နဝါရီ၊ ၂၀၀၈ ]

www.burmeseclassic.com

www.burmeseclassic.com



## နဂါးမောက် ခေါ် ကစ်မီကွစ် (Kiss Me Quick) ထူးခြား အနမ်းပန်းပင်နှင့် ကိုယ်တွေ့ဖြစ်ရပ်

စာရေးသူသည် ပျိုးဥယျာဉ်လုပ်ငန်းဖြင့် မိသားစု အသက်မွေးဝမ်းကျောင်းမှု ပြုနေသူတစ်ဦး ဖြစ်ပါသည်။ ပျိုးဥယျာဉ်လုပ်ငန်းတွင် သီးပင်စားပင်၊ အလှပန်းပင်နှင့် အလှဆင်ပင်အမျိုးမျိုး စိုက်ပျိုး မျိုးပွား ထုတ်လုပ်ရောင်းချ၍ ဝင်ငွေရှာခြင်းဖြစ်ပါသည်။

ယခု ရေးသားဖော်ပြမည့် ကစ်မီကွစ် ခေါ် အနမ်းပန်း အလှပင်များ စိုက်ပျိုး မျိုးပွား ထုတ်လုပ်ရေး လုပ်ငန်းလည်း ပါဝင်ပါသည်။ စာရေးသူသည် ခေတ်မီ ကစ်မီကွစ် ခေါ် အနမ်းပန်းပင်မျိုးစိတ်မျိုးစုံ စိုက်ပျိုး မျိုးပွား ထုတ်လုပ်ရောင်းချနေတာ ၄-၅ နှစ်အတွင်း အပင်ပေါင်း ထောင်သောင်းမျှ အပင်အရေအတွက်လောက်ထိ စိုက်ပျိုးမျိုးပွားနိုင်ခဲ့ပါသည်။

ထိုသို့ စိုက်ပျိုး မျိုးပွား ထုတ်လုပ်နေရာမှ ကစ်မီနှင်းဆီဟု ခေါ်တွင်သော ကစ်မီကွစ် အနမ်းပန်းပင် မျိုးစိတ် တစ်မျိုးမှာ ကိုင်းပွားတစ်ခုသည် ပင်စည်အလုံး မဟုတ်ဘဲ (ဓာတ်ပုံပါအတိုင်း) အဖျားပိုင်းတွင် ခပ်ပြားပြား



ပင်စည်တစ်ခုကို တွေ့ရှိခဲ့ရပါသည်။ ၎င်းကိုင်းပွားငယ်ကို ဖြတ်တောက်၍ စိုက်ပျိုး မျိုးပွားခဲ့ရာ အောင်မြင်မှု ရရှိခဲ့ပါသည်။ ကစ်မီကွစ် ခေါ် အနမ်းပန်းပင်များ၏ ပင်စည်နှင့် ကိုင်းပွားများသည် အားလုံး အလုံး ပုံသဏ္ဌာန်များသာ ရှိပါသည်။

ကိုင်းဖြတ်၍ စိုက်ပျိုး မျိုးပွားမှုကို လွန်ခဲ့သော နှစ်နှစ်ကျော်က လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူ မျိုးပွားအောင်မြင်ခဲ့သော ပျိုးပင်သည် အခြားသော အနမ်းပန်းပင်များကဲ့သို့ ပင်စည်အလုံး မဟုတ်ဘဲ ပင်စည်အပြားသည် ပို၍ ပြားထွက်လာပါသည်။ ၎င်း ပင်စည်အပြားထိပ်ဖျားအတိုင်း အရွက်များလည်း ပွားများလာတာတွေ့ရပါသည်။

ထိုပင်စည်အပြား ဘေးတစ်ဖက်တစ်ချက်တွင် အနမ်းပန်း ပင်စည်တိုင်းတွင် ပါလေ့ရှိသော ဆူးများထွက်ရှိနေတာလည်း တွေ့ရပါသည်။

ဆူးများပေါက်မှုကတော့ အတော့်ကိုစိပ်တာ တွေ့ရပါသည်။ စတင်စိုက်ပျိုးစဉ်က ပျိုးပင်အမြင့် ၅ လက်မခန့်ရှိပြီး ရှင်သန်လာသည့်အခါ ၈ လက်မခန့်တွင် ရပ်တန့်သွားပါသည်။ အပင်အမြင့် ဆက်၍ တက်မလာတော့ဘဲ ပင်စည်အပြားကြီးသာ ဘေးသို့ ပို၍ပြားထွက်လာပါသည်။

ကစ်မီကွစ်ခေါ် အနမ်းပန်းပင် မျိုးပွားရှင်သန်လာသည့်အခါ ရှင်သန်မှု အားကောင်းသော အပင်များကို အစာအာဟာရ ဓာတ်မြေဩဇာ (NPK) ကျွေး၍ ပွင့်ခိုင်းလေ့ရှိပါသည်။ ထိုသို့အစာကျွေးပြုစုပေးသော အနမ်းပန်းပင်များသည် လပိုင်းအတွင်း ဖူးပွင့်လာလေ့ရှိကြပါသည်။ အထက်ပါ ထူးခြားစွာ ရှင်သန်လာသော အနမ်းပန်းပင်ကိုလည်း အစာအာဟာရကျွေး၍ တုံ့ပြန်မှုကို လေ့လာနေခဲ့ရာ အဖူးအပွင့်များထွက် မလာဘဲ ပို၍စိမ်းလန်းစိုပြည်ထွားကျိုင်းလာတာ တွေ့ရပါသည်။ အထူးသဖြင့် ပင်စည်အပြား ပို၍ ကြီးထွက်လာသလို အဖျားပိုင်း အရွက်များလည်း ပို၍ စိမ်းစိုများပြားလာပါသည်။ အပင်အမြင့် ထွာဆိုင်ခန့်မှာ ရပ်တန့်သွားပြီး ပင်စည် အပြားပိုင်းသာ ပို၍ ဘေးတစ်ဖက်တည်း ပြားထွက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုထူးခြားဆန်းကြယ်လှသော အနမ်းပန်းပျိုးပင်ကို ဂရုတစိုက် ပြုစုလေ့လာနေခဲ့သလို အပင်ဝါသနာရှင်များ၊ ပန်းချစ်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဆုံတွေ့တိုင်း အပင်ပြ ဆွေးနွေး၍ ဗဟုသုတရှာခဲ့ပါသည်။

စာရေးသူဟာ ကျောင်းဆရာဘဝပြောင်း စိုက်ပျိုးထုတ်လုပ်သူတစ်ဦးဖြစ်ပါသည်။ သာမန်ထက် ထူးခြားဖြစ်စဉ် တွေ့ရှိမှုများကို သိပ္ပံသမား၊ လက်တွေ့သမားပီပီ ကိုယ်တွေ့အသိနှင့် လက်တွေ့ လေ့လာသိရှိ ခံစားရရှိမှု အမှန်ကိုသာ လက်ခံလေ့ရှိသူလည်း ဖြစ်ပါသည်။

ဖော်ပြပါ ထူးခြားအနမ်းပန်းပင်ကိုလည်း သဘာဝ သက်ရှိတို့၏ ဖြစ်စဉ်အတိုင်း ပုံသဏ္ဌာန်ပျက်ယွင်းခြင်း (Deformity) တစ်ခုဟုပင် ယူဆနေမိခဲ့ပါသည်။ စာရေးသူတို့မြို့တွင် စိုက်ပျိုးရေး ပညာရှင်များ၊ စိုက်ပျိုးရေးဝါသနာရှင်များ စိုက်ပျိုး မျိုးပွား ထုတ်လုပ်ရောင်းချနေသော ပျိုးဥယျာဉ်များလည်း ရှိပါသည်။ စိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်ပျိုးရေး သုတေသနဌာနနှင့် စိုက်ပျိုးရေးသိပ္ပံမှ ပျိုးဥယျာဉ် ဝါသနာရှင်များ စိုက်ပျိုးထားသော နေရာများသို့လည်း အခါအားလျော်စွာ သွားရောက်လေ့လာ မျိုးသစ်များ ရှာဖွေစုဆောင်းလျက် ရှိပါသည်။ သူတို့၏ ပျိုးဥယျာဉ်များတွင် ပြည်ပမှ တိုက်ရိုက်ယူလာသော ပျိုးပင်များ၊ မျိုးသစ်များကို တွေ့ရလေ့ ရှိပါသည်။ အထူးသဖြင့် ပြည်ပမှ ယူလာသော အနမ်းပန်းပင်





မျိုးသစ် မျိုးဆန်းများကို တွေ့ရတတ်ပါသည်။ ၎င်းတို့ ကိုယ်တိုင်လည်း မျိုးပွား ထုတ်လုပ်ရောင်းချလေ့ ရှိပါသည်။

သို့သော် ထိုပျိုးဥယျာဉ်များတွင် စာရေးသူ စိုက်ပျိုး အောင်မြင်နေသော ထူးခြား အနမ်းပန်းပင်မျိုး လုံးဝ မတွေ့ရပါ။

ထို့အပြင် ရန်ကုန်သို့ ရောက်သည့်အခါ အနမ်းပန်းပင် စိုက်ပျိုးထုတ်လုပ်ရောင်းချသော ပျိုးဥယျာဉ်များကိုလည်း အခါအားလျော်စွာ ဝင်ရောက်လေ့ရှိပါသည်။ ထိုပျိုးဥယျာဉ်များတွင်လည်း စာရေးသူ ဖော်ပြသည့် ထူးခြား အနမ်းပန်းပင်မျိုး လုံးဝမတွေ့ရပါ။

သို့သော်လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က မန္တလေး ဆေးတက္ကသိုလ်တွင် ပညာသင်ကြားနေသော နေပြည်တော်၊ ပျဉ်းမနားမြို့မှ ဆေးကျောင်းသား မောင်ခိုင်ဦးမောင်က ၎င်း ထူးခြား အနမ်းပန်းပင်မျိုးကို မန္တလေးမြို့ရှိ နာမည်ကြီး ကစ်မီကွစ် အနမ်းပန်းပင် အမြောက်အမြားကို မျိုးပွား ထုတ်လုပ်ရောင်းချလေ့ရှိသော ခြံတစ်ခုတွင် ဝါသနာရှင်တစ်ဦးက သောင်းဂဏန်းပေး၍ ဝယ်ယူသွားတာ တွေ့ဖူးကြောင်း ပြောပြ၍ သိရှိခဲ့ရပါသည်။

ထိုဆေးကျောင်းသားသည် အထက်တန်းကျောင်းသား ဘဝကတည်းက စာရေးသူကို ခင်မင်နေရုံမက ခြံထဲသို့လည်း အမြဲ ဝင်ထွက်နေသူ တစ်ဦးလည်းဖြစ်ပါသည်။ မန္တလေး ဆေးတက္ကသိုလ်တက်နေစဉ် ဝါသနာအရ မန္တလေးမြို့ပေါ်ရှိ ပျိုးဥယျာဉ်များသို့ လေ့လာရေး ရောက်ရှိခဲ့သည့် အတွေ့အကြုံများအပြင် စာရေးသူအတွက် မျိုးသစ် မျိုးဆန်းများကို ဝယ်ယူစုဆောင်းပေးနေတာ ယခုအချိန်ထိပါပဲ။ ထိုဆေးကျောင်းသား၏ လေ့လာခဲ့သော တစ်ဆင့်ပြောပြချက်အရ ဖော်ပြပါ ထူးခြား ကစ်မီကွစ် အနမ်းပန်းပင်မျိုးကို *နဂါးမောက် သို့မဟုတ် နဂါးပတ်ဟု ခေါ်ကြောင်း၊* နဂါး ပါးပျဉ်းကဲ့သို့ ပင်စည်ပါးပျဉ်းလည်း ကြီးလာတတ်သလို အောက်ဆုံး တစ်ပတ်ပတ်မိသွားကြောင်း ကြားသိခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



*ထိုသို့ နဂါးမောက် အနမ်းပန်းပင် ရှင်သန်ကြီးထွားလာသည်နှင့် လုပ်ငန်းကိုင်ငန်းများလည်း အဆင်ပြေ၊ ဝင်ငွေလည်း သိသာစွာ တိုးလာတတ်ကြောင်းအပြင် ပါးပျဉ်းတစ်ပတ် ပတ်မိသွားပါက ငွေအလုံးအရင်းနှင့် ဝင်လာတတ်ကြောင်း သိရှိခဲ့ရပါသည်။*

ထိုသို့ ကြားသိရသောအသိကို စာရေးသူ၏ ထူးခြား နဂါးမောက် အနမ်းပန်းပင်ကို ပြုစုရင်း အမှန်တွေ့ရှိမှုနှင့် တိုက်ဆိုင်ဆန်းစစ်နေခဲ့သည်မှာ နှစ်နှစ်ကျော် ရှိခဲ့ပါပြီ။ ယခုအချိန်မှာတော့ နဂါးမောက် အနမ်းပန်းပင်လည်း (ဓာတ်ပုံပါအတိုင်း) ပင်စည် ပါးပျဉ်းတစ်ပတ် ပတ်မိသွားပါပြီ။ နှစ်နှစ်အတွင်း စာရေးသူ၏လုပ်ငန်းကိုင်ငန်း အခြေအနေများကို ဖော်ပြရလျှင် နိုင်ငံတော်၏ နေပြည်တော် ပျဉ်းမနားမြို့နယ် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် စာရေးသူ၏ပျိုးဥယျာဉ် ပိုက်ပျိုး မျိုးပွား ထုတ်လုပ်မှု လုပ်ငန်းများပိုမို အဆင်ပြေလာရပါသည်။

ထို့ကြောင့် စာရေးသူ၏ပင်စင်စား ဇနီးနှင့် သားနှစ်ယောက်မှ ပွားစီးလာသော မျိုးနွယ်များ အပါအဝင် မိသားစု ၁၂ ယောက်ကို ခြံလုပ်ငန်းဝိုင်းလုပ် ဝိုင်းစား ပုံစံဖြင့် လုပ အေးချမ်းစွာ တစ်ခြံတည်းမှာ စုစည်းထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

ထို့အပြင် ယခုလပိုင်းအတွင်း လွန်ခဲ့သော ၃-၄ နှစ် ကတည်းက စာရေးသူ၏ လက်တွေ့ဘဝ အတွေ့အကြုံများကို အခြေခံ ရေးသားပြုစုထားခဲ့သော အီးအမ် (EM) နည်းပညာသုံး (အဆိပ်မဲ့) စိုက်ပျိုး ထုတ်လုပ်ရေး စာမူ နှစ်အုပ်ကို ရန်ကုန်ရှိ နာမည်ကြီး စာပေတိုက်တစ်ခုမှ ထုတ်ဝေရန် ကမ်းလှမ်းမှု ရရှိခဲ့ပါသည်။

ငွေအလုံးအရင်း ရရှိမှုမျိုးတော့ မကြုံသေးပါ။ ဒါကိုတော့ စာရေးသူစောင့်မျှော်လျက်နေဆဲပါ။ အထက်ပါဖော်ပြချက်များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြနိုင်လျှင် စာဖတ်သူများနှင့် ဖလှယ်မှုရပြီး ပိုမို၍ အကျိုးများနိုင်မည်ဟု ယူဆမိ၍ ရေးသားဖော်ပြလိုက်ရပါသည်။



စာရေးသူဖော်ပြခဲ့သည့် ထူးခြား ဆန်းကြယ်ပြီး ရှားပါးလှသော နဂါးမောက် ခေါ် ကစ်မီကွစ် အနမ်းပန်းပင် ဖြစ်စဉ်ကို စာရေးသူထက် ပိုမို လေ့လာသိရှိ နားလည်တတ်ကျွမ်းသူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် သိရှိဖော်ပြပေးကြပါရန် မေတ္တာရပ်ခံပါသည်။

အထက်ပါ ထူးခြား နဂါးမောက်ခေါ် ကစ်မီကွစ် အနမ်းပန်းပင်ကို ပျိုးအိုးငယ်မှ အခြားတစ်အိုးသို့ ပြောင်းရွှေ့စိုက်ပျိုးကာ အစာအာဟာရများလည်း ကျွေးမွေးပြုစုထားပါသည်။

စာရေးသူသည် ထူးခြား နဂါးမောက်ပင်ခေါ် အနမ်းပန်းပင်ကို လက်ဝယ်ရှိနေသူ၊ ပြုစုပေးနေသူအဖြစ် ရှေ့ဆက်၍ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ် တွေ့ရှိ ခံစားရပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ဆက်လက်၍ ရေးသားဖော်ပြသွားမည် ဖြစ်ပါကြောင်း။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ နိုဝင်ဘာ၊ ၂၀၀၅ ]

www.burmeseclassic.com

www.burmeseclassic.com



## ဣဿရမ္မလီနွယ်ပင် သို့မဟုတ် ကင်ဆာပျောက်ဆေးပင်

ဝန်ကြီးဌာနများ ပျဉ်းမနား နေပြည်တော်သို့ ပြောင်းရွှေ့လာပြီးနောက် ဌာနအလိုက် တာဝန်ရှိသူများ လက်လှမ်းမီသမျှ စာရေးသူ၏ပျိုးဥယျာဉ်သို့ လာရောက်ကြကာ ပျိုးပင်များ ဝယ်ယူအားပေးလေ့ရှိကြပါသည်။ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းအိမ်ရာများ ရုံးဌာနအဆောက်အဦနှင့် လမ်းဘေးဝဲယာများတွင် လှပသာယာစိုပြည်ရေးအတွက် အရိပ်ရအပင်များ၊ အလှဆင် အပင်နှင့် သီးပင်စားပင်များကို အရှိန်မြှင့် စိုက်ပျိုးလုပ်ဆောင်နေကြသည်မှာ အားရဖွယ် ကောင်းပါ၏။ ထိုသို့ စာရေးသူ၏ခြံသို့ လာရောက်ကြသူများထဲတွင် တရားရေးဌာန ခရိုင်တရားရုံးမှ နေပြည်တော် ပျဉ်းမနားခရိုင်တရားသူကြီးများ ဖြစ်ကြသည့် ဦးလှဝင်းနှင့် ဦးစိန်ထွန်းတို့လည်း ပါဝင်ကြပါသည်။

ဆရာဦးစိန်ထွန်းကို ယခင်က စာရေးသူ၏ခြံသို့ ရောက်ဖူးသော ဆရာ ဦးလှဝင်းက ခေါ်ဆောင်လာတာပါ။ နေပြည်တော်သို့ပို့ရန် ပျိုးပင်များ ဝယ်ယူပြီး ကားပေါ်တင်နေခိုက် နားခိုတဲအတွင်း ခေတ္တ နားနေစဉ် စာရေးသူ လုပ်ကိုင်ဆောင်ရွက်နေသော ပျိုးဥယျာဉ်လုပ်ငန်းနှင့် အသုံးပြု



နေသော အဆိပ်မဲ့ အီးအမ်နည်းပညာအပြင် စိုက်ပျိုးမျိုးပွား၍ လွယ်ကူပြီး ရောဂါဘယများကို အလွယ်တကူ ပျောက်ကင်း သက်သာစေနိုင်သော လက်လှမ်းမီသမျှ ပရဆေးပင်အချို့ကိုလည်း စိုက်ပျိုး မျိုးပွားကာ အလိုရှိသူများအား ကုသိုလ်ဒါနပြုနေကြောင်း အသိပေး ပြောပြဖြစ်ခဲ့ပါသည်။

စာရေးသူ၏လုပ်ဆောင်နေမှုကို ကြားသိသွားသော ဆရာဦးစိန်ထွန်းက

'ဆရာကြီးကို ကင်ဆာရောဂါ ပျောက်ကင်းစေတဲ့ ဆေးပင် ပေးဦးမယ်' ဟု ဆိုပါသည်။

စာရေးသူကလည်း

'ပွဲတွေ့ ဆေးပင်လား ဆရာ၊ စိုက်ပျိုး မျိုးပွားလို့ လွယ်ရင်တော့ စိတ်ဝင်စားတယ် ဆရာ'ဟု ပြန်ဖြေမိပါသည်။

ထိုအခါ ဆရာဦးစိန်ထွန်းက

'ကျွန်တော့်ယောက္ခမကြီးကိုယ်တိုင် အသည်းကင်ဆာဖြစ်တာ၊ ဆရာဝန်ကြီးက ခြောက်လပဲခံတော့မယ်လို့ ဆိုထားပေမယ့်၊ အဲဒီ ဆေးပင်အရွက်ကို အရည်ညှစ်သောက်၊ သုပ်စားတာနဲ့ ပျောက်သွားခဲ့တာ ယခု အသက် ၇၀ ကျော်တိုင် အသက်ရှင် ကျန်းမာလျက်ပါပဲ' ဟု ရှင်းပြပါ၏။

အဲဒီလို ရှင်းပြချက်ကိုကြားတော့ စာရေးသူ၏ဝါသနာ ဗီဇ စေတနာအရ ထိုလက်တွေ့ ကင်ဆာရောဂါပျောက်ဆေးပင်ကို ကမ်းလှမ်းမိခဲ့ပါသည်။ ဆရာဦးစိန်ထွန်းကလည်း သေလုမြောပါး ခံစားခဲ့ရသည့် ကင်ဆာရောဂါ ပျောက်သွားပြီးနောက် သူ့ယောက္ခမကြီးကိုယ်တိုင် အဲဒီဆေးပင်တွေကို အိမ်ဝိုင်းတွေထဲမှာ စိုက်ပျိုးထားပြီး လိုအပ်သူများအား မျှဝေကုသိုလ်လုပ်နေတာ ကြာပါပြီ။ ကျွန်တော်ပို့ပေးပါမည်ဟုဆိုကာ ကားဖြင့် ပြန်လည် ထွက်ခွာသွားကြပါသည်။ ထိုစဉ်က ဆရာပြောပြခဲ့သော ဆေးပင်အမည်ကို မမှတ်မိခဲ့တော့တာကိုလည်း ဝန်ခံပါရစေ။

နောက်သုံးရက်အကြာ ညနေပိုင်းတွင် ဆရာဦးလှဝင်းနှင့် ဗိုလ် တစ်ဦးတို့ မော်တော်ဆိုင်ကယ်ဖြင့် ရောက်လာပါသည်။ ဆရာဦးစိန်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



က ဖုန်းဆက်မှာခဲ့လို့ သူ့ဇနီး ရန်ကုန်မှ နေပြည်တော် ပျဉ်းမနား အလာ ယူလာ၍ လာပို့တာဟု ဆိုပါသည်။ အဲဒီဆေးပင် စာရေးသူထံ ရောက်လာတော့မှ ဆရာဦးလှဝင်း ပြန်ပြော၍ ကြာသရမူလီဟု ပြန်လည် မှတ်မိခဲ့ရပါ၏။

## ကြာသရမူလီ

စာရေးသူထံရောက်လာသော ကြာသရမူလီဆေးပင်ကို စတင်တွေ့ရှိရသမျှ တင်ပြလိုပါသည်၊ ဆေးပင်က နွယ်ပင်ပါ။ ၃-၄ ပေခန့်ရှည်သော အုန်းတံမြက်စည်းတံအရွယ်သာသာရှိ အစိမ်းရောင်နွယ်ပင်၏ အဖျားမှာ ၂-၂. ၅ လက်မခန့်ရှိသော အရွက်စိမ်းအချို့ပါလာပါသည်။ ထိုအပင်ကို မြေထုပ်ထဲမှာစိုက်ထားပြီး နွယ်ပင်လေးကိုခွေ၍ ပလတ်စတစ်အိတ်ထဲထည့် ယူလာတာပါ။ ကြာသရမူလီပွင့်အာနေသော အသီးခြောက် ငါးလုံးလည်း ပါလာပါသည်။

နွယ်ပင်လေးအဖျားမှာ ဝါးခြမ်းပြားလေးတစ်ခုဖြင့် ပြတ်လုနီးနေသော နွယ်ပင်လေးကို ကြပ်စီးထားတာကိုလည်း တွေ့ရပါသည်။ ထိုနေ့ညခင်းပိုင်းမှာပဲ ထိုဆေးပင်ကို မြေထုပ်ကြီးကြီးတစ်ခုဖြင့် ပြောင်းရွှေ့စိုက်ကာ နွယ်ပင်လေးကို ဂမုန်းပျိုးတဲ အပေါ်သို့ ဆန့်တင်၍ ကြိုးဖြင့်ထိန်းထားခဲ့ပါသည်။

အသီးခြောက်များကိုခွဲ၍ ရရှိသောမျိုးစေ့များကိုလည်း မြေထုပ်များဖြင့် အပင်ပျိုးခဲ့ပါသည်။ ဆေးပင်အနွယ်ကို ကြပ်စည်းထားသော အပင်အပေါ်ပိုင်းသည် ခြောက်သွေ့သွားသော်လည်း အောက်ပိုင်းနွယ်ပင်များမှ ယခုအခါ အရွက်သစ်ကလေးများ စတင် ထွက်လာနေပါပြီ။ မျိုးစေ့မှ အပင်ငယ်လေးများလည်း စထွက် ပေါက်လာနေပါ၏။ ကြာသရမူလီ အပင်နှင့် ပျိုးပင်လေးများကို စာရေးသူ စိုက်ပျိုးရေးခြံတွင် အသုံးပြုနေသော အဆိပ်မဲ့ အီးအမ်ပျော်ရည်များနှင့် လိုအပ်သော အာဟာရများ



ပေးသွင်း ပြုစုနေပါသည်။ ကြာသရမူလီအပင်အပေါ်ပိုင်းနှင့် မျိုးစေ့မှ ပေါက်လာသော အပင်ငယ်လေးများတွင် အရွက်များဝေဆာစွာ ထွက်လို့လာနေပါပြီ။ အချိန်ကာလအားဖြင့် ရက် ၆၀ ကျော် ရှိခဲ့ပါ၏။

၂၁၊ ၁၂၊ ၀၇ ရက်နေ့ နံနက်တွင် နေပြည်တော် ပျဉ်းမနားမှ မိတ်ဆွေ ရှေ့နေကြီး ဦးစောမြင့်ကိုနှင့် ဆရာဦးစိန်ထွန်းတို့အဖွဲ့ စာရေးသူ၏ခြံသို့ ကားဖြင့် ရောက်လာကြပါသည်။ နားခိုတဲအတွင်း နားနေခိုက် ဆရာဦးစိန်ထွန်းက နေပြည်တော် တရားရေးဌာနမှာ အမှုထမ်းနေသော ဇနီးဖြစ်သူ အရာရှိကြီးနှင့် မိတ်ဆက်ပေးပါသည်။

စာရေးသူက ဆရာတို့ပို့ပေးလိုက်သော ကြာသရမူလီဆေးပင် လက်ခံရရှိပြီး စိုက်ပျိုးပြုစုထားပုံ၊ မျိုးစေ့မှ အပင်ငယ်လေးများ ပေါက်လာပုံတို့ကို ပြောပြဖြစ်ခဲ့ပါသည်။ ထိုကဲ့သို့ ကြာသရမူလီ ဆေးပင်အကြောင်း ပြောဆိုဖြစ်ကြရာက ဆရာဦးစိန်ထွန်း တောင်တွင်းကြီးမြို့နယ်မှာ ၁၉၉၂ ခုနှစ်က တာဝန် ထမ်းဆောင်နေစဉ် ဇနီးသည်၏ဖခင် အသည်းရောဂါဖြစ်ရာ ဆရာဝန်က ခြောက်လခန့်သာ အသက်ရှင်နေနိုင်တော့မည်ဟု ခန့်မှန်းပြောဆိုခဲ့သော ဖခင်၏ရောဂါကို ကြာသရမူလီအပင်၏ အရွက်များဖြင့် ကုသ ပျောက်ကင်းသွားပုံတို့ကို ဆရာနှင့် ဆရာကတော်တို့မှ ပြန်လည် ပြောပြချက်များသည် အံ့ဖွယ်ထူးခြားမှုအဖြစ် ယူဆမိပါ၏။ ဒါကိုပဲ ဆရာနှင့် ဆရာကတော်တို့၏ ခွင့်ပြုချက်ဖြင့် စာဖတ်သူများအတွက် ဆောင်းပါးအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။

အသက် ၆၀ ခန့်ရှိသော ဖခင် အသည်းရောဂါဖြစ်၍ အသည်းအထူးကု ဆရာဝန်နှင့် ဆေးကုသခံယူခဲ့ရာမှ (Ultra Sound) အာလ်ထရာဆောင်း ရိုက်ကြည့်၍ အသည်းကင်ဆာဖြစ်နေကြောင်း သိခဲ့ရပုံကို ဆရာကတော်မှ ရှင်းပြပါ၏။ အကြောင်းစုံ သိရပြီးနောက် တစ်အိမ်သားလုံး ဖခင်ကြီးအတွက် အထူး စိုးရိမ်သောက ဖြစ်ခဲ့ကြရကြောင်း၊ ဖခင်ကိုယ်တိုင်လည်း စိတ်ဓာတ်ကျသွားခဲ့သည်ဟု သိရပါ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးကို တစ်အိမ်သားလုံးက လိုလေသေးမရှိ ပိုမို ဂရုစိုက် ကုသပြုစုအားပေး စောင့်ရှောက်ပေးနေသည့်ကြားက ဖခင်၏ရောဂါမှာ တစ်နေ့ထက် တစ်နေ့ ပိုမိုဆိုးရွားလာသည်ဟု ဆိုပါသည်။ ဆရာ ဦးစိန်ထွန်းက

'အသည်းမှာ ယောင်ကိုင်းနေတဲ့ အနာအလုံးကြီးကို ရင်ဘတ် အပြင်ကတောင် လက်နဲ့ စမ်းလို့ရတယ်' ဟု ပြောပြပါ၏။

ထိုအခြေအနေကြောင့် ဆရာဝန်ကလည်း ခြောက်လခန့်သာ ခံတော့မည်ဟု မှတ်ချက်ပေးလာသည်ဟု သိရပါ၏။ ဖခင်ကြီးကိုယ်တိုင်လည်း ဘုရား တရားကို ပိုမိုပွားများရင်း 'သူ၏ နောက်ဆုံးအချိန်'ကို စောင့်လင့်နေခဲ့ကြောင်း ဆိုပါ၏။

သို့သော်လည်း ကံတရား ဖေးမကူညီမှုကြောင့် နတ်သိကြားများ မစကြသည့်အလား ရန်ကုန်တစ်ဖက်ကမ်း သန်လျင်ဘက်မှ မိတ်ဆွေတစ်ဦးက

'သူ့အမျိုးတစ်ယောက် လည်ပင်းမှာ အကျိတ်ကင်ဆာဖြစ်ရာ ကြက္ကသရမူလီ အရွက်များကို သုပ်စား၊ အရည်ညှစ် သောက်၊ အရွက်ကို ထုထောင်း၊ အနာပေါ် အုံပေးခဲ့တာ လုံးဝ ပျောက်သွားကြောင်း' ဝမ်းမြောက်ဖွယ်သတင်းကောင်းရလာပါသည်ဟု ဆရာကတော်မှ ရှင်းပြပါ၏။

အဲဒီမိတ်ဆွေကပဲ အပင်နှင့်အရွက်များ အလုံအလောက် ရှာပေးခဲ့ပုံ၊ ၎င်း ကြက္ကသရမူလီဆေးပင်နှင့် ကုသ၍ ဖခင်ကြီး အသည်းကင်ဆာ လုံးဝပျောက်ကင်းသွားကြောင်း သိရပါ၏။ စာရေးသူက

'ဆရာကတော် ကုသပုံ အသေးစိတ်လေးပြောပြပါဦး' ဟု ဆိုရာ

'အလွန်လွယ်ပါတယ် ဆရာကြီး၊ ကြက္ကသရမူလီ အရွက် ၄-၅-၆ ရွက်ကို ရေနှင့် ဆေးကြောပြီး ထမင်းနဲ့တို့စား၊ အရွက်ကို ပါးပါးလှီးပြီး သုပ်စား၊ အရွက်ကို ထုထောင်း အရည်ညှစ်သောက်ရုံနဲ့ သေမယ့်ရက်ကိုတောင် ခန့်မှန်းခံထားရသည့် ဖခင်ကြီးရဲ့ အသည်းကင်ဆာဟာ မျက်လှည့်ပြသလိုပါပဲ၊ တစ်ရက်ပြီး တစ်ရက် သက်သာ ပျောက်ကင်းသွားခဲ့ပါတယ်' ဟု အားရပါးရ ပြုံးရွှင်စွာ ပြောပြခဲ့ပါသည်။



ဖခင်ကို ကုသခန့်မှန်းချက်ပေးခဲ့သော ဆရာဝန်ကြီးထံ ဖခင်ကိုသွားပြရာ ထိုဆရာဝန်ကြီးလည်း အံ့သြဝမ်းသာသွားခဲ့ကြောင်း ရှင်းပြပါသည်။ အဲဒီအချိန်ကတည်းက သူ့ကိုသေဘေးက ကယ်တင်ပေးခဲ့သည့် ကြက္ကသရမူလီ ဆေးပင်တွေကို ဖခင်ကိုယ်တိုင် ဂရုတစိုက် စိုက်ပျိုးပြုစုပေးရင်း လိုအင်သူများကို ဆေးပင်လည်းပေး ဆေးရွက်များကို စားသုံးမှီဝဲပုံ၊ ဆေးနည်း လမ်းညွှန်လည်း ပြောပြနေခဲ့တာ ယခုအချိန်တိုင်ပါဟု သိရပါ၏။ စာရေးသူကိုပေးသောအပင်နှင့် အသီးခြောက်များသည်လည်း ဖခင်ကိုယ်တိုင် စိုက်ထားသည့်ထဲက နုတ်ယူပို့ပေးခဲ့ကြောင်း ဆိုပါသည်။

စာရေးသူက ဆေးပင်စိုက်ပျိုးပြုစုစောင့်ရှောက်ရာတွင် သိရှိလိုက်နာရန် လိုအပ်ချက်များကို မေးမြန်းရာတွင်လည်း အပင်က နွယ်ပင်မျိုးဖြစ်၍ ဖခင်ကြီးက ဝင်းထရံဘေးမှာ မြေချစိုက်ထားပြီး နွယ်ပင်များကို ဝင်းထရံအပေါ် တင်ပေးထားကြောင်း သိရပါသည်။ ရေလိုသည့်အခါ ရေလောင်းပေးကြောင်း၊ အစိုဓာတ် ပုံမှန်ရနေရုံနှင့် အပင်ဖြစ်အားကောင်းကြောင်း၊ အရွယ်ရောက်သောအပင်များသည် အပွင့်များပွင့်ပြီးနောက် အသီးများသီးလာကြောင်း၊ အသီးများ ရင့်ခြောက်အက်ကွဲပြီး အစေ့များမြေကျသည့်အခါ အပင်သစ်များပေါက်၍ ပွားများလာကြောင်း ဖြေကြားပါသည်။ ထို့နောက် စာရေးသူက ဆရာတို့ပို့ပေးသော အသီးခြောက်များထဲက အစေ့များကို အပင်ဖောက်၍ အပင်အချို့ရနေပြီဖြစ်ကြောင်း အဲဒီ အပင်များကို ဆက်လက် ပြုစုမျိုးပွားကာ အပင်များ ပွားများလာလျှင် ဆက်လက်၍ လိုအပ်သူများကို မျှဝေ ကုသိုလ်ပြုပေးမှာဖြစ်ကြောင်း ကတိပြုအသိပေးမိတာလည်း အမှန်ပါ။

ထိုအခါ ဆရာဦးစိန်ထွန်းက

'ဆရာကြီးရေ၊ ကြက္ကသရမူလီဆေးပင်က ကင်ဆာရောဂါတင် ပျောက်တာ မဟုတ်ဘူး၊ ဘီပိုးကိုလည်း ပျောက်စေနိုင်တယ်' ဟု ပြောပါသည်။

စာရေးသူက

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား ဆရာ၊ လက်တွေ့ ပွဲတွေ့ဆေးဆိုရင်လည်း သိပါရစေ'ဟု တောင်းဆိုရာ

ဆရာက

'ကျွန်တော့်အစ်ကို သဘော်သားကြီး သဘော်ပြန်တက်ဖို့ ဆေးစစ်တော့ ဘီပိုးတွေ့လို့ ဒိက္ကသုရမူလီဆေးရွက်တွေ မှီဝဲစားသုံးရုံနဲ့ ပျောက်ကင်းပြီး သဘော်ပြန်တက်နိုင်ခဲ့တယ်'ဟု ရှင်းပြပါ၏။

ဒါတွေကိုကြားသိရသော စာရေးသူ အလွန်ဝမ်းသာမိပါ၏။ ဟုတ်ပါသည်။ အနေမှား အပြုမှား ချို့ယွင်းမှုတစ်ခုခုကြောင့် ယခုအခါ လူအချို့ အသည်းနှင့်ပတ်သက်သော ရောဂါများဖြစ်ကြသည့် အသည်းရောင်ခြင်း၊ အသားဝါဖြစ်ခြင်း၊ ဘီပိုး၊ စီပိုး အသည်းခြောက်နှင့် အသည်းကင်ဆာစသည့် ရောဂါများဖြစ်၍ အချို့ အသက်ဆုံးရှုံး၊ ဘဝပျက်၊ စီးပွားပျက်၊ အလုပ်အကိုင် ရာထူးရပ်တန့်ခံရသည်များအထိ ခံစားနေကြတာတွေကို ကြားဖူး မြင်ဖူး သိရှိထားသူပါ။

အဲဒီရောဂါတွေကို အလွန်အစွမ်းထက်သော ဒိက္ကသုရ မူလီဆေးပင်၏ အရွက်များကို စားသုံးမှီဝဲရုံနှင့် လက်တွေ့ ပျောက်ကင်း သက်သာသွားတာတွေကို သိရမှတော့ စိုက်ပျိုးရေးသမား စာရေးသူ၏ ဗီဇအရ အချို့သော ဆေးပင်များလိုပဲ ရရှိထားသော အပင်များကို အထူး ဂရုစိုက်ပြုစုပြီး လိုအပ်သူများအား လက်လှမ်းမီသမျှ မျှဝေ ကုသိုလ်ပြုသွားမည်ဟု ဆုံးဖြတ်မိပါသည်။

ဒီ ဆောင်းပါးကို ရေးသားနေခိုက် မုဒုံမြို့နယ်က ဆရာဦးတင်စိုး (စက်မှုငြိမ်း) စာရေးသူခြံသို့ မမျှော်လင့်ဘဲ ရောက်လို့လာပါသည်။ စာရေးသူနှင့် အလွန် ခင်မင်ရင်းနှီးသော ရောင်းရင်းတစ်ဦးပါ။ ဆရာက ပရဆေး ကျွမ်းကျင်ရုံမက အင်း၊ အိုင်၊ လက်ဖွဲ့နှင့် ပတ်သက်၍ နှံ့စပ်သူ ဖြစ်ပါသည်။ စာရေးသူအတွက် နဂါးနိုင် ဂမုန်းပင်နှင့် အခြား ဆေးပင်အချို့လည်း ယူလာပေးပါသည်။




စာရေးသူတို့ စကားပြောဆိုနေခိုက် သူရဇ္ဇမဂ္ဂဇင်းမှာ ပျားမြီးရွက် အကြောင်း ဆောင်းပါးဖတ်ရသော မိန်းကလေးနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်လာပါသည်။ မိခင်ကြီးအတွက် ပျားမြီးရွက်အပင်များကို သူတို့ ဆန္ဒရှိသလောက် စာရေးသူက ဒါနပြု ပေးလိုက်တာကို ဆရာဦးတင်စိုး မြင်တွေ့သွားပါသည်။ အဲဒီနောက် စာရေးသူ ကုသိုလ်ဖြစ် စိုက်ပျိုးမျှဝေနေသော ဆေးပင်များအကြောင်း ပြောဖြစ်ကြရင်း ဆရာ့ထံမှ ဣက္ကသုရမူလီ အပင်နှင့် ပတ်သက်သော ပြောပြချက်အချို့ကိုလည်း ဖော်ပြအပ်ပါသည်။

ဆရာဦးတင်စိုးက

'ဣက္ကသုရမူလီအပင် ပွင့်တဲ့အခါ အလွန်လှတယ်၊ အပွင့်ပုံစံက ငှက်ကလေး အတောင်ဖြန့်ပျံနေတာနဲ့တူတယ်၊ အရောင်က စိမ်းဖန့်ဖန့်လေး အပွင့်များများ ပွင့်နေတဲ့အခါ ထိုင်ကြည့်ရအောင် လှတာဗျ၊ အပွင့်တွေ ရင့်ပြီး ခြောက်ခါနီးတော့ အရောင်ရင့်သွားတယ်၊ အောင်မြင်တဲ့ အပွင့်က အသီးတွေ သီးတယ်၊ အဲဒီအသီးတွေ ခြောက်သွားတော့ အစေ့တွေ မြေပေါ်ကျသွားပြီး အပင်လေးတွေ ပေါက်ပွားလာ တာ'ဟု ဆိုပါသည်။

ထို့အတူ အသည်းနှင့် ပတ်သက်သော ရောဂါဝေဒနာများ ခံစားနေရသည့် ဝေဒနာရှင်များနှင့် သူရဇ္ဇ စာဖတ်ပရိသတ်အတွက် ဝမ်းသာစရာ



သတင်းကောင်းအဖြစ် ဖော်ပြ အသိပေးနိုင်ရန် ဣက္ကသုရမူလီဆေးပင်နှင့် ပတ်သက်၍လိုအပ်သော အချက်အလက်များ ရရှိရန် မြန်မာနိုင်ငံအတွင်း ရှိအရေးကြီးအပင်များ၏ ရုက္ခဗေဒဆိုင်ရာ အမည်

www.burmeseclassic.com



များနှင့် မျိုးရင်း အမည်များကို ဖော်ပြထားသော စာအုပ်မှာ ရှာဖွေလေ့လာရာ ကြ္ကသရ မူလီအဖိုပင်နှင့် အမပင် နှစ်မျိုး ရှိကြောင်း တွေ့ရပါသည်။

ထို့ကြောင့် စာရေးသူကို ဆရာဦးစိန်ထွန်းပေးသော ပျိုးပင်သည် အသီးသီးသောကြောင့် ကိုယ်ပိုင်အတွေးဖြင့် ကြ္ကသရမူလီ အမပင် ဖြစ်နိုင်သည်ဟု ယူဆ ယုံကြည်မိပါ၏။

ထိုစာအုပ်တွင် ကြ္ကသရမူလီ(အဖို)ပင်ကို အင်္ဂလိပ် အမည် (Birth-wort) ဟုခေါ်ပြီး၊ မျိုးစု (Genus) သည် (Aristolochia) ဖြစ်ပြီး၊ မျိုးစိတ် (Species) သည် (Indica) ဖြစ်၍၊ မျိုးရင်း (Family) မှာ (Aristolo-C'iiaceae) ဟု ဖော်ပြထားပါသည်။

ကြ္ကသရမူလီ (အမ) ကို အင်္ဂလိပ်အမည် (Birth Wort) ဟု ခေါ်ပြီး၊ မျိုးစု (Genus) သည် (Aristolochia) ဖြစ်ပြီး၊ မျိုးစိတ် (Species) သည် (Macro-Phyla) ဖြစ်၍၊ မျိုးရင်း (Family) မှာ (Aristolo-Chiaceae) ဟု ဖော်ပြထားပါသည်။

ကင်ဆာပျောက်ကင်းစေနိုင်သော ခေတ်မီဆေးဝါးများနှင့် ကုသနည်းများအပြင် ပရဆေးပင် ဆေးများနှင့် ကုသနေသော နည်းများစွာ ရှိနေတာကို လက်လှမ်းမီသမျှ လေ့လာသိရှိထားပါ၏။

စာရေးသူ၏ ဝါသနာဗီဇ စေတနာမေတ္တာ အရင်းခံအရ စိုက်ပျိုးမျိုးပွား၍ လွယ်ကူရုံမက စားသုံးမှီဝဲခြင်း၊ လိမ်းဆေးအဖြစ် အသုံးပြုရုံဖြင့် ကင်ဆာလို ရောဂါကြီးများကို သက်သာပျောက်ကင်းစေနိုင်သည့် ကြ္ကသရမူလီ အစွမ်းထက်ဆေးပင်လို အခြားသော ပရဆေးပင်များလည်း လက်လှမ်းမီသမျှ လေ့လာမှုအရ ရှိနေတာကို မြင်တွေ့ကြားသိထားပါ သည်။ ဥပမာ တစ်ပင်တိုင်မြနန်း၊ မဟာဂါကြံဆစ်၊ ရေမျောသီးနှင့် ဆဒ္ဒန်စွယ်တော်မြစ် စသည်တို့ဖြစ်ပါသည်။ ဤပရဆေးပင်တို့၏ အမြစ်၊ ဥ၊ အသီး၊ အရွက်တို့ကို မှီဝဲ စားသုံးလိမ်းပေးရုံနှင့် အသက်ကို သေစေနိုင်လောက်သည့် ကင်ဆာအကျိတ်၊ အနာတို့ကို ပျောက်ကင်း သက်သာသွားကြသော ကိုယ်တွေ့



ပွဲတွေ့ ဖြစ်ရပ်များကို သာဓက ထင်ရှားစွာဖြင့် ရေးသား ဖော်ပြခြင်းဖြင့် ဖတ်မိ သိရှိသူများအတွက် လိုအပ်ပါက ဆေးပင်များ ရရှိ အသုံးပြုနိုင်ရန် ရည်ရွယ်မိတာအမှန်ပါ။ ထို့အတူ စာရေးသူ၏ ဆန္ဒစေတနာအရ အဲဒီအပင်များကို မျှဝေ ကုသိုလ်ပြုလို၍ ရနိုင်သမျှ ရှာဖွေစုဆောင်း စိုက်ပျိုးမျိုးပွားနေပါ၏။

ယခု ကြ္ကသရမူလီ ပရဆေးပင်များကိုလည်း အစွမ်းကုန် စိုက်ပျိုးပြုစုနေလျက်ပါ။ အပင်များ ငယ်နေသေးသော်လည်း ဆရာဦးစိန်ထွန်းက နောက်ထပ် ပို့ပေးဦးမည်ဟု ဆိုပါသည်။ ဒါကြောင့် တစ်ချိန်ချိန်မှာ လိုအပ်သူများအတွက် မျှဝေပေးနိုင်မည်ဟု မျှော်လင့် ယုံကြည်လျက်ပါ။ ဆောင်းပါးကို စေတနာစွာ ဖတ်ရှုရလေ လိုအပ်နေသူများအတွက် ပိုမို အကျိုးရှိနိုင်ကြောင်းလည်း ယူဆမိပါ၏။


ဆရာဦးစိန်ထွန်းနှင့် ဆရာကတော်တို့က

'ဖခင်ကြီး အသည်းကင်ဆာဖြစ်တာ ၁၉၉၂ ကပါ၊ ၁၅ နှစ်ကျော်ကြာခဲ့ပါပြီ၊ ကြ္ကသရမူလီဆေးပင်အစွမ်းကြောင့် ကင်ဆာရောဂါလည်းပျောက်၊ သေဘေးကလည်း လွတ်ပြီး၊ ယခု အသက် ၇၀ ကျော်တိုင်အောင်ကျန်းမာစွာ ရှိနေကြောင်း' အားပါးတရ ပြန်လည် ပြောပြချက်များကို စာရေးသူက 'ကြ္ကသရမူလီနွယ်ပင် သို့မဟုတ် ကင်ဆာပျောက်ဆေးပင်'ဟု ဆောင်းပါးရေး၍ ဖော်ပြလိုက်ရပါကြောင်း။

[ မဟာဗိန္ဒိမဂ္ဂဇင်း ၊ ၊ မေ၊ ၂၀၀၈ ]

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ရှင်သီဝလီဂမုန်းခေါ် ဥစ္စာထိန်းဂမုန်းပင်များစိုက်ပျိုးလျှင်

စာရေးသူသည် ပျိုးဥယျာဉ်လုပ်ငန်းလုပ်ကိုင်ရာတွင် ဂမုန်းပင်များ စိုက်ပျိုးထုတ်လုပ်ရင်း ဂမုန်းပင်များ၏ ရှေးအစဉ်အဆက် ထူးခြားဖြစ်စဉ်နှင့် လူအများ လက်ခံယုံကြည်မှုတို့ကို သမားတော်ကြီးများနှင့် ဂမုန်းဝါသနာရှင်များ ဖော်ထုတ်တွေ့ရှိချက်များအား လေ့လာမှတ်သားနေရုံမက သိရှိမှုကို လက်တွေ့စိုက်ပျိုးရင်း တွေ့ရှိရသည့်အမှန်တရားကို အများသိနိုင်ရန် ရေးသားဖော်ပြပေးရန် ဝါသနာအရင်းခံရှိသူဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၆ ခုနှစ် မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရှင်သီဝလီ ဂမုန်းပင်များ စိုက်ပျိုးလျှင် ခေါင်းစဉ်ဖြင့် ယခင် သိရှိထားသမျှ ရေးသားခဲ့ဖူးပါသည်။ ယခုအခါ ရှင်သီဝလီဂမုန်းခေါ် ဥစ္စာထိန်းဂမုန်းပင် မျိုးကွဲလေးမျိုးခန့် ဆက်၍ တွေ့ရှိရာက စိုက်ပျိုးထုတ်လုပ်ရင်း သက်ဝင်ယုံကြည်သူများနှင့် ဆွေးနွေးဖလှယ်ရာမှ ထူးခြားသောဖြစ်စဉ်အချို့ကို ဆက်လက်၍ ရေးသားဖော်ပြလိုက်ရပါသည်။



ရှင်သီဝလီဂမုန်းခေါ် ဥစ္စာထိန်းဂမုန်း အပွင့်ပင်များတွင် ယေဘုယျအားဖြင့် မြန်မာနှင့် ထိုင်းရှင်သီဝလီမျိုး နှစ်မျိုးရှိနေတာကို တွေ့ရှိရပါသည်။ ထိုမျိုးစိတ် နှစ်မျိုးလုံးတွင် ပင်စည်အမြစ်ဆုံမှ ရိုးတံနှင့်အရွက်များ ထွက်လေ့ရှိသလို အပင်များလည်း ပွားစီးလေ့ရှိပါသည်။

ထိုင်းရှင်သီဝလီမျိုးတွင် အရွက်သေးနှင့် အရွက်ကြီး မျိုး နှစ်မျိုးရှိပါသည်။ အရွက်သေးမျိုးကို လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက ဝယ်ယူစိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့ပါသည်။ အရွက်ကြီးမျိုးကိုတော့ ၂၀၀၅ ခုနှစ်ကမှ စတင်တွေ့ရှိ ဝယ်ယူ စိုက်ပျိုးထုတ်လုပ်နိုင်တာပါ။ ၎င်းမျိုးကွဲ နှစ်မျိုးတွင် အရွက်သေးမျိုးသည် ရှင်သန်မှုအားကောင်းသလို ပွားစီးမှုလည်း အလွန်မြင့်မားလှပါသည်။ ၂၀၀၆-ခုနှစ်က နောက်ထပ် ရှင်သီဝလီဂမုန်းပင်အသစ် နှစ်မျိုး ရှာဖွေရရှိ ဝယ်ယူစိုက်ပျိုးနိုင်ခဲ့ပြန်ပါသည်။ ၎င်းဂမုန်းပင်များ၏ ယခင်က ရရှိစိုက်ပျိုးထားသော ရှင်သီဝလီ ဂမုန်းပင်များနှင့် ကွဲပြားမှုရှိနေတာ အရွက်များတွင် အဖြူကွက်၊ အဖြူစင်းများ ပါရှိနေခြင်းပါ။

အဖြူကွက်များ ထင်ရှားစွာပါသောမျိုးတွင် အရွက် အသင့်အတင့်ကြီး၍ အဖြူစင်းများပါသောမျိုးက ထိုင်းရှင်သီဝလီ ဂမုန်းရွက်သေးမျိုးနှင့် ဆင်တူပါသည်။ အဖြူကွက်များပါသော မျိုးကို အချို့သော ဝါသနာရှင်များက တိဗ္ဗိကြော်ငြာတစ်ခုတွင် နာမည်ကြီးမင်းသား ရေလောင်းနေသောမျိုးဟု ပြောဆိုကြတာလည်း ကြုံရပါသည်။ ထိုအပင်သစ် နှစ်မျိုးလုံးက ပွင့်လာသော ဖြူဖွေးနေသည့် အပွင့်များသည် ထိုင်း ရှင်သီဝလီဂမုန်းပင်များ၏ အပွင့်များနှင့် လုံးဝတူညီနေတာကိုလည်း တွေ့ရှိရပါသည်။

အထက်ပါအတိုင်း ရှင်သီဝလီဂမုန်းပင်များကို စိုက်ပျိုး မျိုးပွားထုတ်လုပ်ရောင်းချရင်း ဝယ်ယူအားပေးကြသော ဝါသနာရှင်များထံမှလည်းကောင်း၊ ထိုင်း စိုက်ပျိုးရေးလောကနှင့် နီးစပ်သူများထံမှလည်းကောင်း၊ ဥစ္စာထိန်းဂမုန်းပင်များဟု ခေါ်ဆိုကြသည့်အပြင် ယုံကြည်

www.burmeseclassic.com



သက်ဝင်မှုအပြည့်နှင့် စိုက်ပျိုးလေ့ရှိကြောင်း လေ့လာသိရှိ မှတ်သားမိခဲ့ရပါသည်။ ထိုသို့ သိရှိရမှုနှင့် ယုံကြည်သက်ဝင်စွာ စိုက်ပျိုးနေသော စိုက်ပျိုးသူများ၏ ထူးခြား ဖြစ်စဉ်များကို ပေါင်းစပ်၍ ရှင်သီဝလိဂမုန်း ခေါ် ဥစ္စာထိန်း ဂမုန်းပင်များ စိုက်ပျိုးလျှင် ခေါင်းစဉ်ဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ဂမုန်းဝါသနာရှင်များသို့ ဆောင်းပါးအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။

အဲဒီလို ရှင်သီဝလိဂမုန်း ခေါ် ဥစ္စာထိန်းဂမုန်းပင်များ စိုက်ပျိုး ထုတ်လုပ်ရင်း မျိုးကွဲ လေးမျိုးကို

၁။ မြန်မာရှင်သီဝလိဂမုန်းမျိုး

၂။ ထိုင်းရှင်သီဝလိဂမုန်း ခေါ် ဥစ္စာထိန်းဂမုန်းပင် အရွက်သေးမျိုး။

၃။ ထိုင်းရှင်သီဝလိဂမုန်း ခေါ် ဥစ္စာထိန်းဂမုန်းပင်အရွက်ကြီးမျိုး။

၄။ ထိုင်းရှင်သီဝလိဂမုန်းဖြူမျိုး

ဟု သတ်မှတ်ရေးသား ဖော်ပြလိုက်ပါသည်။ ဒါပေမဲ့ အထက်ပါ ရှင်သီဝလိဂမုန်းပင် လေးမျိုးအကြောင်းကို တစ်ခုချင်း အသေးစိတ် ဖော်ပြလျှင် စာရှည်မည်ဖြစ်၍ တစ်မျိုးစီ၏ ဓာတ်ပုံမှတ်တမ်းများဖြင့်သာ ဖော်ပြလိုက်ရပါသည်။

အထက်ပါ ရှင်သီဝလိ ဂမုန်းပင်များကို ဝယ်ယူကာ တန်ဖိုးထား ယုံကြည်မှုကြီးစွာဖြင့် စိုက်ပျိုးပြုစုရင်း လာဘ်လာဘအရာတွင် ဘုရားလက်ထက်တော်ကတည်းက ဧတဒဂ်ဘွဲ့ကို ရရှိတော်မူသော ရှင်သီဝလိရဟန္တာကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကိုဖွဲ့ဆိုထားသော 'ရှင်သီဝလိ' ဂါထာတော်များကို ရွတ်ဆိုပွားများ၍ လုပ်ငန်းကိစ္စများကို လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် ရှင်သီဝလိဂမုန်းပင်များကို စိုက်ပျိုးပြုစုရင်း လက်တွေ့ အကျိုးထူး ခံစားရရှိကြသောသူများ၏ ကိုယ်တွေ့ဖြစ်စဉ်များကို ဆက်လက်ရေးသားဖော်ပြလိုက်ပါသည်။



အထူးသဖြင့် ရှင်သီဝလိဂမုန်းပင်များ စိုက်ပျိုးပြုစုသူများသည် မိမိတို့မြတ်နိုးစွာ တယုတယပြုစုနေသောအပင်များမှ အဖူးအပွင့် ဝေဝေဆာဆာ ထွက်ရှိလာသောအခါ အလွန်ပျော်ရွှင်ကြည်နူးကြတာကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ ပွင့်လာကြသည့်အခါ ထိုင်း ရှင်သီဝလိ ဂမုန်းအပွင့်နှင့် မြန်မာရှင်သီဝလိ အပွင့်တို့ ခြားနားမှု အနည်းငယ်ရှိပါသည်။ မြန်မာမျိုး အပွင့်များတွင် အရှေ့ပိုင်းပွင့်ဖတ်သာ အဖြူရောင်ရှိပြီး ကျောဘက်တွင် အစိမ်းရောင်ဖြစ်ပါသည်။ ပြီးတော့ ကြက်ဥနှစ်ရောင် ဝတ်ဆံထိုင်ပါရှိပါသည်။ ထိုင်းမျိုးစိတ် အပွင့်များတွင် ပွင့်ဖတ် ရှေ့ပိုင်း နောက်ပိုင်း နှစ်ဖက်လုံး ဖြူဖွေးနေပြီး ဝတ်ဆံတိုင်၌ အဖြူရောင်တွင် အသီးလေးများ ထင်ရှားစွာပါရှိတာ တွေ့ရပါသည်။

ရှင်သီဝလိဂမုန်းပင်များကို သာမန်ယုံကြည်မှုနှင့် စိုက်ပျိုးပြုစုသူများတွင် ဂမုန်းပင်များစိုပြည်စွာ ပွားများလာရုံမက အဆက်မပြတ် ဖူးပွင့်လာပါက စီးပွားလာဘ်လာဘ ဝင်ငွေများသာမက လုပ်ငန်းကိုင်ငန်း အရောင်းအဝယ်တို့လည်း ထူးခြားစွာ ကောင်းမွန်လာကြောင်း ကိုယ်တွေ့သာမက ၎င်းတို့ ပြန်ပြောကြတာက

'ဆရာကြီးရေ၊ ရှင်သီဝလိဂမုန်းပင်များ ဖူးပွင့်လာလို့ကတော့ ငွေတွေ ဟိုကဝင် ဒီကဝင်ပါပဲဗျာ'တဲ့။

ကုမ္ပဏီလုပ်ငန်း လုပ်ကိုင်သူများနှင့် ရှင်သီဝလိဂမုန်းပင်များကို အထူး ယုံကြည်မြတ်နိုးစွာဖြင့် ရှင်သီဝလိဂါထာတော်များ ရွတ်ဆိုပွားများ၍ စိုက်ပျိုးပြုစုသူများတွင် သာမန်ထက်ပိုသော စီးပွားလာဘ်လာဘ၊ ဂုဏ်ရှိန်ရာထူး ဂုဏ်ထူးများ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင်မြင်မှုများစွာ ရရှိခံစားရသောကိုယ်တွေ့ဖြစ်ရပ်များကို စာရေးသူ ထိတွေ့ လေ့လာသိရှိခဲ့သမျှကို ဆက်လက်ရေးသားဖော်ပြလိုက်ပါသည်။

ကုမ္ပဏီလုပ်ငန်းကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဌာနများသို့ အလုပ်ကိစ္စအတွက်သွားလာရန် စာရေးသူ၏ကားအား ငှားရမ်း အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော လုပ်ငန်းရှင်အချို့နှင့် ဆက်သွယ်သိရှိရာမှ ရှင်သီဝလိဂါထာတော်ကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် ပုတီးစိပ် ရွတ်ဆို ပူဇော်လေ့ရှိသော လုပ်ငန်းရှင် အမျိုးသမီးတစ်ဦး၏ ကိုယ်တွေ့ ဖြစ်ရပ်ကို ဖော်ပြပါမည်။ နေပြည်တော် တည်ဆောက်ရေးတွင် မဟာဓာတ်အားလိုင်း ဆက်သွယ်ရန် တောရှင်းရေး ကန်ထရိုက်တာတစ်ဦး၏ ပထမနှစ်၌ သာမန် အခြေအနေအဆင့်မှ သုံးနှစ်အတွင်းသို့ ရောက်ရှိလာသောအခါ ဘဝ အခြေအနေ အထူးမြင့်မား တိုးတက်လာတာကို စာရေးသူကိုယ်တိုင် မြင်တွေ့ သတိပြုမိခဲ့ရာ သူမသည် ဆင်စွယ်စစ်စစ်ဖြင့် ရှင်သီဝလိ ကိုယ်တော် ရုပ်ပွား တော်လေးများကို ထုလုပ်၍ ကိုယ်နှင့်မကွာထားရှိကာ ရှင်သီဝလိ ဂါထာ တော်ကို ဝတ်မပျက် အထူး ယုံကြည်လေးစားစွာဖြင့် ရွတ်ဆိုပူဇော်လေ့ ရှိသလို ရုပ်ပွားတော်များကို အခြားသော အသိမိတ်ဆွေများကိုလည်း ပူဇော် နိုင်ရန် အခမဲ့ လက်ဆောင်ပေးကြောင်း ပြောပြရုံမက စာရေးသူ၏ ဇနီးကို လည်း ရုပ်ပွားတော်တစ်ဆူပေး၍ ယခုအခါ ဘုရားဆောင်တွင် ပူဇော်ပသ ထားရှိပါသည်။

အဲဒီအမျိုးသမီးကန်ထရိုက်တာ၏ အံ့ဖွယ် အလေးထား ယုံကြည်မှု ကတော့ ရှင်သီဝလိဆင်စွယ်ရုပ်တုတော်မြတ်ကို ဦးခေါင်းထက် ဆံထုံး အတွင်း အိပ်ချိန်နှင့် ရေချိုးချိန်ကလွဲ၍ အမြဲ ပူဇော်ပသထားရှိခြင်းပါ။ ဒါကိုလည်း သူမ ရေချိုးစဉ် စာရေးသူ၏ ဇနီးကို သူမ၏ ဆံထုံးအတွင်းမှ ရှင်သီဝလိ ရုပ်ပွားတော်ကို ထုတ်ယူပြသခဲ့ကြောင်း ဇနီးက ပြန်လည်ပြောပြ၍ သိရှိခဲ့ရပါသည်။

အဲဒီလို ရှင်သီဝလိဂါထာတော်ကို နေ့စဉ်ဝတ်မပျက် ရွတ်ဆို ပူဇော်ခဲ့ ရာမှ ယခုအခါ အခြားသောပြည်နယ်ဒေသများ၏ ကန်ထရိုက်လုပ်ငန်း များကို ဆက်၍ ရရှိခဲ့ခြင်းကြောင့် လေယာဉ်ဖြင့် သွားလာ လှုပ်ရှားနေရ ကြောင်းအပြင် ဝင်ငွေ လာဘ်လာဘအားဖြင့်လည်း 'နေ့စဉ် ဝင်ငွေတွေကို



ရေတွက်ရမှာတောင် ကြောက်လန့်နေမိပါသည်'ဟု အပြုံးဖြင့် ပြောပြတာ ကိုလည်း ကြားသိခဲ့ရပါသည်။

အထက်ပါ ကန်ထရိုက်တာအမျိုးသမီး ဝတ်မပျက် ရွတ်ဆိုပူဇော်လေ့ ရှိသော ရှင်သီဝလိဂါထာတော်ကိုလည်း စာရေးသူ၏ဇနီးအား သူမ ကိုယ်တိုင် လက်ရေးဖြင့်ရေးသားပေးခဲ့ရုံမက သူမကဲ့သို့ယုံကြည်စွာ ရွတ်ဆို ပူဇော်ရန် တိုက်တွန်းသွားပါသည်။

ထိုအမျိုးသမီး လက်ဆောင်အဖြစ်ပေးသော ရှင်သီဝလိ ရုပ်ပွားတော် မြတ်အား ကိုးကွယ်ပူဇော်ပသ၍ သူမပေးသော ရှင်သီဝလိဂါထာတော်နှင့် အခြားသော ရှင်သီဝလိဂါထာတော်များကိုပါ အမြဲဲ့ဆိုနိပ်ဂ်ပြုပူဇော်ပသလျက် ရှိနေသလို စာရေးသူအနေဖြင့် ရှင်သီဝလိဂမုန်းပင်များကို ရှင်သီဝလိ ဂါထာတော်များ ရွတ်ဆို သိဒ္ဓိတင်၍ စိုက်ပျိုးထုတ်လုပ်နေရာ အထူး အောင်မြင်လျက်ရှိပါသည်။ အချို့သော ရှင်သီဝလိဂမုန်းပင် စိုက်ပျိုး ပြုစုသူ များသည် ရှင်သီဝလိဂါထာတော်များကို ရွတ်ဆိုသိဒ္ဓိတင်ကြရုံမက အမွှေး နံ့သာဖျန်းပေးခြင်း၊ အမွှေးတိုင် ထွန်းညှိပေးခြင်းနှင့် ဘုရားသောက်တော် ရေစွန့်ပြီး သွန်လောင်းပေးလေ့ ရှိကြကြောင်းလည်း သိရှိရပါသည်။ ကန်ထရိုက်တာအမျိုးသမီး ရေးပေး၊ ရွတ်ဆိုလေ့ရှိသော ဂါထာတော်ကို ဖော်ပြအပ်ပါသည်။

## ရှင်သီဝလိဂါထာတော်

လာဘိနံဥတ္တမောထေရော၊
သီဝလိဣတိ သုဂတော။
သောရဟော ပစ္စယာဒိနံ
မဟာလာဘံ ကရောတုမေ။

www.burmeseclassic.com

www.burmeseclassic.com



ကန်ထရိုက်တာ အမျိုးသမီးပေးသော ရှင်သီဝလိ ရုပ်ပွားတော်ကို ပူဇော်ပသ၍ အထက်ပါဂါထာတော်ကို ရွတ်ဆိုပူဇော်နေသလို စာရေးသူ အနေဖြင့် ရှင်သီဝလိဂမုန်းပင်များကို ရှင်သီဝလိဂါထာတော်များ ရွတ်ဆို သိဒ္ဓိတင်၍ စိုက်ပျိုးထုတ်လုပ်နေရာ အထူးအောင်မြင်လျက်ရှိပါသည်။ အချို့သော ရှင်သီဝလိ ဂမုန်းပင်စိုက်ပျိုးပြုစုသူများသည် ရှင်သီဝလိ ဂါထာတော်များကို ရွတ်ဆိုသိဒ္ဓိတင်ကြရုံမက အမွှေးနံ့သာ ဖျန်းပေးခြင်း၊ အမွှေးတိုင်ထွန်းညှိပေးခြင်းနှင့် ဘုရား သောက်တော်ရေကျများကိုလည်း သွန်လောင်းပေးလေ့ရှိကြောင်း သိရှိရပါသည်။

ပြီးခဲ့သောလကုန်ပိုင်းလောက်က ရှင်သီဝလိဂမုန်းပင် ဝယ်ယူ စိုက်ပျိုးလို၍ စုံစမ်းမေးမြန်းပြီး စာရေးသူ၏ ပျိုးဥယျာဉ်သို့ နိုင်ငံ့ဝန်ထမ်း အရာရှိ ဇနီးမောင်နှံ ရောက်ရှိလာပါသည်။ စာရေးသူမှ စိုက်ပျိုးထုတ်လုပ်နေသော အထက်ဖော်ပြပါ ရှင်သီဝလိ ဂမုန်းမျိုးစိတ် အပင်များကို ပြသခဲ့ပါသည်။ မြန်မာ ရှင်သီဝလိမျိုးတော့ ရှိကြောင်း၊ ဒါပေမဲ့ ဒီလို အရွက်ကြီးတာမျိုး မတွေ့ဖူးကြောင်း၊ ထိုအရာရှိကတော်က ပြောပါသည်။ စာရေးသူကလည်း ပြီးခဲ့သည့်နှစ်က ဒီ ထိုင်းရှင်သီဝလိအရွက်ကြီးမျိုးစိတ် ရောက်ရှိလာတော့မှ ၎င်းတို့ မျိုးစိတ်နှစ်မျိုးကို ယှဉ်တွဲထားပြီး ပုံမှန်ပြုစုပေးခဲ့ရာက မြန်မာ ရှင်သီဝလိဂမုန်းပင် ယခုလို အပင်ထွား အရွက်များကြီးကာ အပွင့် ထွားလာရုံမက အပင်ပွားများစွာလည်း ထွက်ရှိလာကြောင်း၊ ဒီဖြစ်စဉ်က မြန်မာ ရှင်သီဝလိ ဂမုန်းမျိုးစိတ်ပင်၏ စိတ်ဝင်စားဖွယ်ကောင်းသော ထူးခြားမှု ဖြစ်စဉ်တစ်ခုအဖြစ် တွေ့ရှိရကြောင်း ရှင်းပြပြောဆိုခဲ့မိပါသည်။

အဲဒီအရာရှိကတော်က ရှင်သီဝလိဂမုန်းပင်များ စိုက်ပျိုး၊ ရှင်သီဝလိ ဂမုန်းပင်များ ပြုစုရာတွင် ရှင်သီဝလိ ၁၀ ဂါထာတော်ကို ရွတ်ဖတ်ပူဇော် သိဒ္ဓိတင်လာကြတာ မိဘမျိုးရိုး လက်ထက်ကတည်းက ဖြစ်ကြောင်း၊ ယခုလို အိမ်ထောင်ကျပြီး သူမတို့အိမ်တွင်လည်း ဆက်လက်၍ ရှင်သီဝလိ



ဂမုန်းပင်များ စိုက်ပျိုး၊ ရှင်သီဝလိဂါထာတော်များ ဝတ်မပျက် ရွတ်ဖတ် ပူဇော် သိဒ္ဓိတင်၍ ပြုစုလာခဲ့ကြောင်း၊ အထူးသဖြင့် ညအခါ ရှင်သီဝလိ ဂမုန်းပင်များနှင့် အခြားဂမုန်းပင်များကို အိမ်ခန်းအပြင်ဘက် ဝရန်တာရှိ စင်မြင့်ပေါ်တွင် ပြောင်းရွှေ့ထားရှိကြောင်း၊ နေမင်း ထွက်ပြူစအချိန်တွင် နေမင်းရှိရာ အရှေ့ဘက်သို့ မျက်နှာမူ၍ ရှင်သီဝလိ ကန်တော့ချိုးဖြင့် ဝတ်မပျက် ရွတ်ဆိုပူဇော်လေ့ရှိကြောင်း ပြောဆို၍ ကန်တော့ချိုးကိုလည်း ရွက်ဆိုပြခဲ့ပါသည်။ ထိုကန်တော့ချိုးကိုလည်းကိုလည်း အရာရှိကြီးကိုယ်တိုင် ရေးပေးသွားခဲ့ပါသည်။ အမည်နာမကို မဖော်ပြရန် မေတ္တာရပ်ခဲ့၍ စာရေး သူမှ ချန်လှပ်ထားခဲ့ရပါသည်။

စာရေးသူ၏ ခြံထဲမှ အပြန်တွင် အရာရှိကတော်က

'အဘရေ၊ ကျွန်မတို့ ယုံကြည်သက်ဝင်မှုအပြည့်နဲ့ ရှင်သီဝလိ ဂမုန်းပင်များ စိုက်၊ ရှင်သီဝလိဂါထာတော်ကို ရွတ်ဆို ပူဇော်ကန်တော့ သိဒ္ဓိတင်ခဲ့တာကြောင့်၊ ရာထူးတွေ တစ်ဆင့်ပြီးတစ်ဆင့် တက်လာတာတော့ လက်တွေ့ပါပဲ'ဟု စာရေးသူအား နှုတ်ဆက်ပြောဆို၍ ဝယ်ယူသွားသော ရှင်သီဝလိ အရွက်ကြီးမျိုးပင်အိုးကို တယုတယ သယ်ပိုးပြန်သွားကြပါသည်။

စာရေးသူအနေဖြင့် ရှင်သီဝလိဂမုန်းပင်များ စိုက်ပျိုး ထုတ်လုပ်ရင်း ရှင်သီဝလိ ဂါထာတော်များ၊ ရှင်သီဝလိ ကန်တော့ချိုးတို့ကို ရွတ်ဆိုပူဇော် သိဒ္ဓိတင်ရာတွင် အပင်နှင့်စိုက်ပျိုးပြုစုသူတို့ အပြန်အလှန် တုံ့ပြန် အကျိုးပြုပုံကို အသေးစိတ် ပုံသေ တိကျစွာ ဖော်ညွှန်းရေးပြနိုင်စွမ်း အပြည့်အဝ မရှိသော်လည်း မိမိ စိုက်ပျိုးပြုစုနေသော ဂမုန်းပင်လေး ရှင်သန်၊ စိမ်းလန်း စိုပြည်၊ ဖူးပွင့်လာသည့် ဖြစ်စဉ် အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို မြင်ရ တွေ့ရ သည့်အခါ ခံစားတတ်သူများအဖို့ စိတ်ချမ်းသာမှု၊ ပျော်ရွှင် ချမ်းမြေ့မှုများ ဦးစွာရရှိခံစားရတတ်တာ မလွဲဧကန်ဖြစ်ပါသည်။ ထို့အပြင် စိတ်ကောင်း၊ စေတနာကောင်းများထားကာ ယုံကြည် သက်ဝင်မှု အပြည့်ဖြင့် စိုက်ပျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြုစုသူများတွင် စိတ်ဓာတ်ခွန်အား၊ ဝီရိယ အားမာန်တွေ တိုးပွားရရှိကာ အဲဒီအားမာန်တွန်းအားတွေကြောင့် စွမ်းဆောင်မှု အရည်အသွေး လုပ်အားတွေ မြင့်တက်လာနိုင်၍ စီးပွားရေး၊ လာဘ်လာဘ၊ ရာထူးဂုဏ်ရှိန်များ အဆင့်ဆင့် တိုးတက် ရရှိခံစားစေနိုင်တာကလည်း လောကနိယာမ ပါဟု တင်ပြ ရေးသားမိသလို လိုအပ်သူများ ဆန္ဒရှိပါက အသုံးပြု ရွတ်ပွားနိုင်ရန် ရှင်သီဝလိကန်တော့ချိုးအား ဖော်ပြလိုက်ရပါကြောင်း။

## ရှင်သီဝလိကန်တော့ချိုး

ရှင်သီဝလိ
ဘုန်းရှိမြတ်စွာ ရဟန္တာ၊
ထိပ်မှာဘုရား ကိုယ်တော်ထား၍
နားမှာ ကိုယ်တော်ကျိန်း
စပ်သိမ်းလိုရာရ။

ကာယဝစီ မနောချို
အလိုလိုသြကာသ
ရှိသေမြတ်နိုး၊ တပည့်တော်ရှိခိုး
တန်ခိုးကိုယ်တော်ပြ၊
အရာရာစပ်သိမ်း၊ အောင်မြင်ငြိမ်းပါစေသတည်း။

[ နတ္တတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ မတ်၊ ၂၀၀၈ ]

## ဖြစ်စဉ်ကတော့ ပျားပင်း ထည့်တဲ့အကြောင်းပါ

၉၊ ၁၁၊ ၂၀၀၇ ရက်နေ့ နေ့လယ် ၂း၃၀ နာရီခန့်တွင် စာရေးသူ ဘုရားဆောင်တွင် ဗုဒ္ဓဂုဏ်တော်များ ရွတ်ဆိုပူဇော်မှုပြုနေပါသည်။ ဒါဟာ နေ့စဉ် ဝတ်မပျက် ဆောင်ရွက်နေကျ စာရေးသူ၏ အမိဋ္ဌာန်ပါ။ နှစ်ပေါင်း ၂၅ နှစ်ကျော် ရှိခဲ့ပါပြီ။ ထိုစဉ် ဇနီးသည်မှ စာတစ်စောင်ရောက်လာတယ်ဟု စာအိတ်တစ်အိတ်ကိုမြှောက်ကာ ပြောပါသည်။ စာရေးသူက ဘယ်ကစာလဲဟု ပြန်မေးရာ ကျိုင်းတောင်း စစ်တပ်က ဒုအရာခံဗိုလ်မြင့်အောင်ထံကဟု ဆိုပါသည်။

စာရေးသူ၏ အမိဋ္ဌာန်ပြုနေကျ ဗုဒ္ဓဂုဏ်တော်များ ပြီးစီးအောင် ရွတ်ဆိုပူဇော်ပြီးနောက် အမျှဝေမှုဆုံးသည့်အခါ ရောက်လာသောစာကို ဖောက်ဖတ်ခဲ့ပါသည်။ စာကို စဖတ်ရစဉ်မှာပဲ စာရေးသူ ပညာရေးဝန်ထမ်းဘဝ ပျဉ်းမနားဟောင်း အစိုးရအလယ်တန်းကျောင်းတွင် တာဝန် ထမ်းဆောင်ခဲ့စဉ်က တပည့်ဟောင်းတစ်ဦး မောင်မြင့်အောင် သူ့ဘဝအကြောင်း အစချီကာ ယခု ကျိုင်းတောင်းစစ်တပ်မှာ ဒုအရာခံဗိုလ်အဖြစ် တာဝန် ထမ်းဆောင်နေသည်အထိ ပြန်ပြောင်း ရေးပြထားပါသည်။ ထို့အတူ စာရေးသူ၏ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်ပါခဲ့သော ဆောင်းပါး တစ်ပုဒ်ကို ဖတ်ရပြီး

www.burmeseclassic.com



နောက် သူ အမှတ် ၇၁ ခြေလျင်တပ်ရင်းမှာ ၁၇ နှစ် အထိ တာဝန်ထမ်းဆောင်ခဲ့စဉ်က တွေ့ကြုံခဲ့ရသော အတွေ့အကြုံ တစ်ခုကို ဖြစ်စဉ်ကတော့ ပျားပင်းထည့်တဲ့ အကြောင်းပါဟု ဆိုကာ ရေးသား ဖော်ပြထားပါသည်။

အမှတ် ၇၁ ခြေလျင်တပ်ရင်းမှ စတင်အမှုထမ်းခဲ့ပြီး ပဲခူးရိုးမမှာ ဗမာပြည် ကွန်မြူနစ်ပါတီ သခင်ဇင်၊ သခင်ချစ်တို့ ကျဆုံးသည့်အချိန်မှ သူတို့တပ် ပါဝင်စစ်ဆင်ရေးတွေ လုပ်ရသည်များကိုလည်း ရေးသားဖော်ပြထားပါသည်။ သခင်ဇင်၊ သခင်ချစ်သမီး ဝါဝါနှင့် မောဓော၊ ထွန်းမောင်၊ ဂါးကြီးတို့ပါသော လက်ကျန်ကွန်မြူနစ်များနှင့် တိုက်ပွဲတွေဖြစ်ပုံ၊ ဝါဝါ၊ မောဓောနှင့် ထွန်းမောင်တို့ အလင်းဝင်လာပြီး ဂါးကြီးကို ဖဒိုမှာ ထောက်လှမ်းရေးက ဖမ်းမိကာ နောက်ဆုံး ပဲခူးရိုးမ အဖြူရောင်ဖြစ်သွားပုံတို့ကိုလည်း ရေးသား ဖော်ပြထားတာ တွေ့ရပါသည်။

ဒါပေမဲ့ သူတို့တပ်စုက တပ်ကို တစ်လပြန်နားလိုက်၊ ပဲခူးရိုးမတောင်ပေါ် ၁၄ ရွာ ရွာဟောင်းတွေမှာ စခန်းထိုင် ခြောက်လလှုပ်ရှားရပုံများကို ရှင်းပြထားပါသည်။ အဲဒီလို သူ ပါဝင်လှုပ်ရှား စစ်ဆင်ရေးတာဝန်တွေ ထမ်းဆောင်ခဲ့ရစဉ် သူတို့ တပ်စု ၁၄ ရွာ ရွာဟောင်း ရုံးပင်သာမှာ စခန်းထိုင်ရစဉ်က သူတွေ့ကြုံခဲ့ရသော ဖြစ်စဉ်တစ်ခုသည် အလွန်ဆန်းကြယ်ရုံမက စိတ်ဝင်စားဖွယ် ထူးခြား ဖြစ်စဉ်တစ်ခုလည်း ဖြစ်နေပါသည်။ ဒါကိုပဲ စာရေးသူမှ ဒုအရာခံဗိုလ်မြင့်အောင် ကိုယ်တွေ့ရေးသား ဖော်ပြချက်အား ဆောင်းပါးအဖြစ် ပြန်လည်ရေးသားလိုက်ရပါသည်။

၁၉၇၆-ခုနှစ်က ပဲခူးရိုးမတောင်ပေါ် ၁၄ ရွာ ရွာဟောင်း ရုံးပင်သာမှာ သူတို့တပ်စု စခန်းထိုင်၊ စစ်ဆင်ရေး လှုပ်ရှားခဲ့စဉ်က အဖြစ်အပျက်တစ်ခုပါ။ သူတို့တပ်စုတွင် တပ်စုမှူး ဒုအရာခံဗိုလ် အောင်ဖေ၊ တပ်ကြပ်ကြီး မောင်ကြိုင်၊ ဒုတက မောင်မောင်၊ တပ်သား ဒိုးဘော၊ ဒိုးချေ၊ တင်မောင်၊ ကျော်မြင့်၊ ဒေါနီ၊ ကျော်မြင့်ဖေ၊ ကျော်စိုး၊ စံသာကျော်နှင့် မြင့်အောင်တို့ ပါဝင်ပါသည်။



ရုံးပင်သာဆိုတာက ပဲခူးရိုးမ၊ ဖဒိုမှ မြို့ဟောင်း၊ မြို့ဟောင်းမှ ရုံးထဲကို ရဲနွယ်ချောင်းအတိုင်း ချောင်းကို ဖြတ်လိုက်၊ မြောင်သွားလိုက်နှင့် တစ်နေ့ပြင်းပြင်းသွားပါမှ ညနေလေးနာရီလောက် ချောင်းခွရွာဟောင်းကို ရောက်ပါသည်။ ချောင်းခွရွာဟောင်းကနေ ရုံးပင်သာချောင်းကို ခွဲပြီး နှစ်နာရီခန့်ဆက်သွားလျှင် ရုံးပင်သာတပ်စခန်း (ရွာဟောင်း)ကို ရောက်ပါသည်။

တပ်စခန်း အနေအထားက ချောင်းကမ်းပါးမှ ကိုက် ၁၀၀ ခန့် ဝေးသည့် ကုန်းပေါ်မှာတည်ထားတာပါ။ တပ်စခန်းအတွက် သုံးရေကို ရုံးချောင်းထဲက သယ်ယူသုံးစွဲကြရပါသည်။ တပ်စခန်းကနေ ရေခပ်ဆင်းသည့် လမ်းဘေး၊ ချောင်းအစပ်မှာ သရက်ပင်ကြီးတစ်ပင် ရှိပါသည်။ တောတောင်ထဲမှာ သဘာဝအတိုင်း အလေ့ကျပေါက်နေသော ထို သရက်ပင်ကြီးသည် ထွားကျိုင်း အုပ်ဆိုင်းလို့နေသည်ဟု ဆိုပါသည်။

သူတို့ရုံးပင်သာတပ်စခန်းမှာ ရောက်ရှိပြီး ခုနစ်ရက်လောက်မှာ အဲဒီ သရက်ပင်ကြီး၏ ဖြာထွက်နေသော ကိုင်းကြီးတစ်ကိုင်းတွင် ပျားကြီးအုံတစ်အုံ လာစွဲပါသည်။ ပျားအုံကြီး ပမာဏမှာ လက်နှစ်ပြန်ကျော်ခန့်ရှိပြီး အောက်ဘက်ကိုလည်း နှစ်ပေလောက်အထိ တွဲကျနေတာတွေ့ရပါသည်။ ပျားအုံကြီး သရက်ပင်မှာစွဲနေတာကို တပ်စခန်းတစ်ခုလုံးက မြင်တွေ့သိရှိနေကြတာပါ။ တပ်သားတွေအားလုံး ရေချိုးဆင်းသည့်အခါ ရေခပ်ဆင်းသည့်အခါ ငါးရှာဖားရှာထွက်ကြသည့်အခါ ဒီနားကပဲ ဖြတ်သွား ဖြတ်လာလုပ်နေကျပါ။ ပျားအုံကြီးအမြင့်က မြေပြင်မှ ၁၅ တောင်လောက် မြင့်ပါသည်။

ထိုသရက်ပင်ကြီး၌ ပျားစွဲပြီး ရှစ်ရက်ခန့်အကြာ ကရင်လူမျိုး ဒေါနီ တစ်ယောက် နံနက် ကိုးနာရီလောက်မှာ ထမင်းချက်ဖို့ ချောင်းထဲသို့ ရေခပ်ဆင်းသွားပါသည်။ ဒေါနီ ရေခပ်ဆင်းသွားပြီး ပြန်ရောက်မလာဘဲ ချောင်းထဲဆီက သူ့အော်သံကြားလိုက်၊ ပျောက်သွားလိုက် နောက်တစ်ခါ ဒီလိုပဲ အော်သံကြားလိုက်၊ ပျောက်သွားလိုက် ကြားနေရပါသည်။ ထိုအချိန်

www.burmeseclassic.com



က ချောင်းရေသည် ပေါင်ရင်းလောက်သာနက်ပြီး အနည်းငယ်မျှသာ ရေစီးနေတာပါ။

ထိုအချိန်မှာ တပ်စုမှူး ဒုအရာခံဗိုလ် ဆရာကြီးအောင် ဖေက

'ဟေ့ မြင့်အောင်၊ ဒေါ်နီ ရေခပ်ဆင်းသွားတယ် မဟုတ်လား၊ သူ ဘာကြောင့်အော်နေတာလဲ သွားကြည့်စမ်း'ဟု ခိုင်းပါသည်။

သူ ပြေးဆင်းသွားတော့ သရက်ပင်ကြီးနားအရောက် ပျားအုံကြီးစွဲနေသည့်နေရာက တဝီဝီ အသံတွေကြားလို့ မော့ကြည့်လိုက်စဉ် ပျားကောင်တွေ မည်းနေအောင် ပျံဝဲနေတာ တွေ့လိုက်ရပါသည်။

ထို့အတူ ပျားအုံကြီးနှင့် လေးတောင်လောက်အကွာမှာ ဒီးဒုတ်ကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေတာကိုလည်း တွေ့ရပါသည်။ ဒီးဒုတ်ဆိုတာ ငှက်အမျိုးအနွယ်တစ်မျိုးပါ။ ဇီးကွက် အကြီးစားနှင့် ဆင်တူသလို စွန်လို၊ သိန်းငှက်လို အကောင်လည်း ကြီးမားလှပါသည်။ အဲဒီ ဒီးဒုတ်ကြီးက ပျားအုံကြီးကို ထိုးသုတ်လိုက်၊ ပြန်ထိုင်လိုက်နှင့် ဆွပေးနေတာကိုလည်း မြင်ရပါသည်။ ငှက်ကြီးက အဲဒီလိုလုပ်နေစဉ် ပျားကောင်တွေ အတော်များများ ပျားအုံကြီးက ပျံသွားလိုက်၊ ပြန်လာလိုက် လုပ်နေတာလည်း သတိပြုမိပါသည်။

မြင့်အောင်တစ်ယောက် ဆက်ပြေးဆင်းသွားတော့ ချောင်းကမ်းဘေးအရောက် ရေထဲက ဒေါ်နီ ခေါင်းပြန်အဖော်ကို မြင်တွေ့လိုက်ရပါသည်။ ဒေါ်နီ ဘာမှပြန်ပြောချိန်မရဘဲ ပြန်ငုပ်သွားပါသည်။ ဒေါ်နီ ရေငုပ်နေရာ သူ့အပေါ်တည့်တည့်မှာ ပျားတွေ ဝဲပျံနေတာလည်း မည်းနေတာပါပဲ။ အဲဒီပျားတွေက မြင့်အောင်ကိုတော့ တစ်ကောင်မှ မတုတ်၊ မကိုက်ကြဘူးဟု ဆိုပါသည်။

သူ မြင်တွေ့ခဲ့ရသည့် အခြေအနေကို စခန်းသို့ ပြန်ပြေးသွားပြီး သတင်းပို့ ပြောပြတော့ နောက်ထပ် ငါးယောက် ထပ်လိုက်လာပါသည်။ သူတို့အားလုံး ချောင်းထဲပြေးဆင်းသွားပြီး ဒေါ်နီကို ရေထဲက ဆွဲမကြပါ



သည်။ ရေထဲက ဒေါ်နီကို ဆွဲယူမသယ်လာသည့်အခါမှာလည်း ပျားတွေက ဒေါ်နီကလွဲလို့ ဘယ်သူ့ကိုမှ မတုပ်ဘူး၊ မကိုက်ဘူးဟု ဆိုပါသည်။ စခန်းရောက်အောင် တစ်ဖက်တစ်ယောက် ဆွဲပြီး ပြေးတော့လည်း တစ်လမ်းလုံး ဒေါ်နီတစ်ယောက်ကိုပဲ တုပ်တယ်၊ ကိုက်တယ်၊ ကျန်တဲ့လူတစ်ယောက်မှ အတုပ်မခံရဘူး ဆရာရေဟု ရေးထားပါ၏။

တပ်စခန်းကုန်းပေါ် ရောက်တော့ ဒေါ်နီကို ခြင်ထောင် ထဲထည့်ထားလိုက်ပါသည်။ ရှေ့တန်းတပ်စခန်းထိုင်ဆိုတော့ ခြင်ထောင်တွေကို ဖြုတ်မထားကြပါဘူး။ အဲဒီအချိန်ထိ ပျားအကောင် ၂၀၀-၃၀၀ လောက် ဒေါ်နီခြင်ထောင်မှာ ဝိုင်းအုံနေပါသည်။ မြင့်အောင်က ဝါးတွေခွဲပြီး အိပ်ရာဘေးမှာ မီးမွှေးတော့မှ ၁၅ မိနစ်လောက်အကြာ မီးခိုးမီးတောက်တွေ ကောင်းလာမှ ပျားတွေတစ်ကောင်မကျန် ပျံသွားကြသည်ဟုဆိုပါသည်။

ထို့နောက် ၁၀ မိနစ်လောက်အကြာမှာ

'ဒေါ်နီ တစ်ယောက် လူးလှိမ့်အော်နေရင်းက အန်တော့တာပါပဲ ဆရာရေ၊ သူ အန်တော့ ကျွန်တော်တို့တစ်တွေ ဆေးကြောဖို့လုပ်စဉ် အလွန်ထူးဆန်းတာကိုမြင်တွေ့လိုက်ရပါသည်ဟု ဆိုပါသည်။ အန်လို့ ကျလာတာတွေကို ထမင်းလုံးစေ့တွေလို့ ထင်တာ၊ သေချာကြည့်တော့မှ ထမင်း မဟုတ်ဘူး၊ ပျားကောင်ဖြူဖြူတွေ ဖြစ်နေတာပါပဲ ဆရာ၊ ပျားကောင်မှ ခေါင်း၊ တောင်ပံ၊ ခြေထောက်တွေ အားလုံးပါကြသည်'ဟု အံ့ဖွယ် ရေးပြထားပါသည်။

အဖြစ်အပျက်တွေကို ကြည့်နေသည့် တပ်စုမှူး ဆရာကြီးအောင်ဖေက အန်လို့ကျလာသည့် အဲဒီပျားကောင်တွေကို ရေတွက်ခိုင်းပါသည်။ အားလုံး အကောင် ၂၀၀ ကျော်လောက် ရှိပါသည်။ ပြီးတော့ ဒေါ်နီကိုယ်မှာ ပျားတုပ်ချက် (ပျားကိုက်ချက်) တွေကိုလည်း ရေတွက်ခိုင်းပြန်ပါသည်။ အဲဒီပျားတုပ်ချက်တွေနှင့် အန်ကျလာသည့်ပျားကောင်တွေ တူညီနေတာကို ထူးဆန်းစွာ တွေ့ရတာပါပဲ ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆရာကြီးအောင်ဖေက

'အဲဒါ ပျားပင်းထည့်တယ်လို့ ခေါ်တယ်'ဟု ပြောဆိုပြီး

'ဒေါ်နီ၊ ဒီကောင် ဒီတော ဒီတောင်မှာ အစောင့်အရှောက်တွေ မကြိုက်တဲ့ ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှား တစ်ခုခုရှိလို့ ဖြစ်တာ၊ မင်းတို့လည်း အားလုံး အပြောအဆို၊ အနေအထိုင် ဆင်ခြင်ကြ'ဟု သတိပေးကြောင်း ဆိုပါသည်။

ဒေါ်နီကိုတော့ ဆေးထိုး၊ ဆေးတိုက် လုပ်ပေးပြီး ထားလိုက်ပါသည်။ ဒါပေမဲ့ တစ်ပတ်လောက် မထနိုင်အောင် ဖျားသည်ဟု ဆိုပါသည်။ နောက်နေ့ နေ့လယ်တစ်နာရီမှာ မြင့်အောင် ရေချိုးဆင်းတော့

'ပျားအုံကြီးလည်း မရှိတော့သလို၊ ဒီးဒုတ်ငှက်ကြီးလည်း မတွေ့ရ တော့ဘူး ဆရာ'ဟု သူ၏ ပျားပင်းထည့်သည့် အကြောင်းစာကို နိဂုံးချုပ် ထားပါသည်။

ဒါပေမဲ့ သူက စာရေးသူကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆောင်းပါး ရေးနိုင်ရန် ကုန်ကြမ်းအဖြစ်ရေးပို့ခဲ့သလို၊ သူ၏လတ်တလော ရင်ဆိုင်နေရ သော တာဝန်ပိုင်းမှာ အခက်အခဲနှင့်ကြုံတွေ့ရမှုကိုလည်း ရင်ဖွင့်ထားပါသည်။ အဲဒီကိစ္စကို သူ၏ငယ်ဆရာ စာရေးသူမှ ထိုအခက်အခဲတွေက ကျော်လွှား လွန်မြောက်နိုင်ရေး ဆုတောင်းမေတ္တာပို့ပေးပါဟု တောင်းခံထားပါသည်။

ထို့ကြောင့် သူ၏ဆန္ဒကို ဖြည့်စွက်ပေးသောအားဖြင့် စာရေးသူမှ သူပြောပြသော သူ့ကိုယ်တွေ့ ပျားပင်းထည့်သည့်အကြောင်းကို နက္ခတ္တ ရောင်ခြည် မဂ္ဂဇင်းမှာ ဆောင်းပါးအဖြစ် ရေးသားဖော်ပြလိုက်ရသလို၊ သူတွေ့ကြုံနေရသော အခက်အခဲများကို အလျင်အမြန် ဖြေရှင်း ကျော်လွှား နိုင်ပါစေလို့ ဆန္ဒပြု ဆုမွန်ကောင်း တောင်းပေးလိုက်ရပါကြောင်း။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ॥ ॥ မတ်၊ ၂၀၀၈ ]



## ရှင်သီဝလိဂါထာတော်ကိုရွတ်ဖတ်၍ ရှင်သီဝလိဂမုန်းပင်များစိုက်ပျိုးပြုစုလျှင်

စာရေးသူသည် ဂမုန်းပင်များကို လက်လှမ်းမီသမျှ စုဆောင်းစိုက်ပျိုး မျိုးပွားထုတ်လုပ်နေရာတွင် ရှင်သီဝလိဂမုန်းပင်များကို စိုက်ပျိုးထုတ်လုပ် ရေးလည်း ပါဝင်ပါသည်။

ဂမုန်းပင်များ စိုက်ပျိုးထုတ်လုပ်ရင်း ဂမုန်းပင်များ စိုက်ပျိုးပြုစုရာတွင် ရွတ်ဖတ်ပွားများရသော ဂါထာနှင့်မန္တာန်များကိုပါ လေ့လာ၍ လက်တွေ့ ဆောင်ရွက် အမှန်ရှာနေသလို ဂမုန်းစိုက်သူ၊ ဝါသနာရှင် ချေးလာသူ များနှင့် ဆုံတွေ့ရာတွင် အသိချင်းဖလှယ် မျှဝေနေသူပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်သီဝလိဂမုန်းပင်များ စုဆောင်းစိုက်ပျိုးခဲ့ရာမှ မျိုးကွဲ၊ မျိုးစိပ် ၄-၅ မျိုးခန့်ကို စုဆောင်း ရရှိ စိုက်ပျိုးနိုင်ခဲ့ပါသည်။ မျိုးကွဲ တစ်မျိုးစီကို ရှင်သီဝလိဂါထာတော်ကိုရွတ်ဖတ်၍ စိုက်ပျိုးပြုစုရင်း လက်တွေ့ခံစားရရှိသော စီးပွားလာဘ်လာဘပေါ်များကာ လိုအင်ဆန္ဒပြည့်ဝနိုင်မှု အကျိုးများကို နှိုင်းယှဉ်လေ့လာနေခဲ့ရာ ဂါထာတော်ကို ယုံကြည်စွာ ရွတ်ဖတ်ပွားများခြင်းကြောင့် အခက်အခဲများစွာကိုလည်း ကျော်လွှားအောင်မြင်နိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။

***အထူးခြားဆုံးကတော့ ရှင်သီဝလိဂမုန်းပင်များ စိမ်းလန်းစိုပြည်ကာ ဖူးပွင့်လာပါက စီးပွားလာဘ်လာဘနှင့် လုပ်ငန်းများ ကောင်းလုံမကာ အရောင်းအဝယ်များပါ တိုးတက်လာတာ တွေ့ရှိခံစားခဲ့ရပါသည်။***

ဖော်ပြပါ ဓာတ်ပုံမှတ်တမ်းတွင် ရှင်သီဝလိဂမုန်းကြီးမျိုးနှင့် မြန်မာ့ရှင်သီဝလိဂမုန်း ယှဉ်တွဲစိုက်ပျိုးထားရာ မြန်မာ့ ရှင်သီဝလိဂမုန်းပင်၌ ဖူးပွင့်နေသည်ကို မြင်တွေ့နိုင်ပါသည်။

ရှင်သီဝလိဂါထာတော်ကို ဆယ်ခေါက်ရွတ်ဆိုကာ ဖော်ပြပါ သစ္စာဆုတောင်း၍ အဓိဋ္ဌာန်ပြုပါက ၇-၁၀ ရက်အတွင်း အခက်အခဲများမှ ကျော်လွှားနိုင်ရပြီး လာဘ်လာဘများတိုးတက်ကာ အရောင်းအဝယ်များ ကောင်းမွန်ကြောင်း ယုံကြည်စွာ ဆောင်ရွက်နိုင်ကြရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် မျှဝေဖော်ပြလိုက်ပါသည်။

## ရှင်သီဝလိဂါထာတော်

**လာဘီနံ ဥတ္တမော ထေရော၊**
**သီဝလိ ဉာတိ ဝိဿုတော၊**
**သော ရဟော ပစ္စယာဒီနံ၊**
**သဒါ သောတ္ထိ ကရောတုမေ။**



**သစ္စာဆုတောင်း**

လာဘ်လာဘများနှင့် ပစ္စည်းလေးပါး ပေါကြွယ်ဝမှု အရာတို့၌ သူတကာတို့ထက် ပိုကဲတော်မူသော ပုဂ္ဂိုလ်သည် ရှင်သီဝလိ မည်ပါပေ၏။ အပူဇော်လည်း အထူးခံယူတော်မူထိုက်၍ အန္တရာယ်အပေါင်းလည်း ဖယ်ရှားတော်မူနိုင်စွမ်း ရှိတော်မူပါ၏။

ဓေ ဘုရားတပည့်တော်အား ဤရဟန္တာအရှင်သူမြတ်ကြီးကို ယုံကြည်စွာ ပူဇော်ပသမှုကြောင့် လာဘ်လာဘ ပေါကြွယ်ဝအောင် ကူညီမစ စောင့်ရှောက်မည့်သူများနှင့် တွေ့ဆုံနိုင်အောင် မင်္ဂလာ သတင်းကောင်းများကြားရကာ လှူနိုင်တန်းနိုင်သော ပုဂ္ဂိုလ်ဖြစ်အောင် မှိုင်းမကူညီ မစ စောင့်ရှောက်တော်မူပါ စေသတည်း။

ရှင်သီဝလိဂမုန်းစိုက်ပျိုးသူတိုင်း အောင်မြင်၍ လာဘ်လာဘ တိုးပွားရရှိကြပါစေ။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ မတ်၊ ၂၀၀၆ ]

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းရင်းဆေးပညာရှင် ပျဉ်းမနားဆရာမော်ပြောပြသော လေးဖက်နာရောဂါကို သက်သာပျောက်ကင်းစေသော နွားမြူကြီးပင် ခေါ် နို့ခဲပင် ခေါ် မုရိုးပင်

နှစ် ၂၀ ပြည့် အထူးထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးသူ ရေးသားခဲ့သည့် ဆရာမော်၏ဂမုန်းပင်ဥယျာဉ် ဗိမာန်တော်ကြီးပေါ်တွင် စိုက်ပျိုးထားသော ရှားပါး၍ ဆန်းပြားလှသော ၈၈၀ ဂမုန်းပင် အကြောင်း ပါလာသဖြင့် ၎င်းစာအုပ်ကို ဝယ်ယူပြီး ဆရာမော်၏ ဇမ္ဗူရောင်ရွှေစင်ဆေးတိုက်၊ ရွာကောက်အိုးဖိုရပ်သို့ ၉၊ ၆၊ ၂၀၀၆ နေ့က သွားရောက်ကာ ဆရာ့အား လက်ဆောင်ပေးအပ်ခဲ့ပါသည်။

အသက် ၇၇ နှစ် ရှိပြီဖြစ်သော ဆရာသည် ဆောင်းပါးကို မျက်မှန်လွတ် ဖတ်တာတွေ့ရပြန်တော့ အံ့သြမိပါသည်။ စာရေးသူက မျက်မှန်လွတ် စာဖတ်နိုင်တာကိုပြောတော့ 'ကြာပါပြီ'တဲ့။ ဆရာက ဆက်ပြီး

'တစ်လ တစ်ပုဒ် ပါအောင် ရေးပေါ့၊ ပြည်သူတွေ သိရှိရုံမက ဆေးအသုံးဝင်ပုံတွေပါတော့ သူတို့အတွက်လည်း အကျိုးရှိ နိုင်တာပေါ့' ဟု ဆိုကာ စာရေးသူကို ဆေးအာနိသင်အကောင်းဆုံး စူလာနဖာပင်၊ HIV နှင့် AIDS ရောဂါကုသဆေး ဖော်စပ်ရာတွင် အဓိကအသုံးပြုနိုင်သော သမျှားပင်ဟုခေါ်သည့် ဆေးပင်နှင့် နွားမြူကြီးပင်ခေါ် နို့ခဲပင်ခေါ် မုရိုးပင်



တို့ကိုပြ၍ ဓာတ်ပုံရိုက်ယူရန် ပြောပါသည်။ အဆိုပါဆေးပင်များကို ဓာတ်ပုံများ ရိုက်ယူ၍ ဆရာမော်ပြောပြသော ကျွဲ၊ နွား မွေးမြူရေး သမားများနှင့် တောင်သူများအတွက် လက်တွေ့ အသုံးပြုနိုင်ပြီး အသုံးဝင်လှသော နွားမြူကြီးပင် ခေါ် နို့ခဲပင် ခေါ် မုရိုးပင်အကြောင်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ရေးသား ဖော်ပြလိုက်ရပါသည်။

စာရေးသူ မုရိုးပင်ကို တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးခဲ့တာ ငယ်စဉ်ကတည်းကပါ။ အဲဒီအချိန်က မုရိုးပင်အရွက် ကိုင်းနုနုကို ချိုးလျှင် အစေးဖြူဖြူ ထွက်လာတာကိုသာ သတိထားမိခဲ့ပါသည်။ စာရေးသူ၏ရွာရှိ ငါးလိုက်ချောင်းကမ်းပါးဘေးတွေမှာ သဘာဝအတိုင်းပေါက်နေတာ တောချုံကြီးတွေကို ဖြစ်လို့နေပါသည်။ အရွယ်ရောက်လာတော့ လူကြီးတွေပြောပြလို့ သိတာက မုရိုးပင်အစေးက နို့ခဲနိုင်တဲ့အကြောင်းပေါ့။ ဒီလောက်ပါပဲ။ ယခု ဆရာမော်ပြောပြတာကြားသိရတော့မှ မုရိုးပင်သည် လိုအပ်သူတွေအတွက် အကျိုးများနိုင်မည်ဟု ယုံကြည်မိ၍ ဒီဆောင်းပါးကို ရေးသားဖြစ်ခဲ့ရပါသည်။

မုရိုးပင်ကို မြန်မာနိုင်ငံအတွင်းရှိ အရေးကြီးအပင်များ၏ ရုက္ခဗေဒ ဆိုင်ရာ အမည်များနှင့် မျိုးရင်းအမည်များ ဖော်ပြထားသောစာအုပ်တွင် မုရိုးပင်ကို အင်္ဂလိပ်လို Swallow wart ဟုခေါ်ပြီး၊ မျိုးစု (Genus)မှာ Calotropis ဖြစ်၍ မျိုးစိတ် (Spcies) မှာ Procera တွင်ပါဝင်ကာ မျိုးရင်း (Family) မှာ Asclepiadaeae ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

နို့ခဲပင်ဟု ခေါ်ရသည့်အကြောင်းနှင့် နို့ခဲအောင် လက်တွေ့ပြုလုပ်နည်းကို ဆရာမော်အား မေးရာ

'ကိုင်းကိုချိုးပြီး မွှေပေးရင်ခဲတယ်'ဟု ပြောပါသည်။

အဲဒီအချိန်မှာ စာရေးသူ ဈေးဝယ်သွားလေ့ရှိသော ကန်ဦးရပ်ရှိ နံနက်ခင်းဈေးလေးတွင် နို့ခဲပြုလုပ်ရောင်းချလေ့ရှိသော မိန်းကလေးကို သတိရ၍ ၎င်းအား လက်တွေ့ပြုလုပ်နည်း အသေးစိတ်မေးရန် စိတ်ကူးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နို့ခဲ လက်တွေ့ပြုလုပ်နည်း

ရန်ကုန်မှ နေပြည်တော် ပျဉ်းမနားသို့အဝင် ကားလမ်းဘေးတွင်ရှိသော ကန်ဦး ရပ်ကွက်တွင် နံနက်ခင်းဈေးလေးတစ်ခုရှိပါသည်။ အဲဒီဈေးမှာ နို့ခဲ၊ နနွင်းမကင်း၊ ကျောက်ကျောနှင့် စပယ်ပန်းများရောင်းသော အသက် ၃၅ နှစ်ခန့်ရှိသော မတင်တင်ဦးကို နို့ခဲ လက်တွေ့ပြုလုပ်နည်းကို မေးမြန်းခဲ့ရာ မတင်တင်ဦးက လိုလိုလားလားပင် စိတ်ရှည်စွာ ရှင်းပြခဲ့ပါသည်။

'ကျွန်မ မိဘတွေက နို့စားနွားမ အကောင် ၂၀ လောက် မွေးပါတယ်၊ ငယ်ငယ်ကတည်းက မိဘတွေကို ဝိုင်းကူရင်း နို့ခဲ လက်တွေ့ပြုလုပ်နည်းကို တတ်ကျွမ်းခဲ့တာ နှစ် ၂၀ ကျော်ရှိပြီ'ဟု ဆိုကာ လက်တွေ့ပြုလုပ်ပုံကို ဆက်ရှင်းပြပါသည်။

'နို့ခဲ ပြုလုပ်ခြင်းကို ညပိုင်းမှာလုပ်ပါတယ်၊ နို့ရည်ကို အပူပေးတဲ့အခါ မုန်ညင်းရွက်ကို ခူး၊ ရေနှင့်ပြောင်စင်အောင်ဆေးပြီး ထည့်ပြုတ်ပါတယ်၊ နို့ရည် တွေပူလာပြီး မုရိုးရွက်များလည်း နွမ်းလာတဲ့အခါ ဆယ်ယူကာ အရွက် ဖိညှစ်တော့ ထွက်လာတဲ့အရည်ကို အိုးထဲချ၊ ဆက်ပြီးမွှေ၊ အပူပေးပါတယ်၊ အပူချိန်တိုးလာတာနဲ့ နို့လည်း ခဲလာပါတယ်။ နို့ခဲလာတော့ နို့နဲ့ ရေ ကွဲသွား ပါတယ်၊ အဲဒီအခါ ရေပွက်ပွက်ဆူအောင် အပူပေးပြီးတော့ နို့ခဲကို ထုတ်၊ အရည်စစ်ပြီး အိုးကင်းပူတိုက်ပါတယ်၊ အဲဒီ နို့ခဲကို နောက်နေ့ နံနက်ခင်း မှာ ဒီဈေးလာရောင်းတာပါပဲ' ဟု ဆိုပါသည်။

အဲဒီနောက် စာရေးသူက

'မုရိုးရွက်ကို ဘယ်လောက် ထည့်ပြုတ်ရတာလဲ' ဟု မေးတော့ မတင်တင်ဦးက

'နို့တစ်ဆယ်သား တစ်ရွက်ထည့်ပါတယ်၊ အရွက်ကြီးရင်တော့ နည်း နည်း လျှော့ထည့်ပါတယ်'ဟု ဆိုကာ မတင်တင်ဦးက သူ နေထိုင်ရာ ဥယျာဉ်စု ရပ်ကွက်အုပ်စု၊ ဦးကျေးရပ်သို့ မုရိုးပင်များ စိုက်ပျိုးထားတာကို လာရောက်ကြည့်ရှုနိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။



စာရေးသူလည်း ဦးကျေးရပ်သို့ သွားရောက်၍ သူမ ပြသသော မုရိုးပင်ကို မှတ်တမ်းဓာတ်ပုံရိုက်ကာ သူမ နုတ်ပေးခဲ့သည့် မုရိုးပင်ငယ် နှစ်ပင်နှင့်အတူ သူမ၏ မှတ်တမ်းပုံကိုပါ ဖော်ပြလိုက်ပါသည်။

နေ့စဉ် အရွက်များခူးယူခြင်းခံနေရသော မုရိုးပင်အုပ်စုကြီးမှာ အရွက် များ လျော့နည်းနေသော်လည်း ကိုင်းများ ဝေဆာစွာ ရှင်သန်လျက်ရှိနေ တာကို တွေ့ရပါသည်။

မျိုးပင်၏ ကိုင်းဖျား၊ ကိုင်းနုနုများနှင့် အရွက်နုများတွင် အဖြူရောင် အမွေးများ ပါလေ့ရှိပြီး အရွယ်ရောက်သောအပင်များ ဖူးပွင့်လေ့ရှိသည် ဟု သိရပါသည်။

စာရေးသူကတော့ ကိုင်းချိုး၍နှစ်ပင်၊ အစေ့ပေါက်နှစ်ပင်ကို စိုက်ပျိုး ထားပါပြီ။ ပင်စည်ကိုင်း ထောင်မတ်ကာ ကိုင်းပွားများ ဖြာထွက်လေ့ရှိ ပါသည်။ အမြစ်နှင့် ကိုင်းများမှ အပင်ပွားယူနိုင်သလို အစေ့များကလည်း အပင် ပေါက်ပါသည်။ စိတ်ဝင်စား၍ လိုအပ်ပါက မုရိုးပင်ကို ရှာဖွေကာ စိုက်ပျိုးပြီး လက်တွေ့အသုံးပြုနိုင်ပါစေလို့ တိုက်တွန်းအပ်ပါသည်။

## နွားဖြူကြီးပင်

မုရိုးပင်ကို ပရဆေးသမားတော်တွေက နွားဖြူကြီးပင်ဟု ခေါ် ဆိုလေ့ ရှိကြောင်း၊ အုပ်အုပ်ဆိုင်းဆိုင်း ရှင်သန်နေသော မုရိုးပင်အုပ်စုကြီးကို ခပ်လှမ်းလှမ်းကကြည့်လျှင် အဖြူပွေးများ ကပ်နေတာကြောင့် နွားဖြူ တစ်ကောင်နှင့်တူလို့ နွားဖြူပင်ကြီးလို့ သမုတ်ကြတာဖြစ်ကြောင်း၊ ပြီးတော့ ဆရာမော်က

'အဲဒီ နွားဖြူကြီးကိုင်းကိုချိုး၊ လေးဖက်နာဖြစ်နေသော ကျွဲ၊ နွားကို အောက်ဘက်ကို ရိုက်ရိုက်ချပေးရင် သက်သာ ပျောက်ကင်းတယ်'လို့ ပြောပြ ပါတယ်။

ဆရာကြီးက ဆက်၍ပြောတာက

www.burmeseclassic.com

www.burmeseclassic.com



'သက်သာပျောက်ကင်းတယ်ဆိုတာ ကွမ်းတစ်ယာညက်၊ ထမင်းအိုးတစ်ခါချက် အချိန်အတွင်းကို ပြောတာ'ဟု ရှင်းပြပါသည်။ အဲဒါကြောင့် စိတ်ဝင်စားသော ကျွဲ၊ နွားပိုင်ရှင်များ နွားဖြူကြီး ခေါ် နို့ခဲပင် ခေါ် မုရိုးပင်ကို မျိုးရှာ၍စိုက်ပျိုးထားကာ လက်တွေ့ကုသနိုင်ရုံမက လိုအပ်သူများကိုလည်း ကူညီနိုင်ကြပါစေလို့ တိုက်တွန်း ရေးသားဖော်ပြလိုက်ရပါသည်။

[ နကၡတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ ဇန်နဝါရီ၊ ၂၀၀၇ ]

## နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသော်လည်း သစ်တောစိုက်ခင်းဝန်ထမ်းတစ်ဦး၏ အတွေ့အကြုံကိုတင်ပြချက်

စာရေးသူသည် ပျိုးဥယျာဉ်လုပ်ငန်းဖြင့် မိသားစု ဘဝ ရပ်တည်ရေး လုပ်ကိုင်ဦးဆောင်နေသလို အထူးသဖြင့် ဆေးဖက်ဝင် အပင်များ အကြောင်းကို လက်လှမ်းမီသမျှ ရှာဖွေစုဆောင်း လေ့လာမျိုးပွားကာ အတတ်နိုင်ဆုံး မျှဝေဒါနကုသိုလ်ပြုလျက် ဆေးဖက်ဝင် အသုံးတည့်မှုနှင့် ပျောက်ကင်းသက်သာမှုများကိုပါ အခါအားလျော်စွာ ဆောင်းပါးအဖြစ် ရေးသား ဖော်ပြနေပါသည်။ အသက်မွေးမှုလုပ်ငန်းကလည်း ပျိုးဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ငန်း ပျိုးပင်များရောင်းဝယ်ရေးလုပ်ငန်းဖြစ်သောကြောင့် စိုက်ပျိုးရေးသမားများ၊ လုပ်ငန်းရှင်များ၊ ဝါသနာရှင်နှင့် လက်တွေ့ လေ့လာနေသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် အမြဲထိတွေ့ ဆက်ဆံ မှုများရှိနေပါသည်။ တွေ့ကြ၊ ဆုံကြသည့်အခါ အချိန်ရသမျှ အပင်များ အကြောင်းသာ အများဆုံး ပြောဆို ဆွေးနွေးဖြစ်ကြတာ များပါသည်။ အဲဒီလိုနှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်တောစိုက်ခင်းမှ ဦးအေးမြင့်တစ်ယောက် ၂၃၊ ၁၊ ၂၀၀၇ ရက်နေ့က ခြံထဲသို့ရောက်လာခိုက် စိုက်ပျိုးရေးအကြောင်း၊ အပင်တွေအကြောင်း ပြောဆိုဖြစ်ကြရာမှ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုသော်လည်း ဦးအေးမြင့် ပြန်လည် ပြောပြခဲ့သော ကိုယ်တွေ့ဖြစ်ရပ်က အချို့သော အပင်များသည် သက်ရှိတို့ကို ဘေးဥပါဒ် အန္တရာယ်ပြုနိုင်ရုံမက အသက်ကိုပင် သေစေနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အလွန်ထင်ရှားနေတာကို သတိပြုမိပါသည်။ အဲဒီလို အပင်ကြောင့် ဦးအေးမြင့်နှင့် သမီးလေးတို့ အန္တရာယ်နှင့် ဆုံတွေ့ရပုံကို ၇၀-ငါးသိုင်းချောင်း သစ်တော စိုက်ခင်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က စိုက်ခင်း ဧရိယာ အတွင်းရှိ ငစံမြောင်ဟု ခေါ်သော နေရာအတွင်းရှိ စမ်းချောင်းကလေး ဘေးမှာ တွေ့ကြုံ ဖြစ်ပျက် ခံစားခဲ့ရသော အဆိပ်ပင်ကြောင့် သမီးလေး အန္တရာယ် ကြုံတွေ့ခဲ့ရပုံကို ပြန်လည်ပြောပြခဲ့ပါသည်။

အချိန်ကာလအားဖြင့် ၁၉၉၁-၁၉၉၃ ခုနှစ်က ဦးအေးမြင့်တို့မိသားစု အဲဒီ စိုက်ခင်းနယ်မြေ ငစံမြောင် စမ်းချောင်းလေးထဲမှာ ရေချိုးနေစဉ် ငါးနှစ်ခန့်အရွယ် သမီးလေး မတင်တင်ခိုင် ကမ်းနဖူးပေါ်တက်သွားပြီး နောက် စူးစူးဝါးဝါး ငိုယိုကာ 'ဒီအပင်က ကိုက်တယ်'ဟု လက်ညှိုးထိုး အော်နေသံကြောင့် ဖခင်ဦးအေးမြင့်တစ်ယောက် အပြေးအလွှား ကမ်းပါး ပေါ်သို့ ပြေးတက်သွားခဲ့ပါသည်။ အပင်ကို လက်ညှိုးထိုး အော်ငိုနေတာ ကြောင့် အနားရောက်သွားသည့် ဦးအေးမြင့် အလွန်သတိထား၍ သတ္တဝါ တစ်ကောင်ကောင်ဟုထင်ကာ သေချာစွာ ကြည့်ရှုရှာဖွေပေမယ့် မည်သည့်အကောင်မျှ မတွေ့ရပါ။ ကလေးမှ လက်ညှိုးထိုးပြနေတာက လူတစ်ရပ်စာမျှ မြင့်သော မရိုးပင်နှင့်ဆင်တူသည့် အပင်၏ အရွက်များကို ဖြစ်နေသောကြောင့် ဘောက်ဖတ်ခေါ် ဖက်ကပ်ကောင်ဟု ထင်မိကြောင်း၊ ၎င်း ပိုးကောင်များသည် အမွေးအမျှင်များရှိရုံမက သစ်ရွက်များတွင် ကပ်နေ တတ်ပြီး ၎င်းပိုးကောင်၏ အမွေးအမျှင်တို့နှင့် သတ္တဝါတို့၏ ကိုယ်ခန္ဓာတစ်ခု ခုဖြင့် ထိမိရုံနှင့် အပ်နှင့် အထိုးခံရသကဲ့သို့ နာကျင်ရုံမက အဆိပ်ကြောင့် အလွန် ပူလောင်နာကျင်လှကြောင်း ရှင်းပြပါသည်။ သရက်ပင်အောက် လမ်းမပေါ်တွင် ပြုတ်ကျနေသော အဲဒီဖက်ကပ်ကောင်ကို ခြေဖဝါးဖြင့် တက်နင်း မိသော မိန်းမတစ်ယောက် 'အမလေးတော့'ဟု အော်ပြီး ပုံလဲသွားတာကို စာရေးသူ မြင်ဖူးပါသည်။ သူမယောက်ျားရှာတော့ ဖက်ကပ်ကောင် အတော် ကြီးကြီးကို တွေ့ရပါသည်။ အဲဒီခြေဖဝါးမှာ နီရဲအောင် ယောင်ကိုင်းလာ



တာကြောင့် သူမ ယောက်ျားကိုယ်တိုင် သူ့ မိန်းမကို ထမ်းခေါ် သွားရတာမျိုး စာရေးသူ မြင်တွေ့ဖူးပါသည်။

သမီးလေး၏ လက်ယာဘက်လက်ပြင်မှာ နီရဲရောင်ကိုင်းနေတာကြောင့် ဖက်ကပ်ကောင်အထိုးခံရတာဟု ယူဆမိသဖြင့် ဦးအေးမြင့်လည်း အဲဒီ အပင် အရွက်ကို လက်နှင့်ကိုင် လှန်၍ ရှာကြည့်သော်လည်း ဘာအကောင်မျှ မတွေ့ရကြောင်း၊ မြေပေါ် ကျသွားသည်ထင်၍ အောက်ငုံ့ ကြည့်ပေမယ့် မတွေ့ကြောင်း၊ အဲဒါကြောင့် အခြား သစ်ကိုင်းများရှိ အရွက်များကို မ၍ လှန်ကြည့်မိကြောင်း၊ အဲဒီလို မကြည့်မိလို့ အပေါ်က သစ်ရွက်နှင့် သူ၏ လက်ဖမိုး ထိမိတော့မှ သူပါ အကိုက်ခံလိုက်ရကြောင်း ရှင်းပြပါသည်။ သူ့သမီး အဖြစ်ကဲ့သို့ သတ္တဝါတစ်ကောင်ကောင် ကိုက်လိုက်သလိုပါပဲ။ ဓာတ်လိုက်ခံရသလို အလွန်နာကျင် ပူလောင်လှကြောင်း၊ လက်ဖမိုးမှာ နီရဲ ရောင်ကိုင်းလာကာ ချက်ချင်းတစစ်စစ်နှင့် ကိုက်ခဲလာတာပါဟု ဦးအေးမြင့် က ပြန်လည်ပြောပြပါသည်။

အဲဒီအချိန်ကျမှ ဒေသခံဝန်ထမ်းများ ဝိုင်းအုံ ရောက်လာကြပြီးနောက် ဦးအေးမြင့်နှင့် သမီးငယ်တို့ အကိုက်ခံရတာသည် ဦးအေးမြင့် ကိုင်ကြည့် သော ဟိုင်းပင်ကြောင့်ဟု ၎င်းတို့ ရှင်းပြမှ သိရပါသည်ဟု ဆိုပါသည်။ ဟိုင်းပင်အရွက်ကို လက်ဖဝါးနှင့်ကိုင် ခြေဖဝါးနှင့် ထိရုံနှင့် အန္တရာယ် မရှိ ကြောင်း၊ လူ၏ အခြားသော ခန္ဓာအစိတ်အပိုင်းများနှင့် ထိမိလျှင်တော့ အလွန် နာကျင်အောင် အဆိပ်မိနိုင်ကြောင်း၊ ရေစိုနေလျှင် သို့မဟုတ် ဒဏ်ရာကို ရေနှင့်ထိမိလျှင် ပို၍ဆိုးကြောင်း ပြောပြသည်ဟု ဆိုပါသည်။

ဦးအေးမြင့်က ဆက်၍ ပြောပြသည်မှာ အဆိပ်ဖြေဆေးပင်၊ ကင်းခြေ များသဏ္ဍာန် အမြစ်များရှိသော ဆေးကင်းခြေ သွေးလိမ်းတာတောင် သုံးရက် လောက် ပြင်းထန်စွာ ခံစားခဲ့ရကြောင်း၊ နောက်တော့လည်း ပျောက်သွား ပါသည်ဟု ဆိုပါသည်။ ဟိုင်းပင်သည် မရိုးပင် ပင်စည်ရိုး သဏ္ဍာန်ရှိပြီး အရွက်ရှည်၍ ထိပ်ဝိုင်းကြောင်း အရွက်အပေါ်ပိုင်း ချောမွေ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com




အရွက်အောက်ပိုင်းသည် အမွေးအမျှင်မပါဘဲ မှုန်ပျပျရှိကြောင်း ရှင်းပြပါသည်။ ဦးအေးမြင့် ဆက်ပြောပြသည်မှာ အဲဒီဒေသခံတွေက အခု ခင်ဗျားတို့သားအဖ အကိုက်ခံရတာ ဟိုင်းပင်မို့လို့ မသေတာ၊ ဟိုင်းဆင်ပင်သာ အကိုက်ခံရလျှင်တော့ ဆင်တောင် တုံးခနဲ လဲကျသေတာလို့ ရှင်းပြကြောင်း ပြန်ပြောပြပါသည်။

ဒါကိုပဲ စာရေးသူက သစ်တောများအတွင်း သွားလာ လှုပ်ရှားရသူများ ဦးအေးမြင့်တို့သားအဖ တွေ့ကြုံခဲ့ရသော ဟိုင်းပင်နှင့် ဟိုင်းဆင်ပင်ဟုဆိုသော အဆိပ်ပင်တို့နှင့် မတွေ့ ကြုံစေရန်၊ အပင်မှန်သမျှ အလွယ်တကူ စိတ်ချယုံကြည်မှုမထားဘဲ သတိထားကိုင်တွယ် ထိတွေ့ကြရန် စာရေးသူမှတစ်ဆင့် သတိပေး မျှဝေသည့်အနေဖြင့် ဤဆောင်းပါးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရေးသား ဖော်ပြလိုက်ပါသည်။

ယခုအခါ နေပြည်တော် ပျဉ်းမနား သစ်တော ပျိုးဥယျာဉ်စိုက်ခင်းတွင် ဦးအေးမြင့်တို့မိသားစု ဆက်လက် တာဝန်ထမ်းဆောင်လျက်ရှိပြီး သမီး တင်တင်ခိုင်လည်း ဘွဲ့ရကာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ ဒီဇင်ဘာ၊ ၂၀၀၇ ]





## စ ဓ ဗ ဝ ဂါထာတော်ကိုရွတ်ပွား၍
## စ ဓ ဗ ဝ ဂမုန်းပင်များကို စိုက်ပျိုးပြုစုပါ

ဓာတ်ပုံပါ စဓဗဝ ဂမုန်းပင်ကို နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်သဲကျွန်းရပ်ကွက်ရှိ တိုင်းရင်းဆေး သမားတော်ကြီး ဆရာမော်၏ ဂမုန်းပျိုးဥယျာဉ်ကြီးတွင် စိုက်ပျိုးထားပါသည်။

ပျိုးဥယျာဉ်အတွင်း တည်ဆောက်ပြီးစီးလုသော ဆရာမော်၏ ဓမ္မဗိမာန် ဘုံခုနစ်ဆင့် အပေါ်တွင် ရှားပါးဂမုန်းပင်များနှင့်အတူ စိုက်ပျိုးထားတာပါ။

မြင်တွေ့စက အင်းဂမုန်း မျိုးသစ်တစ်မျိုးဟု ယူဆမိခဲ့ပါသည်။ သေချာစူးစမ်းလေ့လာပြီးနောက်မှ အင်းဂမုန်း အဖို အမပင်များနှင့် မတူညီသော အချက်အလက် အခြေအနေများစွာကို တွေ့ရပါသည်။

အင်းဂမုန်းပင်အရွက်များတွင် ထင်ရှားသောအကွက် ၈-၉ ခုခန့်ပါရှိပြီး အရွက်အရင်းပိုင်းသည် ကြီးမား၍ အောက်အဖျားပိုင်းသို့ ရှူးချွန်သွားတာ တွေ့ရပါသည်။

www.burmeseclassic.com



ယခု စမဗဝ ဂမုန်းပင်သည် ရိုးတံ၊ အရွက်၊ အရောင် အဆင်း အားလုံး သာမန်ကြည့်လျှင် အင်းဂမုန်းနှင့် ဆင်တူသယောင်ရှိသော်လည်း အရွက်များ၏အလယ်၌ ဘေးနှစ်ဖက်သို့ ကားဖောင်းသွားပြီး အောက်ခြေ အဖျားသို့ ရှုံးချွန်သွားပါသည်။

အထူးခြားဆုံးအချက်ကတော့ စမဗဝ ဂမုန်းရွက်များ အပေါ်တွင် 'ဝ'လုံးပုံသဏ္ဍာန် အဆင့်ဆင့် အဝိုင်းများ ၄-၅ ခု ထင်ရှားစွာ ပေါ်နေတာ ပေါ့ပဲ။ အဲဒီလို 'ဝ'လုံးပုံ အဝိုင်းများ ဂမုန်းရွက်များအပေါ်တွင် ပေါ်နေ၊ ပါနေ တာကြောင့် စမဗဝ ဂမုန်းဟု ခေါ်ဆိုတာဖြစ်နိုင်သည်ဟု စာရေးသူ ယူဆမိ ပါသည်။

ဒါကိုက စမဗဝ ဂမုန်းပင်၏အထူးခြားဆုံး သိသာမြင်သာလှသည့် အချက်လည်း ဖြစ်ပါသည်။ စာရေးသူက ဆရာမော်နှင့် ရင်းနှီးသူပီပီ ထူးခြား ဆန်းပြား၍ ရှားပါးလှသော ၎င်း စမဗဝ ဂမုန်းပင်မျိုးအား တောင်းရာ 'ပျိုးပေးပါမယ်၊ ခင်ဗျားလည်း စမဗဝ ဂမုန်းပင်ကို စမဗဝ ဂါထာကို ရွတ်ပွားပြီး စိုက်ပျိုး၊ ပြုစု လက်တွေ့ခံစားကြည့်ပေါ့' တဲ့။

ဆရာမော်သည် တိုင်းရင်းဆေးဆရာကြီးဖြစ်သလို ဝါသနာအရလည်း ဆေးဖက်ဝင် ပရဆေးပင်များနှင့် ဂမုန်းပင် အပါအဝင် ရှားပါး အပင်မျိုးစုံ ကို ရှာဖွေ စုဆောင်းသယ်ယူကာ ၎င်း၏ ဂမုန်းဥယျာဉ်ကြီးအတွင်း စိုက်ပျိုး ထားတာ တွေ့ရပါသည်။

စာရေးသူသည် နွေ၊ မိုး၊ ဆောင်းရာသီအလိုက် အဲဒီ ခြံကြီးအတွင်း ရောက်ဖူး၊ လေ့လာဖူးပါသည်။ အထူးတွေ့ရှိချက် တစ်ခုကတော့ အပင် တွေအားလုံး ပိုးသတ်ဆေးလွတ် ပိုးမွှားရောဂါတွေ ကင်းနေတာပါပဲ။

စာရေးသူနှင့် တစ်ကျောင်းတည်းထွက်များပီပီ စာရေးသူ သိထားတာ က ဆရာမော်သည် ငယ်ရွယ်စဉ်ကတည်းက ဘာသာရေး၊ အင်္ဂလိပ်ပညာ များသာမက အင်းအိုင်လက်ဖွဲ့၊ ဂါထာမန္တာန်များကို လေ့လာလိုက်စား ကျင့်ကြံအားထုတ်နေခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ မှတ်ဉာဏ် အထူး



ကောင်းမွန်ပြီး အနေအထိုင် အလွန်ရိုးသူ တစ်ဦးလည်း ဖြစ်ပါသည်။ ဆရာမော်၏ ဘဝ အခြေအနေမှန်ကို အပြင်ပန်း အကဲခတ်ရုံနှင့် အမှန် သိဖို့ ခက်ခဲလှပါသည်။

ရပ်ရေး၊ ရွာရေးကိစ္စများကို အလေးပေး ဆောင်ရွက်လေ့ရှိခြင်း၊ ဆွမ်း လောင်းဓမ္မာရုံကြီး တည်ဆောက်ရာတွင်လည်း အစစ ဦးဆောင်မှုပေးနေခြင်း အပါအဝင် ဆရာ၏ပျိုးဥယျာဉ်ကြီးအတွင်း တည်ဆောက် ပြီးစီးလုနေသော သိန်းရာကျော်တန် ဓမ္မဗိမာန်ကြီးကို ကြည့်ရှု အကဲခတ်ခြင်းဖြင့် ဆရာမော် ကိုယ်တိုင် စမဗဝ ဂါထာတော်ရွတ်ပွား၍ စမဗဝ ဂမုန်းပင်ကို စိုက်ပျိုး ပြုစုနေရာမှ လက်တွေ့ ဝ တစ်လုံး အောင်နေပြီဟု ယူဆမိပါသည်။

သို့ဖြစ်၍ စာဖတ်သူများလည်း စမဗဝ ဂမုန်းပင် လက်ဝယ်ရှိနေလျှင် ၎င်းကိုယ်တိုင် ရေးသားပေးသော စမဗဝ ဂါထာတော်ကို ရွတ်ပွား၍ လက်တွေ့အမှန်ရှာနိုင်ကြရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ရေးသား ဖော်ပြလိုက်ပါသည်။

**စမဗဝ ဂါထာတော်**

**စက္ခုမာစရေ မာစိဏ္ဏော။**
**ဓမ္မညု ဓမ္မသာမိကော။**
**ဗလူပေတော ဗလဒဋ္ဌော။**
**ဝရဒေါ ဒေတု မေ ဝရံ။**

**စက္ခုမာ** ဗုဒ္ဓ ဓမ္မ သမန္တနှင့် ဒိဗ္ဗပညာ ငါးဖြာ အဘိဉာဏ်မျက်စိ လည်း ရှိတော်မူပါပေထသော။

**စရံ စရဏ္ဏော** သတ္တဝါ ဝေနေများး ပိုလ်ခြေတို့ စီးပွားချမ်းသာ ဖြစ်ပါစေ ဟု အဓိဋ္ဌာန်ပြုလျက် လှည့်လည် ကြွသွားတော်မူတတ် ပေထသော။

www.burmeseclassic.com

www.burmeseclassic.com



**မာစိဋ္ဌော** ကျွတ်ထိုက်ကြပြား သတ္တဝါများကို မပြတ်မကြာ ကြည့်ရှုခြင်းအလေ့ ရှိတော်မူပေထသော။

**ဓမ္မညူ** သခ်ါရဝိကာရ လက္ခဏာနှင့် ပညတ်နိဗ္ဗာန်ငါးတန်သော တရားတို့ကို သိစွမ်းတော် မူနိုင်ပါပေထသော၊

**ဓမ္မသာမိကော** လေးတန်ရှိပြား မှန်တရားကို လူနတ်ဗြဟ္မာ ကူမပါဘဲ ကိုယ်တိုင်သိ၍ ကိုယ်ပိုင်ကြည့်ဖြစ်တော် မူပါပေထသော၊

**ဗလူဆေတော** ဘုရားမြတ်စွာ အစိန္တေယျာ၏ ဖြစ်ပေါ် ထင်ရှား ဆယ်ပါးသော ဉာဏ်အားနှင့်လည်း ပြည့်စုံပါပေထသော၊

**ဗလဒဋ္ဌော** ခိုင်ခံ့မြဲမြံဆယ်တန်သော အားတော်လည်း ရှိတော်မူပါပေထသော၊

**ဝရဒေါ** မဂ်ဖိုလ်မည်ပြား မြတ်တရားကို ပေးသနားတော်မူပါပေထသော၊

**စိနော** မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားသည်၊

**မေ** တပည့်တော်အား

**ဝရ** မြတ်သောအောင်ဆုကို

**ဒေတု** ပေးသနားတော်မူပါ အောင်တော်မူမြတ်စွာဘုရား။

စမဗဝ ဂါထာတော်အနက်အဓိပ္ပာယ်ကို ပြုစုပေးတော် မူကြသော ကန်ဦးကျွန်းတောကျောင်း၊ ကျောင်းထိုင်ဆရာတော်နှင့် ဦးသီရိန္ဒ၊ ဦးပဥ္စင်းလေး အောင်မင်္ဂလာကျောင်း နေပြည်တော် ပျဉ်းမနားမြို့တို့အား အထူး ကျေးဇူးတင်ပါကြောင်း။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ ဇူလိုင်၊ ၂၀၀၆ ]





## သိဒ္ဓိဝင်ဂမုန်းနက်နှင့် နနွင်းနက်အပင်များကို စိုက်ပျိုးမျိုးပွားရင်း လေ့လာသိရှိရသမျှဖော်ပြချက်

ကျွန်တော်သည် မျိုးဥယျာဉ်လုပ်ငန်းကို လုပ်ကိုင်ရင်း ဂမုန်းပင်များနှင့် ဆေးဖက်ဝင်အပင်များကို လက်လှမ်းမီသမျှ ရှာဖွေစုဆောင်း မျိုးပွား ထုတ်လုပ်နေသည်မှာ နှစ်များစွာကြာခဲ့ပါပြီ။ ထိုအပင်များကို ရှာဖွေစုဆောင်းရာတွင် အချို့ ဝယ်ယူ၍လည်းကောင်း၊ အချို့က လက်ဆောင်ပေး၍ လည်းကောင်း ရရှိခဲ့တာပါ။ အဲဒီလိုရရှိခဲ့သည့် ဂမုန်းပင်များနှင့် ဆေးဖက်ဝင်အပင်များကို ပြန်လည်မျိုးပွားရယူခဲ့ပါသည်။ ရရှိခဲ့သော ဂမုန်းပင်နှင့် ဆေးဖက်ဝင်အပင်များကို ပြန်လည်ရောင်းချမှုနည်းပြီး စိတ်ဝင်စားသူများနှင့် လိုအပ်သူများကို လက်ဆောင်အဖြစ်လည်းကောင်း၊ ဆေးအဖြစ် အသုံးပြုနိုင်ရန်အတွက် ကုသိုလ်ဖြစ်မျှဝေ လက်ဆောင်ပေးနေတာလည်း နှစ်များစွာရှိခဲ့ပါပြီ။ ဂမုန်းပင်များနှင့် ဆေးဖက်ဝင်အပင်များကို မျှဝေ ကုသိုလ်ပြုနေသလို အဲဒီအပင်များ၏ ရှေးအစဉ်အဆက် အယူအဆ တွေ့ရှိချက်များအား ဂမုန်းသုတေသီများ၊ စာအုပ်စာပေများနှင့်

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးများထံမှ အဆိုအမိန့်များကို ရှာဖွေ စုဆောင်းလေ့လာနေသည့် အလုပ်တစ်ခုသည်လည်း ကျွန်တော်၏ ဝါသနာတစ်ရပ် ဖြစ်လာခဲ့ရပါသည်။

အဲဒီလို ဂမုန်းပင်များ စိုက်ပျိုးမျိုးပွားထုတ်လုပ်နေရင်း ဂမုန်းနက်နှင့် နန္ဒင်းနက်အပင်များ၏ သိဒ္ဓိဝင်မှု၊ ဆေးဖက်ဝင်မှုအပြင် ဂမ္ဘီရဆန်သော ထူးခြားဖြစ်စဉ်အချို့ကို လေ့လာသိရှိခဲ့ရပါသည်။ အဲဒီလိုနှင့် ၂၀၀၇ ခုနှစ် အောက်တိုဘာလထုတ် သူရဇ္ဇမဂ္ဂဇင်း အမှတ် ၉ တွင် သိဒ္ဓိဝင် ဂမုန်းနက် အကြောင်း သုတေသနဆန်စွာ ရေးသားဖော်ပြချက်ကို ဖတ်မိရာက ကျွန်တော့်အနေဖြင့်လည်း လေ့လာသိရှိထားသော သိဒ္ဓိဝင်ဂမုန်းနက်နှင့် နန္ဒင်းနက်အပင်များအကြောင်း သူရဇ္ဇမဂ္ဂဇင်းမှပင် ထပ်မံဖြည့်စွက်ကာ ဆောင်းပါးအဖြစ် ရေးသားဖော်ပြလိုက်ပါသည်။

**သိဒ္ဓိဝင်ဂမုန်းနက်**

ဂမုန်းနက်အပင် ရရှိပုံကို ရေးသားတင်ပြလိုပါသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော်က ကျွန်တော်၏ဇနီး နေပြည်တော် ပျဉ်းမနာမြို့ ပြည်သူ့ဆေးရုံကြီးမှ မြို့နယ်သူနာပြု ဆရာမကြီး သင်ကြားပို့ချသော အရန်သားဖွားဆရာမများ၏ သင်တန်းဆင်းပွဲအပြီး ကျိုက်ထီးရိုးဘုရားဖူးသွားကြရာတွင် ကျွန်တော်လည်း ပါဝင်ခဲ့ပါသည်။ အသွားခရီးတွင် ငှားရမ်းခဲ့သောကားညံ့၍ မော်လမြိုင်သို့သွားရာ လမ်းဘေးရှိ ဘုရားကြီး၏အရှေ့ဘက် တရားရိပ်သာ ဘုန်းတော်ကြီးကျောင်းမှာ ညအိပ်ခဲ့ရပါသည်။ နံနက်ရောက်၍ ခရီးမဆက်မီ ဆရာတော်ကို ဖူးမြော် ဝတ္တုဆက်ကပ်ရန် ဆရာတော်၏ အုတ်တိုက်ကျောင်းသို့ ရောက်ရှိခဲ့ကြပါသည်။ ဆရာတော်ကို ဖူးမြော်ကန်တော့ပြီး ပြန်အထွက်တွင် ကျောင်းလှေကားဘေး မြေကွက်တွင် စိုက်ထားသော အပင်များကို ကြည့်ရှုနေသော ဇနီးက ဆရာတော်အား အပင်တစ်ပင်ကို လက်ညှိုးထိုးပြ၍ 'အရှင်ဘုရား၊ ဒါ ဘာပင်ပါလဲ' ဟု မေးမြန်းလျှောက်ထားရာ ဆရာတော်က 'ဂမုန်းနက်လေ၊ ဆေးဖက်ဝင်ပြီး အလွန်ရှားပါး တဲ့ အပင်ပေါ့။ မွန်ပြည်နယ်ဘက် တရားသွားပြရင်း ကျေးရွာတစ်ရွာက ရလာတာ'ဟု ပြန်လည် မိန့်ကြားခဲ့ပါသည်။



ဆရာတော်၏ ပြန်လည်ဖြေကြား မိန့်ဆိုချက်ကြောင့် ကျွန်တော်လည်း သိဒ္ဓိဝင် ဂမုန်းနက်အပင်ကို စတင် မြင်တွေ့ဖူးခဲ့ရပါသည်။ ကျွန်တော်တို့ မိသားစုသည် ပျိုးဥယျာဉ်လုပ်ငန်းသမားများပီပီ အပင်ဆန်းဆိုလျှင် အလွန်စိတ်ဝင်စားပြီး စိုက်ပျိုးချင်သောဆန္ဒ ရှိရင်းစွဲကြောင့် ဇနီးကပဲ ဆရာတော်ထံ တစ်ပင်စွန့်ပါရန် လျှောက်ထားတောင်းခံရာမှ ဆရာတော်ကိုယ်တိုင် နုတ်ယူပေးခဲ့သော ဂမုန်းနက်တစ်ပင် ရရှိခဲ့ပါသည်။ အဲဒီ တစ်ပင်တည်းကိုပဲ ဂရုစိုက် ပြုစု စိုက်ပျိုးခဲ့ရာ ဂမုန်းနက်အပင်များစွာ ပွားများ ရရှိခဲ့ပါတော့သည်။ အဲဒီအချိန်အခါက ဂမုန်းနက်အပင်ကို သာမန်အတွေးနှင့် ဝါသနာအရသာ စိုက်ထားခဲ့တာပါ။ စီးပွားဖြစ် ဘဝရပ်တည်ရေးအတွက် စိုက်ပျိုးမှုလုပ်ငန်းက သံပရာမျိုးပွားထုတ်လုပ်ရေး ဖြစ်ပါသည်။ ခြံအတွင်း ဝင်ထွက်သွားလာကြသော စိုက်ပျိုးရေးသမားများနှင့် ဝါသနာရှင်တို့နှင့် တွေ့ဆုံပြောဆိုမိကြရာက ကျွန်တော် စိုက်ပျိုးထားသော ဂမုန်းနက်အပင်အကြောင်း ပိုမိုသိရှိလာရပြီး အချို့က ဂမုန်းနက် အစစ်ဖြစ်ကြောင်း၊ အချို့ကတော့ နန္ဒင်းနက်သာ ဖြစ်ကြောင်း ပြောဆိုကြရုံသာမက အချို့သော သမားတော်များကပင် ဂမုန်းနက် ဆိုတာ ဒဏ္ဍာရီပါ။ တကယ် မရှိ မမြင်ဖူးကြပါဘူး။ သူတော်စင် ဇော်ဂျီများရဲ့ ဆေးပင်ပါလို့တစ်မျိုး၊ တချို့ကတော့ နတ်ဝှက်ပင်ဗျ၊ သူတော်ကောင်းများ၊ ဘုန်းကြီးသူများသာ တွေ့ရ၊ မြင်ရနိုင်တဲ့အပင် စသည့် ဒဏ္ဍာရီဆန်ဆန် ပြောဆိုကြတာကိုလည်း ကြားသိခဲ့ရပါသည်။

ထို့အပြင် လွန်ခဲ့သော ခြောက်နှစ်လောက် ပျဉ်းမနား သစ်တောသုတေသနဌာနမှ နိုင်ငံခြားပြန် သစ်တောပညာရှင်တစ်ဦး ကျွန်တော်၏ စိုက်ပျိုးရေးခြံသို့ ရောက်ရှိလာပါသည်။ ကျွန်တော် စိုက်ပျိုးမျိုးပွားထားသော ဂမုန်းနက်အပင်များကို တွေ့သွားရာက အဲဒီပုဂ္ဂိုလ်က သူ့မှာလည်း

www.burmeseclassic.com



ရှိကြောင်း၊ ဒါပေမဲ့ အပင်ပုံစံ အနည်းငယ်ကွဲပြားသည်။ သူ့အပင်ကိုတော့ အများက နနွင်းနက်ပင်ဟုသာ ပြောကြကြောင်းပြောပြပါသည်။ ထိုပုဂ္ဂိုလ်အား ကျွန်တော် မျိုးပွားထားသော ဂမုန်းနက်ပျိုးထုပ် တစ်ထုပ်ကို လက်ဆောင်ပေး၍ သူ့ထံက နနွင်းနက်အပင်မျိုးကို ဖလှယ်မှုပြုရန် ပြောရာ လက်ခံပြီးနောက် တစ်ပတ် ရုံးပိတ်ရက်တွင် အမှတ်တရ ပျိုးပင်တစ်အိုးခြံထဲသို့ လာရောက်ပို့၍ ရရှိခဲ့ပါသည်။

အဲဒီ နနွင်းနက်ပင်ကို ကျွန်တော် စိုက်ပျိုးထားသော ဂမုန်းနက် အပင်နှင့် နှိုင်းယှဉ်လေ့လာရာ ကျွန်တော့်အပင်က အရွက်များ ပိုမိုကြီးမား ကျယ်ပြန့်ကာ တောင့်တင်း သန်မာထွားကျိုင်းတာပိုသည့်အပြင် နနွင်းနက်အပင် အရွက်များသည် သေးသွယ်၍ [illegible]အနည်းငယ် ပုပြတ်နေတာ တွေ့ခဲ့ရပါသည်။ နနွင်းနက်အပင်မှ အ[illegible]များ ပွင့်လာသောအခါ ဂမုန်းနက်အပင် အပွင့်များနှင့် နှိုင်းယှဉ်ကြည့်ရာ တူညီနေတာကို တွေ့ရပါသည်။ ထို့နောက် နနွင်းနက် အပင်များ သက်တမ်းကုန်၍ အပင်ချပြီးနောက် ဥများကို ဖော်ယူ၍ ဂမုန်းနက် ဥများနှင့် နှိုင်းယှဉ်ကြည့်ရာတွင်လည်း ဥပုံစံ၊ အရွယ်အစား၊ အရောင် အရည်အသွေး လုံးဝတူညီနေတာ တွေ့ရပြန်ပါသည်။ ထို့ကြောင့် ကျွန်တော် ရရှိထားသော ဂမုန်းနက်အပင်နှင့် ထိုနနွင်းနက် အပင်များ မျိုးစိတ်တူနိုင်သည်ဟု ကိုယ်တိုင်ယူဆ၊ အတွေးတစ်ခုတည်းဖြင့် သတ်မှတ်ထားခဲ့ပါသည်။ ဒါပေမဲ့ ကျွန်တော့်စိတ်မှာ 'ဂမုန်းနက်လော၊ နနွင်းနက်လော' ဟူသည့် ဒွိဟအတွေးက ရှိနေဆဲပါ။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသည့် အဆိုအမိန့်ကလည်း ရှိနေတာကိုး။

အဲဒီလိုနှင့် ကျွန်တော် စိုက်ပျိုး မျိုးပွားရယူထားသော ဂမုန်းနက် အပင်များကို စိတ်ဝင်စားသူ တောင်းခံသူများကို လက်ဆောင်ပေး မျှဝေပေးနေသည်မှာ နှစ်များစွာ ကြာလာခဲ့ပါသည်။ စာအုပ်စာပေများမှာလည်းကောင်း၊ အသိချင်းဖလှယ် ပြောဆိုရာက ကြားသိရသော ထူးခြားသော ဂမုန်းနက်အစွမ်းသတ္တိများအနက် ဂမုန်းဥကို ကိုယ်တိုင် ကိုက်ဖဲ့



ဝါးစားခြင်း၊ ပါးပါးလှီး၍ ပျားရည်စိမ် မှီဝဲခြင်းသာ ရှိခဲ့ဖူးပါသည်။ သူရဇ္ဇမဂ္ဂဇင်းမှာ သိဒ္ဓိဝင် ဂမုန်းနက်ဆောင်းပါးကို ဖတ်ရှုပြီးနောက်မှသာ ဂမုန်းနက်အပွင့်များကိုလည်း စားသုံး၍ရကြောင်း သိရသဖြင့် စတင် ဝါးစားကြည့်ရာ ကိုယော ခံစားဖော်ပြသည့်အတိုင်း မွှေး၍ ချိုဆိမ့်သည့် အရသာထူးရှိတာ မှန်ကန်ကြောင်း တွေ့ရပါသည်။ ယခုအခါ ကျွန်တော်သည် ဂမုန်းနက်အပွင့်များကို နေ့စဉ် ၂-၃ ပွင့်ခန့် ပုံမှန်ဝါးစားနေပါသည်။ ကိုယ်တိုင်ဝါးစားပြီး ခံစားရရှိသည့်အရသာအရ ဂမုန်းနက်အပွင့်များမှာလည်း ဆေးဖက်ဝင် သတ္တိထူးများ ရှိနိုင်ကြောင်း ကျွန်တော်ကလည်း ထောက်ခံ ရေးသား ဖော်ပြအပ်ပါသည်။

လွန်ခဲ့သောသုံးနှစ်လောက်က ကျွန်တော်၏စိုက်ပျိုးရေး ပျိုးဥယျာဉ်သို့ အခါအားလျော်စွာ ဝင်ထွက်လေ့ရှိသော ဆေးတပ်ကြပ်ကြီး ဦးညွန့်တင် (ငြိမ်း) မှာလည်း အိုးကြီးအပြည့်ပွားစီးနေသော ဒီအပင်မျိုးရှိကြောင်း၊ အဲဒီအပင်ကို သူတပ်မှာ တာဝန်ထမ်းဆောင်စဉ်က ပျဉ်းမနား အရှေ့ရိုးမ တောင်တန်းဒေသကို စစ်ဆင်ရေးသွားခဲ့စဉ်က ရွာတစ်ရွာက ခြံသမားတစ်ဦးပေး၍ ဆေးစွမ်းထက်သော ဂမုန်းဥအဖြစ် ရရှိခဲ့ကြောင်း။ အဲဒီ ဂမုန်းဥကို သူ့အဝတ်သေတ္တာထဲမှာ ထည့်သိမ်းထားပြီး မေ့နေခဲ့တာ တပ်က ထွက်ပြီး အပြင်မှာ ကိုယ့်အိုးကိုယ့်အိမ်နှင့်နေတော့မှ ဥကို ပြန်တွေ့ကြောင်း၊ ထူးခြားတာက အဲဒီဥဟာ တောင်ပေါ်ကခြံသမား ပေးလိုက်တုန်းက အတိုင်းပဲ၊ ဘာမှမပြောင်းလဲဘူး၊ ပိန်သွား ရှုံ့သွားတာလည်း လုံးဝ မရှိတာ တွေ့ရကြောင်း၊ အချိန်ကာလအားဖြင့် ၂-၃ နှစ်လောက် ကြာခဲ့တာပါတဲ့။ အဲဒီလို တွေ့ရပြီးနောက် သူလည်း ဂမုန်းဥကို မြေချစိုက်ပျိုးထားခဲ့တာ ဖျင်းအိုးကြီး အပြည့် ပွားများနေကြောင်းရှင်းပြ၍ သိခဲ့ရပြန်ပါသည်။

အဲဒီ ဆေးတပ်ကြပ်ကြီးဟောင်း စိုက်ထားသည့် ဂမုန်းဥကိုလည်း တောင်းခံမိခဲ့ပါသည်။ ဆရာကြီးယူလာပေးသော ဂမုန်းဥ လက်ညှိုးတစ်ဝက်ခန့်ကို ကျွန်တော့်မှာရှိသော ဂမုန်းဥများနှင့် နှိုင်းယှဉ်ကြည့်ရာ

www.burmeseclassic.com

www.burmeseclassic.com



လုံး၀ တူညီနေပြန်ပါသည်။ ဒါပေမဲ့ သူပြောပြသည့် ဂမုန်းဥ၏ နှစ်ရှည်ခံမှု အရည်အသွေးကို ကျွန်တော့် ဂမုန်းဥ သုံးခုနှင့်ယှဉ်တွဲပြီး ဆောင်းလယ်မှ နွေကာလအကုန်အထိ စာအုပ်ဗီရိုအပေါ် ဆင်ပေါ်မှာ တင်ထားကာ လေ့လာခဲ့ပါသည်။ ဗီရိုထားသည့်နေရာသည် ယခင်က ဈေးဆိုင်အဖြစ် အသုံးပြုသော အခန်းထဲမှာပါ။ သာမန်ဆိုင်ခန်းတစ်ခုဖြစ်၍ သွပ်မိုးနိမ့်ပါသည်။ သာမန်အပူချိန် မှုတသောနွေမျိုးမှာပင် အဲဒီအခန်းက အပူရှိန်က မြင့်ပြီး၊ ပူအိုက်လှပါသည်။ အဲဒီနှစ် နွေရာသီတစ်လျှောက်လုံး အလွန် ပူပြင်းလှပါသည်။

ကျွန်တော့်အနေဖြင့် အဲဒီဂမုန်းဥများကို မကြာခဏ သတိရတိုင်း ယူပြီး ကိုင်တွယ်လေ့လာကြည့်ရှုနေခဲ့တာလည်း တစ်နွေလုံးပါပဲ။ ဟုတ်ပါသည်။ ဆေးတပ်ကြပ်ကြီးပြောပြသည့်အချက် မှန်နိုင်ပါသည်။ ၅-၆ လခန့် လေသလပ်ခံ၊ အပူချိန်ပြင်းသည့် အခန်းထဲမှာ အဲဒီဂမုန်းဥ ၄ ခုလုံး ခြောက်သွေ့ပိန်ချုံ့သေးငယ်သွားခြင်း လုံး၀မရှိသည့်အပြင် မိုးနံ့လေးအရ မိုးသက်လေလေးအဝင်မှာ အဲဒီဥတွေက နီစွေးစွေးအစို့အညှောင့်လေးတွေ ထွက်ပြူလာတာလည်း တွေ့ရပြန်ပါသည်။ အဲဒီ စမ်းသပ်တွေ့ရှိချက် အရ 'ဒီဂမုန်းဥလေးတွေဟာ ဆေးဖက်ဝင်တယ်ဆိုတာလည်း ဖြစ်နိုင်တယ်၊ ထူးခြားတဲ့ သိဒ္ဓိ၊ သတ္တိတွေရှိနေတာ အမှန်ပဲ'ဟု အယူအဆအသိ ရရှိခဲ့ပါသည်။ အဲဒီ ဂမုန်းဥလေးတွေကိုလည်း ကိုယ်တိုင် ဓာတ်ပုံရိုက်ကာ မှတ်တမ်းပြုထားသော မှတ်တမ်းတင်ဓာတ်ပုံကိုလည်း ဖော်ပြပေးလိုက်ပါသည်။

ကျွန်တော့်အနေဖြင့် ဥအုသောအပင်များ၊ ဥများနှင့် အတော်အသင့် နီးစပ်ထိတွေ့မှုရှိ၍ ၎င်းဥများ၏ အရည်အသွေးအချို့ ယေဘုယျ လေ့လာမိထားတာမျိုးလည်း ရှိခဲ့ပါသည်။ ဥပမာ နနွင်းဥ၊ ဂျင်းဥ။ အဲဒီဥတွေမှာ အနုအရင့်ကံကုန်ဥကွာခြားပြီး ကြာရှည်အထားခံမှု အနည်းနှင့်အများ ကွာခြားတာ တွေ့ရပါသည်။ ယေဘုယျအားဖြင့် ကာလကြာလာလျှင် ရာသီဥတု အပူဒဏ်ပြင်းလျှင် ခြောက်သွေ့ ပိန့်ချုံ့သွားတာတွေ့ရပါသည်။



အထူးသဖြင့် အပူချိန်ပြင်းပါက ဂမုန်းဥများသည်ပင် ပိန်ချုံ့သွားတာမျိုး ရှိတတ်ပါသည်။

၂၀၀၀-ခုနှစ်က ကျွန်တော် ရေးသားပြုစုခဲ့သော ဟော်လန်သံပရာ စိုက်ပျိုးထုတ်လုပ်နည်း စာအုပ်ကို န၀ရတ်စာပေမှ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစာအုပ်ကိုဖတ်၍ စာအုပ်ပါ အီးအမ်နည်းပညာအကြောင်း စိတ်ဝင်စားကြသော ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ပညာဗောဓိကျောင်းမှ ဆရာတော် ဦးဥတ္တမနှင့် မိုးကုတ်မြို့မှ သမားတော် ဦးစိုင်းညီညီထွန်းတို့ နှစ်ဦးသည် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလကုန်ခလောက်က ကျွန်တော်၏ခြံသို့ ရောက်ရှိလာကြပါသည်။ လာရင်းအကြောင်း ဆန္ဒအမှန်ကို ကြားသိရသော ကျွန်တော်မှ လှိုက်လှဲစွာ ကြိုဆို၍ ဆွမ်းကွမ်းကပ်ကာ သုံးရက်တိုင် ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။ ထိုဆရာနှစ်ဦးလုံးသည် ပရဆေး သမားတော်ကြီးများ ဖြစ်ကြသလို လေ့လာလိုက်စား ရှာဖွေစုဆောင်းရာတွင်လည်း အလွန်ဝါသနာပါကြောင်း သိရပါသည်။ အထူးသဖြင့် ဆရာတော်သည် ဧက ၁၀၀ ခန့်ရှိသော ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အပင်များ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးလွတ် စိုက်ပျိုးနိုင်ရန် ဆန္ဒရှိနေတာကိုလည်း တွေ့ရှိရပါသည်။ ကျွန်တော့်ထံမှ ထိုသမားတော်နှစ်ဦး စိတ်ဝင်စား၍ ဆန္ဒရှိသော ဆေးဖက်ဝင်အပင်များ သီးပင်စားပင်များနှင့် အီးအမ် ပျော်ရည်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါ သည်။

သမားတော်နှစ်ဦး ပြန်မည့်ရက် တစ်ရက်အလို နေ့ခင်းပိုင်းတွင် ဦးစိုင်းညီညီထွန်းက ဆရာတော်ကို

'ဒီကအပြန် မန္တလေးရောက်ရင် ဘုန်းတော်ကြီးထံ ဝင်ရအောင်၊ ဆရာတော်နှင့်တွေ့လျှင် ဒီတစ်ခေါက်ပါဆိုလျှင် သုံးကြိမ်ရှိပြီ၊ ဆေးပင်ကို ခွဲပြီး ရောင်းမည်ဆိုလျှင်လည်း ကြိုက်ဈေး ပေးပါမည်။ အချိန်ကုန် လူပါ ပင်ပန်းလှပါပြီလို့ ပြောမှုဖြစ်မည်' ဟု လျှောက်ထားပြောဆိုတာကို ကျွန်တော် ကြားမိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်က ဆရာတို့ လိုချင်သောအပင်က ဘာအပင်တုံး၊ ဆရာတို့ပြောဆိုပုံက အဲဒီအပင်ကို အလွန်လိုချင် တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ထားပုံ ပြနေလို့ပါဟု မေးမြန်းရာ 'ဂမုန်းနက်အပင်ပါ' လို့ ပြန်ဖြေပါသည်။ ဂမုန်းနက် အပင်ဆိုတော့ ကျွန်တော်စိုက်ထားသည့် ဂမုန်းပင်တွေကို သတိရမိပြန်ပါသည်။ ထို့နောက် 'ဆရာတို့ လိုချင်နေတဲ့ အပင် ဟုတ် မဟုတ်တော့ မသိဘူး၊ ဒီအချိန်မှာ ဂမုန်းပင်တွေ မရှိတော့ဘူး၊ အပင်တွေချထားပြီ'ဟု ဆိုကာ ကျွန်တော် မျိုးပွားထားသည့် ပျိုးအိုးငယ် နှစ်အိုးကိုယူ၍ အိုးကို ပြရင်း လွန်ခဲ့သောဆယ်နှစ်ကျော်က ဂမုန်းနက်ဆိုသော အပင်တစ်ပင် ရရှိခဲ့ပုံနှင့် စိုက်ပျိုးမျိုးပွား ရယူထားပုံရှင်းပြပြီး အိုးတစ်အိုးကို ကိုင်ကာ 'ဒါ ဆရာတော်ဖို့ပါ၊ ဥ ရှိ မရှိတော့ မသိဘူး၊ ဆရာတော်နဲ့ ကံထိုက်သလောက် ပေါ့'ဟု ပြောဆို၍ အိုးကိုမှောက်ချလိုက်သည့်အခါ လက်တစ်ဆုပ်သာသာ ဂမုန်းဥတွေ အတွဲလိုက် ထွက်ရှိလာပါသည်။ အဲဒီဥတွေကို ဆွဲထုတ် မြေမှုန်တွေ ခါချပြီး ဆရာတော်ကို ပြလည်း ပြ၊ ဆက်ကပ်လည်း ကပ်လိုက်သည့်အခါ ဆရာတော်နှင့် ဦးစိုင်းညီညီထွန်းတို့ အပြုံးမျက်နှာကို ယခု စာရေးနေသည့် အချိန်မှာပင် ပြန်မြင်ယောင်မိပါရဲ့။

ကျန်နောက်တစ်အိုးလည်း ဆရာဦးစိုင်းညီညီထွန်းအား ပြပြီး ဒါ ဆရာ့ဖို့ပါ၊ ဆရာနှင့် ထိုက်သလောက်ပေါ့ဟု ပြောဆို ခေါက်ချလိုက်ပြန်တော့လည်း အစောကလိုပဲ ဥအတွဲလိုက် ထွက်လာတာ တွေ့ရပါသည်။ ဆရာတော်နှင့် ဆရာတို့ အပြုံးကိုယ်စီဖြင့် အဲဒီဂမုန်းဥတွေကို စက္ကူများဖြင့် ထုပ်၍ ကိုယ်ပိုင်အိတ်တွေထဲ တယုတယ တန်းထည့်သွားကြပါသည်။ ထို့နောက် ကျွန်တော်က ဆရာတို့ လိုချင်နေသည့် လိုအပ်နေသည့် ဆေးဖက်ဝင် ဂမုန်းဥတွေ လှူလိုက်ရလို့ တပည့်တော်လည်း အထူး ဝမ်းသာမိပါသည်။ ဒါပေမဲ့ ဒီဂမုန်းဥတွေကို ဘယ်လိုအသုံးချကြပါသလဲလို့ လျှောက်ထား မေးမြန်းတော့ 'ကျုပ်တို့ဖော်တဲ့ ဆေးတစ်ဖုံမှာ ရှားပါးပြီး တန်ဖိုးရှိတဲ့ ဒီဂမုန်းနက်ဥကို မီးခြစ်ဆံခေါင်း၊ ရွေးတစ်စေ့စာလောက်ပဲ ထည့်ဖော်တာနဲ့ အဲဒီဆေးဟာ သိဒ္ဓိဝင်ပြီး အာနိသင် ပိုတက်သွားရော'ဟု ပြန်လည် ဖြေကြားခဲ့သည်ကို ဖော်ပြအပ်ပါသည်။



ဂမုန်းဥများ လှူဒါန်းဒါနပြုအပြီး ဆရာတော်နှင့် ဦးစိုင်းညီညီထွန်းတို့ မပြန်ခင် ကျွန်တော်က ဆေးဖက်လည်းဝင်၊ တန်ဖိုးလည်းရှိသည့် ဒီ ဂမုန်းနက် အပင်တွေကို ဆက်၍ မျိုးပွားစိုက်ပျိုးထားပါမည်။ ဥတွေရလျှင် ဖြန့်းပေးမည်လားဟု မေးမြန်းတော့ စိုက်သာထားပါ၊ ကျုပ်တို့ ဖြန့်းပေးပါမည်ဟု ပြန်လည် ဖြေကြားသွားကြပါသည်။ သို့သော်လည်း စာရေးသူ၏ စိုက်ပျိုးရေးခြံသည် ယခုအခါ ရေဝပ်ရေလွှမ်းမှု ကာလ ကြာရှည်လာသည့် အပြင် ဂမုန်းနက် ထုတ်လုပ်ရန် မစိုက်ဖြစ်ဘဲ ပျိုးအိုးများ၊ ပျိုးထုပ်များဖြင့်သာ စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့ပါသည်။

ဆက်၍ ဂမုန်းနက်ဥများ၏ ထူးခြားသော ဆေးစွမ်းအာနိသင်အကြောင်း သိလာရမှုကို ရေးသားဖော်ပြလိုပါသည်။ ၂၀၀၇ ခုနှစ် နှစ်ဦးပိုင်းလောက်ကစပြီး နေပြည်တော် သိုက်ချောင်း ခုတင်သုံးရာ ဆေးရုံကြီးမှ ကျွန်တော်၏ခြံသို့ ဝင်ထွက်လေ့ရှိသော ဒေါက်တာ ဗိုလ်အောင်စိုးမော် ရောက်ရှိလာပါသည်။ သူသည် ပျဉ်းမနားဇာတိ၊ သူ့မိဘများနှင့် ကျွန်တော် ယခင်ကတည်းက ခင်မင်ရင်းနှီးမှုရှိခဲ့သလို သူ အထက်တန်း ကျောင်းသားဘဝကတည်းက ကျွန်တော်၏ခြံသို့ ဝင်ထွက်နေသူပါ။ ပြီးတော့ စိုက်ပျိုးလေ့လာရေး အလွန်ဝါသနာပါသူဖြစ်ရာ ဆေးကျောင်းတက်နေစဉ်မှာပင် လက်လှမ်းမီရာ နှစ်သက်သည့် စားပွဲတင် အပင်များကို ရှာဖွေစုဆောင်း စိုက်ပျိုးရနိုင်သမျှ အချိန်ပိုလေးများနှင့် ဒီအပင်များကို ခံစားပြုစုနေလေ့ရှိသူပါ။ စစ်စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရင်း သူ စုဆောင်း စိုက်ထားသော အပင်လေးများကိုလည်း အခန်းတွင်းမှာပင် သေတ္တာတစ်လုံးဖြင့် သိမ်းဆည်းမှုကို တာဝန်မပျက် အချိန်တိကျစွာ လုပ်ဆောင်ခဲ့တာလည်း ဆရာဝန်ဘွဲ့ရ စစ်ဗိုလ် ဖြစ်သည့်တိုင်အောင်ပါပဲ။

ယခုအခါ ဗိုလ်အောင်စိုးမော်သည် လုပ်ငန်းခွင်မှာ တာဝန် ထမ်းဆောင်ပြီးနောက် ကိုယ်ပိုင်အိပ်ဆောင်နှင့် နေရသောအခါမှာတော့ သူ အလွန် ဝါသနာပါပြီး နှစ်သက်စွာ စိုက်ပျိုးလိုသော အပင်လေးများကို ဝယ်ယူ

www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းစိုက်ပျိုးပြုစုကာ ပိုမိုခံစားနိုင်သောကြောင့် သူသည် ကျွန်တော်၏ ခြံသို့ အားလပ်ရက်များမှာ အဝင်အထွက် ပိုရှိလာသလို အပင်လေးများကိုလည်း ဝယ်ယူအားပေးရုံမက ကျွန်တော့်ထံမှာ မရှိသေးသော အပင်လေးများကိုပင် ရှာဖွေစုဆောင်းပေးလေ့ ရှိလာပါသည်။ ခြံထဲသို့ လာသည့်အခါအခါအားလျော်စွာ အုတ်တွင်း နိုင်ငံပိုင်သကြားစက်ရုံမှ ဓာတ်ခွဲခန်းတာဝန်ခံအရာရှိ မိခင်ဖြစ်သူလည်း ပါလာလေ့ရှိပါသည်။ ဗိုလ်အောင်စိုးမော်နှင့် ဝါသနာတူကြောင်း တွေ့ရပြန်ပါသည်။ အထူးသဖြင့် ကျွန်တော် စိုက်ပျိုးကုသိုလ်ဒါနပြုနေသော ကျောက်ကွဲပင်၊ အကြောပေါင်းတစ်ထောင် ခေါ် ဖားကြောပင်၊ သွေးချို ဆီးချိုရောဂါကို သက်သာ ပျောက်ကင်းစေနိုင်သော ပျားမြီးရွက်အပင်နှင့် သိဒ္ဓိဝင် ဂမုန်းနက်အပင်များအကြောင်းတို့ကို အလျဉ်းသင့်သလို အချိန်ရသမျှနှင့် ဆွေးနွေးဖလှယ်နိုင်ခဲ့ပါသည်။ အထူးသဖြင့် ဗိုလ်အောင်စိုးမော်နှင့် ဆွေးနွေးဖလှယ်ရာမှ ကျွန်တော် စိုက်ပျိုးထားပြီး မသိသော ဂမုန်းပင် အမည်များနှင့် ရွတ်ဖတ် သိဒ္ဓိတင်ရမည့် ဂါထာများ၊ လိုက်နာဆောင်ရွက်သင့်သည့် အချက်များကိုပြောပြ၍ သိရှိရသလို ဂါထာအချို့ကိုပင် အလွတ်ရေးပေးသွားလေ့ရှိပါသည်။ အဲဒီလို ပြောဆိုဆွေးနွေးကြရာက ဂမုန်းနက်အပင်နှင့်ပတ်သက်ပြီး သူ့ အထက်အရာရှိ ဆရာကြီးထံက မျိုးပင်ရ၍ စိုက်ထားကြောင်း ပြောပြပါသည်။ အဲဒါကြောင့် ကျွန်တော်ကလည်း အဲဒီ ဂမုန်းနက်အပင်နှင့် ပတ်သက်ပြီး သူ လေ့လာသိရှိထားသမျှ မေးမြန်းမိခဲ့ပါသည်။

ဒေါက်တာ ဗိုလ်အောင်စိုးမော်က မော်လမြိုင်မှာ တာဝန်ထမ်းဆောင်စဉ် သူ့ဆရာ ဆရာဝန်ကြီးသည် အသည်းရောဂါ လူနာ အရာရှိကြီးနှစ်ဦးကို ဒီဂမုန်းနက်ဥများဖြင့် ကုသ ပျောက်ကင်းခဲ့ကြောင်း၊ ဂမုန်းဥများကို ပျဉ်းမနား၊ နေပြည်တော် အရှေ့ဘက်တောင်တန်းဒေသက မှာယူ၊ ဝယ်ယူရရှိခဲ့ကြောင်း၊ ဂမုန်းနက်ဥ အစိတ်သားကို ကျပ် နှစ်သောင်း ခုနစ်ထောင်ပေးရကြောင်း၊ အဲဒီ ဂမုန်းဥမှရသော ဂမုန်းနက် အပင်အချို့ကို ရရှိစိုက်ပျိုး



ထားခြင်းဖြစ်ကြောင်း ပြောပြပါသည်။ ပြီးတော့ ဗိုလ်အောင်စိုးမော်က ဂမုန်းနက်များသည် အသည်းခြောက်ရောဂါနှင့် စီပိုးရောဂါကို ကုသရာမှာ အလွန် အစွမ်းထက်ကြောင်း ဆက်၍ ပြောပြန်ပါသည်။ ဒီလို ဂမုန်းနက်ဥ ဆေးအစွမ်းကို ထပ်ကြားရတော့ ကျွန်တော် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်မိတာ အမှန်ပါ။ ဒါကြောင့်လည်း ကျွန်တော်က 'ဗိုလ်ကြီး ဂမုန်းနက်နဲ့ အဲဒီ အသည်းခြောက်ရောဂါ၊ စီပိုးရောဂါတွေကို ဘယ်လို ကုသပါသလဲ၊ သိခွင့်ရှိရင် သိပါရစေလို့' မေးတော့ 'အဘရေ၊ ဂမုန်းနက်ဥကို ပုံမှန်စားပေးရုံနဲ့ အဲဒီရောဂါတွေ ပျောက်ကင်း သက်သာစေနိုင်တာခင်ဗျ'လို့ ဗိုလ်အောင်စိုးမော်၏ ပြန်ဖြေကြားချက်ကို ကျွန်တော်မှ စာဖတ်သူများ သိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ပါသည်။

## နနွင်းနက်ဥ နှင့် အပင်

ဆက်လက်၍ နနွင်းနက်ဥနှင့် အပင်ရရှိခဲ့ပုံကို ပြောပြလိုပါသည်။ လွန်ခဲ့သော ဩဂုတ် လလယ်လောက်က ငယ်သူငယ်ချင်း ဦးထွန်းအောင်ဝေ (နိုင်ငံပိုင် သကြားစက်၊ ပျဉ်းမနား) တစ်ယောက် ကျွန်တော်၏ ခြံသို့ ရောက်ရှိလို့လာပါသည်။ နံနက်ခင်းပိုင်းဖြစ်၍ အေးအေးဆေးဆေး စကားပြောဆိုမိရာက သူရဇ္ဇမဂ္ဂဇင်းပါ ဂမုန်းနက် ဆောင်းပါးအကြောင်း ပြောဆိုဖြစ်ခဲ့ကြပါသည်။ အဲဒီလို ပြောဆိုကြရာက

'ဆရာရေ၊ သူငယ်ချင်းတစ်ယောက်ပေးလို့ နနွင်းဥလည်း ရထားပြီ၊ အသားကတော့ အနက်ပဲ၊ ယခုတော့ ပန်းအိုးထဲကမြေမှာ မြှုပ်ထားတယ်' လို့ ပြောပြပါသည်။ အဲဒါကိုကြားတော့ ဂမုန်းနက်နှင့် နနွင်းနက် နှိုင်းယှဉ်လေ့လာနိုင်တော့မည်၊ ကွဲပြားမှုကို လက်တွေ့ မြင်တွေ့ သိရတော့မည်ဖြစ်၍ ဝမ်းသာစွာဖြင့် ဒါဆိုလျှင် နံနက်ဖြန် ကျွန်တော် လာခဲ့ပါမည်၊ ဘယ်အချိန် ဦးထွန်းအောင်ဝေ ရှိမလဲဟု ချိန်းဆိုပြီး နောက်နေ့ သူငယ်ချင်းအိမ်သို့ ရောက်သွားခဲ့ပါသည်။ ရောက်ရှိပြီး မကြာခင်မှာပင် သူငယ်ချင်းက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပေးထားသော ဂမုန်းနက်ပင်များပွား စီးနေတာကိုလည်း ပြသခဲ့ပါသည်။ ပြီးတော့ ယခင်နေ့က သူပြောပြသည့် နနွင်းနက်ဥကိုလည်း အခြား မြေအိုးတစ်လုံးထဲက ထုတ်ယူကာ ပြသပါသည်။ အစို့ အညှောင့်လေးနှစ်ခု ထွက်ပြူနေတာကို တွေ့ရပါသည်။ နနွင်းနက်ဥမှာ ကပ်နေသော မြေသဲများကို သန့်ရှင်းပြီး သူငယ်ချင်း၏ စားပွဲပေါ်တင်၍ ဓာတ်ပုံရိုက်ယူခဲ့ပါသည်။


အထက်ပါ နနွင်းနက်ဥကို ကျွန်တော် ပထမဆုံးအကြိမ် မြင်တွေ့ရခြင်းပါ။ ထိုနနွင်းနက်ကို ကျွန်တော် ကိုင်ကြည့်၍ လေ့လာမိသမျှ တင်ပြပါမည်။ သူငယ်ချင်းပြောသလို ဥအတွင်းသားအရောင်က အနက်ဘက်များတာ တွေ့ရပါသည်။ နနွင်းဥသည် ဂျင်းတက်နှင့် ဆင်သရောင် တွေ့ရပါသည်။ ဥပုံစံက အနည်းငယ်ပြားပါသည်။ ဂျင်းတက်များ ဖွံ့စည်းတည်ဆောက်ပုံနှင့် တူသလို၊ နနွင်းနက် အပေါ်ယံလွှာအရောင်သည် ဂျင်းတက် အရောင်နှင့် တူညီမှု အနည်းငယ် ရှိပါသည်။ နနွင်းနက် အစို့ အညှောင့်လေးများ အရောင်က ဂမုန်းနက် အစို့အညှောင့်လေးများလို နီစွေးမနေပါ။ နနွင်းနက် အစို့ အညှောင့်ကလေးများသည် နီညိုရောင် အနည်းငယ်သမ်းသော အစိမ်းရောင် အစို့ကလေးများအဖြစ် မြင်တွေ့ရပါသည်။ နနွင်းနက်ဥ မှတ်တမ်းဓာတ်ပုံကို စာဖတ်သူများ လေ့လာနိုင်ရန် ဖော်ပြလိုက်ပါသည်။

သူငယ်ချင်းအိမ်ကအပြန်တွင် သူငယ်ချင်းက နနွင်းဥကို 'ရော့ ဆရာ စိုက်ထား၊ ဆရာ့ဆီမှာ ရှိနေမှတော့ ကျွန်တော် လိုချင်တဲ့အခါ ရမှာပဲ'ဟု ပြောဆိုကာ ကျွန်တော့်လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။ ကျွန်တော်ကလည်း ဝမ်းသာစွာလက်ခံ၍ အိမ်အရောက်တွင် ပျိုးအိုးတစ်ခုအတွင်းမှာ ထည့်၍ စိုက်ပျိုးထားခဲ့ပါသည်။ ယခုအခါ နနွင်းနက်ဥမှ အရွက်ငယ်များ စတင် ထွက်လာနေပါပြီ။ အဲဒီဓာတ်ပုံမှတ်တမ်းကိုလည်း ဆောင်းပါးနှင့်အတူ ပူးတွဲပေးလိုက်ပါသည်။ နနွင်းနက်အပင်များသည် သေးငယ်နေသေးသော်လည်း ဂမုန်းနက်အပင်များနှင့် ဆင်တူသယောင်ရှိတာလည်း တွေ့ရပါသည်။

## ဂမုန်းနက်ဥနှင့် နနွင်းနက်ဥ နှိုင်းယှဉ်လေ့လာချက်

### ဂမုန်းနက်ဥ

ဂမုန်းနက်အပင်များ အုသည့်အခါ ဓာတ်ပုံမှတ်တမ်းပါအတိုင်း အတွဲလိုက် နှစ်ဥတစ်တွဲခန့် ၃-၄ တွဲမျှ အုချလေ့ရှိပါသည်။ ဂမုန်းနက်ဥများ



သည် ပုံသဏ္ဌာန်အားဖြင့် လက်မ၊ လက်ညှိုးခန့် အရွယ် လုံးဝန်းသယောင် ရှိပါသည်။ ဂမုန်းနက်ဥများသည် ယေဘုယျအားဖြင့် အခွံပါးပါသည်။ အစိုဓာတ်ပါဝင်မှုများပြီး အရည်ရွှမ်းပါသည်။ ဂမုန်းနက်ဥ အတွင်းသား အရောင်က နီညိုရင့်ရင့် အနက်ဘက်လုတာ တွေ့ရပါသည်။ ကျွန်တော် စိုက်ပျိုး မျိုးပွား၍ရသော ဂမုန်းနက်အပင်မှ ဥများတွင် လုံးဝ အနက်ရောင် ရှိတာတော့ မတွေ့ရပါ။ ဂမုန်းနက်ဥများသည် ထားသိုမှုကောင်းပါက နှစ်ကာလကြာအောင် အထားခံနိုင်တာ တွေ့ရပါသည်။ ဂမုန်းနက်ဥများကို အခြောက်ခံ၊ အခြောက်လှမ်းရာတွင် အလွန်သေးငယ်သော အဖတ်ကလေးများအဖြစ် လှီးဖြတ်၍ လေသလပ်ခံပါမှ ခြောက်သွေ့မှုမြန်တာ တွေ့ရပါသည်။ ကျွန်တော့်အနေဖြင့် ဂမုန်းနက်ဥကို အမှုန့် မပြုလုပ်ဖူးသေးပါ။

www.burmeseclassic.com





## နနွင်းနက်ဥ

ဂမုန်းပင်များပျော်လျှင် 'ဂမုန်းရှိရာ ဂမုန်းလာလေ့ရှိသည်' ဆိုသည့်အတိုင်း ကျွန်တော့်ထံသို့ လပိုင်း အတွင်းက ရောက်ရှိလာသော နနွင်းနက်ဥ တစ်တက်ကိုသာ မြင်တွေ့ လေ့လာမှုပြုနိုင်ခဲ့ပါသေးသည်။ ထိုလေ့လာ တွေ့ရှိချက်ကို ရှေ့ပိုင်းမှာ ဖော်ပြပြီး ဖြစ်ပါသည်။ သူငယ်ချင်းထံမှ စတွေ့ရစဉ်က တွေ့ရှိချက် အချို့ပါ။ စာရှည်မည်စိုး၍ ဆက်ပြီး မဖော်ပြလိုတော့ပါ။

## ဂမုန်းနက်အပင်များ မျိုးပွားစိုက်ပျိုးပုံ

ကျွန်တော်သည် စိုက်ပျိုးရေးပညာရှင်၊ ဆေးပညာရှင်၊ ဂမ္ဘီရပညာရှင်လည်း မဟုတ်ပါ။ ဒါပေမဲ့ ဘဝရပ်တည်ရေးအတွက် ဟော်လန်သံပရာနှစ်ပင်မှ အဆင့်ဆင့်မျိုးပွားစိုက်ပျိုး၍ ရရှိခဲ့သော သံပရာအပင်များမှ ပျိုးပင်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် အောင်မြင်မှုရခဲ့သော ကျောင်းဆရာဘဝပြောင်း စိုက်ပျိုးရေးသမားတစ်ဦးသာ ဖြစ်ပါသည်။ အဲဒီ သံပရာ စိုက်ပျိုး ထုတ်လုပ်ရာမှ လက်တွေ့ လေ့လာသိရှိခဲ့သော အတွေ့အကြုံများကို အခြေခံ၍ ဂမုန်းနက်တစ်ပင်က အဆင့်ဆင့် မျိုးပွား စိုက်ပျိုးမှု အတွေ့အကြုံများကိုသာ ဖော်ပြသွားမှာဖြစ်ပါသည်။

ကျွန်တော်သည် မည်သည့်အပင်ကို စိုက်ပျိုးမျိုးပွားသည်ဖြစ်စေ၊ စိတ်ကောင်း၊ စေတနာကောင်းများဖြင့်သာ ပြုမူ လုပ်ဆောင်လေ့ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့စဉ်က ဓာတုဗေဒဆေးဝါးများ သုံးစွဲလုပ်ကိုင်ခဲ့တာပါ။ ဒါပေမဲ့ ၁၉၉၆-ခုနှစ်ကစပြီး ဂျပန်နည်းပညာဖြစ်သည့် အကျိုးပြုသက်ရှိများပါဝင်သော အဆိပ်မဲ့စနစ် အီးအမ် (EM)



နည်းပညာအသစ်ကို ပြောင်းလဲ သုံးစွဲလုပ်ကိုင်ခဲ့ရာ ဓာတ်မြေဩဇာ အနည်းဆုံး သုံးစွဲ၍ အဆိပ်ပိုးသတ်ဆေးလွတ် စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းအဖြစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြန်ပါသည်။

ဂမုန်းနက်အပင်များကိုလည်း အဆိပ်ပိုးသတ်ဆေးများ လုံးဝမသုံးစွဲဘဲ အီးအမ်နည်းပညာ အသုံးပြုစိုက်ပျိုးအောင်မြင်ခဲ့သည်။ ဂမုန်းနက်အပင်များကို မျိုးပွားရာတွင်လည်း ပိုးသတ်ဆေးလွတ် အဆိပ်မဲ့အီးအမ် နည်းပညာသုံးစွဲလျက် ရှိနေပါသည်။ ထို့ကြောင့် ဂမုန်းနက်အပင်များ စိုက်ပျိုးမျိုးပွားရာတွင် အထူး အောင်မြင်မှုရရှိခဲ့ပါကြောင်း အလျဉ်းသင့်၍ အကျဉ်းမျှ ဖော်ပြလိုက်ပါသည်။ ကျွန်တော် စိုက်ပျိုး လုပ်ဆောင်နေသကဲ့သို့ လိုက်လုပ်ပါဟု မဆိုလိုသော်လည်း စိတ်ဝင်စားသူများ သိရှိနိုင်ရန်အတွက် ဖော်ပြရတာပါ။ ဂမုန်းနက်အပင်များ စိုက်ပျိုး မျိုးပွားရာတွင် မည်သည့်မြေအမျိုးအစားကို အသုံးပြုရသည်ဖြစ်ပါစေ၊ အီးအမ် ပျော်ရည်များ ဖျန်းပေး လောင်းပေးပါက ပိုမိုအောင်မြင်မှုရလေ့ ရှိပါသည်။

ကျွန်တော်သည် အပင်များစိုက်ပျိုးရာတွင် မြေရော ကောင်းကောင်းကို သုံးစွဲပါသည်။ တိရစ္ဆာန်ချေး မြေဆွေး၊ စပါးခွံ၊ ဖွဲပြာ၊ သဲတို့ကို ဆတူရောစပ်၍ အပင်များ စိုက်လေ့ရှိပါသည်။ အဲဒီ မြေဆွေးရောမှာ သတ်မှတ် အီးအမ် ပျော်ရည်ကို လောင်းပေး ဖျန်းပေးကာ အပင်များကို စိုက်ပျိုးပြုစုပါသည်။ အပင်ဖြစ် မြင့်မား အောင်မြင်သလို ပိုးမွှားရောဂါများကိုလည်း နှိပ်ကွပ်ကာကွယ်နိုင်ပါသည်။

## လက်တွေ့စိုက်ပျိုးနည်း

မိုးဦးကျစအချိန်မှာ ဂမုန်းနက်ဥလေးများကို နှစ်တက် တစ်တွဲခွဲ၍ မြေမြှုပ်စိုက်ပျိုးခြင်း၊ သို့မဟုတ် နီညိုညို အစို့ အညှောင့်လေးများ ထွက်ပြူနေသော ဂမုန်းနက်ဥလေးများကို ချိုးဖဲ့၍လည်းကောင်း၊ ကိုက်ဖြတ်၍လည်းကောင်း မြေမြှုပ်စိုက်ပျိုးပါက ဂမုန်းနက်အပင်လေးများ အပေါက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကာ အောင်မြင်မှု ရတတ်ပါသည်။ အပင် စိုက်ပျိုးပြီးနောက် အစိုဓာတ် ကောင်းစွာရရှိနေအောင် ဂရုစိုက် ရေလောင်းပေးသင့်ပါသည်။ ကျွန်တော်ကတော့ အီးအမ်ပျော်ရည် ရောစပ်ထားသော ရေကိုသာ လောင်းပေးလေ့ရှိပါသည်။ ဂမုန်းနက် အပင်ငယ်လေးများ ၃-၄ ရွက် ထွက်လာသော အပင်ပွားကောင်းသည့် အပင်အုံမှလည်း ကျန်အပင်များ မထိခိုက်ရအောင် ဖြတ်တောက်ခွဲယူ စိုက်ပျိုးပါကလည်း ပြုစုမှုကောင်းလျှင် အောင်မြင်မှု ရတတ်ပါသည်။

ဂမုန်းနက်အပင်များသည် မိုးတွင်းကာလ၌ အပင်ဖြစ်တည်၍ မိုးကုန်သည်နှင့် အပင်သက်ကံကုန်၊ အပင်ချ၊ ဥချလေ့ရှိသောမျိုးများ ဖြစ်ပါသည်။ ထို့ကြောင့် ဂမုန်းနက်အပင်များ စိုက်ပျိုးပြုစုရာတွင် ရေအစိုဓာတ် လုံလောက်စွာ ရရှိရန်နှင့် လေဝင်လေထွက်ကောင်းပြီး အလင်းရောင် ကောင်းစွာရသော နေရာမျိုးမှာ စိုက်ပျိုးပါက အထူးအောင်မြင်မှု ရရှိတတ်ပါသည်။ နေရောင်ပြင်းစွာ တိုက်ရိုက်ရသောနေရာနှင့် ရေဝပ်စမ်းကိုက်သော မြေမျိုးတွင် အပင်ဖြစ်ထွန်းမှုညံ့ဖျင်း နွေးကွေးရုံမက ဂမုန်းဥများ ဂမုန်းပင်များ ရိကျ သေဆုံးတတ်ပါသည်။ မိုးတွင်းအပင်မျိုးများ ဖြစ်သော်လည်း အစိုဓာတ်များစွာ ကြာရှည်ရပါကလည်း အပင်ဖြစ်ညံ့၍ အဆင်မပြေလျှင် အပင်များ ရိကျ သေဆုံးတတ်ပါသည်။ ဥချစအချိန် ဖြစ်ပါက ဥများပင်ပုပ်၍ ပျက်စီး ဆုံးရှုံးတတ်ပါသည်။

## ဂမုန်းနက်အပင်များကို ပြုစုစောင့်ရှောက်နည်း

ကျွန်တော်သည် ဂမုန်းနက်အပင်များကို စိုက်ပျိုးပြုစုရာတွင် အီးအမ်နည်းပညာသုံးစွဲ၍လည်းကောင်း၊ ဓာတ်မြေဩဇာနှင့် အာဟာရကို အသင့်အတင့် အသုံးပြု၍လည်းကောင်း၊ စမ်းသပ်စိုက်ပျိုးရာ အာဟာရ ကောင်းစွာရသော အပင်များ သိသိသာသာ အပင်ဖြစ်အားပိုကောင်းတာ တွေ့ရှိရပါသည်။ ဂမုန်းနက်အပင်၏ အရွက်များကို လိပ်ပြာဥကြောင့် ပေါက်ဖွားလာသော ပေါက်ဖတ်များ အခါအားလျော်စွာ ကျရောက်ကာ ကိုက်ဖြတ်



စားသောက်တတ်ပါသည်။ မြင်ရုံနှင့် တွေ့ရှိရသော ပေါက်ဖတ်များကို ဖမ်းယူ ဖယ်ရှားပေးသင့်ပါသည်။ အရွက်စား ခရုများကြောင့်လည်း ပင်စည်များ အဖျက်အဆီးခံရတတ်ပါသည်။

အာဟာရ ကောင်းစွာရသော ဂမုန်းနက်အပင်များသည် တော်သလင်း၊ သီတင်းကျွတ်လဆန်းပိုင်းအထိ အပင်ပွားစီးမှု ရှိပါသည်။ အပင်ပွားအားကောင်းလေ ဥအထွက်နှုန်း မြင့်မားလေပါပဲ။ ဂမုန်းနက် အပင်များကို စိုက်ပျိုး၍ ဘဝရပ်တည်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်လိုသော စိတ်ဝင်စားသူများနှင့် ဘဝရပ်တည်ရေးအတွက် လုပ်ကိုင် ဆောင်ရွက်လိုသော စိတ်ဝင်စားသူများနှင့် လူငယ်လူရွယ်များအတွက် ကျွန်တော့် ကိုယ်တွေ့လက်တွေ့ စိုက်ပျိုးမျိုးပွားနည်းကို စေတနာဖြင့် ဖော်ပြလိုက်ပါသည်။ ရေမြေဒေသနှင့် ဈေးကွက် အခြေအနေပေါ် မူတည်၍ ချင့်ချိန် လုပ်ကိုင်ပါက မလွဲမသွေ အောင်မြင်မှု ရရှိနိုင်မည်ဟုလည်း ယုံကြည်မိပါသည်။

## ဂမုန်းနက်ဥများ ဖော်ယူနည်း

ဂမုန်းနက်ဥများ ဖော်ယူရန်အချိန်မှာ ဂမုန်းနက်အပင်များ သက်တမ်းကုန်၍ မြေပေါ်တွင် ပြားပြားဝပ်ကာ လုံးဝ ခြောက်သွေ့သွားသည့်အခါသည် အသင့်တော်ဆုံးအချိန်ပင် ဖြစ်ပါသည်။ လအားဖြင့် တပို့တွဲ (ဒီဇင်ဘာလ) ကာလအတွင်း ဖြစ်သင့်ပါသည်။ ဂမုန်းနက်အပင်များ စိမ်းစိုနေရာက ဝါရောင်သမ်းကာ အရောင်ပြောင်းလာသည့်အခါ အချို့ ညှိုးနွမ်းပျော့ကျလာသည်နှင့် အစိုဓာတ် လုံးဝမပေးသင့်ပါ။ အစိုဓာတ် မပြတ်ရှိနေသော ဂမုန်းနက်အပင်များ ဥအရည်အသွေး ညံ့တတ်သလို အဆင်မသင့်ပါက ဥများပုပ်၍ အထွက်နှုန်းကျနိုင်ပါသည်။ အရည်အသွေး စံချိန်မီ ဥအထွက်နှုန်း ကောင်းကောင်း ရရှိနိုင်ရေးသည် ဂမုန်းနက်အပင်များ သက်တမ်းကုန်ချိန်နှင့် အစိုဓာတ်လျှော့ချနိုင်မှုအပေါ် များစွာ တည်မှီပါကြောင်း အကြံပြု ဖော်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**နန္ဒင်းနက်အပင်များ စိုက်ပျိုးပုံ**

နန္ဒင်းဥကို လပိုင်းအတွင်းကသာရရှိပြီး အပင်စိုက်ပျိုးထားနိုင်ခဲ့တာကြောင့် စိုက်ပျိုးမျိုးပွားပုံနှင့် နန္ဒင်းဥများ ဖော်ယူပုံတို့ကို အသေးစိတ်ရေးသားဖော်ပြမှု မပြုနိုင်တာကို ခွင့်လွှတ်စေချင်ပါသည်။ နန္ဒင်းနက်တစ်ဥကို စိုက်ပျိုး၍ထွက်လာသော နန္ဒင်းနက်အပင်ငယ်များသည်လည်း ဓာတ်ပုံမှတ်တမ်းပါအတိုင်း ဂမုန်းနက်အပင်နှင့် ခပ်ဆင်ဆင်ရှိတာကို တွေ့ရပါသည်။ ဒါပေမဲ့ နန္ဒင်းနက်ဥမှထွက်လာသော အပင် အညှောင့် အစို့ကလေးများသည် ဂမုန်းနက်ဥမှထွက်လာသော အစို့ အညှောင့်ကလေးများလို နီစွေးစွေး အရောင်မရှိဘဲ နီညိုရောင်ဖျော့ဖျော့သာ ရှိနေမှုသည် ထူးခြားမှုတစ်ခုအဖြစ် တွေ့ရှိရပါသည်။

ကျွန်တော်သည် သုရဋ္ဌမဂ္ဂဇင်းတွင် ကိုယော(ဘောဂဗေဒ) ရေးသားပြုစုခဲ့သော ရက္ခရတနာအစစ် သိဒ္ဓိဝင်ဂမုန်းနက် ဆောင်းပါးကို ဖတ်ရှုလေ့လာမိရာက ကျွန်တော်၏ ဂမုန်းနက်အပင်များကို ဆယ်နှစ်ကျော်စိုက်ပျိုးမျိုးပွား၍ လေ့လာသိရှိထားသမျှကိုလည်း ဂမုန်းနက်အပင်ကို စိတ်ဝင်စားနေကြသော စာဖတ်ပရိသတ်အတွက် ထပ်မံအားဖြည့် ခံစားမှုရနိုင်စေရန် ဆောင်းပါးအဖြစ် သုရဋ္ဌမဂ္ဂဇင်းမှာပင် ရေးသား ဖော်ပြရခြင်းဖြစ်ပါသည်။ ထို့အပြင် ကိုယော၏ သုတေသနဆန်စွာ ရေးသား ပြုစုခဲ့သော ဂမုန်းနက်အပင်နှင့် ဂမုန်းနက်ဥများ အကြောင်းကို ဖတ်ရှု အပြီး ဂမုန်းနက်အပင်များ စိုက်ပျိုး ထုတ်လုပ်လိုသောဆန္ဒ ဖြစ်ပေါ်လာသူများ၊ စိတ်ဝင်စားသူများအတွက်နှင့် ဂမုန်းနက်ဥ၏သိဒ္ဓိဝင်ပုံ၊ ဆေးဖက်ဝင်ပုံများကို လက်တွေ့ စမ်းသပ် သိရှိလိုသောသူများအတွက် ကျွန်တော်ကလည်း သိရှိထားသမျှ ရေးသားဖော်ပြလိုက်ပါကြောင်း။

[ သုရဋ္ဌမဂ္ဂဇင်း ။ ။ ဒီဇင်ဘာ၊ ၂၀၀၇ ]

## ဘုရားဂုဏ်တော်တန်ခိုးကြောင့် ဘဝတိုးတက်ပြောင်းလဲလာရသူတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်

ဇူလိုင်လ တတိယပတ်လောက်က စာရေးသူထံသို့ စာရေးဖော် စာရေးဖက် စာရေးဆရာကိုကျော်ဇေယျ မမျှော်လင့်ဘဲ ရောက်ရှိလာပါသည်။ စာရေးသူရေးသားခဲ့သော ဇူလိုင်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ ဆောင်းပါးအကြောင်း အနည်းငယ် ဆွေးနွေးပြောဆိုခဲ့ကြပြီးနောက် သူ့ဘဝမှာ ဘုရားဂုဏ်တော် တန်ခိုးကြောင့် ဘဝတိုးတက်ပြောင်းလဲလာခဲ့ပုံကို အားရပါးရ ပြောပြပါသည်။ ကိုကျော်ဇေယျသည် ကလောင်ခွဲ အမည်ခွဲတွေသုံးပြီး စာရေးသားနေခဲ့သည်မှာ စာရေးသူထက် ဝါကြီးပေမယ့် အသက်အားဖြင့်တော့ များစွာ ငယ်ရွယ်သူတစ်ဦး၊ ရင်းနှီးခင်မင်သူ တစ်ဦးပါ။ သူ ပြောပြချက်များသည် စာရေးသူကိုယ်တိုင်၊ သူ့ဘဝအကြောင်း အပြောင်းအလဲများကို တွေ့ရှိ သိရှိထားသလို စာဖတ်ပရိသတ်များကိုလည်း ရေးသားဖော်ပြပေးသင့်သည်ဟု ယူဆမိ၍ သူကိုယ်တိုင် ပြန်လည်ပြောပြချက်များကို သူ့ခွင့်ပြုချက်ဖြင့် ဆောင်းပါးအဖြစ် ရေးသားလိုက်ရပါသည်။

ကိုကျော်ဇေယျသည် စာပေနယ်မှာ စာပေများ ရေးသားနေပေမယ့် ဘဝရပ်တည်ရေးအတွက် ခက်ခဲကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှားနေခဲ့ရသည်မှာ နှစ်များစွာ ကြာခဲ့ပါပြီ။ အဲဒီလို သူ့ဘဝရုန်းကန်လှုပ်ရှားနေမှုကို

www.burmeseclassic.com



သိရှိသူ၊ ရင်းနှီးသူ မိတ်ဆွေတစ်ဦးက မင်းဘဝ အခက်အခဲတွေ ပြောင်းလဲသွားကာ ဘဝတိုးတက်လာရအောင် 'တရားထိုင်၊ ပုတီးစိပ်'ဟု အကြံပေးပြောဆိုလာပါသည်။ ဒါပေမဲ့ ကိုကျော်ဇေယျအဖို့ ငယ်ရွယ်သလို လက်တွေ့အတွေ့အကြုံလည်း မရှိဘူး။ နီးစပ်မှုလည်း မရှိတော့ တရားထိုင်ဖို့ ခက်ခဲသလို ပုတီးစိပ်ဖို့လည်း မသိနားမလည်ကြောင်း ပြန်ပြောပြခဲ့ပါသည်။ အဲဒီလို ပြန်ပြောပြချက်ကိုပဲ အဲဒီမိတ်ဆွေက 'ပုတီးစိပ်တာ မခက်ဘူး၊ ဘာကိုပဲစိပ်စိပ် အာရုံဝင်စားပြီး အဓိပ္ပာယ်ရှိသော ပုတီးတစ်လုံးကျချင်းမျိုးဖြစ်ရမယ်'ဟု အကြံပေးခဲ့တာကြောင့် လွန်ခဲ့သောငါးနှစ်ကျော်က 'အရဟံ' ပုတီးစိပ်ခြင်းကို အိပ်ရာဝင်တိုင်း ကိုးပတ် ဝတ်မပျက် စိပ်ဖြစ်ပါသည်ဟု ကိုကျော်ဇေယျက ပြန်လည်ပြောပြပါသည်။

စာရေးသူက အဲဒီလို အရဟံပုတီးစိပ်တာ ဝတ်မပျက် လုပ်ဖြစ်တော့ ဘယ်လို ထူးခြားမှုတွေ တွေ့ကြုံခံစားရသလဲလို့ မေးဖြစ်ခဲ့ပါသည်။ စာရေးသူ၏အမေးကို ကိုကျော်ဇေယျ ပြန်ဖြေတာကတော့ ပုတီးစိပ်ခြင်းကို နေ့စဉ်မပျက် သုံးလကျော်လောက် ဆောင်ရွက်နိုင်ခဲ့ပြီးနောက် သူ ဆန္ဒပြင်းပြစွာ သင်ကြား တတ်မြောက်ချင်လွန်းသော ကွန်ပျူတာသင်တန်းကို စရိတ်စက အကုန်အကျ အားလုံးကျခံ အကူအညီပေးသော တစ်ရပ်ကွက်တည်းနေ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး၏ ကူညီမှုဖြင့် ရန်ကုန်မြို့တွင် သွားရောက်သင်ကြားခွင့် ရခဲ့ပါသည်ဟု ဆိုပါသည်။

အဲဒီလို သူ့ဘဝ စတင်ပြောင်းလဲလာခဲ့ပြီးနောက် လွန်ခဲ့သောနှစ်ထဲက စာရေးဖော် ရေးဖက်တွေ ဆုံမိကြပြီး အဲဒီအထဲက ဘာသာကွဲ ရင်းနှီးသူ မိတ်ဆွေတစ်ဦး၏ အကုန်အကျခံမှုဖြင့် စာရေးဖော်လေးဦး ရဲရဲ၊ မောင်ပိုင်၊ ကိုသိန်းနှင့် ကိုကျော်ဇေယျတို့ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးလေ့လာရေးခရီး ထွက်ဖြစ်ခဲ့ပြန်ပါသည်ဟု ပြောပြပါသည်။ အဲဒီလို ကျိုက်ထီးရိုးဘုရားဖူးရောက်ခဲ့ရာက ယခု ရေးသားတင်ပြမည့် ဘုရားဂုဏ်တော်ကို အံ့ဖွယ် ထူးဆန်းစွာ ရရှိခဲ့ပုံကို ဆက်လက်ပြောပြပါသည်။



ကျိုက်ထီးရိုးရင်ပြင်တော်ရောက်တော့ သူ့ရဲ့ဆန္ဒက သူ စိပ်နေကျ အရဟံ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကို ဝတ်မပျက် လုပ်ဖြစ်အောင် ရည်မှန်းထားတာကြောင့် အရုဏ်တက်မှာ ဆံတော်ရှင်ကျိုက်ထီးရိုး ကျောက်လုံးတော်ကြီးဘေးတွင် ထိုင်၍ ပုတီးစိပ်ခဲ့ပါကြောင်း၊ သူ၏ အဓိဋ္ဌာန် ပုတီးစိပ်ခြင်း လုပ်ငန်း မပြီးစီးခင် အသံတစ်သံက မင်း

သောဘဂ၀ါ က္ကတိပိ-အရဟံသိဒ္ဓိ-ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
သောဘဂ၀ါ က္ကတိပိ-အရဟံသိဒ္ဓိ-ဓမ္မံသရဏံ ဂစ္ဆာမိ။
သောဘဂ၀ါ က္ကတိပိ-အရဟံသိဒ္ဓိ-သံဃံသရဏံ ဂစ္ဆာမိ။

ဂုဏ်တော်ကို ပြောင်းစိပ်လို့ ခိုင်းစေတဲ့ အောင်မြင်ခန့်ညားတဲ့ အသံတစ်သံကြောင့် မျက်စိဖွင့်၍ ပတ်ဝန်းကျင်ကို လှည့်ကြည့်မိကြောင်း၊ အရုဏ်တက်မှာ လူသူ ရှင်းလင်းနေရုံမက တစ်ဦးတစ်ယောက်မှ မတွေ့ခဲ့ရကြောင်း၊ သူ တအံ့တသြဖြစ်မိပေမယ့် စိပ်နေကျ အရဟံကို အဓိပ္ပာယ်ရှိသော ပုတီးတစ်လုံးကျအောင် ဆက်လက်၍ ကိုးပတ်ပြည့်အောင် စိပ်ဖြစ်ခဲ့ကြောင်း၊ ပြီးတော့မှ အထက်ပါဘုရားဂုဏ်တော်ကို ကိုးပတ်ပြည့်အောင် စတင် စိပ်ဖြစ်ခဲ့ပါသည်ဟု ဆိုပါသည်။ အဲဒီလို ဘုရားဂုဏ်တော်ကို ထူးဆန်းစွာ ရရှိပြီးနောက် ယခုတိုင် နေ့စဉ် ဝတ်မပျက် ရွတ်ဖတ် ပုတီးစိပ်ဖြစ်ခဲ့တာကြောင့် သူ့ဘဝ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံတွေကို အားပါးတရ ဆက်လက်ပြောပြပုံကတော့ ကိုကျော်ဇေယျက စာရေးသူအား

'ဆရာက ကျွန်တော့်ဘဝ အစအဆုံး သိနေတာပဲ၊ ယခုအခါ သွားဖို့လာဖို့ စက်ဘီးလေးအဆင့်က မော်တော်ဆိုင်ကယ် စီးလာနိုင်ပါတယ်၊ ယခင်က ဖလင်ကင်မရာ ခပ်ညံ့ညံ့လေး သုံးစွဲနေခဲ့ရာက ဒစ်ဂျစ်တယ်ကင်မရာ အကောင်းစားတစ်လက်အပြင် ကိုယ်ပိုင်ကွန်ပျူတာတစ်လုံးလည်း ဝယ်ယူသုံးစွဲ လုပ်ကိုင်နိုင်ပါပြီ'ဟု ပြုံးရွှင်စွာ ပြောပြပါသည်။ နောက်ထပ်လည်း ရှိသေးတယ် ဆရာရေ၊ 'မိတ်ကောင်းဆွေကောင်းတွေ တွေ့ရှိလာရ

www.burmeseclassic.com

www.burmeseclassic.com



သလို အလုပ်အကိုင်ကောင်းတွေ ရလာတဲ့အပြင် ဝင်ငွေ ဆိုရင်လည်း ဟိုကဝင် ဒီကဝင်ပါပဲ'ဟု ဆိုပါသည်။

အထူးခြားဆုံးကတော့ 'မိဘများပိုင် အိမ်နှင့်ဝိုင်းကို ၂၅ သိန်းနှင့် ဈေးဆိုရောင်းချနေခဲ့တာ လုံးဝ ရောင်းမစွံဖြစ်နေရာက ယခုတော့ တစ်လ နှစ်သိန်းခွဲနှင့် နှစ်နှစ်စာချုပ်ဖြင့် ငှားရမ်း နိုင်ခဲ့တာပါပဲ'ဟု ကိုကျော်ဇေယျ၏ဘုရားဂုဏ်တော်၏ တန်ခိုးတော်ကြောင့် ဘဝတိုးတက် ပြောင်းလဲလာပုံတွေကို ပြန်လည်ပြောပြချက်အား စာရေးသူကလည်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် စာဖတ်သူများ သိရှိစေရန်နှင့် လိုအပ်၍ ဆန္ဒရှိပါက အသုံးပြု ဆောင်ရွက်နိုင်ရန် ဆောင်းပါးအဖြစ် ရေးသား တင်ပြလိုက်ရပါကြောင်း။

[ ပါရမီမဂ္ဂဇင်း ။ ။ ဒီဇင်ဘာ၊ ၂၀၀၇ ]



## ချမ်းသာဂမုန်းပင်များစိုက်လျှင် အမြတ်တရား ချမ်းသာဂါထာ ရွတ်ဖတ်ဆောင်ရွက်ပါက ပိုမိုအကျိုးထူး

လွန်ခဲ့သော နှစ်ကုန်ပိုင်းလောက်က စာရေးသူ၏လုပ်ငန်းအတွက် လိုအပ်နေသော ပျိုးအိုးများဝယ်ယူရန် နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်၊ အိုးဘိုရပ်သို့ ရောက်ရှိခဲ့ပါသည်။ အိုးဘိုရပ်သည် အိုးမျိုးစုံ (မြေအိုး) ထုတ်လုပ်ရေး လုပ်ငန်းများ အများစုတည်ရှိရာ ရပ်ကွက်တစ်ခုဖြစ်ပါသည်။ ၎င်းရပ်ကွက်ရှိ ရွာအလယ်လမ်းတွင် သမားတော်ကြီး ဆရာမော်၏ အိမ်နှင့် ဆေးတိုက် ရှိပါသည်။

စာရေးသူနှင့် ဆရာမော်သည် အလယ်တန်း ကျောင်းသားဘဝတုန်းက တစ်ကျောင်းတည်း တက်ခဲ့သူများဖြစ်ပါသည်။ ဆရာမော်သည် မြန်မာ့ဆေးပညာကို ထူးချွန်ပြောင်မြောက်စွာ တတ်ကျွမ်းခဲ့သူ ဖြစ်ပါသည်။ တတ်ကျွမ်းသောပညာဖြင့် တိုင်းအဆင့်ထိ တိုင်းရင်းဆေးဆရာကြီး တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ခဲ့သူပါ။ ယခုအခါ အငြိမ်းစားယူပြီး ဇမ္ဗူရစ်ရွှေဆင် ဆေးတိုက်ရှာကောက် အိုးဘိုရပ်၊ နေပြည်တော် ပျဉ်းမနားမြို့တွင် ဆေးခန်းဖွင့်၍ လူနာများကို ကုသနေပါသည်။

ဆရာကြီး၏ ဆေးခန်းရှေ့မှ ဖြတ်သွားစဉ် ဆရာမော်ကို မြင်တွေ့နှုတ်ဆက်ရာမှ စာရေးသူ၏ စိုက်ပျိုးလုပ်ကိုင်နေသော ပျိုးဥယျာဉ်အကြောင်း ပြောဆိုမိကြပါသည်။ ဆရာမော်က

'ခင်ဗျားမှာ ချမ်းသာကြီးဂမုန်းပင် ရှိလား'ဟု မေးရာ စာရေးသူကလည်း ရှိကြောင်း ပြန်ဖြေမိပါသည်။

'အဲဒီလိုဆို လာ၊ ကျုပ်စိုက်ထားတဲ့ အပင်ပြမယ်' ဟု ၎င်း၏ ဂမုန်းဥယျာဉ်ကြီးထဲသို့ ခေါ်သွားပါသည်။ ခြံတံခါးဖွင့်ပြီး အထဲဝင်စမှာပဲ ဆရာကြီးစိုက်ပျိုးထားသော ဂမုန်းပင် ပရဆေးပင်များကို လက်ဖြင့် ကိုင်ပြ၊ ညွှန်ပြ၊ အမည်များ ပြောပြနှင့် စာရေးသူ မတွေ့ဖူး၊ မမြင်ဖူးသော အံ့ဖွယ်အပင်များကို တစ်စုတစ်ပြုံတည်း မြင်တွေ့ခဲ့ရပါသည်။ တစ်နေရာ အရောက်တွင်

'ဒီအပင်မျိုးလား'ဟု အပင်ပြမေးပါသည်။

စာရေးသူကလည်း

'ဟုတ်တယ်' ဟု ပြန်ဖြေခဲ့ပါသည်။

အဲဒီလိုဖြေလိုက်တော့ ဆရာကြီးက

'ဒီအပင်က နိုင်ငံခြား ချမ်းသာကြီးဂမုန်းမျိုး၊ ကျုပ်လိုချင်တာ မြန်မာတွေချမ်းသာဖို့ မြန်မာ ချမ်းသာကြီးဂမုန်း' ဟုဆိုကာ ၎င်း၏ ဂမုန်းဥယျာဉ်ကြီးအတွင်းသို့ ဆက်၍ ခေါ်သွားခဲ့ပါသည်။ ဥယျာဉ်ကြီး အလယ်လောက်အရောက်

'ဒါမှ မြန်မာချမ်းသာကြီးဂမုန်း'ဟု ညွှန်ပြ ပြောဆိုခဲ့ပါသည်။

အဲဒီအခါ စာရေးသူကလည်း

'ဟာ၊ ဒီအပင်မျိုးဆိုရင် ကျုပ်မှာ အများကြီးရှိတယ်' လို့ ဖြေမိခဲ့ပါသည်။



ဆရာကြီးက

'အဲဒီလိုဆို ကျုပ်ကို တစ်ပင် မျိုးပေးပါ'ဟု တောင်းဆို၍ စာရေးသူကလည်း မျိုးပေးပါမည်ဟု ကတိပြုခဲ့ပါသည်။

ဆရာကြီးက

'အဲဒီမျိုး ဘယ်ကရသလဲ မေးတော့၊ လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ရန်ကုန်မြို့၊ သဃ်န်းကျွန်းရပ်ကွက်မှာနေသော ဇနီး၏ 'မောင်ဝမ်းကွဲတော်သူ၏ အိမ်တွင်တွေ့၍ မျိုးတောင်း စိုက်ပျိုးထားကြောင်း ဖြေကြားခဲ့ပါသည်။ အဲဒီအချိန်က ၎င်းအပင်ကို မယ်တော်ကြီးဂမုန်း မျိုးကွဲတစ်မျိုးဟုထင်၍ မျိုးတောင်း စိုက်ပျိုးထားတာမှ အပင်တွေ ပွားများနေတာပါလို့ ဖြေဆိုခဲ့ပါသည်။ ဆရာကြီးက

'ခင်ဗျား အဲဒီအပင်တွေကို ဂရုစိုက်ပြုစု၊ ဘုရားဂုဏ်တော်များ ရွတ်ဖတ်ပွားများပါ'လို့ မှာခဲ့ပါသည်။

အဲဒီနောက် စာရေးသူစိုက်ပျိုးထားသော မြန်မာ ချမ်းသာကြီးဂမုန်းပင်များကို သန့်ပြန့်၍ အရိပ်ကောင်းသောနေရာသို့ ပြောင်းရွှေ့ကာ ဂရုစိုက်ပြုစုထားခဲ့ပါသည်။ ဆရာမော် အတွက်သာမက ရနိုင်သမျှ အပင်များကို မျိုးပွား ထားခဲ့ပါသည်။ ပျိုးပင်ပေါက်များကို မိတ်ဆွေ အပေါင်းအသင်းများကို မျှဝေပေးရုံမက နေပြည်တော် ပျဉ်းမနားမြို့နယ် စာနယ်ဇင်းအဖွဲ့ဝင်အချို့ကိုလည်း လက်ဆောင်ပေးခဲ့ပါသည်။

မြန်မာ ချမ်းသာကြီးဂမုန်း စိုက်သူတိုင်း ချမ်းသာစေချင်လို့ပါ။ စာရေးသူစိုက်ပျိုး ပြုစုထားသော ဆရာမော်ပြောသည့် မြန်မာ ချမ်းသာကြီး ဂမုန်းအကြောင်း လေ့လာထားသမျှ ရှင်းပြလိုပါသည်။

မြန်မာ ချမ်းသာကြီးဂမုန်းပင်သည် မယ်တော်ကြီးဂမုန်းဟု လူသိများသော ဂမုန်းမျိုးနှင့် အလွန်ဆင်တူပါသည်။ အရွက်ထွက်ပုံ ပင်စည်နှင့် အရွက်စိမ်းများ အားလုံး သာမန်ကြည့်လျှင် တူသယောင်ရှိတာ တွေ့ရပါသည်။ အဖူးအပွင့်များ ဖူးပွင့်ပုံလည်း တူညီပါသည်။ ထူးခြားတာက မြန်မာချမ်းသာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း အရွက်များတွင် အဖြူရောင် အစင်းများစွာနှင့် အစက်အချို့ ပါရှိတာ ဖြစ်ပါသည်။

အဲဒါကြောင့် စာရေးသူက မယ်တော်ကြီးဂမုန်း မျိုးကွဲ တစ်မျိုးဟု ကိုယ်တိုင် ယူဆသတ်မှတ် စိုက်ပျိုး ထားခဲ့တာပါ။ စာရေးသူသည် ပျိုးဥယျာဉ် လုပ်ငန်းသို့ ကူးပြောင်းခဲ့သည့် ပညာရေးဝန်ထမ်း ကျောင်းဆရာတစ်ဦး ဖြစ်ပါသည်။ သိပ္ပံဆရာ၊ လက်တွေ့သမား၊ အားကစားသမား၊ အားကစား ဆရာတစ်ဦး ဖြစ်ပါသည်။

စိုက်ပျိုးထုတ်လုပ်သူ ဘဝမှာလည်း စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပတ်သက်သည့် ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်၊ အယူအဆများသာ မက နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှလည်း အပင်များ၏ ထူးခြား ရောင်ခြည် သာမက နက်နဲသော ဂမ္ဘီရ အသိအမြင်များပါ လေ့လာသိရှိခဲ့ရပါသည်။ ယခုလည်း မြန်မာချမ်းသာကြီး ဂမုန်းပင်များနှင့်ပတ်သက်ပြီး သမားတော်ကြီး ဆရာမော်နှင့် ဆုံတွေ့မိရာမှ ဆရာ ပျိုးခိုင်းထားသော အပင်ဖူးပွင့်နေ၍ သွားရောက်ပို့ဆောင်စဉ် ဆရာကြီးက ချမ်းသာကြီးဂမုန်းပင်များ စိုက်လျှင် 'အမြတ်တရား ချမ်းသာဂါထာ'ကို ရွတ်ဖတ် ပွားများ ဆောင်ရွက်လျှင် ပိုမို အကျိုးထူးကြောင်း ဂါထာကိုရွတ်ပြ ရှင်းပြမှုကို ကြားသိခဲ့ရပါသည်။

သို့နှင့် စာရေးသူကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်နေသော ချမ်းသာကြီး ဂမုန်းမျိုးကွဲများအကြောင်း ဓာတ်ပုံမှတ်တမ်းများနှင့်တကွ လေ့လာသူ ဝါသနာရှင်များသို့ တင်ပြဆွေးနွေးဖလှယ်ရန် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ ရပါသည်။

## နိုင်ငံခြားချမ်းသာကြီးဂမုန်း

ဆရာမော်ပြောပြသော နိုင်ငံခြား ချမ်းသာကြီးဂမုန်းပင်သည် မည်သည့် နိုင်ငံက လာကြောင်း စာရေးသူ မဖော်ပြနိုင်ပါ။ လေ့လာ စူးစမ်းမိသမျှ မည်သူမျှ တိတိကျကျ အဖြေပေးနိုင်သူ မတွေ့သေးပါ။





နိုင်ငံခြား ချမ်းသာကြီး ဂမုန်းပင်သည် အဆစ်ပါသော ပင်စည်မာမျိုး ဖြစ်ပြီး အရွက် လုံး ရှိုး တံ ရှည်၍ အရွက် ကြီးမားလှပါသည်။ အရွက် လုံး ရိုးတံ ၁၀-၁၅ လက်မခန့်နှင့် အရင်းပိုင်း ပိုင်း၍ ကြီးမား အဖျားရှူးချွန်သော အရွက် ၄-၇ ရွက် ထွက်လေ့ရှိပါသည်။ အရွက်အလျား ၁၂-၁၅ လက်မ ခန့်နှင့် အနံ ၈-၁၂ လက်မ ခန့်အထိ ရှိတတ်ပါသည်။ အရွက် ရိုးတံလုံး၍ မာကျောတောင့်တင်းပါသည်။ အထူးခြားဆုံးက အဖြူရောင် ရွက်ကြောများနှင့် အရွက်ပေါ်တွင် ကတ္တီပါစိမ်းရောင် နီးပါး လှပစွာရှိနေခြင်း ဖြစ်ပါသည်။ အရွက်ပုံသဏ္ဌာန် မာ၍ ထူထူထဲထဲ ရှိလှပါသည်။ အရွက်နုများ ထွက်စဉ် နီညိုရောင်ရှိ၍ တဖြည်းဖြည်း ကတ္တီပါ အစိမ်းရောင်ဘက်သို့ ပြောင်းလာတတ်ပါသည်။ အာဟာရ ကောင်းစွာရသော အပင်များသည် အမြဲတမ်း ဖူးပွင့်နေတတ်ပါသည်။

ဖူးပွင့်စတွင် ပွင့်တံတိုသော်လည်း တဖြည်းဖြည်း ရှည်ထွက်လာကာ အလျား ၁၅-၁၈ လက်မခန့် အပွင့်ဝတ်ဆံ ၆-၈ လက်မခန့်ထိရှိကာ အပင်ပေါ်တွင် ထောင်မတ်စွာ ပွင့်လေ့ရှိပါသည်။ ဝတ်ဆံ အဖြူရောင်ပေါ်မှာ ပွင့်ဖူး အသီးဖြူ အပင်ငယ်လေးများပါရှိပြီး လုံးပတ် ခဲတံအရွယ်ခန့် ရှိပါသည်။ အစင်းများပါသော အဖြူရောင်သမ်းသော စိမ်းဖန့်ဖန့် ပွင့်ဖတ် သန်လျက်ပုံသဏ္ဌာန်နှင့် အလျား ၈-၁၀ လက်မခန့်နှင့် အနံ ၂-၃ လက်မ ခန့်ထိ ရှိတတ်ပါသည်။ တစ်ကြိမ်ပွင့်လျှင် ၁-၃ ပွင့် ထိရှိပါသည်။

ပိုးမွှားရောဂါကင်းပြီး အာဟာရ ကောင်းစွာရသော နိုင်ငံခြား ချမ်းသာကြီး ဂမုန်းပင်များသည် အမြဲ စိမ်းလန်းစိုပြည်နေရုံမက အဆက်မပြတ် ဖူးပွင့်လေ့ရှိပါသည်။ ထိုသို့ စိမ်းစိုလှပ ဖူးပွင့်နေပါက စာရေးသူ၏

www.burmeseclassic.com

www.burmeseclassic.com



ခြံလုပ်ငန်းများ အောင်မြင်ရုံမက အရောင်းအဝယ်များ ကောင်းပြီး ဝင်ငွေများ တိုးပွားမှုရှိတာ လက်တွေ့ခံစားနေရတာ အမှန်ဖြစ်ပါသည်။

စာရေးသူသည် လွန်ခဲ့သော နှစ် ၂၀ ကျော် ကတည်းက စွဲမြဲ ယုံကြည်စွာနှင့် ဘုရားဂုဏ်တော်များကို နေ့စဉ် လေးကြိမ် ဝတ်မပျက် ရွတ်ဖတ်ပူဇော်နေသူ ဖြစ်ပါသည်။ နံနက်စောစော ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားစဉ်၊ နေ့ခင်းပိုင်း အနားယူစဉ်၊ ညခင်းပိုင်း ကိုယ်လက် လှုပ်ရှားစဉ်နှင့် ညပုတီးစိပ် တရားထိုင်စဉ်တို့မှာ ဘုရားဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်လေ့ရှိပါသည်။ ယခုအခါ ဆရာမော်ပေးသော အမြွတ်တရား ချမ်းသာဂါထာကို စတင် ရွတ်ဖတ်ပူဇော်နေပါပြီ။

## မြန်မာချမ်းသာကြီးဂမုန်း

မြန်မာချမ်းသာကြီးဂမုန်း ပင်များသည် မယ်တော်ကြီး ဂမုန်းပင်နှင့် ဆင်တူလှပါသည်။ အစိမ်းရောင်ပင်စည် အဆစ်တိုင်းတွင် သန်မာ ထူထဲသော အရွက်များထွက်လေ့ ရှိပါသည်။ ရွက်ပြားရိုးတံ အရှည် ၅. ၆လက်မ ခန့်မှာ အလျား ၁၂-၁၅ လက်မခန့်ရှိသော အရွက်များသည် အနံ ၄-၆ လက်မခန့် ရှိပြီး အဖျားပိုင်းချွန်ပါသည်။

ရွက်ကြောကြီးပြီး ချောမောတောင့်တင်းကာ ရွက်ပြားအပေါ်တွင် အဖြူစင်း၊ အဖြူစက်များ ရှိပါသည်။ သန့်ပြန့်သန့်ရှင်းပြီး အရိပ်ကောင်းသော နေရာများမှာ စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်း အောင်မြင်တတ်ပါသည်။ ဘုရားသောက်တော်ရေများ စွန့်ပယ် သွန်းလောင်းပေးပါက ထူးခြားသော သင်းပျံ့သည့်အနံ့များ ရတတ်ပါသည်။





အဖူးအပွင့်များသည် အပင်၏အဖျားမှာ ထွက်လေ့ရှိပြီး လပိုင်းခန့် အထိ ပွင့်အာလေ့ရှိပါသည်။ အဖူး နှစ်ဖူး၊ သုံးဖူးခန့်ထွက်၍ လက်ညှိုးခန့် လုံးပတ်အရွယ်ရှိပြီး အရှည် ၆ လက်မခန့်ရှိတတ်ပါသည်။ ပွင့်သည့်အခါ ထိပ်ပိုင်းပွင့်ဖတ် ပွင့်အာလာကာ ဝတ်ဆံတိုင်ဖြူဖြူကို မြင်ရပါသည်။ မြန်မာ ချမ်းသာကြီးဂမုန်းပင်များ စိမ်းစိုလန်းဆန်း၍ ဖူးပွင့်ဝေဆာနေသည့် ကာလမျိုးတွင် စာရေးသူအတွက် လုပ်ငန်းများ ကောင်းမွန်တိုးတက်ကာ ဝင်ငွေများသည့်အတွက် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းများ ခံစားရရှိတာလည်း လက်တွေ့အမှန်ဖြစ်ပါသည်။

မြန်မာ ချမ်းသာကြီးဂမုန်းပင်များကို ပြုစုရာတွင် စိတ်ကောင်း၊ စေတနာကောင်းများဖြင့် ဘုရားဂုဏ်တော်များနှင့် အမြွတ်တရားချမ်းသာ ဂါထာကို ရွတ်ဖတ်ပွားများပါက အပင်များ ပိုမိုစိမ်းလန်းစိုပြည်ကာ ဖူးပွင့်နေတတ်သလို၊ စိုက်ပျိုးထားသူများအတွက် ထူးခြားသော အောင်မြင်မှုများနှင့် အတူ ချမ်းသာမှု လာဘ်တို့လည်း ခံစားရတတ်ပါကြောင်း စာရေးသူ၏ ကိုယ်တွေ့ လေ့လာမှုများကို မျှဝေပေးအပ်ပါသည်။

## ချမ်းသာကြီးဂမုန်း ခေါ် မင်းသားကြီးဂမုန်း

စာရေးသူသည် ပျိုးဥယျာဉ်လုပ်ကိုင်သူဖြစ်၍ လက်လှမ်းမီသမျှ ဂမုန်း မျိုးနွယ်ဝင် အပင်များကို ရှာဖွေစုဆောင်း စိုက်ပျိုး ထုတ်လုပ်နေရာတွင် စိုက်ပျိုးထားသောသူများကို ချမ်းသာစေသော ဂမုန်းပင်များအဖြစ် အမည်သညာပြု ခေါ်ဝေါ်နေသည့် မျိုးကွဲများစွာရှိနေတာကို လေ့လာ တွေ့ရှိခဲ့ရပါသည်။

ထိုကဲ့သို့ မျိုးကွဲအပင်များကို စိုက်ပျိုးထားပြီးနောက် ဂမ္ဘီရဆန်သော ဖြစ်စဉ်များမှ ချမ်းသာခြင်းကိုဖြစ်စေသော ဆက်နွယ်မှုမှန်ကန်ချက်များကို ဝေဖန်၊ ဆန်းစစ်လေ့လာ၊ အဖြေရှာ သုံးသပ်နေမိတာ အမှန်ပါ။ ထိုကဲ့သို့ ဂမုန်းမျိုးနွယ်ဝင်အပင်များကို စိုက်ပျိုးမျိုးပွားထုတ်လုပ်နေရာ၌ ချမ်းသာ၊ စီးပွားတိုး ဂမုန်းမျိုးစိတ်မျိုးကွဲများ ရှိနေတာကို တွေ့ရပြန်ပါသည်။ အဲဒီ

www.burmeseclassic.com



အပင်များကို လက်လှမ်းမီသမျှ စုဆောင်း စိုက်ပျိုးမျိုးပွား ထုတ်လုပ်ရင်း ကိုယ်တွေ့ဖြစ်စဉ်များကို စုဆောင်းရန်နှင့် အခြား စိုက်ပျိုးရေးသမားများ နှင့် မြန်မာ့ဆေးဆရာကြီးများ၏ အတွေ့အကြုံ၊ အဆိုအမိန့်များကိုလည်း စုဆောင်း မှတ်သားနေမိပါသည်။

ချမ်းသာကြီးဂမုန်းမျိုးကွဲ တတိယမျိုးပင် တစ်မျိုးကိုလည်း ရရှိစိုက်ပျိုး ဖြစ်ခဲ့၍ ၎င်းမင်းသားကြီးဂမုန်း ခေါ် ချမ်းသာကြီးဂမုန်းပင်အကြောင်း ဆက်လက်ဖော်ပြလိုက်ပါသည်။

၎င်း ဂမုန်းပင်ကို မြို့နယ် လှျပ်စစ်ဌာနမှ မိတ်ဆွေတစ်ဦးက လက်ဆောင်ပေး၍ စိုက်ပျိုးအောင်မြင်ခဲ့ပါသည်။ ဤဂမုန်းပင်ကို လက်ခံ ရရှိပြီး လေ့လာမှုအရ စာရေးသူ၏ ယူဆချက်ကို ဖော်ပြရလျှင် မင်းသား ကြီးဂမုန်း ခေါ် ချမ်းသာကြီး ဂမုန်းပင်သည် မြန်မာ ချမ်းသာကြီးဂမုန်း မျိုးနွယ် အပင်အကြီးစား မျိုးစိတ်တစ်မျိုး ဖြစ်နိုင်ပါသည်။ ပင်စည် ကြီးမား တုတ်ခိုင်၍ အရွက်များ ပိုမိုကြီးမားတာသာ ထူးခြားပါသည်။ ဖူးပွင့်ပုံလည်း တူပါသည်။ ရွက်ကြောများ တောင့်တင်းကာ အရွက်အပေါ် တွင် အဖြူစင်း၊ အဖြူစက်များ ပိုမိုများပြားထင်ရှားတာ ပိုပါသည်။

ဤဂမုန်းပင်ကို မင်းသားကြီးဂမုန်းဟု ခေါ်ဆိုသည့် အမည်နှင့် လည်း လိုက်ဖက်ပါသည်။ အပင်ကို မြင်ရသည်မှာ သန်မာ ထွားကျိုင်းရုံမက တောင့်တင်းလှပ ကျက်သရေရှိနေတာလည်း အမှန်ပါ။ ထို့အပြင် လောဘ၊ မောဟများ ကင်းစွာ မိမိယုံကြည်ရာ ဘုရားဂုဏ်တော်များ ရွတ်ဖတ်ပွားများ ပေးခြင်းဖြင့် ကိုယ်တိုင် သိဒ္ဓိခွန်အားများ တိုးပွား ရရှိနိုင်သလို မိမိ၏ သမာဓိဂုဏ်၊ မေတ္တာဂုဏ်များ၏ လွှမ်းခြုံမှုကို ရိုက်ခတ် ခံစားရရှိနိုင်သော ကြောင့် သိဒ္ဓိတန်ခိုးများ တိုးပွားနိုင်သည်ဟု သမားတော်များ၏ အဆိုအမိန့် ရှိကြသည်။ ဆရာမော်ကလည်း စာရေးသူကို 'ဂမုန်းပင်များ စိုက်ပျိုးထုတ်လုပ် ရာတွင် (ဥဇုံကာယံ၊ ပဏိဓာယ) အမြတ်တရား ချမ်းသာ ဂါထာကို အမြတ်မ်း ရွတ်ဖတ်ပူဇော် လုပ်ကိုင်ပါ။ ခင်ဗျားအတွက် ချမ်းသာခြင်းများ တိုးပွားရရှိ နိုင်သလို၊ ခင်ဗျားစိုက်ထားတဲ့ ချမ်းသာကြီး ဂမုန်းများမှာလည်း သိဒ္ဓိများ



တက်ကာ အစောင့်အရှောက်များကပါ ကူညီ မစ လာစေနိုင်ပါတယ်'ဟု ဆို၍ ဂါထာနှင့် အနက်အဓိပ္ပာယ်ပါ ရေးသားပေးခဲ့ပါသည်။

ဘုရားဂုဏ်တော်နှင့် အမြတ်တရား ချမ်းသာဂါထာကို စာရေးသူ ကိုယ်တိုင် ဝတ်မပျက် ရွတ်ဖတ်ပူဇော်ရာမှ ထူးခြားမှုကတော့ စာရေးသူ စိုက်ပျိုးပြုစုထားသော ချမ်းသာကြီးဂမုန်းပင်များ အပါအဝင် အခြားသော ဂမုန်းပင်များပါ အမြဲတမ်းလို ဖူးပွင့်ဝေဆာလာခြင်းပါ။ ထို့အပြင် စာရေး သူ၏ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင် တိုးတက်ရုံသာမက သား၊ မြေး၊ မြစ် မိသားစု တစ်ကျိပ်ကျော်ကို အေးချမ်းသာယာသော မိသားစု အသိုက်အမြုံတစ်ခုအဖြစ် တာဝန်ယူ စောင့်ရှောက်ထားနိုင်ပါပြီ။

ဆရာမော်က အာနာပါန သတိပဋ္ဌာန်ဝင်စား သိဒ္ဓိမြောက်နေသူ ရဟန်းရှင်လူများကို တခြားသောဝေဒနာ၊ ရန်သူတို့က နှိပ်စက်မှုမပြုနိုင်ဟု အမြတ်ဆုံးတရားချမ်းသာ ဂါထာမှာ ပါရှိတာဟာ ဘုရားရှင်၏ နှုတ်ကပါဌ် အဆိုအမိန့်ပါဟု ရှင်းပြပါသည်။

ထို့ကြောင့် စာရေးသူကဲ့သို့ စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် ဂမုန်း စိုက်ပျိုးသူများ အကျိုးပွားများစေရန်အတွက် သမားတော်ကြီး ဆရာမော် ပြောပြသော အမြတ်ဆုံးတရား ချမ်းသာဂါထာကို ရွတ်ဖတ်ပွားများ ဆောင်ရွက်နိုင်ရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် အသိပေး ရေးသား ဖော်ပြလိုက်ပါသည်။

## အမြတ်ဆုံးတရား ချမ်းသာဂါထာ

ဥဇုံကာယံ ပဏိဓာယ
အဋ္ဌိတ ဟိတွာန
နိရောဓံ သမာပဇ္ဇတိ။
အာနာပါနသတိပဋ္ဌာနေန
သမ္မန္နော ပီဋ္ဌိတုံ
ပရေ န သက္ကာ။

www.burmeseclassic.com

www.burmeseclassic.com



ကာယ၊ အထက်ပိုင်းဖြစ်သော ကိုယ်ကို။ ဥဇုံ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ အဋ္ဌိတ ဟိတ္တာန၊ အရိုးစသည်ကို ပယ်စွန့်ခြင်းကြောင့်။ နိရောဓံ၊ ချုပ်ငြိမ်းခြင်းသို့။ သမာပဇ္ဇတိ၊ ကောင်းစွာရောက်၏။ အာနာပါန သတိပဋ္ဌာနေန၊ ထွက်သက် ဝင်သက်ဟု ဆိုအပ်သော သတိပဋ္ဌာန်နှင့်။ ပရေ၊ တစ်ပါးတခြားသော ဝေဒနာ ရန်သူတို့သည် ပီဠိတုံ၊ နှိပ်စက်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ကြကုန် (ဝါ) မစွမ်းဆောင်နိုင် ကြကုန်။

## စက်ခဲသော ပါဠိအသံထွက်

အဋ္ဌိတ = အတ်ထိတ။ ဟိတ္တာန = ဟိတ်တဝါန။
သမာပဇ္ဇတိ = သမာပစ်ဇတိ။ သမ္ပန္နော = သမ်ပန်နော။

အမြတ်တရား ချမ်းသာဂါထာတော်ကို ရွတ်ဖတ်ပွားများ ဆောင်ရွက် လုပ်ကိုင်သူတိုင်း အောင်မြင်မှု ချမ်းသာ အပြည့်အဝ ရကြပါစေ။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ။ ။ ဩဂုတ်၊ ၂၀၀၆ ]

## သီလတန်ခိုးနှင့် သေဘေးမှလွတ်မြောက်၍ အသက်ရှင်လျက်ရှိနေသူတစ်ဦး

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရုံးဌာနများ အလိုက် စိမ်းလန်းစိုပြည် သာယာလှပစေရန် ဌာနအလိုက် ဦးစားပေး ဆောင်ရွက်လျက် ရှိနေပါသည်။

၁၅၊ ၁၂၊ ၂၀၀၅ ရက်နေ့ နံနက်ပိုင်းက ပေါင်းလောင်း ရေအားလျှပ်စစ် စက်ရုံစီမံကိန်း သာယာစိုပြည် လှပစေရန်အတွက် လက်ထောက်အင်ဂျင်နီယာ ကိုဝင်းမင်းထွန်းနှင့် ကိုကျော်ဆွေတို့နှစ်ဦး စာရေးသူ၏ စောငှဝါ ပျိုးဥယျာဉ် မှာ ပျိုးပင်အချို့ လာဝယ်ကြပါသည်။ ဝယ်ယူပြီး အပင်များကိုတင်ဆောင်ရန် ကားစောင့်နေစဉ် ဧည့်ခံရင်း စကားပိုင်းဖွဲ့ ပြောဖြစ်ခဲ့ပါသည်။ စာရေးသူက သဘာဝ(အဆိပ်မဲ့) စိုက်ပျိုး ထုတ်လုပ်ရာတွင် အကျိုးပြု သက်ရှိများဖြစ် သော ဂျပန်နည်းပညာ အီးအမ်စနစ်ဖြင့် အောင်မြင်မှုရအောင် ကြိုးစား ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောပြ ဆွေးနွေးခဲ့ပါသည်။

ထိုသို့ ဆွေးနွေးပြောဆိုခဲ့ကြရာမှာ ကိုကျော်ဆွေက ၎င်း၏အဘိုး ဦးအုန်းမောင် ပညာရေးဝန်ထမ်း အငြိမ်းစား၏ နှာခေါင်းရင်း အကျိတ် ကင်ဆာဖြစ်ပြီး ဆရာဝန်များက ခြောက်လခန့်သာ အသက်ရှင်မည်ဟု ဆိုခဲ့ သော်လည်း ဦးအုန်းမောင်၏ ရှစ်ပါးသီလ ကျင့်စဉ်တန်ခိုးကြောင့် သေဘေး မှ လွတ်မြောက်ခဲ့ရုံမက သတ်မှတ်ကာလထက် ၁၆ နှစ်ကျော် ဖြစ်သန်း

www.burmeseclassic.com



အသက်ရှင်နေပြီး ယနေ့အသက် ၈၀ တိုင် ကျန်းမာ အသက်ရှင်လျက်ရှိကြောင်း ပြောပြလာပါသည်။

အလွန် ထူးခြားလှသည့် ဖြစ်စဉ်အကြောင်းအရာကို စာရေးသူအတွက်သာမက အများသူငါများကိုလည်း အသိပေး ဖော်ပြသင့်သည်ဟု ယူဆမိ၍ မြေးတော်သူ ကိုကျော်ဆွေ၏ လိုလားစွာ ခွင့်ပြုချက်၊ ရှင်းပြချက်များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသား ဖော်ပြလိုက်ပါသည်။

ကျောက်ပန်းတောင်းမြို့နယ်၊ နဘဲတန်းကျေးရွာမှ ပညာရေးဝန်ထမ်းဆရာဦးအုန်းမောင် အသက် ၂၃ နှစ်ခန့်က နှာခေါင်း အသက်ရှူလမ်းကြောင်း အရင်းအတွင်းတွင် အကျိတ်တစ်ခု ဖြစ်ပေါ်လာပါသည်။ ၎င်းအကျိတ်ကြောင့် အသက်ရှူမဝ၊ အခက်အခဲများစွာကို ကျော်လွှားရင်း အသက် ၆၀ ထိ ရောက်ရှိလာခဲ့ပါသည်။

ပင်စင်ယူပြီးနောက် အသက် ၆၄ နှစ်ခန့်တွင် ၎င်းအကျိတ်က ဆိုးရွားစွာ နာကျင်ကိုက်ခဲလာသောကြောင့် မန္တလေး ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှု ခံယူခဲ့ပါသည်။

အနာသည် ကင်ဆာဖြစ်၍ ကုသအဆောင်တွင်တက်၍ အခြားသော ကင်ဆာရောဂါသည်များကို ဓာတ်ကင် ကုသသလို ဦးအုန်းမောင်ကိုလည်း ဓာတ်ကင်ကုသမှု အဓိက ပြုလုပ်ပေးခဲ့ပါသည်။ ဓာတ်ကင် ကုသမှုကြောင့် နှာခေါင်းအကျိတ် ပျောက်ကင်းသက်သာသွားသည်ဟု ခံစားခဲ့ရကြောင်း၊ သို့သော်လည်း ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက် ကုသမှုခံယူနေကြသော လူနာများကလည်း နောက်ထပ်ခြောက်လခန့်သာ အသက်ရှင်နေထိုင်နိုင်မည်ဟု အသိပေးလာကြောင်း၊ ရင်ဆိုင်နိုင်အောင်သာ ကြိုးစားပြင်ဆင်ထားရန် အားပေးတိုက်တွန်း အကြံဉာဏ်များပေးကြောင်း သိရပါသည်။

ဤကဲ့သို့ ကြားသိရသော စာရေးသူမှ

'ခင်ဗျားအဘိုးမှာ သေရမည့်အချိန်ကိုသိလျက်နဲ့ မတုန်မလှုပ် ရင်ဆိုင်နိုင်တဲ့ အသုံးပြုမယ့် လက်နက်ကောင်း တစ်ခုခုတော့ ရှိနေလို့ ဖြစ်ရမယ်' ဟု ခန့်မှန်းပြောဆိုခဲ့ပါသည်။ ထိုအခါ ကိုကျော်စွာက



'ရှိပြီလား ဆရာကြီး၊ အဘိုးက ပင်စင်ယူပြီးကတည်းက တရားထိုင်၊ ပုတီးစိပ်ရုံမက နေ့စဉ် ရှစ်ပါးသီလ ခံယူ၊ နံနက်စာ တစ်နပ်သာ စားတော့တာခင်ဗျ'

ဆေးရုံတက် ဆေးကုသမှုခံယူနေတဲ့ရက်များမှာလည်း အဲဒီ ကျင့်စဉ်ကို လုံးဝ မဖျက်ခဲ့ဘူးခင်ဗျ'ဟု ပြောပါသည်။ ဤသို့ဖြင့် ဆေးရုံက ဆရာဝန်များ၏ ခွင့်ပြုချက်ဖြင့် ကျောက်ပန်းတောင်းမြို့နယ်၊ နဘဲတန်း ကျေးရွာရှိ အိမ်ကိုပြန်လာပြီး သေမည့်အချိန်ကို ဦးအုန်းမောင်တစ်ယောက် အကျင့်သီလများ မပျက် စောင့်လင့်နေခဲ့ကြောင်း။

ခြောက်လကျော်ကြာလာမှ နှာခေါင်းအကျိတ်က အနာပေါက်လာပြီး သွေးတစိုစို၊ ပြည်တစိုစိုနှင့် မြင်ရက်စရာမရှိအောင် မျက်စိများအောက်၊ နှာခေါင်းရင်းပတ်လည်မှာ အနာကြီးဖြစ်လာကြောင်း၊ အနာဒဏ်ကြောင့် ၎င်း၏အဘိုး မျက်စိနှစ်လုံးလုံး ပိတ်သွားကြောင်း၊ အစာလည်း မစားနိုင်၊ အရည်အနည်းငယ်သာ ဝင်တော့ကြောင်း။

ရက် ၂၀ လောက်ကြာအောင် မျောသွားကြောင်း၊ အနာထဲမှာ လောက်ကောင်များ ပေါက်လာကြောင်း၊ ကျွန်တော်ကိုယ်တိုင် အဲဒီလောက်တွေကို တစ်ကောင်ချင်း ဇာဂနာနှင့်ညှပ် ဆွဲထုတ်ပြီး ဓာတ်ဆီပုလင်းထဲ ထည့်ကြောင်း။ ထိုသို့ ထည့်တော့လည်း လောက်ကောင်တွေ ရုတ်တရက် မသေကြောင်း၊ ညှပ်နှင့်ဆွဲထုတ်ရာမှာလည်း ခက်ခဲရုံမက၊ အလွယ်တကူ ပါမလာကြောင်း။

မြေးဖြစ်သူ ပြောပြသည်ကို ကြားရသော စာရေးသူမှ ထိုအဖြစ်အားစိတ်ကူးနှင့်မှန်း၍ ကျောချမ်းမိခဲ့ရပါသည်။ ထိုလောက်များကို နှစ်ကြိမ်သုံးကြိမ်လောက် ညှပ်နှင့်ဆွဲထုတ်ပြီးနောက်၊ အနာလည်း တဖြည်းဖြည်းကျဲ့ဝင်လာကာ ရောင်ကိုင်နေသည်များ ကျလာကြောင်း၊ တစ်ပတ်လောက်ကြာမှ အစာစားနိုင်လာကာ မျက်စိနှစ်လုံးလည်း အကောင်းပတိ ပြန်ပွင့်လာကြောင်း မြေးဖြစ်သူ ကိုကျော်ဆွေက ပြောပြပါသည်။

စာရေးသူက မြေးဖြစ်သူ ကိုကျော်ဆွေကို 'မန္တလေးဆေးရုံကြီးကဆင်း အိမ်ရောက်တော့ ခင်ဗျားအဘိုး အခြားဆေးစားခြင်း၊ ကုသခြင်းကော

www.burmeseclassic.com

www.burmeseclassic.com



မပြုဘူးလား’ လို့မေးကြည့်ရာ ‘သေရမယ့်အချိန် ကာလကို သိနေမှတော့ ဘာလို့ ဆေးကု၊ ဆေးစားနေတော့မှာလဲ ငါ့ရဲ့ သီလအကျင့် တည်ဆောက်ရင်းနဲ့ပဲ ဘဝကူးကောင်းအောင် စောင့်နေတော့မယ်’ ဟု ပြန်ပြောကြောင်း ကိုကျော်ဆွေက ပြန်ဖြေပါသည်။

ရက် ၂၀ နီးပါး မျက်စိနှစ်လုံးပိတ်ကာ မှောနေပြီး၊ အစားအစာ မဝင်ပေမယ့် အဘိုးတစ်ယောက် ပက်လက်အနေအထားနှင့် ဂနာမငြိမ် ဖြစ်တာမျိုး၊ သေငယ်ဇောဖောက်ကာ ရုန်းကန်လှုပ်ရှားတာမျိုး မရှိတာ လည်း အလွန်ထူးခြားကြောင်း မြေးဖြစ်သူ ကိုကျော်ဆွေက အမှတ်တရ ဆိုပါသည်။ နောက်ပြီး စာရေးသူကို ကိုကျော်ဆွေက -

‘ဆရာကြီးကလည်း ဒီစောငုဝါ သံပရာခြံနဲ့ ပျိုးဥယျာဉ်ကြီးကို ကြိုးစား အပင်ပန်းခံ တည်ဆောက်ခဲ့လို့ အခုလို သီးပွင့်မှုတွေ၊ အောင်မြင်မှုတွေ ခံစားနေရသလို ကျွန်တော့်အဘိုး ဆရာကြီးနဲ့ ဘဝတူ အငြိမ်းစား ကျောင်း ဆရာကြီးလည်း ကင်ဆာရောဂါနဲ့ သေမယ့်ဘေးကလွတ်အောင် သီလ တန်ခိုးနဲ့ ကြိုးစား အပင်ပန်းခံ တည်ဆောက်ခဲ့လို့ အခုထက်ထိ အသက် ၈၀ နီးပါး အသက်ရှင်ဆဲ ရှိနေကြောင်း’ ကို စာရေးသူ၏ ဘဝပြောင်း ကျောင်းဆရာဘဝမှ စိုက်ပျိုးရေးသမားအဖြစ် ရပ်တည်နိုင်ပုံနှင့် ၎င်း၏ အဘိုး အငြိမ်းစားကျောင်းဆရာကြီး ဘဝနှစ်ခုကို နှိုင်းယှဉ်လျက် အားပါး တရ မှတ်ချက်ပြု ပြောလာပါသည်။

အနာများ သက်သာပျောက်ကင်း၍ အားအင်များရှိလာသည့်အခါ အဘိုးဖြစ်သူ ဦးအုန်းမောင် မန္တလေးဆေးရုံကြီးမှ ကင်ဆာဌာနသို့ သွား ရောက်ပြသခဲ့ရာ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ အားလုံး အလွန် အံ့ဩ ဝမ်းသာသွားကြကြောင်း၊ ပြီးတော့ ၎င်း၏အဘိုးကို ဝိုင်း၍ ကန်တော့ လိုက်ကြောင်း ပြန်လည်ပြောပြပါသည်။

အနာတွေ သက်သာ ပျောက်ကင်းသွားသော်လည်း နှာခေါင်းနှင့် မျက်နှာပြင်တွင် မြင်ရက်စရာမရှိအောင် အမာရွတ်တွေ ကျန်နေကြောင်း၊



ဒါတွေကို အသားအစားထိုးကုသ၍ ရနိုင်၊ မရနိုင် စုံစမ်းကြည့်တော့ လုံးဝ မဖြစ်နိုင်၊ မရနိုင်တော့ကြောင်း သက်ဆိုင်ရာက ပြန်ဖြေခဲ့ကြောင်း။

ဤအဖြစ်လျှင် အခြေအနေကိုလည်း မြေးဖြစ်သူ ကိုကျော်ဆွေနှင့် ‘ကျွန်တော့်အဘိုးအတွက် ဒီအရွယ်၊ ဒီသက်တမ်းနဲ့ အမာရွတ်က အကြောင်း မဟုတ်ပါဘူး၊ ခြောက်လအတွင်းသေမယ်ဆိုတာ မသေဘဲ ၁၆ နှစ်ကျော်တိုင် ဆက်လက်အသက်ရှင်ကာ အခု အသက် ၈၀ တိုင် ရှင်သန် နေနိုင်ခဲ့တာသာ အဓိက အကြောင်းရင်းဖြစ်ပါကြောင်း’ဟု အားပါးတရ ပြောပြပါသည်။

အထက်ပါအတိုင်း မြေးဖြစ်သူ ပျဉ်းမနားမြို့၊ ရေဆင်းပေါင်းလောင်း လျှပ်စစ်ရုံဝန်ထမ်း အိမ်ရာဝန်း၌ နေထိုင်လျက်ရှိသူ ကိုကျော်ဆွေက ၎င်း၏ အဘိုး အငြိမ်းစားကျောင်းဆရာကြီး ဦးအုန်းမောင် ကင်ဆာရောဂါကြောင့် သေရမည့်ဘေးကို ၎င်း၏ သီလ အကျင့်တန်ခိုးနှင့် ကျော်လွှား လွန်မြောက် ကာ ယနေ့တိုင် ကျောက်ပန်းတောင်းမြို့နယ်၊ နဘဲတန်း ကျေးရွာတွင် အသက်ရှင်လျက်ရှိနေပုံ ပြောပြချက်များသည် အလွန် ထူးခြားပြီး စိတ်ဝင်စားဘွယ် ကောင်းလှသည်။


သို့အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကတဆင့် အများသူငါ သိရှိနိုင်ရန် နှင့် ဘုရားဂုဏ်တော်၊ သီလအကျင့်တန်ခိုးကြောင့်သေမည့် ဘေးကတောင် လွတ်နိုင်ကြောင်းသိရှိကာ အတုယူကျင့်ကြံ ပွားများနိုင် ကြစေရန် စာရေးသူမှတဆင့် ပြန်လည် ရေးသားဖော်ပြမျှဝေပေးလိုက် ပါသည်။

[ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ॥ ॥ ဧပြီ၊ ၂၀၀၆ ]

www.burmeseclassic.com

www.burmeseclassic.com





## အိမ်ပေါ်သို့ကြွလာသော ဗုဒ္ဓရုပ်ပွားတော်ကို ပူဇော်ကိုးကွယ်၍ ဘဝတိုးတက်ပြောင်းလဲလာရသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးများမှ တာဝန်ရှိသူများစီးသော ကားတစ်စီး ကျွန်တော်၏ စိုက်ပျိုးရေး ပျိုးဥယျာဉ်သို့ ဆိုက်ရောက်လာပါသည်။ ယခင်ကလည်း အခါအားလျော်စွာ ဤကဲ့သို့သောကားများ မကြာခဏ လာလေ့ရှိသောကြောင့် ယခုလည်း ပျိုးပင်များ ဝယ်ယူရန်သော်လည်းကောင်း၊ လေ့လာရန်အတွက်လည်းကောင်း လာသည်ဟု ယူဆမိခဲ့ပါသည်။ ကားပေါ်မှ မျက်မှန်နှင့် ပုဂ္ဂိုလ်တစ်ယောက် ဆင်းလာပါသည်။ ကျွန်တော်ကလည်း ကြိုဆို၍ နေရာထိုင်ခင်း ပေးခဲ့ပါသည်။ နားခိုတဲအတွင်း ခုံတစ်လုံးတွင် ဝင်ထိုင်ရင်း အဲဒီ ပုဂ္ဂိုလ်က ပြုံးကြည့်နေပါသည်။ ကျွန်တော်က

'ဘာအလိုရှိပါသလဲခင်ဗျာ'ဟုမေးရာ ထိုပုဂ္ဂိုလ်က

'ကျုပ်ကို မမှတ်မိဘူးလား'ဟု ဆိုလာပါသည်။

သူ့အပြုံး၊ သူ့ပုံစံကို ယခင်က မြင်ဖူး၊ ကြုံဖူး၊ ရင်းနှီးခဲ့ဖူးသည်ကို စိတ်မှာ ထင်ခဲ့ပေမယ့် သူ့အမေးကြောင့် အပြေးအလွှား စဉ်းစားရပါတော့



သည်။ ခုံလက်တန်းပေါ် လက်တင်ကာ မာန်ပါသောထိုင်နေဟန်နှင့် စူးရှစွာကြည့်တတ်သော အကြည့်ကို ကျွန်တော့်စိတ်သန္တာန်မှာ ရေးရေးမျှ ပေါ်လာသော်လည်း အတိအကျတော့ စဉ်းစားမရခဲ့ပါ။

သူက ဆက်၍

'ပြန်စဉ်းစားပါဦး'ဟု ဆိုပြန်ပါသည်။ ကျွန်တော်က

'သိခဲ့၊ ရင်းနှီးခဲ့တာတော့ အမှန်ပဲဗျ၊ ဝန်ထမ်းဘဝတုန်းကလားလို့ စဉ်းစားနေတာပါ'ဟု ပြန်ဖြေမိပါသည်။ ထိုအခါ သူက

'ရန်ကုန် ပညာရေးတက္ကသိုလ် သင်တန်းတုန်းကလေ' ဟု အစဖော်ပေးပါသည်။

အဲဒီလိုပြောမှ ချက်ချင်းကြီးပဲ ကျွန်တော့်စိတ်မှာ ပြန်သတိရလာသောကြောင့်

'ဟာ ဆရာတိုး၊ ဝမ်းသာလိုက်တာဗျာ၊ သင်တန်းက ပြန်လာပြီး တာဝန်ပြန်ထမ်းဆောင်ခဲ့စဉ်ကလည်း ဆရာ့သတင်းကို စုံစမ်းနေခဲ့တာပါ' လို့ ဝမ်းသာမှုအတိဖြင့် ဆရာဦးတိုးလွင် လက်ကိုဆွဲကာ ကြိုဆိုမိပါသည်။

အဲဒီလို တစ်ယောက်နှင့်တစ်ယောက် ဝမ်းသာပျော်ရွှင်စွာ တွေ့ဆုံစကားဆိုပြီးနောက် ဆရာတိုးက မြို့ထဲမှာ အထက ၁ ကျောင်းအုပ်ကြီး ဦးစိုးလှိုင်နှင့် ဆုံတွေ့လို့ သူပြောပြလို့ ခင်ဗျား ခြံလုပ်ငန်းနှင့် ကြီးပွားနေကြောင်း၊ ဒီနေရာကို ပြောပြလို့ လာခဲ့တာဟု ရှင်းပြပါသည်။

ဆရာဦးစိုးလှိုင်သည် ရန်ကုန်သို့ မကြာခဏ ဆင်းရုံမက မိတ်ဆွေပေါ အလွန်နှံ့စပ်သူမို့ ကျွန်တော် သူနှင့်ဆုံတိုင်း ဆရာတိုး နေရပ်လိပ်စာကို စုံစမ်းပေးဖို့ အမြဲမှာခဲ့ပါသည်။ သူ့ကို ပြန်မေးကြည့်ပါ။ ဆရာတိုး ကျွန်တော့်ကို သင်တန်းပြီးခါနီး ဗေဒင်ဟောပေးခဲ့သည့်အထဲမှာ

'မကြာသောကာလမှာ ခင်ဗျားအိမ်ပေါ်ကို ဘုရားကြွလာလိမ့်မယ်၊ ရှေးဟောင်းဒက္ခိဏာသာခါဘုရား ရုပ်ပွားတော်ဖြစ်တယ်၊ ခင်ဗျား ကိုးကွယ်ပူဇော်ပါ၊ ဘုရားကြွလာပြီးနောက် ခင်ဗျားဘဝ၊ ခင်ဗျား မိသားစုဘဝ

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အားလုံး တိုးတက်ပြောင်းလဲလာရမယ်' ဟု ဟောပြောချက်သည် လုံးဝ ကွက်တိမှန်ကန်ကြောင်း၊

'ဆရာတိုးကို အစအဆုံး ရှင်းပြချင်ပါတယ်၊ အချိန်ရလား' ဟု မေးတော့

'နေပြည်တော်ကို သွားရမှာလေ'ဟု အပြုံးနှင့် ဆိုပါသည်။

ဪ ၁၉၈၄ ခုနှစ်၊ ဘီအီးဒီသင်တန်း တက်ကြတုန်းကလည်း ဆရာဦးတိုးလွင်ကို ယခုလိုပဲ ယခု ၂၃ နှစ် ကျော်မှ ပြန်တွေ့ကြပြန်တော့လည်း ထူးပါပေ့ ဆရာရယ်ဟု လေးစား ဂုဏ်ယူမိတာ အမှန်ပါ။

ဒါပေမဲ့ 'ဆရာ ဆယ်မိနစ်လောက်တော့ အချိန်ပေးပါ၊ ဆရာ့ဟောပြောချက် ကွက်တိ မှန်ကန်ကြောင်း၊ ဘုရားဆောင်မှာ ပူဇော်ထားတဲ့ ဘုရားရုပ်ပွားတော်ကို ပြပါရစေဦး'ဟု မေတ္တာရပ်ခံမိပါသည်။

ဆရာတိုးက ကားပေါ်ပါပုဂ္ဂိုလ်ကို ခဏဟု ပြောဆိုကာ ကျွန်တော်နှင့်အတူ ဘုရားဆောင်ပေါ်သို့ လိုက်ခဲ့ပါသည်။ ဘုရားဆောင်သို့သွားရင်း ပညာရေးတက္ကသိုလ်သင်တန်း စာမေးပွဲဖြေအပြီး ပညာသင်နှစ် ကျောင်းပြန်ဖွင့်စမှာ မိခင်ဌာနမှာ ပြန်လည် အလုပ်ဝင်ခဲ့ကြောင်း၊ ပျဉ်းမနားမှာ ဘဝတူ ဆရာတစ်ဦး ဘီအီးဒီသင်တန်း တက်နေရာမှ အကြောင်းကြား၍ စာမေးပွဲအောင်ကြောင်း သိရပုံ၊ အဲဒီနှစ်မှာပဲ မိုးအကုန် ရက်တစ်ရက်မှာ ဇနီးသည်၏မွေးလူနာမိသားစု လူနာလာပြရာက ကျွန်တော်၏ အိမ်ပေါ်သို့ ဘုရားကြွလာပုံကို အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

၁၉၈၄ ခုနှစ်၊ မိုးကုန်ရာသီတစ်ရက်မှာ ပျဉ်းမနား ပြည်သူ့ဆေးရုံဝင်းအတွင်း ကိုယ်ပိုင်ဆောက်လုပ်နေထိုင်ခဲ့သော အိမ်ဝန်းအတွင်းရှိ ပန်းခြံလေး၌ ကျွန်တော် ပေါင်းရှင်းလင်းနေခိုက်၊ မွေးလူနာလာပြသော မိသားစုနှင့် ဇနီးသည်တို့ ခေတ္တထိုင် စကားပြောဆိုနေခဲ့ကြပါသည်။ ထိုစဉ် မွေးလူနာ၏ ခင်ပွန်းက

'ဆရာမကြီး ဗုဒ္ဓဘာသာလား'ဟု မေးမြန်းသံ ကြားရပါသည်။



ကျွန်တော့်ဇနီးက

'ဟုတ်ပါတယ်ကွယ်၊ ဗုဒ္ဓဘာသာကိုးကွယ်ရုံမကပါဘူး၊ ဖခင်ကြီးက ရှစ်ပါးသီလ ခံယူထားသလို ဆရာမကိုယ်တိုင် ဥပုသ်နေ့တိုင်း သီလယူဆောက်တည်နေသူပါ'ဟု ရှင်းပြခဲ့ရာ ထိုလူငယ်က ပျဉ်းမနားသို့ ပြန်အလာ သူ့ဇနီးက ဆရာမကြီးကို လက်ဆောင်တစ်ခုခု ပေးရအောင်ဟု ဆိုရာမှ ဆရာမအတွက် ဘုရားတစ်ဆူ ကိုးကွယ်ရန် ယူလာခဲ့ကြောင်း၊ ဗုဒ္ဓဘာသာ မဟုတ်လျှင် ဆွေမျိုးတွေအတွက်ပေါ့ဟု ရည်ရွယ်ယူလာခဲ့ကြောင်း၊ ယခုတော့ အိမ်ပြန်ယူပါဦးမည်ဟုဆိုကာ လူငယ်က ရှေ့ဆုံးက၊ ကိုယ်ဝန်သည်က နောက်က၊ နောက်ဆုံးက မိခင်နှင့် အဒေါ်တို့ တန်းစီထွက်သွားကြပါသည်။

ဘုရားပူဇော်ရန် ဘုရားတစ်ဆူ လက်ဆောင်ယူလာသည်ဟု ပြောဆိုသံကြားသည်နှင့် ဆရာတိုး၏ 'အိမ်ပေါ်သို့ ဘုရားကြွလာမည်'ဆိုသည့် ဟောပြောချက်ကို ပြေး၍သတိရမိခဲ့တာ အမှန်ပါ။

နောက်တစ်နာရီခန့်ကြာသောအခါ အိမ်က တန်းစီ ထွက်သွားကြသလို လူငယ်က သတင်းစာစက္ကူများဖြင့် အလုံပတ်ထားသော အထုပ် တစ်ထုပ်ကို လက်နှစ်ဖက်ဖြင့် ပိုက်၍ ပြန်ဝင်လာကြပါသည်။ အဲဒီအချိန်အထိ ကျွန်တော်က ပန်းခြံထဲမှာပါ။ ပြောဆိုနှုတ်ဆက်ကြပြီး လူငယ်က အထုပ်ပိုက်ကာ အိမ်အပေါ်ထပ်သို့ တန်းတက်သွားပါသည်။ ကျွန်တော်လည်း နောက်ဆုံးက လိုက်ပါသွားကာ ဝရန်တာပြတင်းပေါက်က ရပ်ကြည့်နေမိပါသည်။

လူငယ်က ကျွန်တော့်စာရေးစားပွဲပေါ်သို့ ပိုက်လာသည့်အထုပ်ကိုချ၊ ဖြည်ရင်း

သူ၏အမည်မှာ ကိုစိုးဝင်းဖြစ်ကြောင်း၊ ရွှေတိဂုံဘုရား အရှေ့မုခ်မှာ ဘုရားရုပ်ပွားတော်များ ထုလုပ်ရောင်းချသော နိဗ္ဗာန်ကုန်သည် ဖြစ်ကြောင်း၊ ဒီဒကွိုဏာသာခါ ရုပ်ပွားတော်သည် ရွှေတိဂုံဘုရားမှာ ပန်းပေါင်းရှင်သောင်းလေးထောင် တင်လှူပွဲအပြီး စွန့်ကျန်ရစ်သော ပန်းခြောက်များကို အမှုန့်

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်၍ ဂေါပကအဖွဲ့က နှစ်ကျိပ်ရှစ်ဆူဘုရား ရုပ်ပွားတော်များ ထုလုပ်ပေးရန် အပ်နှံခဲ့ရာမှ အပိုရရှိခဲ့သော ရုပ်ပွားတော် သုံးဆူထဲက တစ်ဆူဖြစ်ကြောင်း၊ မိခင်နှင့် အဒေါ်ဖြစ်သူကို တစ်ဆူစီ ပေးပြီးဖြစ်ကြောင်း၊ ဆရာမအတွက် လာခါနီးမှ ရုပ်ပွားတော်ကို ရွေချ၊ မှန်ပေါင်းချောင်ကို အမြန်ပြုလုပ်ခဲ့တာဖြစ်ကြောင်း ရှင်းပြပါသည်။ ရုပ်ပွားတော်ကိုလှူပ်ပြရာ အသံကြားရပါသည်၊ ပန်းပေါင်းဘုရား ဝမ်းဗိုက်ဟောင်းလောင်း ဖြစ်ကြောင်း၊ အတွင်းမှာ ဗုဒ္ဓဂါယာမှ မြေ၊ ညောင် ပစ္စည်းများ ထည့်ထားတာပါဟု ဆိုပါသည်။ တစ်လက်မခန့် ဉာဏ်တော်အမြင့်ရှိ ရွှေချထားသော စေတီငယ်ကို ကိုင်ပြ၍ ရုပ်ပွားတော်၏ လက်ဖဝါးတော်အပေါ်မှာ တင်ထားပါသည်။

ကိုစိုးဝင်းက ဆက်လက်၍ ရုပ်ပွားတော်၏ မှုချက်များကို ပြသ၍ ရှေးဟောင်းရုပ်ပွားတော်အင်္ဂါများနှင့် ညီသောကြောင့် ရှေးဟောင်း ဒက္ခိဏသာခါ ဘုရားရုပ်ပွားတော်အဖြစ် သတ်မှတ်နိုင်ကြောင်း ရှင်းပြပါသည်။

ထို့နောက် ကိုစိုးဝင်းသည် ကျွန်တော်၏ ဘုရားဆောင် ကျဉ်းကျဉ်းလေးပေါ်သို့ မှန်ပေါင်းချောင်နှင့် ရုပ်ပွားတော်ကို တင်ထားလိုက်ပါသည်။ ပြီးတော့ 'ဆရာမ အနေကဇာ မတင်ရသေးဘူး၊ တင်လိုက်ပါဦး' ဟု ပြောဆိုကာ မိသားစုလိုက် တက်လာခဲ့သော ပုံစံအတိုင်း တန်းစီ ဆင်းသွားကြပါသည်။

အဲဒါပါပဲ ဆရာတိုး၊ လွန်ခဲ့တဲ့ ၂၃ နှစ်ကျော်က ရန်ကုန်ပညာရေးတက္ကသိုလ် မြဝတီဆောင်မှာ စာမေးပွဲဖြေခါနီးတစ်ရက်မှာ ဆရာတိုးဟောပြောခဲ့တဲ့ 'ခင်ဗျားအိမ်ပေါ်ကို ရှေးဟောင်း ဒက္ခိဏသာခါ ဘုရားကြွလာမယ်'ဆိုတဲ့ ဟောချက် ကွက်တိမှန်ခဲ့သလို 'ဘုရားကြွလာပြီးနောက် ခင်ဗျားဘဝ တိုးတက် ပြောင်းလဲမှုတွေနှင့် ကြုံရမယ်'ဆိုတဲ့ အချက်ကလည်း လုံးဝမှန်ပါတယ် ဆရာဟု ရသမျှအချိန်အတွင်း ရှင်းပြခဲ့ပါသည်။

ဆရာတိုးက ဘုရားဆောင်ရှိ ဒက္ခိဏသာခါဘုရားကို ဦးခိုက် ကန်တော့ပြီး ဘုရားပွဲတင်ထားသော အုန်းသီးတော် အညှာကို ဘုရားစဉ်ရှိ ရုပ်ပွားတော်ဘက်သို့ မ၍ လှည့်ပေးကာ 'ခင်ဗျား ဝင်သမျှ ငွေတွေမမြဲဘဲ ပြန်ပြန်



ထွက်သွားတာ အုန်းသီးတော်အညှာကို အိမ်အပေါက်ဘက် လှည့်ထားလို့'ဟု ပြောဆိုကာ ဘုရားဆောင်မှ အောက်သို့ ဆင်းလာပြီး ကားပေါ်သို့ တက်ဖို့ပြင်နေခိုက် 'ဆရာ၊ ဆရာ့ကို ပူဇော်ချင်ပါတယ်၊ ဘယ်မှာတည်းပါသလဲ'ဟု မေးရာ မြို့ထဲရှိ ကျွန်တော်သိသော တည်းခိုခန်း အမည်တစ်ခုကို ပြောပြ၍ ကားဖြင့် ပြန်ထွက်သွားပါတော့သည်။

ထိုနေ့ည ခုနစ်နာရီခန့်တွင် ခြံလုပ်ငန်းဝင်ငွေဖြင့် ဝယ်ယူနိုင်ခဲ့သော ကျွန်တော်၏ကားကို သားငယ်က မောင်းပြီး ကျွန်တော်၏ ဇနီးနှင့်အတူ ဆရာတိုး ပြောပြခဲ့သော တည်းခိုခန်းသို့ သွားခဲ့ကြပါသည်။ ထိုတည်းခိုခန်းတွင် ဆရာတိုးကို မတွေ့ရပါ။ အဲဒါကြောင့် မြို့ပေါ်ရှိ တည်းခိုခန်းမှန်သမျှ တစ်ခုပြီးတစ်ခု လိုက်ရှာရင်း ကျောင်းအုပ်ကြီး ဦးစိုးလှိုင် အိမ်ကိုလည်း ရောက်ဖြစ်ခဲ့ပါသည်။ ည ၁၀း ၃၀ နာရီကျော်ထိ ဆရာတိုးကို ရှာသော်လည်း မတွေ့ရတော့ပါ။ ၂၃ နှစ်ကျော်ကြာပြီးမှ မမျှော်လင့်ဘဲ ဖြုန်းစားကြီး ပြန်တွေ့ရသော ဆရာတိုး၊ လေနှင့်အတူ ပြန်ပျောက်သွားပြန်ပေါ့။ ကျွန်တော်ကလည်း ထင်ပြီးသားပါ။ နေပြည်တော်က လူကြီးမင်း တစ်အိမ် အိမ်မှာ ညအိပ်နေမှာပါလို့၊ ဆရာတိုးကို ပြုစုဖို့အပြင် ဉာဏ်ပူဇော်ရင်း ကျွန်တော့်ဘဝ တိုးတက်ပြောင်းလဲမှုများကို ပြန်ပြောပြဖို့ ရည်ရွယ်ထားတာကိုလည်း နောက်တစ်ကြိမ် ပြန်ဆုံကြမှပေါ့လို့ ဖြေသိမ့်ခဲ့ရပါသည်။

အထက်ပါ အကြောင်းအရာ အဖြစ်အပျက်များနှင့် ဆက်စပ်၍ ကျွန်တော့်အတိတ်က ဘဝအကြောင်း၊ ဆရာတိုးနှင့် သင်တန်းတွင် တွေ့ဆုံခဲ့သော ပေဒင် မေးမြန်းခဲ့ပုံ ဖြစ်ပေါ်လာသည့် ဖြစ်စဉ်များကို ပြန်လည်ဖော်ပြပါမှ ပြည့်စုံမည်ဖြစ်၍ ဆက်လက်ရေးသား ဖော်ပြလိုက်ပါသည်။

ကျွန်တော်သည် ငယ်စဉ်ဘဝ ဆယ်ကျော်သက်အရွယ် ကတည်းက ဗုဒ္ဓဘာသာ မိဘနှစ်ပါး၏သွန်သင်ဆုံးမ ညွှန်ပြမှုဖြင့် စိတ်ကောင်းမွေးမြူ၍ ကိုယ်ကျင့်တရားအလေးထား ကြီးပြင်းလာရသူဖြစ်ကြောင်း ဦးစွာဝန်ခံပါရစေ။ အရွယ်ရောက်လာသည့်အခါ လူငယ်တို့သဘာဝ ပါသနာပါရာ

www.burmeseclassic.com

www.burmeseclassic.com



အားကစားကို လေ့ကျင့်လိုက်စားယှဉ်ပြိုင်မှုအပြင် အားကစားလုပ်ငန်းများမှာ ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့ရာမှ အားကစားစိတ်ဓာတ် အခြေခံ ခံယူချက်များကို သိရှိကျင့်သုံးခဲ့မိပါသည်။ ထို့ကြောင့် အရက်သေစာ လောင်းကစားမှုသည် ကင်းပါးကို အတတ်နိုင်ဆုံး စောင့်ထိန်းနေထိုင်ရန် အသိများ တိုးလာခဲ့ရပါသည်။

သို့သော်လည်း အပေါင်းအသင်းများနှင့်နီးစပ်မှု အခြေအနေများ ဖန်တီးလာရာက တောလည်ခြင်း၊ ငါးမျှားခြင်းမှာ ဝါသနာပါလာရာ အသက် ၄၀ ဝန်းကျင် ရောက်သည်အထိ အားလပ်သည့်အခါတိုင်း တောလည်ခြင်းကို မစွန့်နိုင်ဖြစ်ခဲ့ရပါသည်။ ဒါပေမဲ့ အပေါင်းအသင်းတွေထဲက ကားတိုက်သေဆုံးသူ၊ လေဖြတ်ခံရပြီး သေဆုံးသူ၊ သွေးအန်ပြီး သေဆုံးသူများ ရှိလာပြီးနောက် ကျွန်တော်ကိုယ်တိုင်လည်း ကျန်းမာရေး ချို့ယွင်းလာကာ ဆေးရုံမကြာခဏ တက်ရောက်ကုသရခြင်းအထိ ဖြစ်လာသောအခါ 'အကုသိုလ် ဖိစီးမှုကြောင့်'ဟု အသိ ဝင်လာပါသည်။ ထိုအသိ ဝင်လာသည်မှစ၍ အဲဒီ တောလည်ခြင်း၊ ငါးမျှားခြင်း ဝါသနာအရ လုပ်ဆောင်မှုများကို စွန့်လွှတ်ရပ်ဆိုင်းမိခဲ့ပါသည်။

ထိုအချိန်ကစပြီး ဇနီးသည်၏ တိုက်တွန်းအားပေးမှုဖြင့် ပုတီးစိပ်ခြင်းနှင့် ဗုဒ္ဓဂုဏ်တော်များရွတ်ဆိုခြင်း၊ ပွားများခြင်း အလေ့အကျင့်ကောင်းများကို အစားထိုး လုပ်ဆောင်ဖြစ်ခဲ့ပါသည်။ အရွယ်အားဖြင့် အသက် ၄၀ ကျော် အရွယ်၊ ၁၉၈၃-၈၄ ခုနှစ်တွင် ပညာရေး ဝန်ထမ်းဘဝနှင့် ပညာရေးတက္ကသိုလ်၌ ဘီအီးဒီ အချိန်ပြည့် တစ်နှစ် သင်တန်းသို့ တက်ရောက်ခဲ့ပါသည်။

၁၉၈၄ ခုနှစ်၊ မတ်လအထိ ရန်ကုန် အင်းလျားလမ်းရှိ မြဝတီအဆောင်တွင် နေထိုင်၍ ဘီအီးဒီ သင်တန်းကို ပညာရေးတက္ကသိုလ်၌ သွားရောက်သင်ယူရပါသည်။ ထိုနှစ် ဘီအီးဒီ သင်တန်းတွင် ဘွဲ့ရ ပညာရေးဝန်ထမ်းများအပြင် ဘွဲ့ရလူငယ် (ပြင်ပ)အချို့လည်း တက်ရောက်ကြတာ တွေ့ရပါ



သည်။ အခြား ဘီအီးဒီသင်တန်း အမျိုးသားများသည် နဝဒေးဆောင်မှာ နေထိုင်ရပါသည်။ သင်တန်းတွင် လူငယ်၊ လူရွယ်၊ လူလတ်ပိုင်းများပြီး အသက် ၄၀ ကျော်အရွယ် အနည်းငယ်ပါပါသည်။ အဲဒီ အသက် ၄၀ ကျော် သင်တန်းသားများထဲမှာ ကျွန်တော် ပါဝင်ခဲ့ပါသည်။ ကျွန်တော်သည် ပညာရေးဘွဲ့မရှိသောကြောင့် လုပ်သက်ဖြင့် မတက်မနေရ တက်ရောက်ခဲ့ရသူလည်း ဖြစ်ပါသည်။ ဘီအီးဒီသင်တန်းသို့ တိုင်းနှင့်ပြည်နယ်များမှ ဆရာ၊ ဆရာမများ အချိုးကျ တက်ရောက် သင်ကြားရတာလည်း ဖြစ်ပါသည်။

သင်တန်းတက်ရောက်သင်ကြားကြရာတွင် လူငယ်လူရွယ် လူလွတ်များအဖို့ ပျော်ရွှင်စွာ တက်ရောက်သင်ကြားနေကြပေမယ့် ကျွန်တော်ကဲ့သို့ အသက်အရွယ်အရ အိမ်ထောင်သည်များအဖို့ များသောအားဖြင့် ခြိုးခြံချွေတာစွာဖြင့် တက်ရောက် သင်ကြားနေကြတာ များပါသည်။ ကျွန်တော့်အနေဖြင့် တာဝန်အရလည်းကောင်း၊ ဘဝရှေ့ရေးအတွက် လည်းကောင်း ပို၍သတိဖြင့် ကြိုးစားနေထိုင် သင်ယူနေခဲ့ရပါသည်။

ထိုကဲ့သို့ သင်တန်းတက်သင်ယူနေရင်း ကျွန်တော်နှင့် အခန်းချင်းကပ်လျက်မှ ဆရာတစ်ဦးကို သတိထားဂရုပြုမိခဲ့ရပါသည်။ အဲဒီဆရာသည် အရပ်ပုပု၊ အသားလတ်လတ်နှင့် အလွန်သွက်လက် တက်ကြွမှု ရှိနေရုံမက၊ အလွန်ညှော်ပေါသော ဆရာဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။ အခန်းမှာ သူရှိနေသည့်အခါ ညှော်မပြတ်သလို သူ မရှိသည့်အခါများမှာလည်း သူ့ကိုလာရောက် စုံစမ်းမေးမြန်းမှု များပြားနေတာကလည်း တစ်မူထူးနေပါသည်။ သူ့ထံလာကြသည့် ဧည့်သည်များထဲတွင် ကိုယ်ပိုင်ကားပိုင်ရှင်များလည်း ပါတာ တွေ့ရပါသည်။ များသောအားဖြင့် သူ့ကို အခန်းမှာ တွေ့ရခဲသလို ညအိပ်ချိန်မှာ မရှိတာလည်းများပါသည်။

အဲဒီလို သင်တန်းသားဘဝတုထဲမှာ သူ၏ထူးခြားမှုကို ကျွန်တော်နှင့် အပေါင်းပါတစ်စုက စိတ်ဝင်တစား စပ်စုမိတာ အမှန်ပါ။ သူ့အကြောင်း စုံစမ်းလေ့လာမိရာက သူသည် 'ဗေဒင် ဆရာတစ်ဦး၊ ပြောချက် အလွန်

www.burmeseclassic.com

www.burmeseclassic.com



မှန်ကြောင်း၊ သူ့အမည်က ဦးတိုးလွင်၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်က ဖြစ်ကြောင်း' သိရှိလာရပါသည်။

သူ့ကို သင်တန်းမှာလည်းကောင်း၊ အဆောင်မှာ လည်းကောင်း၊ အခါ အားလျော်စွာသာ မြင်ရတွေ့ရလေ့ ရှိပါသည်။ တစ်ခါတစ်ရံ စားသောက် ဆောင်အတွင်းမှာ ရိပ်ခနဲ ခဏသာ မြင်ရတွေ့ရလေ့ ရှိပါသည်။ အဲဒီနောက် လာခေါ်သော ကားတစ်စီးစီးနှင့် ပါသွားတာ များပါသည်။ ထိုအချိန်က စားသောက်ဆောင် ထမင်းဟင်းက ညံ့တာပါသလို သူ မစားတာကလည်း သူ့ကို ဧည့်ခံကျွေးမွေးသူများလွန်းလို့ ကန့်သတ်တောင် ထားရသည်ဟု ကြားသိခဲ့ရပါသည်။

အဲဒီလိုနှင့် ကျွန်တော်တို့ ဘီအီးဒီ တစ်နှစ်သင်တန်း စာသင်ချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးခါနီးချိန် စာမေးပွဲကြီးလည်း တဖြည်းဖြည်း နီးကပ်လို့ လာနေပါပြီ။ သင်တန်းသားများလည်း အချိန်လု၊ ရသမျှအချိန်တိုင်းမှာ အခန်းအောင်း စာကျက်မှတ်သူများလည်း ပိုလာပါသည်။ အထူးသဖြင့် နေ့ခင်းပိုင်း အချိန်များမှာ အခန်းအောင်း စာကျက်ကြတာ များလာပါသည်။ အဲဒီလို သင်တန်းသားတိုင်း စာမေးပွဲအတွက် အချိန်ပေး စာကျက် လုပ်ဆောင် နေကြသော်လည်း ဆရာဦးတိုးလွင်တစ်ယောက်ကတော့ အခန်းမှာ တွေ့ရမှု နည်းလျက်ပါပဲ။ သူ့ကိုတွေ့လိုက်မြင်လိုက်တော့လည်း အပြုံးများစွာနှင့် ခဏပါပဲ။

သင်တန်းပိတ်ရက် တစ်ရက်တွင် ကျွန်တော်သည် အခန်းအောင်း စာကျက်နေရာမှ အညောင်းအညာဖြေရန် အဆောင်အပြင်ဘက်သို့ ခဏ ထွက်လာခဲ့ပါသည်။ ဧည့်ခန်း ဆက်တီခုံရှည်တစ်ခုပေါ်၌ ထိုင်နေသော လူငယ်တစ်ယောက် နေရာမှထလာပြီး 'ဆရာဦးတိုးလွင်ကို မတွေ့ဘူးလား ခင်ဗျာ'ဟု မေးလာပါသည်။ ကျွန်တော်ကလည်း အခန်းပိတ်ထားပြီး မရှိ ကြောင်း ပြန်ပြောပြခဲ့ပါသည်။ အချိန်အားဖြင့် နံနက် ဆယ်နာရီခန့် ဖြစ်ပါ သည်။ ထို့နောက် ကျွန်တော် နံနက်စာစားပြီး ပြန်လာချိန်တွင် အစောက



ထိုင်ခုံမှာ ထိုင်စောင့်နေသော လူငယ်ထလာပြီး ကျွန်တော့်အား 'သူသည် သူ့ဆရာက ဦးတိုးလွင်ကို ထမင်းစားဖိတ်ထားတာ ကားဖြင့် လာခေါ်တာ ဖြစ်ကြောင်း၊ ယခု အချိန်အတော်လင့်လာလို့ အခြေအနေကို အိမ်ပြန် တင်ပြ ရတော့မှာမို့ တကယ်လို့ ဆရာဦးတိုးလွင်များ အချိန်မီ ပြန်ရောက်လာ ခဲ့လျှင် ထမင်းအတူစားဖို့ နေ့လယ် တစ်နာရီထိ စောင့်နေပါမည်ဟု ပြောပြ ပေးပါရန်' မှာကြား၍ ကားကို မောင်း၍ ပြန်သွားပါသည်။ ပြန်သွားချိန်က ၁၂ နာရီခွဲခန့် ထိုင်စောင့်နေတာက ဆယ်နာရီလောက်ကတည်းကပါ။

ဒီလို အခြေအနေကိုတွေ့ရသော ကျွန်တော် ဆရာဦးတိုးလွင်ကို အထင် ကြီး လေးစားမိတာအမှန်ပါ။ ထို့ကြောင့် သူ၏ ဗေဒင်အတတ်ပညာကိုလည်း အခွင့်သာလျှင် မေးမြန်းလေ့လာရန် ဆုံးဖြတ်မိခဲ့ရပါသည်။ ဒါပေမဲ့ အဲဒီနေ့က သူ့ကို မတွေ့ရသလို မှာကြားချက်ကိုလည်း ပြန်မပြောပြနိုင်ခဲ့ပါ။

ကျွန်တော်တို့စာမေးပွဲကြီး အလွန်နီးကပ်လာချိန် အခန်းအောင်း စာကျက်ခြင်း ပိုမို လုပ်ဆောင်လာရချိန်မှာတော့ ဆရာဦးတိုးလွင်ကို သူ့ အခန်းမှာ ပြန်တွေ့လာရပါသည်။ ကျွန်တော်တို့ စာကျက်ချိန်မှာ အခန်း ဂျက်ထိုးထားလေ့ရှိပေမယ့် ဦးတိုးလွင်၏ အခန်းတံခါးကတော့ လူအဝင် အထွက်ကြောင့် ဖွင့်သံ ပိတ်သံ အမြဲလို ကြားနေရတာလည်း အမှန်ပါ။ တစ်ရက်တွင် ကျွန်တော် စားပွဲမှာထိုင်၊ စာလုပ်နေစဉ် ဆရာ ဦးတိုးလွင် အခန်းမှ စားပွဲထုသံ ပြင်းပြင်းနှင့်အတူ ဆရာဦးတိုးလွင်၏ မကျေနပ်သော စကားသံကျယ်ကျယ်ကြောင့် ကျွန်တော်လည်း စာအုပ်ချ၍ နားစွင့်နေရာ ဆရာ၏ ဗေဒင်ဟောပြောချက် လေးချက်ကို အောက်ပါအတိုင်း ကြားသိ ခဲ့ရပါသည်။ အဲဒီ ဟောပြောချက်တွေကတော့

- လောလောဆယ်မှာ ဟာဝေယံရှုပ်အကျီတစ်ထည် ပျောက်သွား ရမယ်၊ ဟုတ်သလား။ အဲဒါ ကောင်းတယ်။
- ခင်ဗျားမှာ လိပ်ခေါင်း စဖြစ်နေပြီ၊ ဟုတ်သလား။ ပျောက်အောင် ကုပစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



- ခင်ဗျားဇနီး သားအိမ်ရောဂါနှင့် ဆေးရုံမှာ ရောက်နေတယ်၊ ဟုတ်သလား။ စိုးရိမ်စရာတော့ မရှိပါဘူး။
- လတ်တလော ခင်ဗျားမှာ ဆုလာဘ်သော် လည်းကောင်း၊ ဝင်ငွေသော်လည်းကောင်း ဂဏန်းခြောက်လုံးအထက် ဝင်လာလိမ့်မယ်၊ ဟုတ်သလားဟု တွက်ချက်မေးမြန်းသံ တစ်ခုချင်း ကြားရသော်လည်း ဗေဒင် မေးသူ၏ ပြန်ဖြေသံကိုတော့ ကျွန်တော် ဂရုစိုက်နားထောင်သော်လည်း အလွန်တိုး၍ မကြားခဲ့ရပါ။ နောက်ဆုံးတွင် ဆရာဦးတိုးလွင်က မာန်ပါသောစကားသံဖြင့်

'အဲဒီလိုလုပ်ပါ၊ ကျုပ် တွက်ချက်ဟောတဲ့နည်းက သင်္ချာနည်းလိုပဲ တိကျတယ်၊ မှန်ကန်တယ်'ဟု ပြန်ပြောသံဖြင့် အဆုံးသတ်မှု ကြားရပါသည်။ အဲဒီလိုပြောဆိုသံတွေကြောင့် ကျွန်တော်လည်း ဗေဒင်မေးသူကို တွေ့မြင်လိုသဖြင့် အခန်းတံခါးဟ ရပ်စောင့်နေပါသည်။ ခဏအကြာတွင် ဆရာတိုး အခန်းတံခါး ဖွင့်ကာထွက်လာသော ဟာဝေယံရှပ်လက်တိုကို ပုဆိုးအပြင် ထုတ်ဝတ်ထားသော လူရွယ် သန့်သန့်တစ်ယောက်ကို တွေ့မြင်လိုက်ရပါသည်။ ထိုပုဂ္ဂိုလ် ခပ်လှမ်းလှမ်းအရောက် ကျွန်တော်က 'ဆရာတိုး၊ ဒေါသကြီးလှချည်လား၊ ဟိုဗေဒင်မေးသူအသံကိုတော့ ဘာမှ မကြားရဘူး'ဟု ပြောဆိုကာ သူ အခန်းထဲသို့ ဝင်သွားခဲ့ပါသည်။

အရှိန်မပြေသေးသော ဆရာတိုးက

'ဘာရမလဲဗျာ၊ ကျွန်တော့်ဟောချက်တွေက ကွက်တိမှန်နေတော့ ဝန်ခံပြီး ပြန်သွားရတာပေါ့'ဟု ပြန်ဖြေပါသည်။

ကျွန်တော်က ဆရာ့ ဟောပြောချက်တွေထဲက ဂဏန်း ခြောက်လုံးအထက် ငွေတွေ ဝင်လာစရာ ရှိတယ်ဆိုသည့်အချက်ကို ထောက်ပြ၍

'ဂဏန်း ခြောက်လုံးအထက် ဆိုတော့ သန်းဂဏန်းတောင် ဆရာတိုး၊ ဒါကိုတော့ ကျွန်တော် စိတ်ဝင်စားတယ်ဗျာ' ဟု မေးမြန်းမိပါသည်။

ထိုအခါ ဆရာတိုးက



'သူက အရာရှိဗျ၊ သိန်းပေါင်းများစွာ တန်တဲ့ မှောင်ခိုကျောက်စိမ်းကို ဖမ်းပေးလို့ ဆုငွေ သိန်း ၄၀ နီးပါး ဆုအဖြစ် ရထားကြောင်း ဝန်ခံခဲ့တယ်'ဟု ပြန်ဖြေပါသည်။ သူ့ထံ အဲဒီအရာရှိဗေဒင်လာမေးရတာကလည်း ဆေးရုံတက်နေသည့် သူ့ဇနီးက တိုက်တွန်းလို့ လာကြောင်း၊ သူ မြို့ထဲမှာ ဗေဒင်ဟောရန်သွားခဲ့သည့်အိမ်မှာ ဆုံခဲ့စဉ်က သူ့ဇနီးကို သူနှင့်မရခင် လက္ခဏာကြည့်ပြီး

'မင်း မကြာခင် အိမ်ထောင်ကျမယ်၊ လက်နက်ကိုင်အဖွဲ့က အရာရှိဖြစ်မယ်၊ မကြာခင်ပဲ သားအိမ်ရောဂါနဲ့ ဆေးရုံတက်ရလိမ့်မယ်၊ ဂရုစိုက်ပါ၊ အသက်ဘေး အန္တရာယ်တော့ မစိုးရိမ်ရပါဘူး'လို့ ဟောပြောထားခဲ့တဲ့ ဟောချက်မှန်လွန်းလို့ သူ့ဇနီး ဆေးရုံတက်နေရာက သွားဖြစ်အောင် သွားတွေ့ဖို့ လွှတ်လိုက်တာဗျ၊ ဒါပေမဲ့ ကျုပ်ဆီရောက်လာပြီး အကြောင်းစုံ မပြောဘဲ ကျုပ်ကို ဗေဒင်မေးတာ၊ ကျုပ် ဟောပြောချက်တွေကိုလည်း မြုံစိစိနဲ့ ဝန်မခံလို့ ကျုပ် ဒေါပွပြီး၊ ခင်ဗျားကြားသလို ဟောတော့မှ ဝန်ခံသွားတာဗျဟု ရှင်းပြပါသည်။

ဆရာတိုး၏ ပြောကြားချက်တွေကို နားထောင်ရင်း ကျွန်တော့်စိတ်မှာ သူ့ကို အထင်ကြီး လေးစားသည့်စိတ်တွေ ပေါ်လာတာ အမှန်ပါ။ ကျွန်တော်သည် အသက်လေးဆယ်ကျော်သည့်တိုင်အောင် မှတ်မှတ်ရရ ဗေဒင်လက္ခဏာ ကြည့်ခဲ့ဖူးခြင်း မရှိခဲ့ပါ။ ဆရာတိုး၏ ဗေဒင်ပညာအစွမ်းကို အထင်ကြီးမိသည်နှင့် ကျွန်တော်က-

'ဆရာတိုး၊ ကျွန်တော့်ကိုလည်း ဟောပေးပါဦး၊ ဘယ်တော့လောက် ဟောပေးမလဲ'ဟု တောင်းဆိုမိပါသည်။

ဆရာတိုးက

'ဆရာကြီးတို့က ကျွန်တော့်ကို အထင်သေး၊ မယုံကြည်ကြတာသိပါတယ်၊ ဆရာကြီးတို့ကို စပါယ်ရှယ် ဟောပေးပါ့မယ်' ဟု ဆိုပါသည်။ အဲဒါကြောင့် ဆရာတိုး ဟောပေးနိုင်သည့်အချိန်နှင့် ရက်ကို စောင့်လင့်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ရပါသည်။ အဲဒီလိုနှင့် နောက်သုံးရက်အကြာ နေ့ခင်းပိုင်းတစ်ရက်တွင် ဆရာတိုး အခန်းထဲမှာ ဆရာတစ်ယောက်နှင့် အပြန်အလှန် စကားပြောဆိုနေသံများ ကြားသောကြောင့် ကျွန်တော်လည်း ဆရာတိုးအခန်းထဲသို့ ဝင်သွားခဲ့ပါသည်။ ကျွန်တော့်ကိုမြင်တော့ ဆရာတိုးက ဆရာကြီး ဒိုင်ယာရီနှင့် မွေးသက္ကရာဇ်ယူခဲ့ပါဟု ဆိုသောကြောင့် အခန်းပြန်၍ ဒိုင်ယာရီ ပြန်ယူရပြန်ပါသည်။

ကျွန်တော်က မွေးသက္ကရာဇ် ပြောပြတော့ သူ့စားပွဲပေါ်က နှစ်တစ်ရာပြက္ခဒိန်စာအုပ်ကို လှမ်းပေးရန်ဆိုပါသည်။ သူ့ စားပွဲပေါ်မှာ စာအုပ်တွေက ပြန့်နေတာကြောင့် စာအုပ်ကို အတော်ရှာယူရပါသည်။ ထူးခြားတာက စာအုပ်ရှာနေခိုက် စာအုပ်အတော်များများမှာ ညှပ်ထည့်ထားသော ရာတန် ငွေစက္ကူ အထပ်လိုက် အထပ်လိုက် တွေ့ရခြင်းပါ။ ထိုအချိန်ကာလအထိ အဲဒီလောက် ငွေစက္ကူများကို ကျွန်တော် မကိုင်တွယ်ခဲ့ဖူးသလို မိသားစုထံက ပို့သော ငွေပမာဏကလည်း ရာဂဏန်းမျှသာရှိပါသည်။ သြော်၊ ကျွန်တော်တို့က အိမ်ကပို့မည့်ငွေကို မျှော်နေရချိန်မှာ ဆရာတိုးကတော့ အိမ်ကို ငွေအမြောက်အမြား ပြန်ပို့နိုင်သူပါလားဟု အလွန် အားကျမိခဲ့တာ အမှန်ပါ။

ကျွန်တော် ပြောပြသော မွေးသက္ကရာဇ်သည် မှားနေကြောင်း နှစ်တစ်ရာပြက္ခဒိန်ကို ကြည့်ပြောလာပါသည်။ ကျွန်တော် ယူကြည့်တော့လည်း မြန်မာမွေးလရက်နှင့် ခရစ်နှစ် ကွဲလွဲနေတာ တွေ့ရပါသည်။ ဗေဒင် မကြည့်ဖူးကြောင်း ပြောရာ ဆရာတိုးက အမြန်ဆုံး အမှန်ရအောင်လုပ်ဖို့ ဆိုပါသည်။ ထို့ကြောင့် ပျဉ်းမနားမှာရှိနေသော ဖခင်ကြီးထံ မေးမြန်းပေးရန် ဇနီးသည်ဆီ အမြန် စာရေးတောင်းခဲ့ရပြန်ပါသည်။ စာ အသွား အပြန်နှင့် ခုနစ်ရက်ခန့်ကြာမှ ဆရာတိုးထံ သက္ကရာဇ်အမှန်ပေး၍ ဗေဒင်မေးခဲ့ရပါသည်။

ကျွန်တော့်ဒိုင်ယာရီစာအုပ်မှာ ဆရာတိုးက သူ့တွက်ချက်နည်းပုံစံကို ချရေးပါသည်။ ပြီးတော့ ကျွန်တော့်ကို စာအုပ်ပြန်ပေးကာ သူဟောပြော



ချက်တွေကို လိုက်ရေးမှတ်ဖို့ ပြောပါသည်။ ဆရာတိုး ဟောပြောချက်များကို အမှတ်စဉ်တပ်ပြီး တစ်ခုချင်း လိုက်ရေးပြီးနောက် ဆရာက

'ဆရာကြီး ဘယ်ဗေဒင်ဆရာနဲ့ဖြစ်ဖြစ် ကျွန်တော့်နည်းကို ပြသဆန်းစစ်နိုင်တယ်' ဟုလည်း ဆိုခဲ့ပါသည်။

အချိန်ကာလအားဖြင့် ၁၉၈၄ ခုနှစ်၊ မတ်လဆန်း တစ်ရက်မှာပါ။ အဲဒီအချိန်က ကျွန်တော်၏ ချို့တဲ့မှုကြောင့် ဥာဏ်ပူဇော်ခ မလုပ်နိုင်ခဲ့တာကိုလည်း ဝန်ခံပါရစေ။ ဒါပေမဲ့ ကျွန်တော့် ရင်တွင်းမှာ ဆရာ့ဟောချက်အတိုင်း အိမ်ပေါ်ကို အမှန်တကယ် ဘုရားကြွလာပြီး လက်တွေ့ ဘဝတိုးတက်ပြောင်းလဲမှုတွေ ရရှိခံစားလာရပါက ဆရာ့ကို တွေ့အောင်ရှာပြီး ဥာဏ်ပူဇော်မှုပြုပါမယ်လို့ ကြိတ်၍ ဆန္ဒပြုခဲ့တာ အမှန်ပါ။ ကျွန်တော်၏ တကယ့်ရင်တွင်းဖြစ်စကားတွေပါ။

အဲဒီလိုနဲ့ ဆရာတိုးကို ၂၃ နှစ်ကျော်ကြာမှ ပြန်တွေ့ရပြီး ဆရာတိုးကို ဟောချက်တွေ ကွက်တိမှန်ကြောင်း အသိပေးရုံပေးခဲ့ရပြီး လေနှင့်အတူလိုပဲ ပြန်ပျောက်သွားလိုက်တာ နောက်ထပ် သုံးလခန့်ကြာသောအခါ နေပြည်တော်မှကားတစ်စီး ကျွန်တော်၏ခြံသို့ ရောက်လာပါသည်။ ထိုကားပေါ်မှ ဆရာတိုးနှင့် ပုဂ္ဂိုလ်အချို့ ဆင်းလာကြပါသည်။ ဆရာတိုးက ပြုံးရယ်လျက်ပေါ့။ ကျွန်တော်က ယခင်ကကိစ္စအကြောင်း ပြန်ပြောပြရာ အတူပါလာသူ ပုဂ္ဂိုလ်က သူ့အိမ်မှာ အိပ်သွားကြောင်းနှင့် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြောင်း၊ ယခု နေပြည်တော်မှာ ဒုချုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း မိတ်ဆက်ပေးပါသည်။ ဘုရားဆောင်ပေါ်သို့ သူတို့အားလုံးတက်ကာ ရုပ်ပွားတော်ကို ကန်တော့ကြပါသည်။

ဆရာတိုးမှာခဲ့သလို လွန်ခဲ့သောလက ရောင်တော်လည်း ဖွင့်၊ အနေကဇာလည်း တင်ပြီးကြောင်း၊ အိမ်ပေါ်ကို ဘုရားကြွလာပြီးနောက် အနေကဇာတင်ပွဲနှင့် ဆွမ်းကျွေးကုသိုလ်လုပ်ခဲ့တာ ဆယ်ကြိမ်မက ရှိခဲ့ပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ရှင်းပြခဲ့ပါသည်။ ဆရာတိုးက ရုံးပိတ်ရက်မှာ သူငယ်ချင်းနှင့် အေးအေးဆေးဆေး အချိန်ယူလာတာဟု ဆိုသောကြောင့် ကျွန်တော်က အိမ်ပေါ်သို့ ဒက္ခိဏာသာခါ ဘုရားရုပ်ပွားတော် ကြွလာပြီးနောက် နှစ်ပေါင်း ၂၃ နှစ်ကျော် ကာလအတွင်း ပြောင်းလဲတိုးတက်မှုများကို ဆက်လက် ရှင်းပြခွင့်ရရှိခဲ့ပါသည်။

ကျွန်တော်က ဘီအီးဒီသင်တန်း စာမေးပွဲဖြေပြီးနောက် မိခင်ဌာနမှာ အလုပ်ပြန်ဝင်ထမ်းဆောင်နေစဉ် ဆရာတိုးဟောခဲ့သည့်အတိုင်း ဗေဒင် ဟောပြီးနောက် ဆယ်လခန့်အကြာ ရွှေဟောင်း ဒက္ခိဏာသာခါ ဘုရား ရုပ်ပွားတော် အိမ်ပေါ်သို့ကြွလာကြောင်း၊ ဘုရားအနေကဇာတင်ပြီးနောက် နှလုံး ခွဲစိတ်ကုသထားရသော ဇနီးသည်၏ရောဂါလည်း ရမည်းသင်း၊ ရွှေမြင်တင် ဘရသေ့နှင့်ဆုံတွေ့ပြီး ဆေးကုသမှုခံယူခဲ့ရာက ကျန်းမာရေး အထူးတိုးတက်လာရုံမက သူတတ်ထားသော သားဖွားအတတ်ပညာဖြင့် အားလပ်ချိန်များမှာ မွေးလူနာလက်ခံ မွေးပေးနိုင်မှု အထူးအောင်မြင် နာမည်ရလာကြောင်း၊ မိသားစု စားဝတ်နေရေးလည်း ပို၍ အဆင်ပြေလာခဲ့ ရပါသည်ဟု ရှင်းပြ အသိပေးခဲ့ပါသည်။

ကျွန်တော်လည်း မိခင်ပညာရေးဌာနမှ ဆေးပင်စင်တင်ပြီး ဟော်လန် သံ့ပရာ စိုက်ပျိုးမျိုးပွားထုတ်လုပ်ရေးလုပ်ငန်း ပျိုးဥယျာဉ်လုပ်ငန်း ပြောင်း လုပ်ကိုင်ခဲ့ရာ အထူး အောင်မြင်မှုရရှိခဲ့ကြောင်း ဟော်လန်သံပုရာ နှစ်ပင်မှ စတင် မျိုးပွား၍ ခြံလုပ်ငန်းတစ်ခုဖြစ်လာပုံ၊ နှစ်ပိုင်းအတွင်းမှာ အသင့် အတင့် ကားတစ်စီး ဝယ်စီးနိုင်ခဲ့ပါသည်။ ကျွန်တော်၏ ကြိုးစား ဆောင်ရွက်ပုံ အောင်မြင်မှုများကို မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် အတော်များများမှာ ဖော်ပြပေးခြင်းခံခဲ့ရသလို၊ လုပ်ငန်းအကြောင်း လူသိများလာခဲ့ရပါသည်။ ကျွန်တော်၏ အပတ်တကုတ်ကြိုးစားမှု၊ စေတနာ မေတ္တာ သဒ္ဓါဖြင့် ကူညီ ဆောင်ရွက်မှုများကြောင့်လည်း စိုက်ပျိုးရေးသမားများ ပညာရှင်များ ဝင်ထွက်သွားလာ ကူညီပံ့ပိုးမှု အဆင့်ဆင့် တိုးတက်လာခဲ့သည့်အပြင်



နိုင်ငံတော်အကြီးအကဲအချို့ပင် စိတ်ဝင်စားစွာ ဝင်ရောက် လေ့လာရာ နေရာတစ်ခုလည်း ဖြစ်လာခဲ့ကြောင်း အသိပေးနိုင်ခဲ့ပါသည်။

နှလုံးခွဲစိတ်ကုသမှုခံယူထားရသော ဇနီးသည်၏ ကျန်းမာရေးသည် လည်း ဆရာဝန်များက လေးကြိမ်တိုင် ပြန်လည်ခွဲစိတ်မှုခံယူရန် ပြောဆို ခဲ့သော်လည်း ဇနီးသည်ကိုယ်တိုင် တရားထိုင် ပုတီးစိပ် ဝိပဿနာတရား များ ပွားများအားထုတ်မှုကြောင့် အသက်ပြည့်အောင် မိခင်ဌာနမှာ တာဝန် ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ယခုအခါ သက်ပြည့်ပင်စင်ဖြင့် ကျန်းမာစွာနှင့် မိသားစု စုစုစည်းစည်း ပျော်ရွှင်စွာ ခြံထဲမှာ နေထိုင်လျက်ရှိကြောင်း၊ ကုသိုလ် အလှူဒါနအနေနှင့် ဘုရားအနေကဇာတင် ဆွမ်းကျွေးခြင်း အကြိမ်ကြိမ် ပြုလုပ်နိုင်ခြင်း၊ ရဟန်းခံရှင်ပြုအလှူများ ကထိန်ခင်းခြင်းအပြင် ကျိုက်ထီးရိုး ဘုရားဖူး ခြောက်ကြိမ်တိုင် သွားနိုင်ခဲ့သည့်အပြင် အထူးခြားဆုံးကတော့ ယနေ့အထိ အောင်ဘာလေထီ ၁၃ ကြိမ် ပေါက်ခဲ့တာပါပဲ။ ဆုကြီးများ မဟုတ်သော်လည်း တစ်သောင်းဆု၊ နှစ်သောင်းဆုနှင့် ငါးသောင်းဆုများ အထိ ပါဝင်ပါသည်။

ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း အတွေ့အကြုံများကို အခြေခံပြီး စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ဆေးဖက်ဝင်ဆေးပင်များ အကြောင်း၊ စာပေ ဆောင်းပါးများလည်း ရေးသားနေသလို၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်နေပါပြီ။ နောက်ဆုံးတော့ ဆရာတိုးရေ၊ အခု ခင်ဗျားမြင်နေရတဲ့ ဥယျာဉ်ခြံနဲ့ မြေကွက်ဟာလည်း ခေတ်စကားနဲ့ ပြောရရင် သိန်းပေါင်းများစွာ တန်နေပါပြီ။ ထို့အတူ ကျွန်တော့်မျိုးဆက် အတွက်လည်း ကောင်းသောချန်ထားခြင်းမျိုး ဆောင်ရွက်နိုင်ခဲ့ပါပြီဟု ရှင်းပြခဲ့ပါသည်။

'ဆရာတိုး ၂၃ နှစ်ကျော်က ကျွန်တော့်ကိုဗေဒင်တွက် ဟောခဲ့တာဟာ ကွက်တိမှန်ခဲ့သလို၊ ကျွန်တော့်ဘဝတစ်ခုလုံးလည်း တိုးတက် ပြောင်းလဲမှု တွေနှင့်ကြုံခဲ့၊ ခံစားခဲ့ရတာလည်း အမှန်ပါ။ ဆရာတိုးကိုလည်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com




တတ်နိုင်သလောက် အတိတ်က အကြွေး၊ ဉာဏ်ပူဇော်မှုကို ပြုပါရစေ'ဟု မေတ္တာရပ်ခံ ပူဇော်ခဲ့ပါသည်။

ဆရာဦးတိုးလွင်နှင့်အဖွဲ့ ပြန်ခါနီးတွင် ကျွန်တော်က လိပ်စာတောင်းရာ ကျွန်တော့်ဒိုင်ယာရီစာအုပ်တွင် ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာကို ရေးပေးသွားပါသည်။ ပြီးတော့ ဆရာတိုး၏ ပေဒင်တွက်ချက် ဟောပြောချက်တွေ ကွက်တိမှန်ကန်ကြောင်း ကျွန်တော့်ကိုယ်တွေ့အဖြစ်အပျက်ကို အခြေခံကာ ဆောင်းပါးရေး ဂုဏ်ပြု မှတ်တမ်းတင်လိုပါကြောင်း ခွင့်တောင်းရာ ဆရာတိုး၏ ခွင့်ပြုချက်ဖြင့် ဒီဆောင်းပါးကို သူရဋ္ဌမဂ္ဂဇင်းမှ တစ်ဆင့် ရေးသားဖော်ပြလိုက်ရပါကြောင်း။

[ သူရဋ္ဌမဂ္ဂဇင်း ။ ။ မေ၊ ၂၀၀၆ ]

BURMESE CLASSIC .com





## ကျိုက်ထိုမြို့နယ် ကင်ပွန်းစခန်းရှိ ဥတ္တမသိင်္ဃမွန်ကျောင်းတော်နှင့် ဆရာတော်ဦးဝါရိန္ဒ၏ သာသနာပြုလုပ်ငန်းများ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်သည် မြန်မာ့သမိုင်းဝင်စေတီတော်များမှာ တန်ခိုးကြီး ထင်ရှားလှသည့် ဘုရားတစ်ဆူ ဖြစ်ပါသည်။ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘုရားတည် သက်တမ်းသည် နှစ်ပေါင်း ၂၄၁၁ ကျော်ရှိခဲ့ပြီဟု လေ့လာသိရှိရပါသည်။ ထို့ပြင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘုရားပွဲတော်ကိုလည်း သီတင်းကျွတ် လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ နှစ်စဉ် သတ်မှတ်ကျင်းပနေခဲ့ရာ ပွဲတော်ကာလ ခုနစ်လတိုင် ကျင်းပနိုင်သည် ထူးခြားမှုကိုလည်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်း အနယ်နယ်အရပ်ရပ်သာမက ကမ္ဘာ့နိုင်ငံအချို့ကပါ ဘုရားဖူးနှင့် လေ့လာသူများ လာရောက်ကြ၍ ကျိုက်ထီးရိုးစေတီတော်တွင် နှစ်ပတ်လည် ဘုရားဖူး ပြတ်သည် မရှိပါ။ အခါရက်များနှင့် အလုပ်ပိတ်ရက် အားလပ်ရက်များမှာ အထူးစည်ကားလှပါသည်။ ရှေးယခင်က ကျိုက်ထီးရိုး စေတီတော်သို့အရောက် ၇ မိုင်ခွဲခန့် ခရီးကို ကင်ပွန်းစခန်းမှစတင်၍ ခြေလျင်တက်ရောက်ကြရတာပါ။ ၁၉၉၃ ခုနှစ်မှစ၍ ယခုအခါ

www.burmeseclassic.com

www.burmeseclassic.com



ကင်မွန်းစခန်းမှ တောင်ပေါ်အရောက် ကားဖြင့် တက်ရောက်နိုင်သဖြင့် နာရီပိုင်းအတွင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကို ဖူးမြော်နိုင်ပါ၏။

ခြေလျင်ခရီး ပင်ပန်းကြီးစွာတက်ရောက်ရစဉ်ကလည်း ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်ကို ဘုရားဖူးလာရောက်သူများ လျော့သွား နည်းသွားသည် မရှိခဲ့ဟု လေ့လာသိရှိရပါသည်။ ယခုအခါ ကားဖြင့် တောင်ပေါ်သို့ တက်ရောက်နိုင်သောကြောင့် ဘုရားဖူးများ ပို၍ လာရောက်ကြသည်ဟု ဆိုပါသည်။ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် အရောက် ပင်ပန်းကြီးစွာ တက်ရောက်ဖူးမြော်ရသော်လည်း နှစ်စဉ် ဘုရားဖူးများ တိုး၍တိုး၍ လာမြဲဟု လေ့လာ သိရှိရပါသည်။ ထို့အတူ ဆံတော်ရှင် ကျိုက်ထီးရိုး ဘုရားတည် သက်တမ်း ၂၄၁၁ နှစ်ကျော်ခဲ့သော်လည်း ကျိုက်ထီးရိုးဘုရား သာသနိက အဆောက်အဦများနှင့် ဓမ္မာရုံ စောင်းတန်း၊ ဈေးဆိုင်တန်းများနှင့် တည်းခိုဆောင်များပါ တိုးတက် များပြားလာတာလည်း အမှန်ပင် ဖြစ်ပါသည်။ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားကို ဖူးမြော်ရန် လာရောက်ကြသူများတွင် လုံးဝ မရောက်ဖူးသေးသူများ ပါသလို၊ အကြိမ်ပေါင်းများစွာ ရောက်ဖူးသူများလည်း ပါဝင်ကြတာ တွေ့ရပါသည်။

ကျိုက်ထီးရိုးရင်ပြင်အရောက် ကားဖြင့်တက်နိုင်ပြီးနောက် စာရေးသူ၏ အတွေ့အကြုံတစ်ခု ဖော်ပြလိုပါသည်။ ရင်ပြင်တော်ပေါ်သို့ ကားဖြင့် တက်ကြရာတွင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးများ စုပေါင်းစီးကြတာများပါသည်။ ထိုသို့ တောင်ပေါ်သို့ ကားဖြင့်တက်ရောက်စဉ် လွန်ခဲ့သော ငါးနှစ်ခန့်က စာရေးသူ၏ဘေးမှာ အတူစီးလာကြသော ရန်ကုန်၊ ကြည့်မြင်တိုင်မှ ဘုရားဖူးများထဲက မိန်းကလေးတစ်ယောက် သူတို့ အချင်းချင်း စကား အပြန်အလှန်ပြောဆိုကြရာမှာ

'ငါ ဒီတစ်ခေါက်ကောဆိုရင် ၃၄ ခေါက်ရှိပြီ၊ တစ်နှစ် တစ်ခေါက် မလာရရင် မနေနိုင်ဘူး၊ ဖြစ်အောင်ကို အားခဲလာတာ'ဟု ပြောသံကြား၍ လှည့်ကြည့် အကဲခတ်ရာ အသက် ၅၀ ဝန်းကျင် အမျိုးသမီးကို တွေ့ရပါသည်။



သူမ ဆယ်ကျော်သက် အရွယ်လောက်က ဆံတော်ရှင် ကျိုက်ထီးရိုး ဘုရားဖူး စတင် ရောက်ခဲ့တာ ဖြစ်နိုင်ပါသည်။ ဒါကိုကြားတော့ စာရေးသူ တအံ့တဩ ဖြစ်မိတာ အမှန်ပါ။ အဲဒီတုန်းက စာရေးသူ ကျိုက်ထီးရိုး ဘုရားဖူးလာခဲ့တာ သုံးခေါက်မြောက် ဖြစ်ပါသည်။ ဟုတ်ပါသည်။ စာရေးသူလည်း တစ်နှစ် တစ်ခေါက်နီးပါး ကြိုးစားလာခဲ့တာ ယခုနှစ်ပါဆိုလျှင် ခြောက်ကြိမ် ရှိပါပြီ။

အရွယ်ကြောင့် ဘုရားဖူးလာရာတွင် ခရီးပန်းမှု၊ နွမ်းနယ်မှု ပိုလာပေမယ့် ကားနှင့် တောင်ပေါ်အရောက် တက်နိုင်တာကြောင့် တစ်ကြောင်း၊ အထက်က အတိုင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ရင်ပြင်ပေါ်ရောက်တာနဲ့ အဲဒီအပန်းအနွမ်းတွေ လုံးဝ ပြေသွားရတာ အမှန်ပါ။ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကို လက်အုပ်ချီ ကန်တော့ရင်း လတ်ဆတ်သန့်ရှင်းသော လေနုအေးအေးကို တစ်ဝရှူလိုက်ရသည့် တစ်ခဏမှာပင် ပြန်လည် လန်းဆန်းလာရသလို၊ ယခုနှစ်မှာ ထူးခြားမှုတစ်ခု သတိပြုမိတာက နောက်မိုးဆက်ကောင်းခြင်းကြောင့် တန်ခူးလဆန်းမှာ တစ်တောင်လုံး စိမ်းစိုနေတာရယ်၊ ညမွှေးပန်း ပန်းရနံ့လေးကလည်း ရင်ပြင်အနှံ့ လှိုင်လို့ နေတာကြောင့် အနွမ်းတွေ အားလုံး ပြေသွားရပါသည်။

ရင်ပြင်တော်ပေါ် ရောက်ပြီးနောက် တည်းခိုခန်းငှား၊ ပစ္စည်းများထားပြီး ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကို ဦးခိုက်ကန်တော့ရင်း ယခုနှစ်မှာလည်း ကြိုးစား၍ ရောက်ရှိခဲ့ပါကြောင်း၊ ရင်ပြင်တော်ပေါ်တွင် စိတ်အေးချမ်းစွာ နေထိုင်နိုင်၍ ကုသိုလ်များပွားများနိုင်ရန် မစ စောင့်ရှောက်ပါရန် ဆံတော်ရှင်နှင့် တောင်ပိုင် ဘိုးဘိုးကြီးတို့အား တိုင်တည်မိခဲ့တာ အမှန်ပါ။ ညပိုင်း ရင်ပြင်တော်ပေါ်မှာ ဆီမီးထွန်း ပူဇော်ရင်း ပုတီးစိပ်ဖြစ်ခဲ့သလို နံနက် အရုဏ်တက်အစောမှာလည်း အာရုံဆွမ်းကပ်လှူရင်း [illegible] စိပ်အာရုံပြုနိုင်ခဲ့ပါသည်။ ရင်ပြင်တော် တည်းခိုခန်းမှာ တစ်ညတာ နားနေအိပ်စက်ခဲ့ပြီးနောက် တောင်အောက်ပြန်မဆင်းမီ ဆံတော်ရှင် ကျိုက်ထီးရိုး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကို ဦးခိုက်ကန်တော့ရင်း နောက်နှစ်မှာလည်း အဆင်ပြေစွာ ဘုရားဖူးလာရောက်နိုင်ရေး မစပါရန် ဆုတောင်းမိပြန်တာ အမှန်ပါ။

တောင်ပေါ်မှကားဖြင့်ဆင်းလာခဲ့ပြီး ကင်မွန်းစခန်း၊ ဥတ္တမသိဂီမွန်ကျောင်းရှေ့အရောက် ကားရပ်ခိုင်းပြီး တည်းခိုရာ ကျောင်းတော်အတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ကျောင်းတော်အဝင်ဝတွင် ခမ်းနားထည်ဝါလှသော မုခ်ဦးကြီးနှင့် ဘေးဝဲယာတွင် အခန်းလိုက် အလှူရှင်ကမ္ပည်းတို့ဖြင့် အုတ်တံတိုင်းများကိုလည်း တွေ့မြင်ရပါသည်။ မုခ်ဦးမှအဝင် ဘေးဝဲယာတွင် တစ်ဖက်တစ်ချက် ဆယ်ပေကျော်မြင့်သော အုံ့ဆိုင်းနေသော ကံ့ကော်ပင်တန်းကလည်း ဥတ္တမသိဂီကျောင်းတော်ကြီးကို ပဏာတင့် ဝင့်ထည်စေနိုင်တာ အမှန်ပါ။ ကျောင်းဝင်းအတွင်း ရောက်ပြန်တော့ ကျောင်းတော်ကြီးဘေး သစ်ပင်များအောက်တွင် ဘုရားဖူး ကားငယ် ၃-၄ စီးနှင့် မှန်လုံကားကြီးတစ်စီး ရပ်ထားတာ တွေ့ရပါသည်။ ဆရာတော်ကို ဦးခိုက်ရန်ရှာတော့ ကျောင်းဝင်း အရှေ့မြောက်ထောင့်တွင် တည်ဆောက်ပြီးစီးလုနေသော သိမ်ကျောင်းတော်ဘက်မှ ချွေးသံ ရွှဲရွှဲဖြင့်ပြန်လာသော ဆရာတော်ကို ဖူးတွေ့ရပါသည်။ ဆရာတော်က 'ပြန်လာကြပြီလား၊ နားနေကြဦး၊ ရေချိုးလိုက်ဦးမယ်'ဟု ဆိုကာ ရေချိုးကန်ဘက်သို့ ကြွသွားပါသည်။

## ဥတ္တမသိဂီကျောင်းတော်

ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်းနေသောသူက ဆရာတော် သိမ်ကျောင်းဆောက်လုပ်နေရာမှာ ပျဉ်သယ်လုပ်အားပေးပြီး ပြန်ကြွလာတာဖြစ်ကြောင်း ပြောပြပါသည်။ စာရေးသူလည်း ပစ္စည်းများ နေရာချပြီး ကင်မရာဆွဲကာ ကျောင်းဝင်းအတွင်းလှည့်လည်၍ ကျောင်းတော်ကြီးအပါအဝင် လိုအပ်သောဓာတ်ပုံများကို ရိုက်ယူနေပါသည်။ ဆောက်လုပ်ဆဲ သိမ်ကျောင်းတော်ဘက်အရောက် ဆရာတော်လည်း ရေမိုးချိုးပြီး နောက်ကလိုက်ပါလာတာ တွေ့ရပါသည်။ ဆရာတော်က အလှူရှင် ဒကာ



ဦးချိန်တီကို မိတ်ဆက်ပေးပါသည်။ ထူးခြားတာက သိမ်ဆောက်ရာမှာ အလှူရှင်ကိုယ်တိုင် ပါဝင်လုပ်ဆောင် လုပ်အားပေးနေတာကို တွေ့ရခြင်းပါ။ အလှူရှင်က ကျောက်ပြားများကို ကိုယ်တိုင် လုပ်ကိုင်နေရင်းက

'သံချေးမတက် ဆေးမသုတ်ရအောင် သိမ်တော်ကို ဆောက်လုပ်နေပါတယ်၊ မကြာခင်ပြီးစီးတော့မှာပါ၊ တန်ဆောင်မုန်းလ ဆရာတော် မွေးနေ့ အလှူပွဲနှင့်အတူ ရေစက်ချမှာပါ' ဟု ရှင်းပြပါသည်။ သိမ်ကျောင်းတော်မှာ အလျား ၄၀ ပေ၊ အနံ ၂၀ ပေ၊ တစ်ထပ် အမာခံကျောက်ပြားကပ် သွပ်မိုး အဆောက်အဦ ဖြစ်ပါသည်။ မူလ လျာထားသည့် ကုန်ကျစရိတ် သိန်း ၂၀၀ ထက် ကျော်လွန်နေပြီဖြစ်ကြောင်း သိရပါသည်။ စေတနာ သဒ္ဓါနှင့် လှူဒါန်းပါဝင်သော သိမ်ကျောင်းတော် အလှူရှင်များစာရင်းကို သင်ပုန်းများနှင့် ရေးသားဖော်ပြထားတာကိုလည်း တွေ့ရှိရပါသည်။

## ဥတ္တမသိဂီဓမ္မာရုံ

ဆရာတော်နှင့် အလှူရှင်ဒကာတို့က ယခုအခါ ဆံတော်ရှင် ကျိုက်ထီးရိုးသို့ ဘုရားဖူးလာကြသော အနယ်နယ်အရပ်ရပ်က ပြည်သူများ၊ ရဟန်းသံဃာများ၊ ဥတ္တမသိဂီမွန်ကျောင်းတွင် ဝင်ရောက်တည်းခိုသူ များပြားလာသည့်အတွက် အစစအဆင်ပြေရန် ရည်ရွယ်ပြီး ပေ ၄၀×၈၀ တစ်ထပ် ဓမ္မာရုံတစ်ဆောင်ကို ကျောင်းတော်ကြီးမြောက်ဘက်ဘေးတွင် ဆက်၍ ဆောက်လုပ်သွားရန်ရှိကြောင်း နေရာကိုညွှန်ပြကာ ရှင်းပြကြပါသည်။ အနယ်နယ်အရပ်ရပ်က လာရောက်ကြသော ဘုရားဖူးများ ပို၍ အဆင်ပြေ စိတ်ချမ်းသာစွာ အခမဲ့တည်းခိုနိုင်မည့်နေရာတစ်ခု ပေါ်ပေါက်လာမည်ဖြစ်၍ ဆရာတော်နှင့်အလှူရှင်တို့၏ စေတနာ သဒ္ဓါတရားကို အနုမောဒနာခေါ်ဆိုရင်း စာရေးသူတစ်ယောက် ဝမ်းမြောက်ဝမ်းသာဖြစ်မိတာ အမှန်ပါ။

ပင်မ ကျောင်းဆောင်ကြီး အရှေ့တောင်ဘက်တွင် ဆရာတော် ကျောင်းစ ထိုင်ခဲ့သော ပျဉ်ကျောင်းဆောင် (တစ်ထပ်) နှင့် ဆွမ်းချက်ဆောင်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆောင်တို့ကိုလည်း တွေ့ရပါသည်။ ၎င်း ကျောင်းဆောင်ပေါ်တွင် အလှူရှင်မိသားစုနှင့် မော်လမြိုင်မှ လုပ်သားများ ခေတ္တ နေထိုင်လျက်ရှိပါသည်။ သိမ်ကျောင်းတော်ဆောက်လုပ်ရာတွင် လုပ်ကိုင်နေသော လုပ်သားများကို အလှူရှင်ဒကာမ ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေး ပြုစုနေတာကိုလည်း မြင်တွေ့ခဲ့ရပါသည်။ အတုယူဖွယ် ဆောင်ရွက်ချက်တစ်ခုအဖြစ် မှတ်တမ်းပြုချင်ပါသည်။

## ဥတ္တမသိင်္ဂီမွန်ကျောင်းတော်ကြီး ပေါ်ပေါက်လာပုံအစ

လွန်ခဲ့သော ၁၂ နှစ်ကျော်က ဆရာတော်နှင့် စတင်ဆုံစည်းခဲ့ပုံကို မုခ်ဦးအလှူရှင် ဒေါ်ခင်လေးက ပြန်ပြောပြသည်ကို အကျဉ်းမျှ ဖော်ပြလိုက်ရပါသည်။

ကျိုက်ထိုမြို့လမ်းပေါ်တွင် လွယ်အိတ်တစ်လုံးလွယ်ကာ လျှောက်လှမ်းသွားနေသော ရဟန်းငယ်တစ်ပါးကို တွေ့မြင်၍ မည်သို့ဖြစ်သည် မသိ၊ မေးမြန်း စုံစမ်းမိခဲ့ကြောင်း၊ ပဋ္ဌင်းနှင့် စကားဆုံရာမှ မွန်လူမျိုး ဖြစ်ရုံမက





ရည်ရွယ်ရင်းသိရှိရ၍ အိမ်သို့ပင့်ကာ ဆွမ်းကွမ်းဒက ခံယူခဲ့ကြောင်း၊ လုပ်ငန်းတစ်ဖက်နှင့် ဆရာတော်ကို ဝတ်မပျက်ပြုစုခဲ့ကြောင်း၊ ဆရာတော်၏ ဆန္ဒနှင့်ညီအောင် ကျောင်းမြေကွက်ရရန် စုံစမ်းနေခဲ့ရာက ယခုနေရာကိုတွေ့၍ ဆရာတော်စိတ်ကြိုက် နေရာဖြစ်သောကြောင့် ဝယ်ယူရရှိရေး စတင် ဆောင်ရွက်ခဲ့ရပါသည်ဟု ဆိုပါသည်။

ယခုနေရာသည် ဆရာတော်စိတ်ကြိုက် ချောက်ဇေက ကျယ်ဝန်းသော ဥယျာဉ်ခြံကြီးတစ်ခုကို ဦးမွန်စိန်၊ ဒေါ်ခင်လေးတို့ ဦးဆောင်၍ မြို့နယ်ဆိုင်ရာ လူကြီးများ အကူအညီဖြင့် ညှိနှိုင်းဝယ်ယူခဲ့ရာ သုံးသိန်းနှင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ သာသနိကကျောင်းနယ်မြေဖြစ်လာပြီး မကြာခင်မှာပင် ကျိုက်ထီးရိုးတောင်ပေါ်သို့ ကားလမ်းဖောက်ခြင်းလုပ်ငန်း စတင်ခဲ့ကြောင်း၊ ကျောင်းဝင်းရှေ့မှာပင် ကားစခန်း သတ်မှတ်လုပ်ဆောင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲများ၏ စီစဉ်မှုဖြင့် ယခုလက်ရှိ ကင်မွန်းစခန်းနေရာသို့ တောင်တက်ကားစခန်း ရွှေ့ပြောင်းသွားခဲ့တာဟု သိရပါသည်။ ပြောင်းရွှေ့သွား၍ကျန်ခဲ့သော ကျောင်းရှေ့ ကွက်လပ်နေရာကိုလည်း ဆရာတော်ကို လှူဒါန်းခဲ့ကြောင်း ရှင်းပြပါသည်။

ဝင်းက ဆရာတော်ကြီးဦးဥတ္တမ၏ ဆွေတော်မျိုးတော်များဖြစ်သော မော်လမြိုင်မြို့နေ၊ ရာဘာခြံလုပ်ငန်းရှင် ဦးချိန်တီ + ဒေါ်စိန်းကြူ မိသားစု ဦးဆောင်၍ ၁၉၉၇ ခုနှစ်တွင် ယခု နှစ်ထပ်ကျောင်းတော်ကြီးကို ပန္နက်ချတည်ဆောက်ခဲ့ရာ ၂၀၀၀ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ အဲဒီ အချိန်အခါက ကုန်ကျစရိတ် ၉၇ သိန်းကျော်ရှိကြောင်း ရှင်းပြပါသည်။ ကျေးဇူးရှင်ဆရာတော်ကြီး၏ ဘွဲ့တော်ကို အမှူးပြု၍ 'ဥတ္တမသိင်္ဂီမွန်ကျောင်း၊ ကင်မွန်းစခန်း၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်'ဟု ကမ္ပည်းတင်ခဲ့ကြောင်း သိရပါသည်။

ကျောင်းတော်ကြီးမှာ ထုထည်ကြီးမား ခန့်ထည် တင့်တယ်လှတာ တွေ့ရပါသည်။ အထက်အောက် ခန်းမကြီးများမှာ ကျယ်ဝန်းလှပါသည်။ ထို့ပြင် အထက်အောက် ဘုရားခန်းမကြီးများသည် မှန်ကာ တင့်တယ်လှ

www.burmeseclassic.com

www.burmeseclassic.com



သော အပြင်အဆင်နှင့် ဉာဏ်တော်လေးပေခန့် မြင့်မားသော ဗုဒ္ဓရုပ်ပွားတော်များကို အရန်ရုပ်ပွားတော်များ ခြံရံလျက် အလှဆင် လျှပ်စစ်မီးများ ထိန်ထိန်ညီးညီး တပ်ဆင်လှူဒါန်းထားတာကိုလည်း ဖူးတွေ့ရပါသည်။ အောက်ဘုရားခန်းရှေ့ ဘေးတစ်ဖက်တွင် ရွှေချ တရားဟောပလ္လင်ကြီး တစ်ခုကို တွေ့ရှိရပါသည်။ ကျောင်းတော်ကြီး၏ အထက်အောက် ခန်းမကြီးများကို လျှာထိုး၊ ပျဉ်းကတိုးပျဉ်များ ခင်းထားပြီး ပေါလစ် ပြောင်အောင် တိုက်ထားတာ တွေ့ရပါသည်။ အထက်အောက်ခန်းမကြီးများတွင် လျှပ်စစ်မီးချောင်းများနှင့် လျှပ်စစ်ပန်ကာကြီးများကိုလည်း ပြည့်စုံစွာ တပ်ဆင်ထားပါသည်။ ဘုရားဖူးဧည့်သည်များ ရောက်ရှိနေရာယူပြီးတာနှင့် ၎င်းလျှပ်စစ်မီးချောင်းများနှင့် ပန်ကာများကို ဆရာတော်ကိုယ်တိုင် ဖွင့်ပေးတော့တာပါပဲ။ ဆရာတော်က 'ခြင်တွေ ပြေးတာပေါ့'တဲ့။

## ကျောင်းတော်ကြီးတွင် ဘုရားဖူးဧည့်သည်များ အခမဲ့တည်းခိုနိုင်ခြင်း

ကျောင်းတော်ကြီး၏ အထက်အောက် ခန်းမကျယ်ကြီးများတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာကြသော အနယ်နယ် အရပ်ရပ်က ဧည့်သည်များနှင့် ရဟန်းသံဃာများကို ဆရာတော်က အခမဲ့ တည်းခိုခွင့်ပေးနေပါသည်။ အဲဒါကြောင့် ဥတ္တမသိင်္ဂီမွန် ကျောင်းတော်ကြီးတွင် ဘုရားဖူးများ တည်းခိုသူဧည့်သည်များ အထူးသဖြင့် ပွဲတော်တွင်းရက်များ ရက်ရှည်ရုံးပိတ်ရက်များတွင် တည်းခိုသူဧည့်သည်များ အလွန်များပြားကြောင်း ဆရာတော်က ပြောပြပါသည်။

ဘယ်လောက်များများ လာပါစေ၊ ဆရာတော်က အပြုံးမပျက် နေရာထိုင်ခင်းပေးခြင်း၊ ရေမိုးချိုးနိုင်ရန် ကျားမသုံး ရေကန်များ အပြည့် ရေဖြည့်ပေးထားခြင်း၊ သန့်စင်ခန်းများကိုလည်း စိတ်ချမ်းသာစွာ သုံးစွဲနိုင်ရန် စီစဉ်ပေးခြင်းများကို နေ့ည ဝတ်မပျက် လစ်ဟင်းမှုမရှိရအောင် ဆောင်ရွက်



ကူညီပေးနေတာကို စာရေးသူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့ရှိခဲ့ရပါသည်။ တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်မှ မှန်လုံကားကြီးများနှင့် ဆိုက်ရောက်လာတာမျိုးလည်း ရှိတတ်ကြောင်း၊ ကားတွေကိုလည်း ကျောင်းဝင်းအတွင်းမှာ စိတ်ချစွာ ထားသွားကြောင်း ဆရာတော်က ရှင်းပြပါသည်။ စာရေးသူကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ရပါသည်။

ယခင်နှစ်က အိန္ဒိယက ဘုရားဖူးများနှင့် ရန်ကုန်မြို့မှ အိန္ဒိယလူမျိုးအဖွဲ့ဝင် အင်အား ၅၀၀ ကျော် မှန်လုံကားကြီးများဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် ဘုရားဖူးလာကြရာတွင်လည်း ဥတ္တမသိင်္ဂီမွန်ကျောင်းတော်ကြီးမှာပင် တည်းခိုသွားကြောင်း၊ ဆန်တင်း ၇၀ ကျော်ဒန်ပေါက်ဖောက်ကာ ကျောင်းတော်ကြီးနှင့် ကျိုက်ထီးရိုးတောင်ပေါ်မှာ ကျွေးမွေးသွားကြောင်း၊ ပြီးတော့ နီပေါနိုင်ငံမှ ဘုရားဖူးများလာ၍ တည်းခိုသွားကြောင်း၊ အဲဒီ နီပေါဘုရားဖူးအဖွဲ့၏ ထူးခြားချက်ကတော့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မှာ ရွှေချိန် အတော်များများ လှူဒါန်းသွားတာပါပဲဟု ဆရာတော်မှ ပြန်လည်ပြောပြ၍ ကြားသိခဲ့ရပါသည်။

## ဥတ္တမသိင်္ဂီကျောင်းတော်မုခ်ဦး

ဆရာတော်၏ သာသနာပြုလုပ်ငန်းများတွင် အားတက်သရော စေတနာထက်သန်စွာဖြင့် လုပ်အားငွေအား အစစပါဝင် ကူညီလှူဒါန်းနေသော ဒကာဦးမွန်စိန်၊ ဒေါ်ခင်လေးတို့သည် မြို့ထဲမှာ အတည်တကျ အိမ်မြေလုပ်ငန်းများရှိပါလျက် ဥတ္တမသိင်္ဂီမွန် ကျောင်းတော်ရှေ့ လမ်းတစ်ဖက်ရှိ မျက်နှာချင်းဆိုင် မြေကွက်ကို ဝယ်ယူ၍ နှစ်ထပ်တိုက် အိမ်ကြီး ဆောက်၊ စားသောက်ဆိုင် 'ကောင်းထူးမွန်-ထမင်းဆိုင်'အမည်ဖြင့် လုပ်ငန်းတစ်မျိုးကိုပါ တိုးချဲ့လုပ်ကိုင်ခဲ့ပါသည်။

ဆရာတော်၏ ဆန္ဒအလိုရှိရာ ခိုင်းစေရာတို့ကို အချိန်ပြည့်နေ့ည ကူညီလုပ်ဆောင်ပေးနေရင်းက ကျောင်းတော်ကြီးအဝင် မုခ်ဦးကို တည်ဆောက်

www.burmeseclassic.com

www.burmeseclassic.com



လျှုဒါန်းလိုသော ဆန္ဒများကြောင့် လိုအပ်သောမတည်ငွေ ပမာဏရရန် ၎င်းတို့ ပိုင်ဆိုင်သော ရာဘာစိုက်ခင်းကြီးထဲမှ အပင် ၃၀၀ ပါ ရော်ဘာစိုက်ကွက် မြေတစ်ကွက်ကို သိန်း ၃၀ ကျပ်ဖြင့် ရောင်းခဲ့ပါကြောင်း။

၎င်း ရောင်းချရငွေ သိန်းသုံးဆယ်ကို မတည်၍ ၁၉၉၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် အုတ်မြစ်ချ စတင်ဆောင်ရွက် လုပ်ဆောင်ခဲ့ရာ ၁၉၉၇ ခုနှစ်၊ ကဆုန်လကွယ်နေ့တွင် အားလုံးပြီးစီး၍ 'နှစ်ဖက်မိဘများအား ရည်စူး၍ ဦးမွန်စိန်-ဒေါ်ခင်လေး သားသမီးများကောင်းမှု'ဟု ကမ္ပည်းတင်ကာ ရေစက်သွန်းချ လှူဒါန်းနိုင်ခဲ့ပါသည်။ မုခ်ဦး တည်ဆောက်မှုကုန်ကျငွေ ၂၇ သိန်း ရှိခဲ့ပြီး ရေစက်ချလှူဒါန်းပွဲတွင် ပဋ္ဌင်းခံ၊ ရှင်ပြုကုသိုလ်များ ပါဝင်ခဲ့ရာ စုစုပေါင်း ကျပ် ၁၁ သိန်းကျော် ကုန်ကျခဲ့ကြောင်း အလှူရှင်ဒေါ်ခင်လေးမှ ရှင်းပြခဲ့ပါသည်။ မုခ်ဦးပုံတော်ကို ဓာတ်ပုံမှတ်တမ်းဖြင့် ကမ္ဘာတည်သရွေ့ တည်မြဲပါစေရန် ဆုတောင်းရင်း ဖော်ပြအပ်ပါသည်။

## ဥတ္တမသိင်္ဂီကျောင်းဝင်းရှေ့ မျက်နှာစာအုတ်တံတိုင်း

ဥတ္တမသိင်္ဂီမွန်ကျောင်းတော်အဝင် မုခ်ဦးတည်ဆောက် လှူဒါန်းခြင်းနှင့်အတူ ကျောင်းတော်ရှေ့ မုခ်ဦး ဝဲယာနှစ်ဖက်တွင် တစ်ပြိုင်တည်း အုတ်တံတိုင်း တည်ဆောက် လှူဒါန်းနိုင်ရေးအတွက်ပါ ဦးမွန်စိန်၊ ဒေါ်ခင်လေးတို့က အခန်းလိုက်အလှူရှင်များကို နှိုးဆော်စုစည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယာဘက်တွင် ၂၆ ခန်း၊ ဝဲဘက်တွင် ၂၁ ခန်း စုစုပေါင်း ၄၇ ခန်းကို ကဆုန်လကွယ်တွင် အပြီး တည်ဆောက်နိုင်ခဲ့ကြောင်း ဆက်လက်ရှင်းပြပါသည်။ ဈေးနှုန်းအတက်အကျ ရှိသော်လည်း ကျောင်းတော်ကြီးဝင်းအပြည့် ပတ်လည် အုတ်တံတိုင်းကို အလှူရှင်များနှင့် တည်ဆောက်သွားရန်ရှိပါကြောင်းနှင့် လှူဒါန်းလိုသော အလှူရှင်များ ဆက်သွယ်နိုင်ကြောင်း သိရပါသည်။



## ဥတ္တမသိင်္ဂီမွန်ကျောင်း နာယကဆရာတော်

ဥတ္တမသိင်္ဂီမွန်ကျောင်း နာယက ဆရာတော်ကို မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၊ ကြာကန်ကျေးရွာ (ယခုရပ်ကွက်)၌ ဖခမည်းတော် ဦးညွန့်ဖေ၊ မယ်တော် ဒေါ်မရင် တို့မှ ၁၃၁၆ ခုနှစ် တန်ဆောင်မုန်းလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ အသက် ၁၆ နှစ်တွင် သံဖြူဇရပ် ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးသိဋ္ဌကို ဥပဇ္ဈယ်ပြု၍ သာမဏေဝတ်ခဲ့ပြီး ၎င်းကျောင်းတော်မှာပင် ၁၃၃၆ ခုနှစ်တွင် ရဟန်းပြုခဲ့ကြောင်း၊ သာမဏေဘွဲ့နှင့် ရဟန်းဘွဲ့မှာ ဦးဝါရိန္ဒဖြစ်ကြောင်း ဆရာတော်မှ မိန့်ကြားပါသည်။

ငယ်ရွယ်စဉ်က ရပ်ရွာအခြေအနေကြောင့် စာ ကောင်းစွာ မသင်ယူခဲ့ရကြောင်း ရဟန်းဝတ်ပြီးမှသာ လေ့လာဆည်းပူးသင်ယူ၍ တတ်ခဲ့ကြောင်း၊ ဝီရိယထား ကြိုးစားသင်ယူမှုကြောင့် မြန်မာ၊ မွန်၊ ထိုင်းနှင့် တရုတ်စာတို့ကို ရေးတတ်၊ ဖတ်တတ်သလို တရုတ်စကား၊ ထိုင်းစကား တို့ကိုလည်း ကောင်းစွာ ပြောနိုင်ကြောင်း ဆရာတော်မှ ပြောပြပါသည်။ ကျောင်း၌ တည်းခိုသူ ဘုရားဖူးများ လိုက်နာသိရှိစေရန် မွန်၊ မြန်မာ၊ ထိုင်း၊ တရုတ်စာတို့ဖြင့် ဆရာတော်ကိုယ်တိုင် ရေးသားအသိပေးထားသည်ကို စာရေးသူကိုယ်တိုင် မြင်တွေ့ခဲ့ရပါသည်။

ဆရာတော်ကို စာရေးသူ စတင်ဖူးတွေ့မြင်စက ငယ်ရွယ်ဖျတ်လတ်ပြီး ကြွက်သားများဖြင့် အတိပြီးသော ကျောင်းမှ လက်ထောက် ဦးပဉ္ဇင်းငယ်တစ်ပါးဟုသာ ထင်မြင်မိခဲ့တာပါ။ ပုပုပြတ်ပြတ်နှင့် သွားလာလှုပ်ရှားမှု အလွန် သွက်လက်ကာ လုပ်စရာကိုင်စရာရှိပါက ကိုယ်တိုင် ယူဆောင်လုပ်ကိုင်လေ့ရှိတာကိုလည်း သတိပြုမိခဲ့ပါသည်။ ကျောင်းဆောင်ကြီးကြီးမား၊ ကျောင်းဝင်းကြီး ကျယ်ပြန့်သလောက် ဘယ်နေရာမှာမဆို အလျဉ်းသင့်သလို ဆရာတော်ကို မြင်တွေ့ရလေ့ရှိပါသည်။ တံမြက်စည်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လှည်း၊ ရေဖျန်း၊ ရေကန်တွေထဲ ရေဖြည့် ထိုင်နေ လျှောင်းနေတာမျိုး အလွန်နည်းပါးပြီး ကျောင်းဝေယျာဝစ္စတစ်ခုခုကို လုပ်ကိုင် ဆောင်ရွက်နေတာ အမြဲလို တွေ့ရတတ်ပါသည်။ လိုအပ်ပါက ဧည့်သည် လူသူ ရှင်းလင်းနေပါက သောက်ရေတိုင်ကီများ၊ သောက်ရေအိုးများကို သန့်ရှင်း ရေဖြည့်နေတာမျိုးအထိ တွေ့မြင်ရတတ်ပါသည်။ ထို့ပြင် သန့်စင်ခန်းများတွင် ဝင်၍ လိုအပ်တာတွေ လုပ်ကိုင်နေတာမျိုးလည်း စာရေးသူ မကြာခဏ တွေ့မြင်ရဖူးပါသည်။

အဲဒီလောက်ထိ ဆရာတော်ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နေတာကို စာရေးသူက စူးစမ်းမေးမြန်းလျှောက်ထားရာ

'ကိုယ်တိုင်လုပ်ကိုင်မှ ကုသိုလ်ပိုရတာပေါ့'ဟု ပြန်ဖြေခဲ့ပါသည်။

လွန်ခဲ့သော ၂၀၀၁ ခုနှစ်က စာရေးသူတို့မိသားစု ကျိုက်ထီးရိုး ဘုရားဖူးသွားရင်း ဥတ္တမသိဃ်မွန်ကျောင်းတော်ကြီးမှာ စတင် တည်းခိုဖူးတာပါ။ အဲဒီအချိန်က ကျောင်းတော်ကြီးဘေးမှာ ယာယီ တည်ဆောက်ထားသော ထန်းလက်မိုး၊ ထန်းလက်ကာ ပျဉ်ကျဲကျဲခင်းထားသော တဲအတွင်း ဆရာတော်ကို စတင်ဖူးတွေ့ခဲ့ရတာပါ။ ယခုနှစ် ကျိုက်ထီးရိုးဘုရားဖူးရင်း ကျောင်းတော်ကြီးမှာ လေးကြိမ်မြောက် တည်းခိုခဲ့စဉ်မှာလည်း အထက်က ယာယီတဲအတွင်းမှာပဲ တက်နင်းလိုက်သည့်အခါ ပျဉ်ချပ်တွေ တကျွီကျွီ မြည်သံနှင့်အတူ ဖြစ်သလိုနေ၊ ဖြစ်သလို ဆွမ်းစားလျက် ကျောင်းဝင်းအတွင်း သာသနိကအဆောက်အဦများ တည်ဆောက်နေရာမှာ ကိုယ်တိုင်ကြီးကြပ်ပါဝင် လုပ်ဆောင်လျက် လာသမျှ ဧည့်သည် ဘုရားဖူးများကို ဝတ်မပျက် ဧည့်ခံတွေ့ဆုံလျက် တွေ့မြင်ရပါသည်။ ဆရာတော်က-

'ဒကာကြီးရေ၊ ဘုရားဖူးတွေများလွန်းတော့ ကျုပ်တောင် နေစရာမရှိတော့လို့ ထွက်တောင်ပြေးချင်တယ်'ဟု ပြုံးရွှင်စွာ မိန့်ကြားပါသည်။

ရပ်ရွာအရေးကိစ္စ၊ လူ့ရေးတန်းရေး၊ ပန်းကန်ခွက်ယောက် ငှားရမ်းရေးအပါအဝင် ကျောင်းမှာ လက်ထောက် ရဟန်းသံဃာနည်းတော့ ဆရာတော်ကိုယ်တိုင် လုပ်ရှား ဆောင်ရွက်နေတာကို စာရေးသူ ကျောင်းမှာ တည်းခို

BURMESE CLASSIC .com



နေခိုက် မကြာခဏ မြင်ရတွေ့ရလေ့ရှိပါသည်။ နေ့ည ဘယ်လိုပဲ ပင်ပန်းစွာ မနားမနေ လုပ်ဆောင်နေရပါစေ၊ ဆရာတော်ကတော့ အပြုံးမပျက် လာသမျှ ရဟန်း ရှင်လူများကို ကူညီဧည့်ဝတ်ပြုလျက်ပါပဲ။ ဆရာတော်၏ ယခုလို လုပ်ဆောင်နေသမျှကို စာရေးသူက စူးစမ်းတော့

'ဝင်းက ဆရာတော်ကြီး ဦးဥတ္တမ အရှင်သခင်၏ ဆန္ဒ မိန့်မှာချက်အတိုင်း ကျောင်းဝိုင်းအတွင်း သာသနိက အဆောက်အဦများ ပြည့်စုံစွာ တည်ဆောက်ပြီးစီးကာ ဆံတော်ရှင်ကျိုက် ထီးရိုးဘုရားဖူးလာရင်း တည်းခိုသူများ လိုအပ်သမျှ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိရေးအတွက် ကြိုးစားဆောင်ရွက်နေတာပါ' ဟု ဆရာတော်က ဆရာကောင်းတပည့်ပီသစွာ ပြုံးနေထိုင် လုပ်ဆောင်လျက် ပြန်ဖြေတာကို ကိုယ်တိုင်ကြားနာခဲ့ရပါသည်။

လွန်ခဲ့သော ၅ နှစ်ခန့်က မြေသားရေတွင်းထဲက ရေကို ရေစုပ်မော်တာတစ်လုံးဖြင့် ချိုးရေကန်၊ သုံးရေကန်တွေ အပြည့် အမြဲရှိနေအောင် လုပ်ဆောင်ပေးသလို ယခု ၂၀၀၇ ခုနှစ်တွင်လည်း အလှူရှင်များ လှူဒါန်းထားသော အုတ်စီ၊ အခင်း၊ အမိုး အပြည့်အစုံ ရေတွင်းထဲက ရေများကို ရေကန်များ အပြည့်ရှိအောင် လုပ်ဆောင်လျက်ရှိနေမှုက ဆရာတော်၏ စေတနာ သဒ္ဓါတရားကို အလွန်ထင်ရှားစေတာ အမှန်ပင် ဖြစ်ပါသည်။

ဆရာတော်ကိုယ်တိုင် ကျောင်းသာသနိက အဆောက်အဦများကို ကြီးကြပ်လုပ်ဆောင်ရင်း ရေကန်များကို အစဉ်အမြဲ ပြည့်လျှံနေအောင် စေတနာထက်သန်စွာ ဖြည့်ဆည်းပေးနေသလို ဆရာတော်၏ သာသနာပြုလုပ်ငန်းများလည်း ရည်မှန်းချက်အတိုင်း ပြည့်ဝအောင်မြင်ပါစေလို့ ဆုမွန်တောင်းလျက်။

●

www.burmeseclassic.com

www.burmeseclassic.com









BURMESE CLASSIC .com



# ဆေးဖက်ဝင်ပျားမြိုးရှက်
# နှင့်
# ဆေးဆောင်းပါးများ

စောငုဝါ

www.burmeseclassic.com